
# ဂုဏ်ရှိန်တောင်



ကြာဖြူနန်းရှင်နှင့်လေဝှေ့လက်ဝါး

စာမူ ခွင့်ပြုချက်အမှတ် ၃၁၉/၉၄(၅)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၂၉၀/၉၄(၅)

ထုတ်ဝေခြင်း
ပထမအကြိမ်
၁၉၉၄ ခု၊ ဩဂုတ်လ

အုပ်ရေ
၅၀၀ အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ

စာပေ
အထက်မြန်မာပြည် ဖြန့်ချိရေးမန္တလေး


# ရဲမာန်အောင်

ကြာဖြူနန်းရှင်နှင့် လေပွေလက်ဝါး

စာစဉ် ၂ (ဇာတ်သိမ်း)


ဖြန့်ချိရေး

နွေဦးဆောင်း
စာပေ
အမှတ် ၇၂၊ ၆ လမ်း ရန်ကုန်မြို့
စာတိုက်သေတ္တာအမှတ် ၁၁၈၄
ဗဟိုစာတိုက်ကြီး ရန်ကုန်မြို့

'ဖေဖေ....'

'ဘာလဲ လူလေး'

'ပန်းကမ္ဘာတောင်က ပြန်လာပြီးရင် တစ်ချိန်က အတိတ်ဇာတ်ကြောင်းတွေကို ပြန်ပြောပြမယ်လို့ ကျွန်တော့်ကို ပြောခဲ့တယ်မနော်'

တိရှန်းဖီးက ဖခင်ဖြစ်သူကို အစဖော်ပေးလိုက်သည်တွင် လျှပ်စီးဓားကို တိယန်းစင်က ပြုံးလျက်....

'ဒီဓားကို သားက မမေ့သေးဘဲကိုးကွ'

'ဘယ်မေ့ပါ့မလဲဖေဖေရာ၊ ကျွန်တော်က ဒီအကြောင်းတွေကို သိပ်သိချင်နေတာပဲဟာ၊ ဖေဖေ မပြောပြသေးလို့သာ အောင့်အည်းနေတာရတာ'

'အေးပါကွာ၊ လူလေး ဒီလောက်တောင် သိချင်နေမှတော့ ဖေဖေ ပြောပြရတော့မှာပေါ့'

ဖခင်က ပြောပြတော့မည်ဟု ဆိုလာသဖြင့် တိရှန်ဖိုး ပျော်သွားသည်။

ထို့နောက် သားအဖနှစ်ယောက် ဧည့်ခန်းထဲတွင် အေးအေးလူလူ ထိုင်မိကြသည့်အခါကျမှ တိယန်းစင်က....

'ဖေဖေတို့ သွေးသောက်ခုနစ်ဖော်ဟာ ဘယ်သူဘယ်ဝါတွေဆိုတာကိုတော့ လူလေးသိပါပြီနော်'

'တိတိကျကျတော့ မသိရသေးဘူး ဖေဖေ၊ ကျွန်တော်မှတ်မိအောင်ထပ်ပြောပြပါဦး'

'ဒါဆို မှတ်ထား၊ ဖေဖေတို့ သွေးသောက် ခုနစ်ဖော်က လျှပ်စီးဓားတိယန်းစင်လို့ခေါ်တဲ့ဖေဖေရယ်၊အဆိပ် လက်သည်း ကျင်းဟုန်ရယ်၊မိုးကြိုးလက်သီး လိန်ရှုဝမ်ရယ်၊နဂါးနိုင်ဓား လင်ဟိုးရယ်၊ရန်ကြွင်းပေါက်ရယ်၊ ပြီးတော့ မောင်မယ်ယက္ခလို့ ထင်ရှားတဲ့ သိုင်းပညာရှင်လင်မယား တန်နဲ့လန်ရယ်ပေါ့ကွာ'

တိယန်းစင်က စိတ်ရှည်လက်ရှည် ရေရွတ်ပြလိုက်သည်တွင် တိရှန်ဖိုးက ခေါင်းကို သွက်လက်စွာညိတ်၍....

'ဟုတ်ကဲ့....ကျွန်တော် မှတ်မိပါပြီ၊ ဖေဖေပြောချင်တာကို ဆက်ပြောလို့ရပါပြီ'



'အေး....အဲဒီ ဖေဖေတို့ သွေးသောက် ခုနစ်ဖော်ဟာ တစ်ချိန်က အဖြူရောင် သိုင်းလောကမှာ အင်မတန်မှ ကျော်ကြားခဲ့တဲ့ သူရဲကောင်း သိုင်း ပညာရှင်တွေ ပဲပေါ့ လူလေးရာ'

'ဒါထက် ဖေဖေတို့ ခုနစ်ယောက်စုပေါင်းပြီး သိုင်းဂိုဏ်းတစ်ခု ထူထောင်ထားခဲ့ကြတာလား'

'ဘယ်လိုပြောရမလဲ လူလေးရာ၊ လူကခုနစ်ယောက်တည်းရှိတာဆိုတော့ ဂိုဏ်းဆိုတာထက် အဖွဲ့လို့ခေါ်ရင် ပိုမှန်မယ်ထင်တယ်၊ဂိုဏ်းဆိုတာနဲ့ဂိုဏ်းချုပ်၊လက်ထောက် ဂိုဏ်းချုပ်၊ ဂိုဏ်းခွဲမှူးဆိုတာတွေ ရှိရတော့မယ်လေ၊ ဖေဖေတို့ သွေးသောက် ခုနစ်ဖော် အဖွဲ့မှာတော့ ခေါင်းဆောင် ဆိုတာမရှိဘူး၊ အားလုံးဟာ တစ်ပြေးညီသွေးသောက်ရဲဘော်တွေအဆင့်မှာပဲ ရှိတယ်'

'ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါပြီ ဖေဖေ၊ဖေဖေတို့က သွေးသောက်ခုနစ်ဖော် သိုင်းအဖွဲ့ပေါ့ ဒီလိုလား'

တိရှန်ဖိုးက မေးမြော ပြောလိုက်သည်။

တိယန်းစင်က ခေါင်းကို အသာညိတ်ရင်းမှ....

'မှန်တယ်လူလေး၊ ဖေဖေတို့အဖွဲ့ဟာ မကောင်းသူကိုပယ် ကောင်းသူကိုကယ်ဘင်တဲ့ နေရာမှာ ပြတ်သားလွန်းလို့ အဖြူရောင်သိုင်းလောကနဲ့ အနက်ရောင်သိုင်းလောက နှစ်ခုစလုံးက အာရုံမစိုက်ဘဲကို မနေနိုင်အောင် ဖြစ်လာခဲ့တယ်'

'အဲဒီစကားကို ရှင်းပြပါဦး ဖေဖေ'

'ဒီလိုလေသားရဲ၊ အဖြူရောင်သိုင်းလောကက အာရုံစိုက်တယ်ဆိုတာက လေးစားမှုဂုဏ်ယူဝမ်းမြောက်မှု အားကျမှုတွေနဲ့အာရုံစိုက်တာလေ အနက်ရောင်သိုင်းလောကသားတွေကတော့ ကြောက်ရွံ့မှု မလိုမုန်းတီးမှု ချောင်းမြောင်းတိုက်ခိုက်လိုမှုတွေနဲ့ အာရုံစိုက်ခဲ့ကြတာပေါ့၊ ဒါပေမယ့် အနက်ရောင် သိုင်းလောကသားတွေဟာ အင်မတန်မှ စည်းလုံးညီညွတ်ပဲ့ ဖေဖေတို့အဖွဲ့ကို ပြိုကွဲအောင် မစွမ်းဆောင်နိုင်ခဲ့ကြပါဘူး၊ တစ်ယောက်ချင်း ဒီမှာ ထူးခြားတဲ့ သိုင်းပညာစွမ်းတွေ ရှိနေကြတဲ့ ဖေဖေတို့ခုနစ်ယောက်ကို ပြောင်ကျကျတိုက်ခိုက်ဖို့ မစဉ်းစားရဲဘူး၊ အချို့ သွေးတိုးစမ်းပြီး တိုက်ခိုက်လာကြရင်လဲ ဇာတ်သိမ်းသွားကြတာချည်းပဲမို့ နောက်ပိုင်းမှာ အံတကြိတ်ကြိတ်နဲ့ မျက်စောင်းထိုးကြည့်ရုံက လွဲပြီး အနားတောင် မကပ်ရဲတော့တဲ့ အနေအထားမျိုးကို ရောက်လာခဲ့တယ် ဆိုပါတော့ လူလေးရာ'

'ကြားရတဲ့စကားတွေက တကယ်ကို အားရကျေနပ်စရာပဲ ဖေဖေရာ၊ ဒါထက် အဲဒီလောက်ချစ်ချစ်ခင်ခင် ရှိခဲ့ကြတဲ့ ဖေဖေတို့လူစုက ဘာကြောင့်များ စိတ်ဝမ်းကွဲတဲ့ အနေအထားမျိုးကို ရောက်ရှိသွားခဲ့ရတာလဲ'

တိရှန်ဖ ိးက မည်သို့မျှမတွေးဆတတ်သော မျက်နှာထားမျိုးဖြင့် မေးလိုက်သည်။

ထိုအခါ ဖခင်ဖြစ်သူ လျှပ်စီးဓား တိယန်းစင်က သက်ပြင်းကို ချလိုက်ရင်းမှ …



'လောဘပေါ့ လူလေးရာ၊ တော်ရုံ စိတ်ဓာတ်ကြံ့ခိုင်တဲ့ လူတစ်ယောက်ဟာ မမြင်ဘူးတဲ့ ပစ္စည်းဥစ္စာတွေကို တွေ့မယ်ဆိုရင် အနည်းနဲ့အများတော့ စိတ်ဓာတ် ပြောင်းလဲသွားမှာ သေချာတယ်၊ ဒါက လူတိုင်းကို ဆိုလိုတာတော့ မဟုတ်ပါဘူး၊ အင်မတန်မှ စိတ်ဓာတ်ကြံ့ခိုင်ပြတ်သားတဲ့လူတွေလဲ ရှိချင်ရှိမှာပေါ့လေ၊ ဒါပေမယ့် ရာခိုင်နှုန်းအားဖြင့်တော့ မနှိုင်းယှဉ်သာပါဘူး၊ လောဘကြောင့် စိတ်ထားပြောင်းသွားတဲ့လူကတော့ အင်မတန်မှကို များတာပေါ့'

'ဟုတ်ကဲ့....ဒီသဘောကိုတော့ ကျွန်တော်လဲ နားလည်ပါတယ် ဖေဖေ၊ ဒါထက် ဖေဖေ့ စကားကို ဆက်ပါဦး'

'ဆက်ပါ့မယ် လူလေးရာ၊ ဪ....ဒါထက် လူလေးကို တစ်ခု ပြောဖို့ ကျန်နေသေးတယ် မေ့ဖေရဲ၊ သွေးသောက်ခုနစ်ဖော်ထဲက ကျင်းဟုန်ဟာ ဖေဖေတို့နဲ့ မျိုးနွယ်မတူဘူး လူလေးရဲ၊ သူက အရှေ့ကျွန်းစုထဲမှာ ပါဝင်တဲ့ ကင်းမြီးကောက်ကျွန်းက ဟန်လူမျိုးစုဝင် တစ်ယောက်ပဲ'

'ဒါဖြင့် အဲဒီ ဦးလေးကျင်းဟုန်က သူ့ကျွန်းမှာ မနေဘဲ ပြည်မမှာ လာနေတဲ့ သဘောပေါ့နော်'

ထိုစကားကို ထောက်ခံဟန်ဖြင့် တိယန်းစင်က ခေါင်းညိတ်သည်။

ပြီးမှ....

'ဒါကတော့ သူ့ ရဲဘော်ရဲဘက် ခြောက်ယောက်လုံးက ပြည်မမှာ ရှိနေတာကိုး လူလေးရဲ၊ ဒီတော့ ပြည်မမှာပဲ အနေများတော့တာပေါ့၊ ဒါပေမယ့် သူက လူမျိုးစုံတွေ

ရှိတဲ့ ကင်းမြီးကောက်ကျွန်းကိုတော့ မကြာခဏဆိုသလို ပြန်လေ့ရှိတယ်၊ မပြန်လို့ကလဲ မဖြစ်ဘူးလေ၊ အဲဒီကျွန်းမှာက သူ့မိန်းမနဲ့ ကလေးရှိနေတာကိုး'

'သူ့မိန်းမကရော သူ့လို ဟန်းလူမျိုးစုဝင်တစ်ယောက်ပဲလား'

'ဟုတ်တယ် လူလေး၊ ဒါပေမယ့် သာမန် မိန်းကလေးတစ်ယောက်တော့ မဟုတ်ဘူး၊ အဲဒီကျွန်းက ဟန်းလူမျိုးစုအကြီးအကဲ ခေါင်းဆောင်ရဲ့ တစ်ဦးတည်းသော သမီးပဲ'

'ဟာ....တယ်ဟုတ်ပါလား၊ ဦးလေး ကျင်းဟုန်ကတော့ အာဂလူတစ်ယောက်ပဲနော်'

တိရှန်ဖီးက မနေနိုင် မထိုင်နိုင်ဖြင့် ချီးမွမ်းလိုက်ရာ တိယန်းစင်က မပွင့်တပွင့်ပြုံး၍....

'ဒါကတော့ အံ့ဩစရာတော့ မဟုတ်ပါဘူးလေ၊ ကျင်းဟုန်က ဖေဖေတို့လူစုထဲမှာ ရုပ်အချောဆုံးဖြစ်တဲ့အပြင် စိတ်သဘောထားလဲ ကောင်းတယ် လူလေးရဲ့၊ ပြီးတော့ နာမည်ကျော် ထိပ်တန်းသိုင်းပညာရှင် တစ်ယောက်လဲ ဖြစ်တယ်၊ ဒီတော့ လူမျိုးစုခေါင်းဆောင်ရဲ့ သမီးကလဲ သဘောကျတော့မှာပေါ့ကွာ'

'ဒါထက် အဲဒီဦးလေးကျင်းဟုန်ရဲ့ မိန်းမကရော သိုင်းပညာ မတတ်ဘူးလား၊ နောက်ပြီး ရုပ်ရော ချောသလား'

'ကျင်းဟုန်ပြောပြောနေတုန်းက ပိုတယ်လို့ထင်နေမိတာ၊ ကိုယ်တိုင်ကိုယ်ကျ မြင်ရတော့မှပဲ ပြောတာမလွန်မှန်း သိရတော့တယ်၊ တကယ့်ကို ချောတဲ့လှတဲ့ မိန်းမတစ်ယောက်



ပါပဲ၊ နောက်ပြီး လူမျိုးစုခေါင်းဆောင်ရဲ့ သမီးပီပီ သိုင်းပညာလဲတတ်တယ် လူလေးရဲ့'

'ဟုတ်ကဲ့၊ နားထောင်ရတာ စိတ်ဝင်စားစရာပါပဲဖေဖေ၊ ဒါထက် ဖေဖေတို့ ဘယ်လိုဖြစ်ပြီး စိတ်ဝမ်းကွဲကြရတယ်ဆိုတာ'

တိရှန်ဖီးက အဓိကအချက်ကို သိလိုလှပြီဖြစ်၍ ခပ်လောလောပင် တောင်းဆိုလိုက်မိသည်။

သည်တော့မှ ဖခင်ဖြစ်သူ လျှပ်စီးဓား တိယန်းစင်က....

'ဖေဖေတို့ ပြဿနာဖြစ်ရတဲ့ အကြောင်းရင်းကတော့ ကင်းမြီးကောက်ကျွန်းကို အလည်လိုက်သွားရာက စတာပဲ လူလေးရ'

ပြောရင်းမှပင် တိယန်းစင်၏စိတ်အတွေးများက အတိတ်ဆီသို့ ပြန်လည်လွင့်မျော ရောက်ရှိသွားလေတော့သည်။

## ( ၃၅ )

ကျင်းဟုန်၏ ဖိတ်ခေါ်မှုကြောင့် ကင်းမြီးကောက်ကျွန်းသို့ အလည်လိုက်ပါသွားသော သွေးသောက်ခုနစ်ဖော်မှာ ကျွန်းသို့အရောက်တွင် ကျင်းဟုန်၏ ဧည့်ဝတ် ကျေပွန်မှုကြောင့် အထူးပင် ကျေနပ်လို့နေကြသည်။

ကျင်းဟုန်မှာ သူ၏ရဲဘော်ရဲဘက်များကို ညီအစ်ကိုမောင်နှမ ရင်းချာပမာ သဘောထားသူတစ်ယောက် ဖြစ်သည်။

သို့ဖြစ်၍ သူ့ကျွန်းသို့ ရောက်တုန်း ရောက်ခိုက်တွင် လိုလေသေး မရှိအောင်ပင် ဂရုတစိုက် ကျွေးမွေးပြုစုနေခြင်း ဖြစ်သည်။

ကျင်းဟုန်၏ဇနီးချော ကျန်းဖေ့ဖေ့ကလည်း မထူး။ လူမျိုးစုခေါင်းဆောင်၏ သမီးဆိုပြီး ဟိတ်ဟန်မထုတ်။ မာနလည်း မကြီး။

ကျင်းယုန်၏ မိတ်ဆွေများကို ကျင်းဟုန် နည်းတူပင် ကြည်ကြည်ဖြူဖြူ ညှော်ခံလျက်ရှိပေသည်။

သူတို့သခင်မလေးကိုယ်တိုင်က တလေးတစား ဧည့်ခံနေသည့် နောက်တော့ ကျန်ကင်းမြီးကောက်ကျွန်းသားများမှာလည်း မနေသာကြတော့။

တိယန်းစင်တို့ခြောက်ယောက် လိုအပ်သည်များကို ခိုင်းစေနိုင်ရန် ဟန်တပြင်ပြင်နှင့်သာ ရှိနေကြတော့သည်။

ထိုသို့ ဂရုတစိုက် ပြုစု စောင့်ရှောက် မှု များ ကြောင့် တိယန်းစင်တို့ လူစုမှာ ကျေနပ်နေမိသည်ထက်ပင် လွန်၍ အားနာစိတ်ပင် ဖြစ်ပေါ်လာကြသည်။

သို့သော် ကျင်းဟုန်၏ အားနာစရာမလိုဘူး ဟူသော စကားကြောင့် အားနာစိတ်ကို ပြန်ဖျောက်ထားကာ စိတ်တိုင်းကျ စားသောက်ရင်း ပျော်ရွှင်နေကြတော့သည်။

သို့ရာတွင် ထိုကာလက သုံးရက်နှင့်မျှ ဖြစ်သည်။

လေးရက်မြောက် နေ့မှာတော့ ကြောက်စရာဖြစ်ရပ်များ ဖြစ်ပေါ်လာစေရန် ကျင်းဟုန်ကပင် စတင်ဖန်တီးလို့ လာသည်။



လေးရက်တိတိ ပြည့်မြောက်သောနေ့ နံနက်စာ စားသောက်ပြီးချိန်လောက်တွင် ကျင်းဟုန်က သူ့မိတ်ဆွေ ခြောက်ယောက်ကို စကားဆန်းတစ်ခု ပြောလာသည်။

'ခင်ဗျားတို့ စားသောက်ပြီး အားနေကြတုန်း ကျုပ်နဲ့ ခဏလောက် လိုက်ခဲ့ကြပါလား၊ ခင်ဗျားတို့ကို ကျုပ်ပြစရာ တစ်ခုရှိလို့'

'ပြစရာ ဟုတ်လား၊ ကျုပ်တို့ သိရသလောက်တော့ ကျွန်းပေါ်မှာ ပြစရာ သိပ်မကျန်လှတော့ပါဘူး'

တိယန်းစင်က ပြန်ပြောလိုက်ရာ ကျင်းဟုန်က သဘောတူသလို ပြုံးပြီး....

'ကျုပ်က ပြစရာရှိလို့ခေါ်မှတော့ ခင်ဗျားတို့ မမြင်ဖူးသေးတာ ရှိနေသေးလို့ ခေါ်တာပေါ့ဗျာ၊ ခင်ဗျားတို့က ဘာလဲ ကျုပ်ပြမှာကို လိုက်မကြည့်ချင်ကြလို့လား'

'ဒီလိုတော့ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားက အဆန်းတကြယ် ပြစရာရှိနေတယ်ဆိုရင်တော့ ကျုပ်တို့ လိုက်ကြည့်ရမှာပေါ့'

'ဒါဖြင့် ကျုပ်နဲ့တူတူသာ လိုက်ခဲ့ကြပေတော့'

ကျင်းဟုန်က တိုတိုတုတ်တုတ်ပြောပြီး ထိုင်ရာမှထလိုက်သည်တွင် တိယန်းစင်တို့ခြောက်ယောက်မှာလည်း မနေသာတော့ဘဲ ပြိုင်တူ ထရပ်လိုက်ကြသည်။

ထို့နောက်မှာတော့ သို့လောသို့လောအတွေးကိုယ်စီဖြင့် ကျင်းဟုန်၏နောက်မှ ကပ်လိုက်သွားမိကြသည်။

ကျင်းဟုန် ပြမည်ဆိုသောအရာကို ခြောက်ယောက်လုံး ထင်ကြေးဖြင့် ကြိုတင်ခန့်မှန်းကြည့်ကြသော်လည်း ကျေနပ်လောက်သော အဖြေကိုကား မရ။

ထို့ကြောင့် အားလုံးထဲတွင် နှုတ်လျှာအသွက်ဆုံးဖြစ်သည့် နဂါးနိုင်မား လင်ဟိုးက....

'ခင်ဗျား ကျုပ်တို့ကို ဒီလိုလုပ်ပေးထားတာကတော့ မကောင်းပါဘူးဗျာ၊ ခင်ဗျား ဘာပြမယ်ဆိုတာ ခုကတည်းက ကြိုအသိပေးထားဖို့ ကောင်းပါတယ်'

'ကြိုပြောထားရင် ဟိုရောက်တော့ ခင်ဗျားတို့ဘယ်မှာလာပြီး အံ့သြပါတော့မလဲ၊ ကျုပ်က မျက်မြင်တွေ့ပြီး အံ့သြစေချင်လို့ ဘာမှ ကြိုမပြောပြခဲ့တာပေါ့'

'ဟုတ်တယ်.... ကျင်းဟုန်စိတ်ကူးကို ကျုပ်သဘောကျတယ် ခုဘာမှ မပြောနဲ့ဦး၊ ဒီအတိုင်း ပါးစပ်ပိတ်ထားတာပဲ ကောင်းတယ်'

မိုးကြိုးလက်သီး လိန်ရှုဝမ်က ထောက်ခံသလိုပြောလိုက်သဖြင့် နဂါးနိုင်မား လင်ဟိုးမှာ မည်သို့မျှ ခေဒကမတက်သာတော့ဘဲ ဖြစ်သွားသည်။

ကျန်လူများမှာလည်း မျက်မြင်တွေ့ပြီး အံ့သြလိုကြသဖြင့် နှုတ်ပိတ်၍သာ ဆက်လက်လိုက်ပါခဲ့ကြသည်။

ကင်းမြီးကောက်ကျွန်းမှာ ကျွန်းကြီးစာရင်းဝင် ကျွန်းတစ်ကျွန်းဖြစ်သည်။

ကျွန်းပေါ်တွင် အုန်းတန်းများ၊ သစ်တောအုပ်များ များစွာရှိသည်။



သို့ဖြင့် အတန်ကြာ လျှောက်ခဲ့ပြီးနောက်မှာတော့ သစ်တောအုပ်ထဲကို ရောက်မှန်းမသိ ရောက်လာကြသည်။

သုံးရက်တိတိ ကျွန်းပေါ်မှ နေရာအတော်များများကို လိုက်လံပြသခဲ့ပြီးဖြစ်သော်လည်း ဤတောအုပ်ထဲကိုရောက်ဖူးသေးခြင်း မရှိဟု အားလုံး သိလိုက်ကြသည်။

တောအုပ်ထဲသို့ အနည်းငယ် ဝင်မိသည့်အခါမှာတော့ အတော်အတန်ကြီး မားသော ကျောက်ဂူကြီးတစ်ခုကို ဘွားခနဲ တွေ့သည်။

တောအုပ်ထဲတွင် ကျောက်ဂူရှိနေခြင်းမှာ စင်စစ်တော့ အံ့သြစရာ သိပ်မရှိလှ။

သို့ပေမယ့် ကျောက်ဂူမှာ ခိုင်ခံ့သော တံခါးကြီးတစ်ချပ်ကို တပ်ဆင်ထားသည့်အပြင် လက်နက်ကိုင် ကျွန်းသားလေးယောက်က စောင့်ကြပ်နေသည်ကို တွေ့လိုက်ရသည့်အခါမှာတော့ သူတို့အားလုံး အံ့သြမှုနှင့်အတူ စိတ်ဝင်စားလို့ သွားမိကြသည်။

ထိုအချိန်မှာပင် ကျင်းဟုန်ကို တွေ့သွားသော ကျောက်ဂူပေါက်စောင့်ကျွန်းသားလေးဦးက ပျာပျာသလဲဖြင့် ဦးညွတ်အရိုအသေပြုလို့လာကြသည်။

ကျင်းဟုန်ကလည်း အသိအမှတ်ပြုသလို ပြုံး၍ ခေါင်းတစ်ချက် ပြန်ဆတ်ပြလိုက်သည်။

ပြီးတော့မှ....

'အခြေအနေ အေးအေးဆေးဆေးပဲ မဟုတ်လား... ကောက်လီ'

မေးလိုက်သည်။

ထိုအခါ လေးယောက်ထဲမှ ခေါင်းဆောင်ဖြစ်ပုံရသည့် ခပ်ထွားထွားလူက....

'အေးအေးဆေးဆေးပါပဲ သခင်လေး၊ ဘာ ထူးခြားမှုမှ မရှိပါဘူး'

'ဒါဆိုသူတို့ကိုထားခဲ့ပြီးမင်း တရေးကမော ပြန်အိပ်ချင်အိပ်ပေါ့ကွ'

'နေပါစေသခင်လေး၊ ကျွန်တော် အိပ်ချင်စိတ်မရှိပါဘူး၊ တော်ကြာ သူတို့နဲ့ထားခဲ့ပြီး တစ်စုံတစ်ခု ဖြစ်သွားခဲ့မယ်ဆိုရင် အများပြောစရာ ဖြစ်နေပါမယ်'

'အေးကွာ၊ မင်းကတော့ တကယ့်ကို တာဝန်ကျေပွန်ပါပေတယ်'

ကျင်းဟုန်က အားရကျေနပ်သောလေသံဖြင့် မှတ်ချက်ချရင်း ကောက်လီဆိုသူ၏ပခုံးကို လက်နှင့် တစ်ချက်ပုတ်လိုက်သည်။

ဒါသည်ပင်လျှင် အားပေးခြင်းတစ်မျိုးဖြစ်၍ ကောက်လီဆိုသူ၏မျက်နှာက ရွှင်ပျသွားသည်။

ထို့နောက် ကျင်းဟုန်က....

'ကဲ....ငါ့မိတ်ဆွေတွေကို ဂူဖွင့်ပြီး ပြချင်လို့ မင်းတို့ခဏလေး ဘေးဖယ်ပေးကြဦး'



'ကောင်းပါပြီ သခင်လေး'

ကျင်းဟုန်စကားဆုံးသည်နှင့် ကောက်လီအပါအဝင် ကျောက်ဂူစောင့် လေးယောက်က နေရာရှဲ၍ပေးကြသည်။

## ( ၃၆ )

သည်တော့မှ ကျင်းဟုန်က ကျောက်သား တစ်နေရာမှ လျှို့ဝှက်ခလုတ်ကို လှမ်းနှိပ်ချလိုက်သည်။

ထိုအခါ ခိုင်ခံ့သော သံမဏိတံခါးကြီးက ဖြည်းညင်းစွာ ပွင့်ဟ၍ သွားတော့သည်။

'ကဲ....မိတ်ဆွေတို့ ဝင်ကြစို့'

ကျင်းဟုန်က တိယန်းစင်တို့လူစုကို လှည့်ခေါ်လိုက်သည်။

ပြီးလျှင် ရှေ့မှဝင်သွားရာ တိယန်းစင်တို့ ခြောက်ဦးမှာလည်း ခပ်သွက်သွက်ပင် ဝင်လိုက်သွားကြတော့သည်။

အထဲရောက်သည်နှင့်ပင် ကျင်းဟုန်ပြမည်ဆိုသော အရာများကို တိယန်းစင်တို့လူစု တန်းခနဲ တွေ့လိုက်ရတော့သည်။

ထိုခဏမှာပင် သူတို့ ခြောက်ယောက်လုံးမှာ ပါးစပ်ကြီးတွေ ပွင့်ဟလျက် ကျောက်ရုပ်ကြီးများကဲ့သို့ ကြက်သေ သေကုန်ကြတော့သည်။

ထိုသို့ ဖြစ်မည်ဆိုလျှင်လည်း ဖြစ်ထိုက်ပါသည်။

ကျောက်ဂူထဲတွင် သူတို့တွေ့မြင်လိုက်ရသည်က များပြားလှသော ကျောက်သံပတ္တမြားပုံကြီး ဖြစ်နေသည် မဟုတ်ပါလား။

* * *

'ဘယ့်နှယ်လဲ ကျုပ်ပြတဲ့ အရာက ခင်ဗျားတို့အတွက် အံ့သြစရာ ကောင်းပါတယ်နော်'

ကျင်းဟုန်က အံ့သြတကြီး ဖြစ်နေကျသော မိတ်ဆွေခြောက်ယောက်၏ မျက်နှာများကို အေးသာ ခံကြည့်ရင်းမှ ရယ်ကျဲကျဲဖြင့် မေးလိုက်သည်။

အားလုံးမှာ ထိုစကားကို ကောင်းကောင်း ကြားသော်လည်း အံ့သြစိတ်က လွှမ်းကဲနေသဖြင့် ချက်ချင်း စကားမပြန်နိုင်သေးဘဲ ရှိနေကြသည်။



နောက်တော့မှ လျှပ်စီးဓား တိယန်းစင်က ဦးစွာသတိပြန်ဝင်လာပြီး....

'တကယ်ကို အံ့သြစရာပါပဲ၊ ကျုပ် တစ်သက်မှာ ဒီလောက် များပြားတဲ့ ကျောက်သံ ပတ္တမြားတွေကို ဒီလိုတစ်စုတစ်ဝေးတည်း မမြင်ဘူးသေးတာ အမှန်ပဲ'

'ဟုတ်တယ် ကျင်းဟုန်၊ တိယန်းစင် ပြောသလိုပဲ ကျုပ်တို့လဲ ဒီလောက် များပြားတဲ့ ကျောက်မျက်ရတနာတွေကို တစ်ခါမှ မမြင်ဖူးသေးဘူး၊ ဒါထက် ဒီကျောက်သံပတ္တမြားတွေရဲ့ ပိုင်ရှင်က....'

ရန်ကြွင်းပေါက်က သိလိုစိတ်ဖြင့် မေးလိုက်သည်တွင် ကျင်းဟုန်က တစ်ချက်တွေသွားပြီးမှ....

'ပိုင်ရှင်ကို ပြောရမယ်ဆိုရင်တော့ ဒီကျွန်းသူကျွန်းသားတွေ အားလုံးပဲပေါ့ဗျာ၊ ဒါပေမယ့် သူတို့ရဲ့ အကြီးအကဲဖြစ်တဲ့ ကျုပ်ယောက္ခမကို ပေးအပ်ထားတာ ဆိုတော့ ကျုပ်ယောက္ခမပိုင်လို့ပဲ ပြောလို့ ရတာပေါ့လေ'

'ဒါထက် ဒီကျောက်သံ ပတ္တမြားတွေက ဘယ်လိုလုပ်ပြီး သူတို့လက်ထဲ ရောက်လာတာလဲ'

ယက္ခမောင်တန်က ဝင်မေးသည်။

ကျင်းဟုန်က ပြုံးလိုက်ရင်း....

'ဒီကျွန်းက ကျောက်သံပတ္တမြားထွက်တဲ့ ကျွန်း တစ်ကျွန်းပဲဗျ'

* ဟင်....ဒီကျွန်းက ကျောက်သံပတ္တမြား ထွက်တယ်ဟုတ်လား'

'ဟုတ်တယ်၊ ဒါပေမယ့် တူးချင်တဲ့နေရာ ရမ်းပြီးတူးလို့တော့ ဘယ်ရပါ့မလဲ၊ ထွက်ချင်တဲ့နေရာမှာတော့ ထွက်တာပေါ့၊ အထူးသဖြင့် မြကျောက်က ပိုပြီး အထွက်များတယ်၊ ဒါကြောင့် ဒီကျောက်သံပတ္တမြားပုံထဲမှာ မြကျောက်တွေ အများဆုံး ပါနေတာပေါ့'

'ကျွန်မတို့ ခဏလောက် ကိုင်ကြည့်လို့ ရမလား'

ယက္ခမယ်လန်က မရဲတရဲမေးလိုက်ရာ သဘောကောင်းသော ကျင်းဟုန်က ကြည်ကြည်ဖြူဖြူပုံစံဖြင့်ပင်....

'ရပါတယ်၊ ခင်ဗျားတို့က ကျုပ်ရဲ့ အထူးမိတ်ဆွေတွေပဲဥစ္စာ၊ ကြိုက်တဲ့ဟာကို ကိုင်ကြည့်လို့ ရပါတယ်'

ပြောလိုက်လေသည်။

ကျင်းဟုန်ထံမှ ခွင့်ပြုချက် ရလိုက်သည်နှင့် တစ်ပြိုင်နက်တိယန်းစင်တို့ ခြောက်ယောက်မှာ ကျောက်သံ ပတ္တမြားများကို တစ်ခုပြီးတစ်ခု ကိုင်တွယ်ကြည့်ရှု နေမိကြတော့သည်။

ဤကျွန်းမှ မြကျောက်များမှာ အထူးပင် အရည်အသွေး ကောင်းလှသဖြင့် ကိုင်ကြည့်ရင်းပင် လိန်ရှူဝမ်က စိတ်မထိန်းနိုင်တော့ဟန်ဖြင့်....

'ဒါထက် ကျုပ်တို့ကို ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့ဗျာ၊ ဒီမြကျောက်တွေထဲက တစ်လုံးလောက် လက်ဆောင် မပေးနိုင်ဘူးလား'

သွေးတိုးစမ်းသလို မေးလိုက်သည်။



ကျန်လူများမှာလည်း ထိုသို့ ပြောချင်နေခိုက် ဖြစ်၍ အတော်ပင် ဟန်ကျလို့သွားကြသည်။

ထို့နောက် ကျင်းဟုန်၏ မျက်နှာကိုလည်း မျှော်လင့်တကြီးဖြင့် ဝိုင်းကြည့်လိုက်မိကြသည်။

ထိုအခါ ကျင်းဟုန်က အပြုံးမပျက်ပင် ပြန်၍....

'ခင်ဗျားတို့မပြောလဲ ကျုပ်က မြကျောက် တစ်လုံးစီလက်ဆောင်ပေးဖို့ နဂိုကတည်းက စဉ်းစားထားပြီးသားပါဗျာ၊ ကဲ....ကိုယ်ကြိုက်တဲ့ မြကျောက် တစ်လုံးစီကိုသာစိတ်တိုင်းကျ ရွေးပြီး ယူကြပေတော့'

ပြောလိုက်သည့် အခါမှာတော့ တိယန်းစင်တို့ ခြောက်ဦးမှာ ဟန်ပင် မဆောင်နိုင်တော့ဘဲ အရည်အသွေး ကောင်းပေ့ဆိုသည့် မြကျောက်ကြီးများကို တစ်လုံးစီ ရွေးယူလိုက်ကြတော့သည်။

'အေးဗျာ....ဒီကျွန်းကို လိုက်လည်ရတာ တကယ့်ကို လည်ရကျိုးနပ်ပါပေတယ်၊ ကောင်းပေ့ဆိုတဲ့ အစားအသောက်တွေ စားသောက်ရတဲ့အပြင် မြကျောက်တစ်လုံးစီပါ လက်ဆောင်ရတယ်ဆိုတော့ ဒီ့ထက် ကောင်းတာ ရှိပါဦးမလား'

လျှပ်စီးခါး တိယန်းစင်က ရယ်ရယ်မောမောဖြင့် ပြောလိုက်သည်တွင် ကျန်လူများကလည်း ထိုစကားကို သဘောကျသွားဟန်ဖြင့် ဝိုင်းဝန်းရယ်မောကြလေသည်။

သဘောကောင်းသော ကျင်းဟုန်မှာ ညီအစ်ကိုပမာချစ်ခင်ရသော သွေးသောက် ရဲဘော်များအား လက်ဆောင်ပေး

ခွင့် ရလိုက်သဖြင့် ကျေနပ်သွားသည့်အသား ပြုံးရွှင်၍ နေလေသည်။

'ကျုပ်က ဒီတက်ကောင် ပို့ပြီး ပေးချင်သေးတာ၊ ကျုပ်ယောက္ခမရှိနေရင် သူ့ဆီက ခွင့်တောင်းပြီး ပေးမလို့၊ ခု ကျုပ်ယောက္ခမက မရှိဘူးဆိုတော့ ကျုပ်သဘောနဲ့ကျုပ် အများကြီးပေးဖို့ဆိုတာက မဖြစ်နိုင်ဘူးလေ၊ သူက ဒီကျွန်းရဲ့ အရှင်သခင်တစ်ယောက် ဖြစ်နေတယ် မဟုတ်လား'

ကျင်းဟုန်က အားမလိုအားမရဖြင့် ပြောလိုက်သည်။

ဟုတ်တော့လည်း ဟုတ်သည်။

သူတို့ရောက်ရှိလာချိန်တွင် ကျင်းဟုန်၏ ယောက္ခမကြီးက ဤကျွန်းတွင် ရှိမနေချေ။

ကျင်းဟုန်၏ သုံးနှစ်အရွယ် သမီးငယ်နှင့်အတူ ပြည်မသို့ အလည်အပတ် ရောက်ရှိနေသည်ဟုသာ သိခဲ့ရသည်။

'ဒါထက် ခင်ဗျားယောက္ခမနဲ့ ခင်ဗျား သမီးလေးက ပြည်မကို သွားတယ်ဆိုတော့ ခင်ဗျားကိုများ လိုက်ရှာနေမလား မပြောတတ်ဘူး'

'ဒါတော့ မပြောတတ်ဘူးဗျ၊ ဖြစ်ချင်လဲ ဖြစ်နိုင်တာပေါ့၊ ဒါမှမဟုတ် ဒီပြင်နေရာကို အလည်အပတ်သွားတာပဲ ဖြစ်ချင်ဖြစ်နိုင်တာပေ့ါ'

'ခင်ဗျားဇနီးကတော့ လိုက်မသွားဘဲ နေခဲ့တယ်နော်'

လျှပ်စီးဓားတိယာန်းစင်က ပြောလိုက်ရာ ကျင်းဟုန်က ခေါင်းညိတ်ပြရင်းမှ....



'ဒီကျွန်းကို အုပ်ချုပ်ဖို့က လူရှိလို့ မဖြစ်ဘူးလေ၊ ဒါကြောင့် ကျုပ်မိန်းမက ကပ်နေခဲ့ရတာပေါ့'

'ခင်ဗျားတို့နှစ်ယောက်လုံး မပါဘဲနဲ့ ခင်ဗျားသမီးလေးက သူ့အဘိုးနဲ့ လိုက်သွားသလား'

'ဟာ....လိုက်တာပေါ့ဗျ၊ ကျုပ်သမီးက သူ့အဘိုးကို သိပ်ချစ်တာ၊ သူ့အဘိုးကလဲ သူ့မြေးကို ချစ်တာမှ မျက်စိအောက်ကတောင် အပျောက်မခံတဲ့အထဲပဲ၊ ဒါကြောင့်မို့လဲ ခု ပြည်မသွားတော့ တစ်ခါတည်း ခေါ်သွားတာပေါ့'

ကျင်းဟုန်က ယောက္ခမနှင့် သမီးငယ်လေး၏သံယောဇဉ်ကြီးမားပုံကို ရှင်းပြလိုက်သည်။ ထိုစဉ် နဂါးနိုင်ဓားလင်ဟိုးက ဝင်၍...

'အာပဲဖြစ်ဖြစ်....ခင်ဗျားယောက္ခမကြီးနဲ့ မဆုံဖြစ်တဲ့ တစ်ချက်ကတော့ တော်တော်နာတယ်ဗျာ၊ ကျုပ်တို့က ခင်ဗျားပြောပြထားကတည်းက လူချင်းဆုံဖူးချင်နေတာဗျ'

မချင့်မရဲဖြင့် ပြောလိုက်သည်။

ကျွန်းသားတို့၏အကြီးအကဲကျင်းဟုန်၏ယောက္ခမကြီးမှာ သိုင်းပညာနှင့် ကိုယ်ဖော့ပညာ အတွင်းအားပညာ အားလုံးတွင် အစွမ်းအစ အဆင့်မြင့်သော ထိပ်တန်း သိုင်းပညာရှင်ကြီး တစ်ယောက်ဖြစ်သည်။

သို့သော် ဤကျွန်းတွင်သာ အနေများသူဖြစ်သောကြောင့် ပြည်မမှ သိုင်းလောကသားများက သူ့ကို ကောင်းစွာသိရှိကြခြင်း မရှိချေ။

'ကျုပ်ကလဲ ခင်ဗျားတို့နဲ့ တွေ့ပေးချင်စိတ်ရှိပါတယ်ဗျာ၊ ဒါကြောင့်လဲ ဒီကျွန်းကို အလည် ခေါ်လာခဲ့တာပေါ့၊ ဒါပေမယ့် သူက ပြည်ရောက်နေပြီဆိုတော့ ကျုပ်လဲ ဘာမှ မတတ်နိုင်တော့ဘူး၊ အကယ်၍ ခင်ဗျားတို့ မပြန်ခင် သူတို့ မြေးအတိုး ပြန်ရောက်လာမယ်ဆိုရင်တော့ ဟန်ကျသွားမှာပါ၊ ဒါကြောင့် သိပ်တော့ စိတ်မပျက်ကြပါနဲ့ဦး၊ ကဲ... ကျုပ်တို့ အပြင်ကို ပြန်ထွက်ကြစို့'

ကျင်းဟုန်က ကျောက်ဂူပြင်ပသို့ ပြန်ထွက်ရန် စတင်သတိပေးလိုက်သည်။

ထိုအခါ သွေးသောက်ခြောက်ဦးမှာ ကျောက်သံပတ္တမြားပုံကြီးကို နှုတ်ဆက်သလိုကြည့်ပြီးနောက် ကျင်းဟုန်နှင့်အတူ ကျောက်ဂူပြင်သို့ ပြန်ထွက်ခဲ့ကြတော့သည်။

ဂူပြင်သို့ရောက်သည်တွင် ကျင်းဟုန်က လျှို့ဝှက်ခလုတ်ကို နှိပ်လိုက်ရာ သံမဏိတံခါးကြီးက ဖြည်းညင်းစွာ ပြန်ပိတ်သွားလေသည်။

ကောက်လံ့အပါအဝင် ကျောက်ဂူပေါက်စောင့်လေးဦးက ကျင်းဟုန်ကို အပ်မံ၍ ဦးညွှတ်အရိုအသေပြုလိုက်ကြပြန်သည်။ ကျင်းဟုန်က ပြုံးရုံသာပြန်ပြုံးပြပြီး မိတ်ဆွေ သွေးသောက်များနှင့်အတူ ထိုနေရာမှ ပြန်လည် ထွက်ခွာလာခဲ့သည်။

'ခင်ဗျားဂူပေါက်စောင့်တွေက သစ္စာရှိရဲ့လားဗျ၊ တော်ကြာ အလစ်မှာ ဂူထဲဝင်ပြီး ရတနာတွေခိုးယူထားရင် ဘယ့်နှယ် လုပ်မလဲ'



တောအုပ်ထဲမှ ပြန်အထွက်တွင်ရန်ကြွင်းပေါက်ကအတည်ပေါက်နှင့် မေးလိုက်သည်။

ကျင်းဟုန်ကမူ ထိုစကားကို လက်မခံသလို ခေါင်းခါလိုက်ပြီး....

'မဖြစ်နိုင်ဘူး ရန်ကြွင်းပေါက်၊ ကျုပ်လူတွေအကြောင်း ကျုပ် ကောင်းကောင်း သိတယ်၊ သူတို့ဟာ အရှင်သခင်အပေါ်မှာ သစ္စာအရမ်းရှိပြီး အမိန့်ကိုလဲ တစ်သဝေမတိမ်း နားထောင်လေ့ရှိတဲ့ လူစားမျိုးတွေ၊ ဖြစ်နိုင်လို့ ကျုပ်က မင်းတို့ ကိုယ့်ကိုယ်ကို သတ်သေကြစမ်းလို့ အမိန့်ပေးလိုက်ရင်တောင်မှ မျက်နှာ တစ်ချက်မပျက်ဘဲ ပျော်ပျော်ကြီး သတ်သေကြမယ့်လူစားမျိုးတွေ'

'ဟာ....ခင်ဗျားပြောတာ အပိုစကား မဟုတ်ဘူးဆိုရင်တော့ အတော့်ကို အံ့သြစရာကောင်းတာပဲ'

တိယန်းစင်က မှတ်ချက်ပေးလိုက်ရာ ကျင်းဟုန်က တည်ငြိမ်သော လေသံဖြင့်....

'ကျုပ်ပြောတာ အမှန်ပါပဲဗျာ၊ ကျုပ်တို့ ဟန်းလူမျိုးတွေက အသက်ထက်တောင် သစ္စာတရားကို ပိုပြီး တန်ဖိုးထားလေ့ရှိကြပါတယ်'

ပြန်ပြောလိုက်လေသည်။

ထို့နောက်မှာတော့ နောက်ထပ် စကားမဆိုဖြစ်တော့ဘဲ သူတို့တည်းခိုဆောင်ရှိရာသို့သာ ခြေလှမ်းမှန်မှန်ဖြင့်လျှောက်ခဲ့မိကြသည်။

သွေးသောက်ခြေ ကိုယောက်မှာ သစ္စာတရားကို အသက်ထက်ပို၍ တန်ဖိုးထားသော ဟန်းလူမျိုးများအကြောင်းကိုပဲ စဉ်းစားနေသလား။

ဒါမှမဟုတ် ရောမ ကျောက်သံပတ္တမြားပုံကြီးကိုပဲ ပြန်လည် မြင်ယောင်နေသလား။

ဒါကိုတော့ ကာယကံရှင်များမှတစ်ပါး သိနိုင်လိမ့်မည် မဟုတ်ပါလေ။

## ( ၁၇ )

'ဘယ်လိုဗျ....အစောင့်တွေကိုသတ်ပြီး ကျောက်ဂူကြီးကို ဝင်စီးကြမယ် ဟုတ်လား'

ကြားလိုက်ရသောစကားကို မယုံနိုင်သည့်အလား လျှပ်စီးမား တိယန်းစင်က အလန့်တကြား ပြန်မေးလိုက်သည်။

ထိုအခါ မိုးကြိုးလက်သီး လိန်ဂဝမ်က အေးတိ အေးစက် မျက်နှာထားဖြင့်....

'ဟုတ်တယ် တိယန်းစင်၊ ကျုပ်တို့အားလုံး အစီအစဉ်တွေတောင် ဆွဲထားပြီးပြီ၊ ခင်ဗျားက ကျင်းဟုန်နဲ့ တပူးတွဲတွဲ ရှိနေလို့ ခုလို ညအိပ်ကာနီးကျမှ ဖွင့်ပြောပြရတာ'

တိယန်းစင်က သူ့ပတ်ချာလည်တွင် ရှိနေသော သွေးသောက်ရဲဘော်ငါးဦး၏ မျက်နှာများကို မီးအိမ်အလင်းရောင်ဖြင့် တစ်ယောက်စီ လိုက်ကြည့်လိုက်သည်။

တစ်ချိန်က အမှန်တရားဘက်မှ ရဲဝံ့စွာ ရပ်တည်ရင်းကြည်လင်သန့်စင်ခဲ့သော မျက်နှာများမှာ ခုအခါမှာတော့ လောဘစိတ်ကြောင့် အရောင်တောက်ပ၍ နေကြပြီဖြစ်သည်။

တိယန်းစင်မှာ လောဘကင်းမဲ့သူ တစ်ယောက်တော့ မဟုတ်ချေ။

သို့သော် လူသားပီပီ ဖြစ်သင့်မဖြစ်သင့် ချင့်ချိန်နိုင်စွမ်း ရှိသူ ဖြစ်သဖြင့်....

'စဉ်းစဉ်းစားစားလဲ လုပ်ကြစမ်းပါဗျာ၊ ကျင်းဟုန်ဆိုတာ တခြားသူ မဟုတ်ပါဘူး၊ ကျုပ်တို့နဲ့ ညီအစ်ကိုလို လက်တွဲလာခဲ့တဲ့ ရဲဘော်ရဲဘက်တစ်ယောက်ပါ၊ နောက်ပြီး လိုလေသေးမရှိ ပြုစုခဲ့တဲ့အပြင် မြကျောက်တစ်လုံးစီ လက်ဆောင်ပေးခဲ့တာတွေကိုလဲ ပြန်ငဲ့သင့်ပါတယ်'

လေသံပျော့ပျော့ဖြင့်မေတ္တာရပ်ခံလိုက်မိသည်။ သူ့စကားအဆုံးတွင် မိုးကြိုးလက်သီး လိန့်ရှုဝမ်က ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်ပြီး....

'ကျုပ်တို့အစီအစ ... ကန့်ကွက်ဖို့တော့ မကြိုးစားချင်စမ်းပါနဲ့ တိယန်းစင်၊ ကျုပ်တို့က မဖြစ်မနေလုပ်ဖို့ ဆုံးဖြတ်ထားပြီးကြပြီ၊ တကယ်တော့မြကျောက်တစ်လုံးဟာ ကျောက်ဂူထဲက ကျောက်သံပတ္တမြားပုံကြီးနဲ့ ယှဉ်ကြည့်ရင်တော့ လှင့်ပစ်သလောက်တောင် မရှိပါဘူးဗျာ'



'ဒါကတော့ သူပိုင်တာမှ မဟုတ်တာတဲဗျ၊ ဒီတော့ သူ့စိတ်ကြိုက် ပေးချင်တိုင်းပေးလို့ ဘယ်ဖြစ်ပါ့မလဲ'

'ဒါကြောင့်မို့ ကျုပ်တို့က ကိုယ့်ဟာကိုယ်ယူဖို့ ဆုံးဖြတ်လိုက်ကြတာပေါ့'

'ဟုတ်တယ်....တိယန်းစင်၊ ပြောမယ်ဆိုရင် ဒီကျောက်သံပတ္တမြားတွေက သူတို့အတွက် ဘာမှလဲ အသုံးမဝင်လှပါဘူးဗျာ၊ ဒီကျောက်ဂူကြီးထဲမှာ အလဟဿဖြစ်နေတာထက်စာရင် ကျုပ်တို့ပြည်မကို သယ်သွားတာက ပိုပြီး အကျိုးရှိပါသေးတယ်'

ရန်ကြွင်းပေါက်ကလည်း လောဘစိတ်ကို ဖုံးလွှမ်းနေသော လေသံဖြင့် ဝင်ပြောလာသည်။

သူ့ဘက်မှ ထောက်ခံမည့်သူ မရှိတော့ဟု နားလည်လိုက်သဖြင့် တိယန်းစင် စိတ်ပျက်သွားမိ၏။

သို့သော် ခုချိန်မှာ ဖြောင်ကျကျလည်း ဆန့်ကျင်လို့မဖြစ်။ သူ ခါးခါးသီးသီး ကန့်ကွက်လိုက်မည်ဆိုလျှင် မိုးကြိုးလက်သီး လိန့်ရှုဝမ်တို့ လူစုက သူ့ကို ဦးစွာ ရှင်းပစ်မည့်သဘောမျိုးရှိသည်။

သို့မှသာ ကျင်းဟုန်တို့ မသိအောင် ကြိုတင်နှုတ်ပိတ်ရာ ရောက်မည် မဟုတ်ပါလား။

ထိုသို့ တွေးဆမိသဖြင့် တိယန်းစင်က တင်တင်းမာမာ ပုံစံမျိုး မပြတဲ....

'ခင်ဗျားတို့ ပြောတာလဲ မှားတော့ မမှားပါဘူးလေ၊ ဒါပေမယ့် ကျင်းဟုန်ကို ပြန်တိုက်ခိုက်ရမယ်ဆိုတာကိုတော့ ကျုပ် သိပ်ဘဝင်မကျဘူး'

'ဩော်....ခင်ဗျားက ကျင်းဟုန်ကို သွေးသောက်ရဲဘော်ချင်းဖြစ်နေလို့ မသတ်ချင်ဘူးပေါ့ ဒီလိုလား၊ ကျုပ်တို့ကလဲ ဒီလိုပါပဲဗျာ၊ ကျင်းဟုန်ကို တိုက်ခိုက်ဖို့ ရည်ရွယ်ချက် မရှိပါဘူး'

'ဒါဖြင့်...'

'အခွင့်ကောင်းရတဲ့တစ်နေ့မှာ ကျောက်ဂူကို ဝင်စီးကြမယ်၊ ပြီးရင် ကျောက်သံပတ္တမြားတွေ နိုင်သလောက်သယ်ပြီး ညတွင်းချင်းပဲ ကျွန်းက ခွာပြေးကြမယ်၊ ဒီကျွန်းမှာက လူတွေ အများကြီးရှိနေတာ ခင်ဗျားလဲ အသိသားပဲ၊ ဒါဆို ကျင်းဟုန်နဲ့ ထိပ်တိုက်တွေ့စရာအကြောင်း မရှိတော့ဘူးပေါ့၊ ဘယ်နှယ်လဲ ကျုပ်တို့အကြံ မပိုင်လား'

မိုးကြိုးလက်သီး လိန်ရှုဝမ်က အားတက်သရောပင် မေးလိုက်သည်။

ကျင်းဟုန်နှင့် ထိပ်တိုက်မတွေ့ရဟု သိလိုက်ရသဖြင့် လျှပ်စီးဓား တိယန်းစင် အနည်းငယ်တော့ ရင်အေးသွားသည်။

'ဒါဆို ဂူပေါက်စောင့်တဲ့ ကျင်းဟုန်တပည့်တွေကိုတော့ သတ်ရမှာပေါ့ ဟုတ်လား'

'ဒီလောက်တော့ လိုက်ကြင်နာနေလို့ ဘာ ဖြစ်ပါမလဲဗျာ၊ ဒီလူတွေကိုတော့ လိုအပ်ရင် သတ်သင့်သတ်ရမှာပေါ့၊ ဒါပေမယ့် ဒါကလဲ လိုအပ်မှ ပြောတာပါ၊ တကယ်လို့ မသတ်ဘဲ ဖြစ်တယ်ဆိုရင်လဲ မသတ်ပါဘူး'



'ဟုတ်တယ်၊ ဒီလူတွေကို မေ့ကြောထိုးပိတ်ထားလဲ ဖြစ်တာပဲ'

လူမသတ်လိုသောလျှပ်စီးဓားတိယန်းစင်က ကပျာကယာပင် အကြံပေးလိုက်သည်။ ပြီးမှ တစ်စုံတစ်ခုကို တွေးမိသွားကာ မျက်မှောင်ကြုတ်လိုက်ရင်း....

'ဒါပေမယ့် ညတွင်းချင်း ထွက်ပြေးတာကတော့ ဟုတ်ပါပြီ၊ နောက်ပိုင်း ကျင်းဟုန်က ပြည်မကို လိုက်လာပြီး ကျုပ်တို့ဆီက ကျောက်သံပတ္တမြားတွေ ပြန်တောင်းမယ်ဆိုရင်ရော'

'ဒါဆိုရင်တော့လဲ အခြေအနေကြည့်ပြီး လုပ်ရမှာပေါ့လေ၊ ကျင်းဟုန်က ကျုပ်တို့အသက်ကို ရန်ရှာလာမယ်ဆိုရင်တော့ ငြိမ်ခံနေလို့ဘယ်ဖြစ်ပါမလဲ၊ ဒါကလဲ ပြောမယ့်သာပြောတာပါလေ၊ ကျင်းဟုန်က ဒီအတွက် ပြဿနာရှာမယ် မထင်ပါဘူး၊ ဘာလို့လဲဆိုတော့ ကျုပ်တို့က ခြောက်ယောက်တောင် ဖြစ်နေတာကိုး၊ ဒီတော့ သူတစ်ယောက်တည်း ရင်ဆိုင်လို့မဖြစ်ဘူးဆိုတာကို ဦးနှောက်ရှိရင် သူ စဉ်းစားမိမှာပါ'

မိုးကြိုးလက်သီး လိန်ရှုဝမ်က ခပ်လွယ်လွယ် တွေးမြီးပေါ့ပေါ့ပင် ပြောသည်။

ကျင်းဟုန်မှာ စိတ်သဘောထား ကောင်းသော်လည်း အမှတ်ကြီးသူဟု တိယန်းစင် သိထားပြီးဖြစ်သည်။

ထို့ကြောင့် သူတို့ပြဿနာမှာ လိန်ရှုဝမ်ပြောသလို လွယ်လွယ်နှင့်ပြီးသွားမည် မဟုတ်ဟုလည်း စိတ်ထဲမှ အလိုလိုနားလည်လိုက်သည်။

သို့ရာတွင် ယာတိုက်အခံ ပြောရ၍ရသည့် အခြေအနေမျိုး မဟုတ်သဖြင့် တိယန်းစင်က အလိမ္မာသုံးလိုက်ကာ....

'ဒါဆိုရင်လဲ ပြီးတာပါပဲလေ၊ အားလုံးက စီစဉ်ပြီးဖြီ ဆိုမှတော့ ကျုပ်လဲ သဘောတူရတော့မှာပေါ့'

ကြည့်ကောင်းအောင်ပြောလိုက်သည်။

သူတို့အစီအစဉ်ကို သဘောတူသည်ဟုဆိုလာသည့်အတွက် မိုးကြိုးလက်သီး လိန်ရှုဝမ်၏ မျက်နှာက ပြုံးယောင်သမ်းသွားလျက်....

'ဒီလိုလုပ်စမ်းပါဗျ၊ ကျောက်ပတ္တမြားတွေက ခင်ဗျားမြင်တဲ့အတိုင်း နည်းတာမဟုတ်ဘူး၊ ကျုပ်တို့ခြောက်ယောက်တစ်ယောက်တစ်ပုံစီပဲခွဲယူဦး၊ သားစဉ်မြေးဆက် ထိုင်စားလို့တောင် ကုန်မှာမဟုတ်ဘူး၊ ဒီလောက်ကောင်းတဲ့ အခွင့်အရေးကို ရပါလျက်နဲ့ မယူနိုင်ခဲ့ရင် နောင်ကျမှ နောင်တရနေရလိမ့်မယ်'

'ကျုပ်သဘောပေါက်ပါပြီဗျာ၊ ဒါကြောင့်မို့ ကျုပ်လဲ ခင်ဗျားတို့အစီအစဉ်ကို မကန့်ကွက်တော့တာပေါ့၊ ဒါထက် ခင်ဗျားတို့ ဘယ်ညမှာဝင်စီးဖို့ အစီအစဉ်ဆွဲထားသလဲ'

လျှပ်စီးခေါ်တိယန်းစင်က လွန်စွာထက်ကြွသော လေသံမျိုးဖြင့် မေးလိုက်ရာ ရန်ကြွင်းပေါက်က ဝင်၍ လေသံတိုးတိုးဖြင့်....



'ကျုပ်တို့က မနက်ဖြန်ညမှာ ဝင်စီးဖို့ စီစဉ်ထားတယ်'

'မနက်ဖြန်ည ဟုတ်လား'

'ဟုတ်ကဲ့ တိယန်းစင်၊ ဒါကလဲ အကြောင်းရှိတယ်ဗျ၊ မနက်ဖြန်ညမှာ ကျွန်းသူကျွန်းသားတွေ ပျော်ပွဲရွှင်ပွဲရှိတယ် မဟုတ်လား'

တိယန်းစင်က ခေါင်းညိတ်ပြလိုက်သည်။

ရန်ကြွင်းပေါက်က ဆက်၍....

'ဒါဟာ ကျုပ်တို့အတွက် အထူးအခွင့်အရေးပဲပေါ့ဗျ၊ ဒီပွဲမှာ ကျွန်းသားတွေအားလုံး အရက်သောက်ပြီး လူမှန်းသူမှန်းမသိအောင် မြူးကြွပျော်ကြလိမ့်မယ်၊ အဲ.... အားလုံးမူးပြီး အိပ်ပျော်တဲ့အခါကျတော့မှ ကျုပ်တို့လူစု အေးအေးဆေးဆေး လုပ်ရှားလိုက်ကြရုံပေါ့'

'ကျွန်းသားအားလုံးက မူးပြီးအိပ်ပါ့မလား၊ မသောက်တဲ့လူလဲ ရှိချင်ရှိမှာပေါ့'

'ရှိလဲ အနည်းအပါးလောက်ပဲရှိမှာပေါ့ဗျာ၊ ဒီလောက်ကတော့ ထည့်တွက်နေစရာမလိုပါဘူး၊ သူ့ဟာသူ ဖြစ်လာပါလိမ့်မယ်၊ အရေးကြီးတာက ကျုပ်တို့ ခြောက်ယောက်လုံး သတ္တရှိကြဖို့ပဲ'

'ခင်ဗျား ဘာကိုဆိုလိုတာလဲ ရန်ကြွင်းပေါက်'

လျှပ်စီးခေါ် တိယန်းစင်က ရုတ်တရက် ပြန်မေးလိုက်ရာ ရန်ကြွင်းပေါက်က အဓိပ္ပာယ်ပါပါပြုံးလိုက်ပြီး....

'ကျုပ်ပြောတာက ရှင်းရှင်းလေးပါဗျာ၊ ဒီအကြောင်းတွေကို ကျင်းဟုန်သိအောင် ကြိုမပြောဖို့နဲ့ ကျောက်သံ

ပတ္တမြားတွေရရင် တစ်ယောက်တည်း မောင်ပိုင်မစီးဖို့ကို ပြောတာပေါ့'

'ဒီအတွက်ကတော့ သံသယရှိစရာမလိုပါဘူးလေ၊ ကျုပ်က ဒီလောက်လောဘကြီးတဲ့လူမဟုတ်ပါဘူး'

ကျုပ်က သဘောကိုပြောတာပါ၊ ခင်ဗျားကို သံသယရှိလို့ ပြောတာတော့မဟုတ်ပါဘူး၊ အရေးအကြီးဆုံးအချက်ကတော့ ကျုပ်တို့ ပိပိရိရိရှိကြဖို့ပါပဲ'

ရန်ကြွင်းပေါက်က အရေးတကြီး လေသံမျိုးဖြင့် ထပ်ပြောသည်။

ပြီးလျှင် သူ့လူများကို တစ်ချက်လှည့်ကြည့်လိုက်၏။

အားလုံးက ခေါင်းကို ပြိုင်တူညိတ်ပြလိုက်တော့မှ သူ့ဘက်ကို ပြန်လှည့်လာပြီး....

'ကျုပ်တို့အစီအစဉ်က ရာနှုန်းပြည့်အောင်မြင်မှာသေချာပါတယ်လေ'

ယုံကြည်မှုပြည့်ဝနေသောမျက်နှာထားဖြင့် ပိုင်ပိုင်ကြီးပင် ပြောလိုက်လေတော့သည်။

တိယန်းစင်မှာတော့ သူတို့စွန့်စားရမည့်အရေးကို ကြိုတွေးရင်း စိတ်လှုပ်ရှားလို့နေလေသည်။

( ၁၈ )

နောက်တစ်နေ့ည ပျော်ပွဲရှင်ပွဲလုပ်ပြီး၍ အားလုံးအိပ်မောကြကုန်သည့်အခါမှာတော့ သွေးသောက်ခြောက်ဦးမှာ မူလအစီအစဉ်အတိုင်းပင် စတင်လှုပ်ရှားကြလေသည်။

ရှေးဦးစွာ သူတို့တည်းခိုနေသည့်အဆောင်မှတိတ်တဆိတ်စထွက်သည်။

နောက်တော့ကျောက်ဂူကြီးရှိရာ တောအုပ်ဆီသို့ဦးတည်ထွက်ခွာလာခဲ့ကြသည်။

ကံကောင်းချင်တော့ လက ထိန်ထိန်သာနေသဖြင့် မြင်ကွင်းက လင်းလင်းချင်းချင်း ရှိနေသည်။

လမ်းတွင် မည်သည့် အစောင့်နှင့်မှ ရင်ဆိုင်တိုးခြင်းမရှိဘဲ တောအုပ်ဆီမှ အလွယ်တကူပင် ရောက်ရှိသွားသည်။

'ကျောက်ဂူနားကိုရောက်ရင် ကျုပ်တို့ ဒီထက်ပိုပြီးသတိထားဖို့ လိုလိမ့်မယ်၊ လမ်းမှာ အစောင့်တွေနဲ့မတိုးတာမှန်ပေမယ့် ကျောက်ဂူပေါက်ဝမှာတော့ အစောင့်တွေရှိနေမှာသေချာတယ်'

မိုးကြိုးလက်သီး လိန်ရှုဝမ်က အားလုံးကြားသာရုံလေသံမျှဖြင့်ပြောလိုက်သည်။

ထိုစကား အမှန်ပင်ဖြစ်သည်။

ကျောက်ဂူပေါက်ဝမှာတော့ အစောင့်လေးဦး မလွဲမသွေရှိနေမှာ သေချာသည်။

'ကျုပ်တို့ အစောင့်တွေကို ဘယ်လိုလုပ်ကြမှာလဲ လိန်ရှုဝမ်'

လူမသတ်လိုသော တိယန်းစင်က ပြောလိုက်ရာမိုးကြိုးလက်သီး လိန်ရှုဝမ်က....

'ကျုပ်တို့ အငိုက်ဖမ်းပြီး ဝင်စီးလို့ရမယ်ဆိုရင်တော့သူတို့ကို သွေးကြောထိုးပိတ်လိုက်ကြတာပေါ့ဗျာ၊ ဒီလိုမဟုတ်ဘဲ သူတို့က သတိရှိလို့ပြန်ခုခံမယ်ဆိုရင်တော့ မတတ်နိုင်ဘူးလေ'

ခပ်အေးအေးသာ ပြန်ဖြေလာသည်။

'အခြေအနေပေါ်မှာတော့ ပြန်ခုခံလာလျှင် သတ်ပစ်မည်ဆိုသည့်သဘောပေါ့ တိယန်းစင် နားလည်လိုက်သည်။



လူမသတ်ချင်တာမှန်သော်လည်း ခု အခြေရောက်မှတော့ နောက်ပြန်ဆုတ်၍ မဖြစ်တော့။

ထို့ကြောင့်လျှင်စီးခေါ်းတိယန်းစင်ကဖြစ်လိုရာဖြစ်ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်ကာ အားတင်း၍သာတားလိုက်တော့သည်။

မကြာခင်မှာပင် ကျောက်ဂူကြီးအနားသို့ သူတို့လူစုရောက်ရှိလာကြသည်။

သူတို့လူစုက သစ်ပင်ရိပ်များကိုခို၍ ကပ်လာနေခြင်းဖြစ်၍ အစောင့်များက လုံးဝ တွေ့မြင်ကြခြင်း မရှိချေ။

သူတို့ ခြောက်ယောက်ကမူ အကာအကွယ်မဲ့သော လရောင်အောက်မှ အစောင့်လေးယောက်ကိုကောင်းစွာ မြင်တွေ့နေရပေသည်။

အစောင့်လေးယောက်ကား အလွန်သတိရှိကာ တာဝန်ကျေပွန်ကြသူများ ဖြစ်ဟန်တူသည်။

ငိုက်မျဉ်းခြင်းပင်မပြုဘဲ လေးယောက်သားထိုင်၍စကားစမြည် ပြောဆိုလျက်သာရှိနေကြသည်။

ထိုလေးယောက်ထဲမှ ခေါင်းဆောင်လုပ်သူကား ကျင်းဟုန် ချီးကျူးစကား ဆိုခဲ့ဖူးသော ကောက်လဲ့ဆိုသည့် ခပ်ထွားထွား လူပင်ဖြစ်၏။

'ဒီလေးယောက်က တစ်ယောက်ကိုတစ်ယောက် မျက်နှာမူပြီးထိုင်စကားပြောနေကြတာဆိုတော့ ကျုပ်တို့အငိုက်ဖမ်းတိုက်ခိုက်ဖို့ဆိုတာကတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ဘယ်ဘက်

ကပဲဝင်ဝင် သူတို့ထဲက တစ်ယောက်ယောက် မြင်သွားမှာ ကျိန်းသေတယ်’

မိုးကြိုးလက်သီး လိန်ရှုဝမ်က အခြေအနေကို ကြည့်ပြီး ချင့်ချင့်ချိန်ချိန်တွက်ဆ၍ ပြောလိုက်သည်။

ထိုအခါ လျှပ်စီးဓား တိယန်းစင်က....

‘ဒါဖြင့် ကျုပ်တို့ ဖြောင်ပဲဝင်တိုက်ရတော့မှာပေါ့ ဟုတ်လား လိန်ရှုဝမ်’

‘ဒီပြင်နည်းမှ မရှိတော့ဘဲဟာ၊ ဒီနည်းကိုပဲ သုံးရတော့မှာပေါ့၊ ဒီလေးယောက်က သိုင်းပညာအဆင့်မြင့်ပုံ မရပါဘူး၊ ကျုပ်တို့ ခပ်သွက်သွက် လှုပ်ရှားလိုက်ရင် ဖြစ်မပါတယ်၊ အရေးကြီးတာကတော့ အချိန်တိုတိုလေးနဲ့ နှုတ်ပိတ်နိုင်ဖို့ပဲ၊ တော်ကြာ သူတို့ထဲက တစ်ယောက်ယောက်က အော်လိုက်ရင် ကျင်းဟုန်တို့ ရောက်လာနိုင်တယ်၊ ကျုပ်ပြောတာ ရှင်းပါတယ်နော်’

‘ရှင်းပါတယ် လိန်ရှုဝမ်၊ ဒါထက် ကျုပ်တို့ အားလုံး ဝင်တိုက်ဖို့တော့ မလိုအပ်ဘူးထင်ပါတယ်’

‘သိပ်မှန်တာပေါ့ဗျာ၊ ကျုပ်နဲ့ လင်ဟိုးနှစ်ယောက် ဝင်ထိန်းလိုက်ရင်ဖြစ်ပါတယ်’

‘ဒါဆို ခင်ဗျားတို့နှစ်ယောက် ခပ်သွက်သွက်လေးသာ လှုပ်ရှားလိုက်ကြပေတော့’

အချိန်မဆွဲလိုသည့် ရန်ကြွင်းပေါက်က ခပ်လောလော ပင် ပြောလိုက်သည်။



ထို့နောက်မှာတော့ မိုးကြိုးလက်သီး လိန်ရှုဝမ်နှင့် နဂါးနိုင်ဓား လင်ဟိုးတို့နှစ်ဦးမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ပြိုင်တူ တောင်လှုပ်ရှားရန် အချက်ပေးလိုက်သည့်သဘော။ ပြီးသည်နှင့် လိန်ရှုဝမ်နှင့် လင်ဟိုးတို့နှစ်ဦးမှာ မှောင်ရိပ်ထဲမှ လျှပ်တစ်ပြက်ပင် ပြေးထွက်သွားကြတော့သည်။

နှစ်ဦးစလုံးမှာ ထိပ်တန်း သိုင်းပညာရှင်များ ဖြစ်သည့်အားလျော်စွာ သူတို့၏လှုပ်ရှားဟန်က လျင်မြန်လှသည်။

သို့သော် မြေကွက်လပ်ကို ပြေးရခြင်း ဖြစ်သည့်အတွက် မည်မျှဝင် လျင်နေသည်ဟုဆိုစေကာမူ ကောက်လဲ့တို့လူစုက သတိပြုမိသွားသည်။

လရောင်အောက်တွင် ဖြတ်ပြေးလာခြင်းဖြစ်၍ မျက်နှာများကိုတော့ သဲသဲကွဲကွဲ မမြင်ရချေ။

သို့သော် ပုံမှန်လျှောက်လာနေခြင်း မဟုတ်သောကြောင့် သူတို့ကို ရန်ပြုမည့်သူများဟုတော့ တွက်ဆမိသွားပုံရသည်။

ထို့ကြောင့် ကောက်လဲ့က ဖျတ်ခနဲ တရပ်လိုက်ကာ....

‘ရန်သူတွေဟေ့....သတိထားကြ’

ရုတ်တရက် အော်ဟစ်သတိပေးလိုက်သည်။

သို့သော် ၎င်းတို့လေးဦးစလုံးမှာ သိုင်းပညာတွင် ထိပ်တန်း အဆင့်ရှိသူများမဟုတ်ကြသဖြင့် လိန်ရှုဝမ်နှင့်လင်ဟိုးတို့လောက်တော့ သွက်လက်မှုမရှိကြချေ။

သို့ဖြစ်၍ ထရပ်မိစဉ်မှာ အနားရောက်သွားသော လိန်ရှုဝမ်နှင့် လင်ဟိုးတို့၏ တိုက်ခိုက်မှုကို မမျှော်လင့်ဘဲ ခံလိုက်ရတော့သည်။

'ကျား....'

'ယား....'

'ဝှန်း....'

'ရှပ်....'

'အား....'

'အူး....'

တိုက်ပွဲကား လျှပ်ပြက်သည့်နှယ် လျင်မြန်လွန်းလှပေသည်။

ကျောက်ဂူ ပေါက်စောင့်လေးဦးမှာ လက်နက်များပင် ထုတ်ချိန်မရလိုက်ချေ။

မိုးကြိုးလက်သီး လိန်ရှုဝမ်၏ လက်သီးချက်ကြောင့် နှစ်ယောက် လွင့်ထွက်သွားသလိုပင် ကောက်လီနှင့် ကျန် တစ်ယောက်မှာလည်း နဂါးနိုင်ဓား လင်ဟိုး၏ ဓားချက်များ မိသွားကြသည်။

သို့ရာတွင် ကောက်လီက ချက်ချင်း လဲမကျသေးဘဲ ထပ်မံတိုက်ခိုက်ဖို့ ကြိုးစားလာပြန်သဖြင့် နဂါးနိုင်ဓား လင်ဟိုးက ဓားချက်နှစ်ချက် ဆင့်၍ ပက်သွင်းလိုက်သည်။

'ဝုစ်... ဝုစ်'

'ရှပ်....'

'အား....'



ထိုအခါကျမှ ကျောက်ဂူပေါက်စောင့် ခေါင်းဆောင် ကောက်လီမှာ လက်ဖြင့် မျက်နှာကိုအုပ်ရင်း ခွေလဲကျကာ ငြိမ်သက်သွားတော့သည်။

တိုက်ပွဲကား ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

ကျောက်ဂူပေါက်စောင့် လေးဦးစလုံးမှာ သူတို့ လက်ချက်ဖြင့် ဇာတ်သိမ်းခဲ့ရှာလေပြီ။

သည်တော့မှ နဂါးနိုင်ဓား လင်ဟိုးက မှောင်ရိပ်ထဲမှ စောင့်ကြည့်နေသော ကျန်လေးယောက်ကို လှမ်း၍ လက်ပြလိုက်သည်။

## ( ၃၉ )

'ဘယ်နှယ်လဲ လေးယောက်လုံး ကိစ္စချောသွားပြီလား'

ရန်ကြွင်းပေါက်က အတုံးအရုံး လဲကျနေသော ဂူပေါက်စောင့်များကို ငုံ့ကြည့်ပြီး မေးလိုက်သည်။

မိုးကြိုးလက်သီး လိန်ရှုဝမ်က ခေါင်းညိတ် ပြလိုက်ရင်းမှ....

'သေချာတာပေါ့ဗျာ၊ ဒီလိုမလုပ်လို့ကလဲ မဖြစ်ဘူးလေ၊ တော်ကြာ သူတို့က ထအော်လိုက်ရင် ကျုပ်တို့အားလုံး ဒုက္ခများသွားလိမ့်မယ်'

'ဟုတ်ပါတယ်လေ၊ ခုလိုအပြတ်ရှင်းလိုက်တာပဲ ကောင်းပါတယ်၊ ကဲ....ဒါဆို ကျုပ် ဂူထဲဝင်ကြရအောင်၊ မီးတုတ်တွေ ထွန်းလိုက်တော့'

ရန်ကြွင်းပေါက် စကားအဆုံးတွင် ယက္ခမောင်မယ်က သူတို့ယူဆောင်လာသော မီးတုတ်များကို မီးထွန်းညှိလိုက်ကြလေသည်။

ထို့နောက် မိုးကြိုးလက်သီး လိန်ရှုဝမ်က မီးတုတ်မှ အလင်းရောင်ဖြင့် လျှို့ဝှက်ခလုတ်ကို အလျင်စလို ရှာဖွေကြည့်လိုက်သည်။

ရှာတွေ့သည်နှင့် အချိန်ဆွဲမနေတော့ဘဲ နှိပ်ချလိုက်ရာ ထူထဲခိုင်ခံ့သော သံမဏိတံခါးကြီး ဖြည်းဖြည်းချင်း ပွင့်ဟ၍ သွားတော့သည်။

'တစ်ဆင့်တော့ အောင်မြင်သွားပြီ၊ ကျောက်သံပတ္တမြားတွေကို ရသလောက်သယ်ယူပြီး လှေဆီပြေးဖို့ပဲ ကျန်တော့တယ်'

ရန်ကြွင်းပေါက်က ပွင့်ဟသွားသောတံခါးကြီးကိုကြည့်လျက် ကျေနပ်သံစွက်၍ ပြောလိုက်သည်။

နောက်တော့ သွေးသောက်ခြောက်ယောက်မှာ ကျောက်ဂူထဲသို့ ဝင်၍ အဝတ်အိတ်ကိုယ်စီဖြင့် ကျောက်သံပတ္တမြားများကို အလုအယက် ထည့်ယူနေမိကြတော့သည်။

ဘာမှ မကြာလိုက်။

ကျောက်ဂူထဲမှ ကျောက်သံပတ္တမြားပုံကြီးမှာ ကုန်သလောက် ဖြစ်သွားသည်။



အဝတ်အိတ်များထဲမှာတော့ ရတနာတွေက အပြည့်။

'ကဲ....ဒီလောက်ဆိုရင်တော့ လုံလောက်ပြီ ထင်ပါတယ်၊ ကျုပ်တို့ ကမ်းခြေကို အမြန်ဆုံးရောက်အောင် သွားဖို့ပဲ ရှိတော့တယ်'

အားလုံးထဲတွင် လောဘ အသတ်နိုင်ဆုံးဖြစ်သည့် လျှပ်စီးဓား တိယန်းစင်က စတင်၍ သတိပေးလိုက်သည်။ ပုက်

သည်တစ်ကြိမ်မှာတော့ သူ့စကားကို ဘယ်
ဆန်ကြချေ။

အဝတ်အိတ်များကို ပခုံး ပေါ် တွင် ထမ်း ပ
ကျောက်ဂူထဲမှ ခပ်သွက်သွက်ပင် ပြန်ထွက်လိုက်ကြသည်။

ဂူပြင်ရောက်သည့် အခါမှာတော့ ပျော်ရွှင်တက်ကြွနေသော သူတို့စိတ်အစဉ်မှာ ချက်ချင်းပင် နောက်ကျသွားရလေတော့သည်။

အကြောင်းမူ ဂူပြင်တွင် သူတို့ကို ရပ်စောင့်နေသော အဆိပ်လက်သည်း ကျင်းဟုန်နှင့် သူ့ဇနီးကျန်းဖေ့ဖေ့တို့ကို မမျှော်လင့်ဘဲ ရင်ဆိုင်တိုးလိုက်ရသောကြောင့်ပင် ဖြစ်သည်။

တိယန်းစင်နှင့် ကျန်ငါးဦးစလုံးမှာ ခိုးထုပ်ခိုးထည်နှင့် အမိခံလိုက်ရသဖြင့် မည်သို့ဆင်ခြေပေးရမည်မှန်း မသိအောင်ပင် ဖြစ်လို့နေကြသည်။

ဒါကို ရိပ်စားမိသော ကျင်းဟုန်က သူတို့ကို စေ့စေ့ကြည့်ရင်းမှ ရုတ်တရက် စကားစလာသည်။

'ကျုပ်မျက်စိနဲ့ တပ်အပ်မြင်တာမဟုတ်ရင် ဒီဖြစ်ချပ်ကို ကျုပ်ယုံမိမှာတောင် မဟုတ်ဘူး တကယ်ပါ၊ အံ့ဩစိတ်နဲ့ ဝမ်းနည်းကြေကွဲစိတ်တွေက များလွန်းတော့ ဒေါသဖြစ်ချင် စိတ်တောင် မရှိတော့ဘူး၊ ခင်ဗျားတို့မို့ ဒီလိုလုပ်ဖို့ ကြံစည် ရက်တယ်ဗျာ'

ကျင်းဟုန်က ထိုသို့ပြောလာသည့်တိုင် ခြောက်ယောက် ထိုး ကော်တုတ်မျှ မလှုပ်သေးဘဲ ရှိနေကြသည်။

အလင်းရောင် ှ ကျင်းဟုန်ကပင် ဆက်၍....

လိုက်သည်။ ့ို ကျူးလွန်တဲ့ ဖြစ်မှုက အင်မတန်မှကို ကြီး

ရှာ ဖြစ်မှုတစ်ခုဆိုတာကိုရော ခင်ဗျားတို့ စဉ်းစားမိရဲ့ လား၊ ပထမအချက် ကျုပ်လူလေးယောက်ကို ရက်ရက် စက်စက် သတ်ဖြတ်ပစ်ကယ်၊ ဒုတိယအချက် ကျုပ်တို့ကျွန်း သားတွေ အားလုံးပိုင်တဲ့ ကျောက်သံပတ္တမြားတွေကို ခိုး ယူဖို့ ကြိုးစားတယ်၊ ကဲ....ခင်ဗျားတို့ ဘာဆင်ခြေပေးချင် သေးသလဲ၊ ပြောစမ်းပါဦး'

ခပ်ပြတ်ပြတ် မေးလာသည့်အခါကျမှ မိုးကြိုးလက်သီး လိန်ရှုဝမ်က....

'ငါတို့က ဒီကျောက်ဂူထဲမှာ ရတနာတွေအလကားဖြစ် နေမှာစိုးလို့ ယူသွားဖို့ ကြံတာပါကွာ'

ကလေးကလား ပြန်ဖြေလိုက်သည်။

ကျင်းဟုန်က လေသံမာမာဖြင့်ပင်....

'ဘာဗျ၊ ကျောက်ဂူထဲမှာ ရတနာတွေ အလကားဖြစ်နေ မှာစိုးလို့ ဟုတ်လား၊ ခင်ဗျားဆင်ခြေက ရယ်စရာ ကောင်း



လိုက်တာဗျာ၊ သူ့ဟာသူ ရှိနေတဲ့ ကျောက်သံ ပတ္တမြားတွေ ဘာကြောင့် အလကားဖြစ်ရမှာလဲ၊ ခင်ဗျားတို့ ယူသွားပြီး ရောင်းချ သုံးစွဲမှသာ ပျောက်ပျက်ကုန်တော့မပေါ့၊ ကဲပါ လေ....ခင်ဗျားတို့ကို ကျုပ် နောက်ဆုံးအခွင့်အရေး တစ်ခု ပေးမယ်'

ပြောပြီး ကျင်းဟုန်က စကားကို ခဏ ရပ်နားလိုက် သည်။

( ၄၀ )

ပြီးမှ တည်ကြည်ပြတ်သားသော လေသံဖြင့်....

'ခင်ဗျားတို့ရဲ့ ပြစ်မှုက အင်မတန်မှ ကြီးလေးတာ မှန်ပေမယ့် ခင်ဗျားတို့ဟာ ကျုပ်ရဲ့ သွေးသောက်ရဲဘော်တွေ ဖြစ်နေတဲ့အတွက်ကြောင့် ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်အဖြစ် ကျုပ် ခွင့်လွှတ်လိုက်မယ်၊ ဒီတော့ ပခုံးပေါ်မှာပါလာတဲ့ ကျောက်သံပတ္တမြား အိတ်တွေကိုချပြီး ဒီညပဲ ထွက်သွားကြပေတော့၊ ဒါဟာ ကျုပ်အလိုက်လျောနိုင်ဆုံး အခွင့်အရေးပဲ၊ ဘယ့်နှယ်လဲ'

ကျင်းဟုန်စကားကြောင့် တိယန်းစင်မှာ ကျေနပ်သလို ဖြစ်သွားသည်။

သူ့လူလေးယောက်ကို သတ်ထားသည့် အဖြစ်ကိုပင် အပြစ်မယူဟု ဆိုလာမှတော့ သူတို့ လက်ခံရုံသာ ရှိတော့တာပေါ့။

ထို့ကြောင့် တိယန်းစင်က ပခုံးပေါ်မှ ရတနာထုပ်ကို ပစ်ချရန် ဟန်ပြင်လိုက်စဉ်မှာပင် မိုးကြိုးလက်သီး လိန်ရှုဝမ်က....

'ဝမ်းနည်းပါတယ် ကျင်းဟုန်၊ မင်းအစီအစဉ်ကို ငါတို့ လက်မခံနိုင်ပါဘူး၊ ပခုံးပေါ် ရောက်လာပြီးတဲ့ ရတနာထုပ်ကို ပြန်သွားထားဖို့ဆိုတာကတော့ ဘယ်လိုမှ အဓိပ္ပာယ် မရှိပါဘူးကွာ'

ပြတ်ပြတ်သားသားပင် စတင် ငြင်းဆန်လိုက်လေသည်။ ထိုအခါ ကျင်းဟုန်ဘေးတွင် ရှိနေသော ကျန်းဖေ့ဖေ့က လွန်စွာခံပြင်းဒေါသ ဖြစ်သွားဟန်ဖြင့်....

'ရှင်တို့က တကယ့်ကို လောဘရမ္မက်ကြီးတဲ့ သူတွေပဲ၊ ကျွန်မယောကျ်ားရဲ့ မိတ်ဆွေတွေဆိုပြီး အထင်တကြီး ဆက်ဆံမိခဲ့တာကို ခုမှပဲ နောင်တရတော့တယ်၊ တကယ်ဆို ရှင်တို့ကို ဒီအတိုင်း ထွက်သွားခွင့်တောင် ပေးဖို့မကောင်းဘူး၊ ကျွန်မလူတွေကို သတ်ထားတဲ့အတွက် ပြန်ပြီး အရေးယူသင့်တယ်'



နာနာကြည်းကြည်း ပြောလိုက်သည်တွင် မိတ်ဆွေအချင်းချင်း ပြဿနာဖြစ်မည်ကို မလိုလားသော အဆိပ်လက်သည်း ကျင်းဟုန်က....

'ဒါကိုထားလိုက်စမ်းပါ ညီမရာ၊ ကိုယ်တို့လူတွေ သေဆုံးရတဲ့အတွက်တော့ ထည့်ပြောမနေပါနဲ့တော့၊ ရတနာတွေ မယူဘဲ ပြန်ထားမယ်ဆိုရင် တော်ပါပြီ'

ဇနီးချောကို ဖျောင်းဖျလိုက်သည်။

သို့သော် ပခုံးပေါ် ရောက်နေသော ကျောက်သံပတ္တမြား ထုပ်ကို သံယောဇဉ်ဖြစ်နေမိသည့် သွေးသောက်များကတော့ ကျင်းဟုန်အစီအစဉ်ကို လက်ခံနိုင်ခြင်း မရှိကြတော့ချေ။

ကျင်းဟုန်တို့လင်မယားအနေဖြင့် သူတို့ ခြောက်ယောက်ကို မည်သို့မျှ တားဆီးနိုင်မည်မဟုတ်ဟု တွက်ဆ မိသော နဂါးဓိုင်ခေါ်း လင်ဟိုးက....

'ဟုတ်တယ်ကျင်းဟုန်၊ ကျုပ်တို့လဲ ဒီကျောက်သံပတ္တမြား ထုပ်ကို ပြန်ထားဖို့ ဆန္ဒမရှိဘူး၊ ဒီတော့ ခင်ဗျားတို့ လင်မယား အေးအေးဆေးဆေး လမ်းဖယ်ပေးတာပဲ ကောင်းလိမ့်မယ်၊ နို့မဟုတ်ရင်တော့ စိတ်မကောင်းစရာတွေ ဖြစ်လာလိမ့်မယ်'

မေတ္တာရပ်ခံသလိုလိုနှင့် သွယ်ဝိုက် ခြိမ်းခြောက် လိုက်သည်။

လင်ဟိုး၏ စကားအဆုံးတွင် ကျင်းဟုန်က ခပ်မျဉ်းမျဉ်း ရယ်လိုက်ပြီး....

'ခင်ဗျားတို့က တယ်လာပါလားဗျ၊ လမ်းမဖယ်ပေးရင်ဘဲ ကျုပ်တို့ကို တိုက်ခိုက်တော့မယ့် ပုံမျိုး၊ တကယ်ဆို ခင်ဗျားတို့ကတောင် ကျုပ်ကို ပြန်ပြီး တောင်းပန်သင့်တာ'

'အပိုတွေ ပြောမနေနဲ့ ကျင်းဟုန်၊ ကျုပ်တို့လူက ခင်ဗျားတို့လင်မယား အမြန်ဆုံးလမ်းဖယ်ပေးတာ အကောင်းဆုံးပဲ'

ယက္ခမောင်တန်က စိတ်မရှည်တော့သည့် အလား ခပ်ဆတ်ဆတ် ဝင်ပြောလိုက်သည်။

ဒါသည်ပင်လျှင် နှစ်ဖက်တိုက်ပွဲ စတင်ရန် အချက်ပေးလိုက်သလို ဖြစ်သွားသည်။

ကျင်းဟုန်က ကောင်းပြီ ဟူသော သဘောမျိုးဖြင့် ခေါင်းညိတ်လိုက်ရင်း....

'ခင်ဗျားတို့က လောဘ မသတ်နိုင်ဘူး ဆိုရင်တော့လဲ သဘောပဲပေါ့ဗျာ၊ ကျုပ်ဘက်ကတော့ တာဝန်ကျေသွားပါပြီ'

စကားအဆုံးမှာတော့ ကျင်းဟုန်က လက်ခုပ် နှစ်ချက်ဆက်၍တီးလိုက်သည်။

'ဖြောင်း....ဖြောင်း'

ထိုအခါမှာတော့ မှောင်ရိပ်ထဲမှ ကျင်းဟုန် လူများ ရုတ်တရက် ပေါ်ထွက်လာကာ သူတို့ခြောက်ဦးကို စနစ်တကျပင် ဝိုင်းရံလိုက်ကြတော့သည်။

အင်အားမှာ စုစုပေါင်း သုံးဆယ်ခန့်မျှ ရှိမည်ဖြစ်သော်လည်း တိယန်းစင်တို့ လူစုကတော့ ဂရုမစိုက်လှ။



ဤနေရာတွင် လူအင်အားထက် သိုင်းပညာ အဆင့်က ပိုအဓိကကျသည်ဟုနားလည်ထားသောကြောင့်ပင်ဖြစ်သည်။

ထို့နောက် မိုးကြိုး လက်သီး လိန်ရှုဝမ်က လက်နက်ကိုယ်စီဖြင့် ဝိုင်းရံထားသူများကိုကြည့်၍ ဟက်ဟက်ပက်ပက် ရယ်မောရင်း....

'ခင်ဗျားက ခင်ဗျား ကျွန်းသားတွေကို အားကိုးတယ်ပေါ့ ဟုတ်လား ကျင်းဟုန်၊ ဒါဆိုရင်တော့ ခင်ဗျား တွက်ကိန်း လွဲသွားပြီ၊ ခင်ဗျားလူတွေက ကျုပ်တို့ ဓားချက်တစ်ချက်မှာ တစ်ယောက် ဇာတ်သိမ်းမယ့် လူတွေပါဗျာ'

'ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ သိုင်းပညာအဆင့်မှာ ကျုပ်လူတွေက ခင်ဗျားတို့ကို မယှဉ်သာပေမယ့် ရဲရင့်တဲ့ နေရာမှာတော့ ခင်ဗျားတို့ထက် မနိမ့်ပါဘူး၊ ကိုယ်ကျင့်တရားချင်း ယှဉ်မယ်ဆိုရင်တော့ ခင်ဗျားတို့နဲ့ တခြားစီပါပဲ'

'ကိုယ်ကျင့်တရားက ချက်စားလို့ မရပါဘူးဗျာ၊ အရေးကြီးတာက ချမ်းသာဖို့ပါပဲ'

'တော်စမ်းပါဗျာ၊ ကျက်သရေမရှိတဲ့ စကားတွေ လာပြောမနေနဲ့၊ ကဲ....အချိန်ကြာတယ်၊ သစ္စာမရှိတဲ့ လောဘသားတွေကို အားလုံးဝင်တိုက်ကြစမ်း'

ကျင်းဟုန်က ရုတ်တရက် အမိန့်ပေးလိုက်သည်။

ထိုအခါ ဝိုင်းရံထားသော ဟန်းလူမျိုး သိုင်းသမားများက မဆိုင်းမတွပင် ပြေးဝင် တိုက်ခိုက်လိုက်ကြတော့သည်။

'ကျား....ယား....'

'သေပေတော့'

'ခြိမ်....'
'ထန်း....'
'ဝှစ်....'
'ဟိတ်....'

တိုက်ပွဲ အခြေအနေက ရုတ်ခြည်းပင် ရှုပ်ယှက်ခတ်သွားသည်။

လရောင်အောက်တွင် ဓားလှံလက်နက်များက အရောင်တလက်လက် တောက်ပလို့သွားသည်။

ကျင်းဟုန်ပြောတာ မှားတော့မမှား။ ဟန်းလူမျိုး သိုင်းသမားများမှာ ထိပ်တန်းသိုင်းပညာရှင်များ မဟုတ်သော်ငြား တိုက်ခိုက်ရာတွင် ရဲရင့်မှုတော့ အပြည့်အဝရှိကြသည်။

တိယန်းစင်တို့ ခြောက်ယောက်ကို မတွန့်မဆုတ်ပင် ဝင်ရောက်တိုက်ခိုက်လို့ လာကြသည်။ သို့သော် သိုင်းပညာထက်မြက်မှုက အဓိကကျနေသဖြင့် အောင်မြင်မှုကား မရရှာချေ။

ရဲဝံ့စွာ စွန့်စား တိုက်ခိုက်နေရင်းမှပင် သွေးသောက်ခြောက်ယောက်၏ လက်ချက်ဖြင့် တစ်ယောက်ပြီးတစ်ယောက် လဲကျသေဆုံးကုန်ကြလေတော့သည်။

တကယ်တော့ တိယန်းစင်တို့နှင့် လက်ရည်တူ ယှဉ်ပြိုင်တိုက်ခိုက်နိုင်သည့်သူက ကျင်းဟုန်တစ်ယောက်သာ ရှိသည်။

ပြောမည်ဆိုလျှင် ကျင်းဟုန်၏ ဇနီး ကျန်းဖေ့ဖေ့ပင် တိယန်းစင်တို့နှင့် မယှဉ်သာချေ။

ကျန်းသား သိုင်းသမားများနှင့် နှိုင်းယှဉ်လျှင် မူကား အဆင့်ချင်းက များစွာပင် ကွာခြားလို့သာ နေတော့သည်။



သို့ဖြစ်၍ ဟန်းလူမျိုး သိုင်းသမားများမှာ တဖြုတ်ဖြုတ် လဲကျသေဆုံးကုန်ကြခြင်းဖြစ်သည်။ ဒါကိုမြင်တော့ ကျင်းဟုန်မှာ အတော်ပင် ခံပြင်းဒေါသထွက်သွားဟန် တူသည်။

'ဩော်....ခင်ဗျားတို့ တကယ်လဲ အစွမ်းထက်နေကြပါလား၊ ဒါဆိုလဲ ကျုပ်နဲ့ ပြန်တွေ့ကြအေးတာပေါ့'

ကျင်းဟုန်က ကြွေးကြော်ပြီးသည်နှင့် နဂါးနိုင်ဓား လင်ဟိုးကို ဝင်ရောက်တိုက်ခိုက်လိုက်သည်။

အမျှားနှင့် တစ်ယောက် ရင်ဆိုင်ရမည်ဟု သိသဖြင့် ကျင်းဟုန်က လက်နက်မဲ့ စမတိုက်ချေ။ ဓားကို ကိုင်စွဲ၍ စတင်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ထိုအခါ ကျင်းဟုန်၏ ဇနီးချော ကျန်းဖေ့ဖေ့ကလည်း နံကြွင်းပေါက်အား သွက်လက်စွာပင် ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

လျှပ်စီးဓား တိယန်းစင်၊ မိုးကြိုးလက်သီး လိန်ရှုဝမ်၊ ပင်ကွဲမောင်မယ် တန်နှင့် လန်တို့ လေးဦးမှာတော့ ကျန်ရှိ

သော ဟန်းလူမျိုး သိုင်းသမားများကို ဆက်လက်တိုက်ခိုက် လျက် ရှိနေကြသည်။

မူလက သုံးဆယ်ကျော်ခန့်ရှိသော ဟုန်းလူမျိုး ကျွန်း သားများမှာ ယခုအခါမှာတော့ ဆယ်ယောက်ခန့်ပင် ကျန် ပေတော့သည်။

ထိုဆယ်ယောက်ခန့်မှာလည်း အခြေအနေ သိပ်မကောင်း တော့။ လဲကျသေဆုံးခြင်း မရှိသေးသည့်တိုင် ဒဏ်ရာများ တော့ ရရှိနေကြပြီဖြစ်သည်။

နောက်ထပ် တစ်အောင့်လောက်ကြာသည့်အခါမှာတော့ ထိုဆယ်ယောက်ခန့်မှာလည်း ပြင်းထန်သော ဒဏ်ရာများဖြင့် လဲကျကုန်ကြတော့သည်။

ထိုအချိန်တွင် ကျင်းဟုန်နှင့် နဂါးနိုင်ဓား လင်ဟိုးတို့ တိုက်ပွဲမှာ အမြင့်မားဆုံးအဆင့်ကို ရောက်ရှိနေပြီဖြစ်သည် နည်းတူ ရန်ကြွင်းပေါက်နှင့် ကျန်းဖေဖေ့ တို့၏ တိုက်ပွဲမှာ လည်း အပြင်းထန်ဆုံး အဆင့်ကို ရောက်ရှိနေပြီဖြစ်သည်။

နဂါးနိုင်ဓား လင်ဟိုးနှင့် အဆိပ်လက်သည်း ကျင်းဟုန် ဆိုလျှင် ကျင်းဟုန်က သိုင်းပညာအရ အနည်းငယ် သာလွန် မှု ရှိသော်ငြား သိပ်ကွာခြားလွန်းသည် မဟုတ်သဖြင့် ပြတ် ပြတ်သားသားကား အနိုင်ယူနိုင်ခြင်း မရှိချေ။

အသာစီးရသယောင်နှင့်ပင် တိုက်ပွဲက ရှည်ကြာလို့ ေ သည်။

ရန်ကြွင်းပေါက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေရသော ကျန် ဖေဖေ့မှာတော့ အခြေအနေ သိပ်မကောင်းလှချေ။



သိုင်းပညာနှင့် အတွင်းအား နှစ်ရပ်စလုံးတွင် ရန်ကြွင်း ပေါက်ထက် နိမ့်ကျလျက်ရှိသဖြင့် ယှဉ်ပြိုင်တိုက်ခိုက်ရင်းမှပင် တစ်စထက် တစ်စ အခြေးနိမ့်၍ လာလေသည်။

သို့ဖြင့် တစ်ချိမှာတော့ ရန်ကြွင်းပေါက်၏ ပြင်းထန်သော ဓားချက်ကို ခံဆောင်လိုက်သည်တွင် ကျန်းဖေ့ဖေ့၏ လက် ထဲမှ ဓားရှည်မှာ မထင်မှတ်ဘဲ လွတ်ထွက်သွားတော့သည်။

'ယား'

'ဟိတ်'

'ထန်း'

'ချလွမ်'

ထိပ်တန်းသိုင်းပညာရှင်ပီပီ ရန်ကြွင်းပေါက်၏ လှုပ်ရှား မှုက လျင်မြန်လှပေသည်။ ဓားလွတ်ကျ၍ ကျန်းဖေ့ဖေ့ ကြောင်သွားခိုက်မှာပင် ရန်ကြွင်းပေါက်၏ ဓားဦးချွန်က လည်ပင်းကို ထောက်ထားပြီး ဖြစ်သွားသည်။

ကျန်းဖေ့ဖေ့ တစ်ယောက် မည်သို့မျှ မလှုပ်သာတော့။ ထိုအခါကျမှ ရန်ကြွင်းပေါက်က အစွမ်းကုန် တိုက်ခိုက်နေ သော အဆိပ်လက်သည်း ကျင်းဟုန်ကို မထိတထိ လှမ်းပြော လိုက်သည်။

'လူစွမ်းကောင်းကြီးကျင်းဟုန်၊ ခင်ဗျားမိန်းမအသက်ကို နှမြောတယ် ဆိုရင်တော့ လက်ထဲကဓားကိုသာ အသာ တကြည်ချပြီး အညံ့ခံလိုက်ပေတော့'

ရန်ကြွင်းပေါက်၏စကားအဆုံးတွင် ကျင်းဟုန်က ဖျတ် ခနဲ လှည့်ကြည့်လိုက်သည်။

သူ့ဇနီးချော ကျဉ်းထဲကျပ်ထဲ ရောက်နေသည်ကို မြင်လိုက်ရသည်တွင် ထောင်းခနဲ ဒေါသထွက်လို့ သွားသည်။

သို့သော် အခြေအနေအရ တင်းခံနေ၍ မဖြစ်တော့ဟု ချက်ချင်း သဘောပေါက်သွားသည်။

သူ့လူအားလုံးမှာလည်း မြေပြင်ပေါ်တွင် ဖရိုဖရဲလဲ့ကျလျက်ရှိနေကြပြီ။

ယခု သူ့ဇနီးချော ကျန်းဖေ့ဖေ့သည်လည်း ရန်သူ့လက်ထဲ ရောက်ရှိသွားခဲ့ပြီ။

သူနှင့် သိုင်းပညာ မတိမ်းမယိမ်းလောက်ရှိသော ထိပ်တန်း သိုင်းပညာရှင် ခြောက်ယောက်ကို သူ မည်သို့ ယှဉ်နိုင်ပါတော့မည်နည်း။

'အေးပေါ့လေ ခင်ဗျားတို့က ခြောက်ယောက်တောင်ဖြစ်နေတော့ အသာစီးရသွားတာပေါ့'

'အပိုတွေပြောမနေနဲ့ ကျင်းဟုန်၊ မင်းလက်ထဲကဓားကို သာ အမြန်ဆုံးပစ်ချလိုက်'

မိုးကြိုးလက်သီးလိန်ရှုဝမ်က လေသံမာမာဖြင့် ဝင်၍ အမိန့်ပေးသည်။

ထိုစကားကြောင့် ခံပြင်းသွားသည်မှန်သော်လည်း ကျင်းဟုန်က စိတ်ကိုလျှော့၍ လက်ထဲမှဓားကို လွှတ်ချဖို့ပြင်လိုက်သည်။

ထိုစဉ်မှာပင်....



'သူတို့ကိုအညှံ့မခံနဲ့ အစ်ကို၊ သူတို့က လက်နက်ချလို့လဲ အစ်ကို့ကို ချမ်းသာပေးမှာမဟုတ်ဘူး၊ ဒီတော့ ဆက်ပြီးတော့သာတိုက်၊ ညီမအသက်ကို ဘာမှငဲ့မနေနဲ့'

ကျန်းဖေ့ဖေ့က ပြတ်သားစွာ လှမ်းတိုက်တွန်းလိုက်လာသည်။

( ၄၂ )

ရန်ကြွင်းပေါက်က ခပ်ဟက်ဟက်ရယ်လိုက်ရင်းမှ....

'မင်းမိန်းမစကားကို နားဝင်မသွားနဲ့ ကျင်းဟုန်၊ မင်းလှုပ်ရှားဖို့ဟန်ပြင်လိုက်တာနဲ့တစ်ပြိုင်နက် ငါ့ဓားဦးက မင်းဇနီးချောလည်တိုင်ထဲကို နစ်ဝင်သွားလိမ့်မယ်'

သတိပေးစကား ပြောလာပြန်သည်။

ကျင်းဟုန်မှာ ဆက်ပဲ တိုက်ခိုက်ရကောင်းနိုး၊ ဓားပဲ လွှတ်ချရကောင်းနိုးနှင့် ချီတုံချတုံဖြစ်လို့နေသည်။

သူ့ချစ်ဇနီးချော ကျန်းဖေ့ဖေ့ သေဆုံးသွားမည်ကို မလိုလားသဖြင့် နောက်ဆုံးတွင် ကျင်းဟုန်က လက်နက်ချ ဖို့သာ ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်သည်။

ထိုအချိန်မှာပင် မည်သို့မျှ မျှော်လင့်မထားသောဖြစ်ရပ် တစ်ခုက ဖြစ်ပွားလိုလာသည်။

ယင်းအဖြစ်သည်ကား တခြားမဟုတ်။

ဓားစာခံအလုပ်ခံထားရသော ကျန်းဖေ့ဖေ့က ရန်ကြွင်း ပေါက်၏ ဓားကိုင်လက်ကို သူ့လက်ဖြင့် ရုတ်တရက် ပင့် ရိုက်လိုက်ခြင်းပင် ဖြစ်သည်။

'ဟိတ်....'

'ဇွပ်....'

'အင့်....'

ထိုအခါ ဓားဦးက ကျန်းဖေ့ဖေ့၏ လည်တိုင်ထဲသို့ တိုးဝင်ကာ လည်တိုင်မှ သွေးများ ပန်းထွက်လိုလာသည်။

ထိုသို့ပြုလုပ်လိမ့်မည်ဟု ထင်မှတ်မထားသဖြင့် ရန်ကြွင်း ပေါက် အပါအဝင် အားလုံး ကြောင်အအ ဖြစ်ကုန်ကြ သည်။

ထို့နောက် ကျန်းဖေ့ဖေ့ လဲကျသွားသည့်အခါကျမှ ဦးစွာ သတိပြန်ဝင်လာသူက ကျင်းဟုန်ပင် ဖြစ်သည်။

'ဟင်....ညီမ ကျန်းဖေ့ဖေ့'

ကျင်းဟုန်က သွေးရူးသွေးတန်းအော်ဟစ်လိုက်ပြီးသည် နှင့် သူနှင့်အနီးဆုံးတွင်ရှိနေသော လင်ဟိုးကို ဓားဖြင့် လျှပ် တစ်ပြက် ပိုင်းချလိုက်သည်။



'ဟိတ်....'

'ဝိုး....'

လင်ဟိုးကလည်း နာမည်ကြီးသိုင်းပညာရှင်တစ်ယောက် ပီပီ အထူးပင်သွက်လက်လှသည်။

ကျင်းဟုန်၏ဓားချက် ကျရောက်လာသည်တွင် ညာခြေ ကို နောက်ထပ် တစ်လှမ်းဆုတ်၍ တိမ်းရှောင်ပြီး ဖြစ်နေ သည်။

ကျင်းဟုန်က နဂါးနိုင်ဓား လင်ဟိုး ရှောင်ထွက်သွား သည်တွင် မိုးကြိုးလက်သီးလိန်ရှုဝမ်ဘက်သို့ ဖျတ်ခနဲ လှည့် လိုက်ပြန်သည်။

သို့သော် သည်တစ်ကြိမ် မှာတော့ မိုးကြိုး လက်သီး လိန်ရှုဝမ်က တစ်ကွက်ဦးသွားခဲ့ပြီ ဖြစ်သည်။ သို့ဖြစ်၍ သူ လှည့်လိုက်စဉ်မှာပင် လိန်ရှုဝမ်၏ အားပါသော လက်သီး ချက်က ညာပခုံးကိုထိကာ ဖင်ထိုင်လျက် ပစ်ကျသွားသည်။

ထို့အတူ လက်ထဲမှဓားသည်လည်း အဝေးဝေးသို့ တိုင် လွင့်ထွက်သွားတော့သည်။

ကျင်းဟုန်ကား ခံနိုင်ရည်ရှိပြီး ရဲရင့်လှသူဖြစ်၏။

ထို့ကြောင့် ပခုံးတစ်ခုလုံး ပြင်းထန်စွာနာကျင်နေသည့် ကြားမှပင် အားယူပြီး ရုတ်တရက် ပြန်ထရပ်လိုက်သည်။

ထိုခဏမှာပင် ကျင်းဟုန်ရှိရာသို့ ခုန်ဝင်ရောက်ရှိသွားသူ ကတော့ လျှပ်စီးဓားတိယန်းစင်ပင် ဖြစ်သည်။ လျှပ်စီးဓား တိယန်းစင်မှာ နာမည်နှင့်လိုက်အောင်ပင် ဓားချက် သွက် လှသူ ဖြစ်၏။

သို့ ဖြစ်သောကြောင့် အားလုံးမှာ ဓား ရှောင်များ တဖျပ်ဖျပ်လက်သွားသည်ကို လရောင်ဖြင့်မြင်လိုက်ကြရသည်။

တိယန်းစင်၏ လှုပ်ရှားမှု ရပ်တန့်သွားသည့် အခါမှာတော့ ကျင်းဟုန်၏ ခန္ဓာကိုယ်ကြီးမှာ မြေပြင်ပေါ်သို့ ပုံလျက်သား လဲကျသွားလေတော့သည်။

'ဝုန်း....'

သည်တော့မှ မိုးကြိုးလက်သီးလိန်ရှုဝမ်က တိယန်းစင်ကို အံ့ဩသလိုကြည့်ကာ....

'ကောင်းလိုက်တဲ့ ဓားချက်ဗျာ၊ ကျုပ်တို့ဖြင့် သဲသဲကွဲကွဲတောင် မမြင်လိုက်ရဘူး၊ ဒါကြောင့်လဲ လျှပ်စီးဓားရယ်လို့ နာမည် ကြီးပေတာပဲ၊ ဒါထက် ကျင်းဟုန်တစ်ယောက် ကိစ္စတုံးသွားပြီ မဟုတ်လား'

'သိပ်သေချာတာပေါ့ဗျာ၊ ကျုပ်က သေကွင်းသေကွက်တွေကိုချည်း ရွေးခုတ်လိုက်ယာပဲဟာ၊ ဘယ်နည်းနဲ့မှအသက်မရှင်နိုင်တော့ပါဘူး'

'ခင်ဗျားလုပ်တာ သိပ်မှန်တယ်၊ ကျင်းဟုန်ကို ကျုပ်တို့ ဘယ်လိုနည်းနဲ့မှ ချမ်းသာပေးခဲ့လို့ မဖြစ်ဘူး၊ သူက ရတနာတွေနဲ့ သူ့လူတွေအတွက် မတုံ့ပြန်ရင်တောင်မှ သူ့မိန်းမအတွက်တော့ ကလဲ့စားချေဖို့ ကြိုးစားလာမှာ သေချာတယ်၊ ဒီတော့ ခုလို ကိစ္စတုံး ရှင်းပစ်လိုက်တာပဲ ကောင်းတယ်၊ တစ်ချိန်က မဲဟ်ဆွေရင်း တစ်ယောက် ဖြစ်ခဲ့တာကတော့ တစ်ပိုင်းပေါ့လေ၊ ခုချိန်မှာကတော့ ဒါတွေကို ဖြန့်ထောက်ထားနေလို့ မဖြစ်တော့ဘူး'



'လိန်ရှုဝမ်ပြောတာ ဟုတ်တယ် တိယန်းစင်၊ ခင်ဗျား အလျှင်ဝင်ရှင်းလိုက်လို့ပေါ့၊ အကယ်၍ ခင်ဗျား မရှင်းဘူးဆိုရင်လဲ ကျုပ်တို့ကတော့ ရှင်းပစ်မှာပဲ'

ထိုစကားကို ဝင်ပြောလာသူကတော့ ယက္ခမောင်တန်ပင် ဖြစ်ပေသည်။

လျှပ်စီးဓား တိယန်းစင်ကမူ ခပ်အေးအေး ပုံစံမျိုးဖြင့်သာ ပြုံးလိုက်ပြီး....

'ဘယ်သူ ရှင်းရှင်းပေါ့ဗျာ၊ အရေးကြီးတာက ကျင်းဟုန်ဇာတ်သိမ်းဖို့ပဲ မဟုတ်လား၊ အားလုံးကိုယ်စား ကျုပ်ဝင်ရှင်းပေးလိုက်တော့လဲ ပြဿနာက မြန်မြန် ပြေလည်သွားတာပေါ့၊ ကဲ....ကျုပ်တို့ ဒီကခွာဖို့ ပြင်ကြမှနဲ့တူတယ်၊ တော်ကြာ ကျင်းဟုန့်လူတွေ ထပ်ရောက်လာရင် အလကားသက်သက် အချိန်တွေဖင့်နေလိမ့်မယ်'

'ထပ် ရောက်လာရင်လဲ မှုစရာတော့ မရှိပါဘူးလေ၊ ဒီကောင်တွေရဲ့ သိုင်းပညာ အဆင့်က အောက်ဆုံးလောက်မှာ ရှိနေတာပဲဥစ္စာ'

ရန်ကြွင်းပေါက်က ခပ်ပေါ့ပေါ့ပင် ပြန်ပြောသည်။

လျှပ်စီးဓား တိယန်းစင်က ရန်ကြွင်းပေါက်ကို တစ်ချက်ကြည့်လိုက်ပြီး....

'ဒါကိုတော့ ကျုပ်လဲသိတာပေါ့ဗျာ၊ သူတို့အားလုံးဝိုင်းတိုက်လဲ မှုစရာတော့ မရှိပါဘူး၊ ဒါပေမယ့် သူတို့ကို ပြန်တိုက်ခိုက်နေရတော့ မလိုအပ်ဘဲ အချိန်ကုန်တာပေါ့ မဟုတ်ဘူးလား'

'ဟုတ်တယ်....တိယန်းစင်ပြောတာ မှန်တယ်၊ကဲ....ကျုပ်တို့အားလုံး ရှက်လှေ့ရှိတဲ့ ကမ်းစပ်ကို အမြန်ဆုတ်ကြမယ်'

နဂါးနိုင်မေား လင်ဟိုး၏ စကားအဆုံးမှာတော့ ခြောက်ယောက်လုံးမှာ ကျောက်သံ ပတ္တမြား ထည့်ထားသော အထုပ်များကို ကိုယ်စီထမ်းလျက် ထိုနေရာမှ အလျင်အမြန်ပင် ထွက်ခွာလာခဲ့ကြတော့သည်။

အားလုံးမှာ ရတနာများ အပေါ်တွင်သာ လောဘ တွယ်ငြိနေကြပြီ ဖြစ်၍ မိတ်ဆွေ ရင်းချာ တစ်ယောက်အား ပြန်သတ်ခဲ့မိခြင်း အပေါ် စိုးစဉ်းမျှပင် စိတ်မကောင်းဖြစ်ဟန် မပြကြချေ။

ကမ်းခြေမှ ရှက်လှေ့ဆီသို့ ရောက်ရေးအတွက်သာ စိတ်စောလို့ နေမိကြသည်။

ထိုစဉ် လျှပ်စီးမေား တိယန်းစင် တစ်ယောက် ကျိတ်ပြီး သက်ပြင်း ချလိုက်သည့်အဖြစ်ကိုတော့ ကျန်ငါးယောက်လုံး မသိရှိလိုက်ကြပါချေ။

ထိုသို့ သက်ပြင်းချလိုက်မိခြင်းအကြောင်းရင်းသည်ကား။

( ၄၃ )

'ဟင်....ဒါဖြင့် အဲဒီ ကျောက်သံ ပတ္တမြားတွေကို ဖေဖေတို့ ခြောက်ယောက်လုံး ရရှိခဲ့ကြတယ်ပေါ့ ဟုတ်လား'

ဖခင်၏ စကားကို စိတ်ဝင်တစား နားထောင်နေသော တိရှန်ဖီးက သိလိုစိတ်အပြည့်ဖြင့် မေးလိုက်ခြင်းဖြစ်သည်။

ထိုအခါမှာတော့ ဖခင်ဖြစ်သူ လျှပ်စီးမေား တိယန်းစင်က ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်ရင်း....

'မရပါဘူး လူလေးရာ၊ မတရားသဖြင့် လုယူလာခဲ့တဲ့ ပစ္စည်းဥစ္စာတွေမို့လား မသိပါဘူး၊ ဖေဖေတို့ တစ်ယောက်မှကို မရလိုက်ကြပါဘူး'

'ဟင်....ဒါဆို အဲဒီကျောက်သံပတ္တမြားတွေက ဘယ်ကို ရောက်ကုန်သလဲဟင်'

'ပြည်မကမ်းခြေကို ရောက်လု ရောက်ခင်ကျမှ ဖေဖေတို့ ရွက်လှေ မုန်တိုင်းမိပြီး မှောက်သွားခဲ့တယ်လေ၊ ဒီ့ပြင်လှေတွေက အချိန်မီ ရောက်လာပြီး ကယ်တင်ခဲ့လို့ ဖေဖေတို့ ခြောက်ယောက်လုံး အသက်ရှင်ခွင့် ရခဲ့ပါတယ်၊ ဒါပေမယ့် မတရားသဖြင့် လုယူလာခဲ့တဲ့ ပစ္စည်းတွေကတော့ ရွက်လှေကြီးနဲ့အတူ ရေအောက်ကို ရောက်ရှိသွားခဲ့တယ်ဆိုပါတော့ လူလေးရာ'

'အံ့သြဖို့ကောင်းလိုက်တာ ဖေဖေရာ၊ လူတွေအများကြီး သတ်လာခဲ့တာ နောက်ဆုံးတော့ ကိုယ့်အတွက် ငရဲကျန်တာပဲ အဖတ်တင်တာပေါ့နော်'

'သိပ်မှန်တာပေါ့ လူလေးရာ၊ ဒါကြောင့် ကြုံကြိုက်တုန်း လူလေးကိုလဲ မှာချင်တာတစ်ခုရှိတယ်၊ အဲဒါကတော့ မသန့်ရှင်းတဲ့ ပစ္စည်းဟာ တည်မြဲမှုမရှိဘူးဆိုတဲ့ အချက်ပဲ၊ ဖေဖေ့စကားကို လူလေးနားလည်ပါတယ်နော်'

'ဟုတ်ကဲ့၊ ကျွန်တော်နားလည်ပါတယ် ဖေဖေ'

တိရှန်ဖိးက ခေါင်းကို အလျင်အမြန် ညိတ်ပြလိုက်သည်။ လျှပ်စီးခါး တိယန်းစင်က ဆက်၍....

'ဖေဖေလဲ အဲဒီကတည်းက သိုင်းလောကကို စိတ်ကုန်သွားပြီး သမားတော်ဘဝကိုပြောင်းပြီး ခံယူခဲ့တာ ခုထိဆိုပါတော့ လူလေးရာ၊ ဒါပေမယ့် အတုံ့အလှည့်က မနေဘူး လူ လေးရဲ့၊ ဖေဖေ ဘယ်လောက်ပဲ နှောင်တရရ ရန်ကြွေးဆပ်မယ့်သူကတော့ ရောက်ကိုလာခဲ့တာပဲ'

'ဝိညာဥ်ဝယ်သူကို ဆိုလိုတာလား ဖေဖေ'

'ဒီပြင်ရှိသေးလို့လား လူလေးရာ၊ အဲဒီ ဝိညာဥ်ဝယ်သူကိုင်တဲ့ ကင်းမြီးကောက်တံဆိပ်ကြေးပြားက တစ်ပြားမဟုတ်ဘူး၊ အဲဒီ ကင်းမြီးကောက် ကျွန်းမှာ သုံးစွဲလေ့ရှိကြတဲ့ ပိုက်ဆံတစ်မျိုးပဲ၊ ဒါကိုကြည့်ခြင်းအားဖြင့် ဝိညာဥ်ဝယ်သူဟာ ကျင်းဟုန့်ဖြစ်ကြောင်း သိပ်ကို ထင်ရှားနေပါပြီလေ'

'ဒါထက် ကျွန်တော်မရှင်းတာတစ်ခုရှိတယ် ဖေဖေ'

တိရှန်ဖိးက စကားခံလိုက်ရာ တိယန်းစင်က သူ့ကို ကြည့်၍....

'ပြောလေ လူလေး၊ လူလေးက ဘာကိုမရှင်းတာလဲ'

'တခြားမဟုတ်ပါဘူး ဖေဖေ၊ ကျင်းဟုန့်ကို ဖေဖေကိုယ်တိုင် သတ်ပစ်ခဲ့ပြီး ခုကျတော့ ဘာလို့ ကျင်းဟုန့်က ပြန်ရှင်နေရတာလဲ'

'ဩော်.... ဒါလား၊ ဒီအချက်ကို ဖေဖေ ရှင်းပြရမှာပေါ့ကွာ၊ ဒီလိုလူလေးရ၊ ဖေဖေက ကျင်းဟုန့်ကို ဓားနဲ့ခုတ်ခဲ့တယ်ဆိုပေမယ့် သေအောင်ခုတ်ခဲ့တာ မဟုတ်ဘူး'

'ဗျာ.... သေအောင်ခုတ်ခဲ့တာမဟုတ်ဘူး ဟုတ်လား'

တိရှန်ဖိးက အံ့သြတကြီးပြန်မေးလိုက်ရာ တိယန်းစင်က မချိပြုံး ပြုံးရင်းမှ....

'ဟုတ်တယ် လူလေး၊ ဖေဖေ့ဓားချက်တွေက မြန်လွန်းတဲ့အပြင် ညာဘက်လဲဖြစ်နေတာ၊ ဘယ်သူမှ သဲသဲကွဲကွဲမမြင်ခဲ့

ကြဘူးလေ၊ ဒီအချက်ကို ဖေဖေက အခွင့်ကောင်းယူပြီး ကျင်းဟုန်ရဲ့ မသေနိုင်တဲ့နေရာတွေကိုပဲ ရွေးပြီး ခုတ်ခဲ့တာပေါ့၊ ဒါပေမယ့် ဖေဖေခုတ်လိုက်တဲ့ နေရာတွေက အတွင်းအား ပျက်ပြယ်စေတဲ့ သွေးကြောနေရာတွေဖြစ်နေလေတော့ ကျင်းဟုန်ဟာ သေတော့မသေနိုင်ဘူး၊ သို့သော်လဲ အတွင်းအားတွေတော့ ပျက်ပြယ်သွားမယ်၊ ဖေဖေက ဒီလိုရည်ရွယ်ပြီး တမင်တကာခုတ်ခဲ့တာ လူလေးရဲ့၊ ကျန်တဲ့လူတွေကတော့ ဖေဖေ့ကို ယုံကြည်ပြီးဖြစ်တဲ့အပြင် ကျင်းဟုန်ကလဲ ပုံလျက်သား လဲကျသွားခဲ့တော့ တစ်ခါတည်း သေဆုံးသွားပြီလို့ပဲ တစ်ထစ်ချ မှတ်ယူသွားကြတာပေါ့'

'ဪ....ဟုတ်ပြီ၊ ကျွန်တော်သဘောပေါက်ပြီ၊ ဖေဖေက ဦးအောင် ဝင်မတိုက်ခိုက်ရင် ဒီပြင်လူတွေက ဝင်ပြီးသတ်ကြမှာပဲ၊ ဒါကြောင့် ဖေဖေက အရင်ဝင်ပြီးခုတ်ခဲ့တာပေါ့ ဒီလိုမဟုတ်လား'

'မှန်တယ် လူလေး၊ ကျင်းဟုန်ကို မသေစေချင်လို့ ဖေဖေက သူများထက် အရင်ဝင်ပြီး တိုက်ခိုက်ပြခဲ့တာပေါ့၊ ဒီလိုလုပ်လိုက်ခြင်းအားဖြင့် ကျင်းဟုန် အသက်ရှင်ခွင့် ရရှိသွားခဲ့သလို ဖေဖေ့ကိုလဲ ကျန်တဲ့လူတွေ ကျေနပ်သွားခဲ့ကြတာပေါ့၊ ဒါဟာ နှစ်ယောက်စလုံးအတွက် အကျိုးရှိတဲ့နည်းပဲလေ'

တိယန်းစင်၏ စကားအဆုံးတွင် တိရှန်ဖ"းက ခေါင်းကို ခါယမ်းလိုက်ရင်း....



'ဒါပေမယ့် ဒီနည်းက ဖေဖေ့အတွက်အကျိုးရှိတယ်လို့ ပြောလို့မရပါဘူးလေ၊ ခုဆိုရင် အဲဒီလို မသေအောင် တိုက်ခိုက်ခဲ့တဲ့အတွက်ကြောင့် ကျင်းဟုန်က ဖေဖေ့ကို ပြန်ပြီး ကလဲ့စားချေဖို့ ကြိုးစားလာခဲ့ပြီမဟုတ်လား'

ဘဝင်မကျဟန်ဖြင့် ပြောလိုက်သည်။

ထိုအခါ လျှပ်စီးဓားတိယန်းစင်က စဉ်းစားရခက်သော မျက်နှာအမူအရာဖြင့်....

'အေး.... အဲဒီတစ်ချက်ကတော့ ဖေဖေရဲ့ ညံ့ဖျင်းမှုလို့ပဲ ပြောရတော့မှာပဲ၊ ဖေဖေက အတွင်းအားတွေပျက်စီးအောင် ရည်ရွယ်တိုက်ခိုက်ခဲ့ပေမယ့် ဝိညာဉ်ဝယ်သူက အတွင်းအား မပျက်စီးတဲ့အပြင် ပိုပြီးတောင် မြင့်မားလာသေးတယ်'

'ဘာကြောင့် အဲဒီလိုလွဲချော်မှု ဖြစ်ခဲ့ရတယ်လို့ ဖေဖေ ထင်သလဲ'

'အဓိကအချက်ကတော့ ဖေဖေရဲ့ မှန်းဆမှုပေါ့ကွာ၊ ညဘက်ဖြစ်တဲ့အပြင် ကျန်တဲ့သူတွေမရိပ်မိအောင် လျှပ်တစ်ပြက် ခုတ်လိုက်ရတာဆိုတော့ ရည်ရွယ်ရာမရောက်ဘဲ လွဲချော်သွားခဲ့ပုံရတယ်၊ ဒါကြောင့် ဝိညာဉ်ဝယ်သူဟာ အတွင်းအား မပျက်စီးဘဲ လူကောင်းတစ်ယောက်လို အတွင်းအားပြည့်ဝနေတာပေါ့'

လျှပ်စီးဓားတိယန်းစင်က သူ့ထင်မြင်ကြေးကို သားဖြစ်သူအား ရှင်းပြလိုက်သည်။

ထိုစကားက ဖြစ်နိုင်ချေရှိသောစကားမို့ တိရှန်ဖ"းက ခေါင်းညိတ် ထောက်ခံလိုက်မိသည်။

ပြီးမှ....

'ဒါထက် ဖေဖေက ဒီတစ်ကြိမ် ကျင်းဟုန်နဲ့ပြန်တွေ့ရင် တစ်ချိန်က အသက်ချမ်းသာပေးခဲ့တာကို သူသိသွားအောင် ရှင်းပြလိုက်ပါလား'

'မရှင်းပြချင်ပါဘူး လူလေးရာ၊ ရှင်းပြလို့ သူယုံရင်တော့ ကောင်းပါရဲ့၊ မယုံဘဲ သေမှာ ကြောက်ပြီး လီဆယ်ပြော နေတာလို့ ထင်သွားရင် ဖေဖေ သိက္ခာကျနေရဦးမယ်'

'သူ အသက်ရှင်လျက်ရှိသေးတာပဲဥစ္စာ၊ လီဆယ်ပြောတာ လို့ သူ ထင်ပါ့မလား'

'ဒါက ဖေဖေ သေအောင်သတ်တဲ့ကြားထဲက ကံကောင်း သွားတာလို့ ယူဆချင်ယူဆမှာပေါ့၊ လူလေးရာ သူကတော့ ဖေဖေ့ကို ကျန်တဲ့သူတွေလိုပဲ ရန်သူအဖြစ် သတ်မှတ်ထား မှာ သေချာတယ်'

လျပ်စီးဓား တိယန်းစင်က တွေးတွေးဆဆဖြင့် ပြန်ပြော လိုက်သည်။

ဟုတ်တော့လည်း ဟုတ်သည်။

အကယ်၍ ရှင်းပြမည် ဆိုလျှင်လည်း ကျင်းဟုန်ကတော့ ယုံကြည်လိမ့်မည်မဟုတ်ချေ။

သူ ကံကောင်းပြီး အသက်ရှင်ခဲ့ခြင်းဟုသာ တစ်ထစ်ချ ယူဆထားမှာ ကျိန်းသေဖြစ်သည်။ သို့ဖြစ်၍ မထူးတော့ပြီ မို့ တိရှန်ဖီးက....



'ဒါဆိုလဲ ရှင်းပြမနေပါနဲ့တော့ ဖေဖေရာ၊ နောက်တစ်လ ပြည့်လို့ ဝိညာဉ်ဝယ်သူ တစ်ခါ ထပ်ရောက်လာရင် သူ့သေ ကိုယ်သေ ရင်ဆိုင်ပစ်လိုက်တာပဲ ကောင်းပါတယ်'

ပြတ်ပြတ်သားသားပင် ပြောဆို တိုက်တွန်းလိုက်မိသည်။ သူ့စကားကို ဖခင်ဖြစ်သူ အပြည့်အဝ ထောက်ခံလိမ့်မည်ဟု လည်း မျှော်လင့်ထားသည်။

သို့သော် တကယ်တမ်းမှာတော့ သူ ထင်ထားသလို ဖြစ်မလာခဲ့ချေ။

အကြောင်းမူ သူ့စကားအဆုံး၌ ဖခင်ဖြစ်သူ လျှပ်စီးဓား တိယန်းစင်က ခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြလိုက်သောကြောင့်ပင်။

ထို့နောက် တိရှန်ဖီးက အံ့ဩစိတ်ဖြင့် နားမလည်နိုင်စွာ ကြည့်နေဆဲမှာပင် တိယန်းစင်က သက်ပြင်းကို အသံမြည်အောင် ချလိုက်ရင်း....

'တော်ပါပြီ လူလေးရာ၊သူ့ကို အဖေ ပြန်ခုခံချင်စိတ်လဲ မရှိတော့ပါဘူး၊ ဒါကြောင့် ဒီတစ်ခါ ထပ်ရောက်လာရင်တော့ ဒီအတိုင်း အသေခံဖို့ဆုံးဖြတ်လိုက်ပါပြီ'

'ဗျာ....ဒီအတိုင်း အသေခံလိုက်မယ် ဟုတ်လား....ဖေဖေ'

'ဟုတ်တယ်....လူလေး၊ တကယ်တော့ ကျင်းဟုန်ဟာ လူကောင်းတစ်ယောက်ပါ လူလေးရာ၊ကျင်းဟုန်ကို လူသတ်သမားဘဝကိုရောက်အောင် တွန်းပို့ပေးခဲ့တာက ဖေဖေတို့လူစုပါ၊ ဒါကြောင့် ကျင်းဟုန် ခုလိုပြန်ပြီး ကလဲ့စားချေတာ တရားမျှတမှုရှိတယ်လို့ ဖေဖေထင်တယ်'

စိတ်ရင်းကောင်းသော တီယန်းစင်က တစ်ချိန်က ကျူးလွန်ခဲ့သော ပြစ်မှုများအပေါ် နောင်တတရားများ ရရှိနေဟန်ဖြင့် ကြေကြေကွဲကွဲ ပြောလိုက်သည်။

ထိုစကားကို မှားသည်ဟုတော့ မဆိုသာချေ။

သို့ပေမယ့် ဖခင်ဖြစ်သူ သည်အတိုင်း အသေခံသွားမည်ဆိုသော အချက်ကိုမူ တိရှန်ဖီးမှာ လက်မခံနိုင်ဘဲ ရှိနေလေသည်။

'ဖေဖေပြောတာ မှန်သင့်သလောက်တော့ မှန်ပါတယ်၊ ဒါပေမယ့် ဒီအတိုင်း မခုခံဘဲ အသေခံမယ် ဆိုတာကတော့ အဓိပ္ပာယ်မရှိပါဘူး ဖေဖေရာ၊ တကယ်ဆို ဖေဖေ ဒီပြစ်မှုမှာ ပါဝင်ခဲ့တယ် ဆိုပေမယ့် ဦးစီးဦးဆောင် လုပ်ခဲ့တာမှ မဟုတ်ဘဲ၊ အားလုံးရဲ့ဆန္ဒကို မငြင်းသာလို့ ပါဝင်ခဲ့တာရတာပဲ ဥစ္စာ၊ နောက်ပြီး ကျင်းဟုန် အသက်ရှင်ခွင့်ရအောင် ပညာသားပါပါနဲ့ ကယ်တင်ခဲ့တာကလဲဖေဖေပဲမဟုတ်လား၊

လင်းစာပေ



ဒီတော့ ဖေဖေ့အသက်ကို ပြန်မပေးဆပ်သင့်ဘူးလို့ ကျွန်တော် ထင်တယ်'

'ဒါကတော့ သားအမြင်ကိုးကွ၊ သူ့ဘက်က ပြန်ကြည့်တော့လဲ ဖေဖေတို့လူစုကြောင့် သူ့ချစ်ဇနီး သေဆုံးခဲ့ရရှာတယ်၊ နောက်ပြီး သူ့လူတွေ အတော်များများလဲ သေဆုံးခဲ့ရတယ်၊ ဒါတင်မကသေးဘူး၊ နှစ်ပေါင်းများစွာကတည်းက ဂရုတစိုက် ထိန်းသိမ်းလာခဲ့တဲ့ ကျောက်သံပတ္တမြားတွေလဲ ဆုံးရှုံးခဲ့ရရှာတယ်၊ သူ့နေရာမှာ သားရှိနေမယ် ဆိုရင်ကော လက်တုံ့မပြန်ဘဲ သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်နိုင်ပါ့မလား'

ဖခင်ဖြစ်သူ၏ ချက်ကျလက်ကျ အမေးစကားကြောင့် တိရှန်ဖီး မလှုပ်သာအောင်ဖြစ်သွားသည်။

သို့သော် တိရှန်ဖီးမှာ လူငယ်ပီပီ တစ်ဇွတ်ထိုး ညာဉ်ကလေးက ရှိနေသောကြောင့်....

'အို....ဘာပဲဖြစ်ဖြစ်ပေါ့ ဖေဖေရာ၊ ကျွန်တော်ကတော့ ဖေဖေ ခေါင်းငုံ့ခံမယ်ဆိုတာကို လုံးဝ သဘောမတူဘူး'

ခါးခါးသီးသီးပင် ငြင်းဆန် ကန့်ကွက်လိုက်လေသည်။ ဖခင်ဖြစ်သူက သူ့ကို ပြုံးကြည့်ရင်းမှ ခပ်အေးအေး ပုံစံဖြင့်....

'ကောင်းပြီလေ၊ ဒါဆို လူလေးက ဝိညာဉ်ဝယ်သူရောက်လာရင် ရင်ဆိုင်တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်ပြီပေါ့၊ ဒီလိုလား'

တိရှန်ဖီးက ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်တွင် တီယန်းစင်က ဆက်၍....

'ဒါထက် ဝိဉာဉ်ဝယ်သူကိုတိုက်ခိုက်ဖို့ လူလေးမှာ ဘာ သိုင်းပညာရပ်တွေများ တတ်မြောက်ထားသလဲ'

မေးလာသည့်အခါမှာတော့ တိရှန်ဖ ီးမှာ အ့အ တစ်ယောက်ကဲ့သို့ တစ်ချိဟည်း နှုတ်ပိတ်သွားလေတော့သည်။ သူ့အဖေ တိယန်းစင်မေးမည်ဆိုလျှင် မေးချင်စရာ။ ဝိဉာဉ်ဝယ်သူကို တိုက်ခိုက်မည်ဟုသာ ဆိုသည်။

သိုင်းပညာကျတော့ ဘာမှ ဟုတ်တိပတ်တိ တတ်မြောက်သေးသည်မဟုတ်။

တွေဝေသွားသော သူ့ကိုကြည့်ပြီး တိယန်းစင်က ရယ်သည်။

ပြီးတော့မှ....

'လူလေးက အတွင်းအားမှာ ပြည့်ဝမှု ရှိနေတာတော့ မှန်ပါတယ်၊ ဒါပေမယ့် အဆင့်မြင့် သိုင်းပညာရပ် မတတ်မြောက်ဘဲနဲ့ ဝိဉာဉ်ဝယ်သူကို ဘယ်လိုနည်းနဲ့မှ လူလေး ယှဉ်ပြိုင်လို့ရမှာ မဟုတ်ဘူး၊ ဖေဖေပြောတာကို လူလေး သဘောပေါက်ပါတယ်နော်'

'သဘောပေါက်ပါတယ် ဖေဖေ'

'လူလေးက ဖေဖေပေးထားတဲ့ လျှပ်စီးမားသိုင်းကျမ်းကိုလဲ မကျင့်ချင်ဘူးဆိုပြီး မီးရှို့ပစ်ခဲ့ပြီးပြီ၊ ဒါပေမယ့် လူလေး လေ့ကျင့်သင်ယူချင်တယ် ဆိုရင်တော့ ဖေဖေ အလွတ်ပြန်သင်ပေးလို့ ဖြစ်ပါတယ်'

'နေပါစေ ဖေဖေ၊ လျှပ်စီးမားသိုင်း ပညာရပ်ကိုတော့ ကျွန်တော်မသင်ယူချင်ပါဘူး၊ ဝိဉာဉ်ဝယ်သူကို အနိုင်ရဖို့



အတွက် ဒီထက်အဆင့်မြင့်တဲ့ ထိပ်တန်း သိုင်းပညာတစ်ရပ်ကို သင်ယူဖို့ လိုအပ်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်'

'ဒါတော့ မှန်တယ်လူလေး၊ လျှပ်စီးမားသိုင်းကျမ်းထဲမှာ ပါတဲ့ သိုင်းကွက်တွေလောက်ကော့ ဝိဉာဉ်ဝယ်သူက ဂရုစိုက်လိမ့်မယ် မဟုတ်ဘူး၊ ဒါပေမယ့် ဒီ့ပြင် အဆင့်မြင့် သိုင်းပညာ တစ်ရပ် တတ်မြောက်ဖို့ ကျပြန်တော့လဲ ပြောသလောက် မလွယ်ပြန်ဘူး၊ လူလေး ဘယ်သူ့ဆီက သွားပြီး သင်ယူမလဲ၊ ကဲ....ပြောစမ်းပါဦး'

လျှပ်စီးမား တိယန်းစင်က တိရှန်ဖီးမျက်နှာကို စေ့စေ့ကြည့်ပြီး သိချင်သလို မေးလိုက်သည်။

တိရှန်ဖီးက ခေတ္တမျှငြိမ်၍ စဉ်းစားနေလိုက်ပြီးမှ....

'ဒါကတော့ ကြိုပြောလို့ ဘယ်ရပါဦးမလဲ၊ ဒီလိုပဲ သိုင်းလောကထဲလှည့်ရှာရင်း ဆရာကောင်းနဲ့ တွေ့ချင်လဲ တွေ့နိုင်တာပါပဲ'

'ဩော်....ဒါဆို လူလေးက သိုင်းပညာသင်ယူဖို့ ခရီးထွက်ဦးမယ်ပေါ့ ဟုတ်လား'

တိရှန်ဖ ီးက ခေါင်းညိတ်ပြလိုက်ရင်း....

'ဟုတ်တယ် ကျွန်တော် မနက်ဖြန်ပဲ ခရီးစထွက်တော့မယ်၊ ဝိဉာဉ်ဝယ်သူက နောက်တစ်ကြိမ်ကြာမှ ရောက်လာမှာဆိုတော့ ဒီကြားထဲမှာ သင်ယူလေ့ကျင့်ချိန် ရပါသေးတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဝိဉာဉ် ဝယ်သူရောက်လာခဲ့ရင် သူ့ကို သေ ရင်ဆိုင်တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ'

အလွန် ပြတ်သားသော လေသံဖြင့် ပြောလိုက်ရာ တိယန်း စင်ကပြုံး၍ခေါင်းကိုသာ ညိတ်လိုက်တော့သည်။

တိယန်းစင်၏ မျက်နှာပေါ်တွင် သားဖြစ်သူ၏ ရဲရင့်မှုအတွက် ကျေနပ်နေဟန်က အထင်းသား....

( ၄၁ )

နေရာကား တာကူမြို့စွန်ရှိ ကျားညီနောင်၏နေအိမ်တွင် ဖြစ်သည်။ ညဥ့်နက်စပြုနေပြီ ဖြစ်သော်လည်း ကျားညီနောင်နှစ်ဦးဖြစ်သော ကျားကြီးဖန်စင်းနှင့် ကျားလတ်ဖန်ယီတို့ နှစ်ဦးမှာ အိပ်စက်ခြင်း မပြုကြသေးချေ။

ဧည့်ခန်းထဲတွင် အရက်သောက်ရင်း စကားပြောဆိုလျက် ရှိနေကြသေးသည်။

သူတို့ပြောဆိုနေသည့် အဓိကအကြောင်းကတော့ တိရှန်ဖီးတို့သားအဖနှစ်ယောက် အကြောင်းပင် ဖြစ်၏။

'ငါ မင်းကို ပြောခဲ့သားပဲ၊ ဒီသားအဖ နှစ်ယောက် ဝိညာဉ်ဝယ်သူလက်ချက်နဲ့ မကြာခင် ဒုက္ခရောက်တော့မှာ ပါလို့'

ကျားကြီးဖန်စင်းက ကျေနပ်အားရသော လေသံဖြင့် ပြောလိုက်ရာ ကျားလတ်ဖန်ယိက အရက်ခွက်ကို စားပွဲပေါ် ပြန်တင်ရင်းမှ....

'ဒါပေမယ့် ခုချိန်ထိတော့ ဒီသားအဖ အသက်ရှင်လျက် ရှိနေသေးတယ်ဗျ ကိုကြီးဖန်စင်းရ'

'ဒါပေမယ့် ဒီသားအဖ ဇာတ်သိမ်းဖို့က သိပ်မဝေးတော့ ပါဘူးကွာ၊ ဝိညာဉ်ဝယ်သူက တစ်လကြာရင် လာပြီး နှစ်ယောက်စလုံးကို ဇာတ်သိမ်းပေးပါလိမ့်မယ်'

'ဒါထက် ဟိုကောင် တိရှန်ဖိးက သိုင်းပညာသင်ဖို့လား စင်းအိမ်ကထွက်သွားတယ်လို့ ကြားရတယ်'

ကျားလတ်ဖန်ယိက ပြောလိုက်သည်တွင် ကျားကြီးက လှောင်ရယ် ရယ်မောလိုက်ရင်းမှ....

'အလကား အပင်ပန်းခံနေတာပါကွာ၊ သူသိုင်းပညာ တတ်လာတော့ရော ဝိညာဉ်ဝယ်သူကို ယှဉ်နိုင်မတဲ့လား၊ တကယ့်သိုင်းထိပ်တန်း သိုင်းပညာရှင်ကြီးတွေတောင် တစ်ယောက်ပြီးတစ်ယောက် သေကုန်ကြရတာပဲဟာ၊ ဒီကောင်က တော်တော့ကို စိတ်ကူးယဉ်တဲ့ကောင်ပဲ'

'ကိုကြီးဖန်စင်း ပြောတာဟုတ်တယ်၊ ဒီကောင် သိုင်းပညာတော်လာတော့ရော သူ့သိုင်းပညာ မတော်က တစ်



ခေါက်နဲ့ ဝိညာဉ်ဝယ်သူကို ဘယ်လိုလုပ်ယှဉ်နိုင်မှာလဲ၊ သားအဖနှစ်ယောက်လုံး ဝိညာဉ်ဝယ်သူ လက်ချက်နဲ့ သေမှာ သေချာပါတယ်'

'ဒါပေါ့ကွာ ဒါမှ ငါတို့ညီလေး သေဆုံးရတဲ့ကိစ္စအတွက် ငါတို့ ကျေနပ်နိုင်မယ် ဆိုးတော့ မဆိုးပါဘူး၊ ငါတို့ရန်သူကို ဝင်သတ်ပေးမယ့် ဝိညာဉ်ဝယ်သူကို ငါတို့ ကျေးဇူးတင်သင့်တယ်'

ဖန်စင်းကပြောပြီး သဘောကျသလို ရယ်လိုက်သောကြောင့် ဖန်ယိက ဒေ ယောင် ရယ်မောလိုက်သည်။

ထို့နောက် အရက်အိုးကို ကိုင်မြှောက်ကြည့်လျက်....

'ဟာ....သောက်ကောင်းမယ်ကြံကာရှိသေးတယ်၊ အရက်က ကုန်သွားပြန်ပြီ'

'ဒါများကွာ၊ လွယ်လွယ်ကလေးပါ၊ ကုံးရီကိုခေါ်ပြီး အရက်အိုးသစ် သွားယူခိုင်းလိုက်ရုံပေါ့'

ကျားကြီးဖန်စင်းက ပြောပြီး တစ်ဆက်တည်းပင် အပေါက်ဝတွင် စောင့်ခိုင်းထားသော တာဉ္ဇဖြစ်သူကိုလှမ်း ခေါ်လိုက်သည်။

'ဟေ့ကောင်ကုံးရိ၊ ဒီကို ခဏလာခဲ့စမ်း'

သို့သော် အတန်ကြာသည်အထိ အသံလည်းမကြား လူလည်းပေါ်မလာသဖြင့် ညီအစ်ကိုနှစ်ဦးတစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် ဖန်ယိက အသံကျယ်ကျယ်ဖြင့် ထပ်ခေါ် ကြည့်လိုက်ပြန်သည်။

'ကုံးရဂ်၊ မင်းမှာ နားမှ ပါရဲ့လားကွ'
သို့တိုင် တုံ့ပြန်မှုကား အလျင်းမရှိချေ။
ဖန်စင်းက မျက်မှောင် မသိမသာကြုတ်လိုက်ကာ....
'ကုံးရဂ် အပြင်များ ထွက်သွားလို့လား မသိဘူး'
ဇဝေဇဝါပုံစံဖြင့် ပြောလိုက်သည်။
ဖန်ယဂ်ကမူ ထိုစကားကို လက်ခံချင်ပုံမရ။

'တံခါးပေါက်အပြင်ဘက်မှာ လေးယောက်တောင် စောင့်ခိုင်းထားတာပဲဟာ၊ ကုံးရဂ်အပြင်ခဏထွက်သွားရင်လဲ ကျန်သုံးယောက်ကတော့ ကြားရမှာပေါ့'

'ဒါဆို မဟုတ်မှုလွဲရော၊ လေးကောင်စလုံး အရက်မူးပြီး အိပ်ပျော်ကုန်ပြီနဲ့တူတယ်'

'ကိုကြီးပြောတာ ဖြစ်နိုင်တယ်၊ ခွေးကောင်တွေ အလွန်အကျွံမသောက်ကြပါနဲ့လို့ အတန်တန်မှာထားလျက်နဲ့ ကျွန်တော်တို့စကားကို ဂရုမစိုက်ကြဘူး၊ ဒီလောက်တောင်ရှိလှတဲ့ကောင်တွေ နည်းနည်းလောက်တော့ မှတ်လောက်အောင် ဆုံးမလိုက်ဦးမှနဲ့တူတယ်'

ထို့နောက် ကျားညီနောင်မှာ ဒေါသဖြင့် အိမ်ထဲမှလှမ်းထွက်လိုက်ကြသည်။

ထိုအခါမှာတော့ အိမ်အပြင်ဘက်တွင် တုံးလုံးပက်လက်ဖြစ်နေသော ကုံးရဂ်နှင့် အခြားသုံးသုံးဦးကို တွေ့လိုက်ရလေသည်။

'ခွေးကောင်တွေ'



ဖန်ယဂ်က နှုတ်မှဆဲဆိုရေရွတ်ရင်းခြေဖြင့်ကန်ရန် အနားသို့ လျှောက်သွားသည်။

သို့သော် လက်တွေ့တွင်မူ မကန်ဖြစ်တော့။

အဘယ်ကြောင့်ဆိုသော် သူတို့လူလေးဦးမှာ အရက်မူးပြီး လဲနေခြင်းမဟုတ်ဘဲ တစ်စုံတစ်ယောက်၏ လက်ချက်ဖြင့် သေဆုံးနေကြခြင်းဟု ရိပ်စားမိသွားသောကြောင့်ပင် ဖြစ်သည်။

ထိုခဏမှာပင် ဖန်ယဂ်မှာ မျက်စိပျက်မျက်နှာပျက် ဖြစ်သွားပြီးနောက် အစ်ကိုဖြစ်သူ ကျားကြီးဖန်စင်းကိုလှည့်ပြောလိုက်သည်။

'ကိုကြီးဖန်စင်း၊ ဒီခြံဝင်းထဲကို ရန်သူရောက်နေပြီ သတိထား'

'ဟေ....ဟုတ်လား'

ဖန်စင်းက တအံ့တသြဖြင့် ပြန်မေးသည်။

နောက်တော့ မမြင်ရသောရန်သူအပေါ် ဒေါသ ဖြစ်သွားမိသောကြောင့် ဖန်စင်းက လေသံကျယ်ကျယ်ဖြင့်အော်ဟစ် ပြောဆိုလိုက်သည်။

'ခိုးကြောင် ခိုးဝှက်နဲ့ ငါတို့လူတွေကို သတ်သွားတာ ဘယ်က အလေနတောလဲကွ ဟေ....'

'ဩြော်....မင်းတို့ကငါ့ကိုတွေ့ချင်လို့လား၊ရပါတယ်ကွာ၊ မင်းတို့ဆန္ဒ ပြည့်ဝရပါစေ့မယ်'

ဖန်စင်းစကားအဆုံးမှာပင် မတိုးမကျယ် စကားသံနှင့် အတူ တံစက်မြိတ်အပေါ်မှ အနက်ရောင်အရိပ်တစ်ရိပ် ဖြုတ်ခနဲ ကျလာတော့သည်။

'ဟင်....ဝိညာဉ်ဝယ်သူ'

ကျားညီနောင်နှုတ်မှ ရေရွက်သံကပြိုင်တူပင် ထွက်သွားသည်။

မှန်ပါသည်။ တံစက်မြိတ်ပေါ်မှ ပြုတ်ကျလာသူကား အခြားမဟုတ်။

ထိပ်တန်းပညာရှင်ကြီးများကို တစ်ယောက်ပြီး တစ်ယောက် လိုက်လံစိန်ခေါ် သတ်ဖြတ်နေသော ဝိညာဉ်ဝယ်သူပင် ဖြစ်လေသည်။

ဝိညာဉ်ဝယ်သူနှင့် ပက်ပင်း မတွေ့ဘူးသေးသော်လည်း ပုံပန်းသဏ္ဌာန်ကို တစ်ဆင့်စကားဖြင့် ကြားဖူးထားပြီးဖြစ်၍ ကျားညီနောင်က တွေ့တွေ့လိုက်ချင်းမှာပင် အတပ်သိသွားကြခြင်း ဖြစ်သည်။

'ဩော်....မင်းတို့က ငါ့ကိုတောင် ဝိညာဉ်ဝယ်သူမှန်းသိနေကြပြီကိုး'

ဝိညာဉ်ဝယ်သူက မူလအသံကိုခန့်မှန်း၍ မရအောင်ဖျက်ထားသောအသံဖြင့် ပြောလိုက်သည်။

ကျားကြီးဖန်စင်းက....

'ဒါကတော့ ခင်ဗျားသတင်းက သိုင်းလောက တစ်ခုလုံး ပျံ့နှံ့နေတာပဲဟာ၊ ဒီတော့ ခင်ဗျားကို တွေ့တွေ့ချင်း ဝိညာဉ်ဝယ်သူမှန်း တန်းသိသွားတာပေါ့၊ ဒါက အံ့ဩစရာမဟုတ်



ပါဘူးလေ၊ အံ့ဩစရာကတော့ ကျုပ်တို့ဆီကို ခင်ဗျားရောက်လာတာပဲ'

'ဒါလား၊ ဒါကလည်း တကယ်တမ်းပြောရင် အံ့ဩစရာမဟုတ်ပါဘူး၊ မင်းတို့က လောကမှာ ဆက်အသက်ရှင်ဖို့မထိုက်တန်လောက်အောင်ကို မိုက်လုံးကြီးနေကြတာပဲဟာ၊ ဒါကြောင့် မင်းတို့ကို ငရဲရောက်အောင် ပို့ပေးဖို့ ငါရောက်လာခဲ့တာပေါ့'

ဝိညာဉ်ဝယ်သူ၏ အေးစက်သောအပြောနှင့် လေသံကိုကြားလိုက်ရသဖြင့် ကျားညီနောင်မှာ အတော်ကြီးကို တုန်လှုပ်ချောက်ချားလို့ သွားကြသည်။

## ( ၄၆ )

သို့သော် ညီအစ်ကို နှစ်ဦးစလုံးမှာ လူဆိုးလူမိုက်များပီပီ ညာဏ်များသူများဖြစ်ကြ၍ ဂရုစိုက်ဟန်များဖြင့် ရယ်မောပင် ရယ်မော ပစ်လိုက်သည်။

ပြီးနောက် ကျားကြီးဖန်စင်းက အရယ်ရပ်လိုက်ကာ....

'စကားပြောတာ အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး ပြောရတယ်ဗျ၊ ခု ခင်ဗျားရောက်နေတာ ကျုပ်တို့ပိုင်နက်ထဲမှာဆိုတာကိုရော သတိထားမိရဲ့လား'

အတည်ပေါက်နှင့် ခြိမ်းခြောက်လိုက်သည်။

ထိုအခါမှာတော့ ဝိညာဉ်ဝယ်သူက ခပ်မျှဉ်းမျှဉ်း ရယ်ရင်းမှ....

'အပိုတွေ ပြောမနေပါနဲ့လေ၊ ငါက သူများပိုင်နက်ကိုယ့်ပိုင်နက် သိပ်ဂရုစိုက်လှတဲ့သူ မဟုတ်ဘူး၊ ဘယ်နေရာမျိုးမှာမဆို ငါသတ်ချင်တဲ့သူကို ရအောင် သတ်ခဲ့တာချည်းပဲ၊ ဘာလဲ၊ မင်းတို့ညီအစ်ကိုက မင်းတို့လူတွေကို အားကိုးချင်လို့လား၊ ဒါဆိုရင်တော့ မမျှော်လင့်နဲ့တော့၊ ခြံထဲမှာရှိနေတဲ့ မင်းတို့လူတွေအားလုံး ငါ့လက်ချက်နဲ့ ဇာတ်သိမ်းကုန်ပြီ၊ ခုချိန်မှာ အသက်ရှင်လျက် ရှိနေသေးတာဆိုလို့ မင်းတို့နှစ်ယောက်ပဲ ရှိတော့တယ်'

ခပ်တည်တည်ဖြင့် ပြောလိုလာသည်။

ထိုစကားမှာ လုပ်ကြံစကားတော့ ဟုတ်ပုံမရ။

တစ်ခြံလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေခြင်းက ဝိညာဉ်ဝယ်သူ၏စကားကို သက်သေခံသလို ဖြစ်နေသည်။

သည်ကတည်းကသူတို့အခြေအနေ မကောင်းနိုင်တော့ဟု ကျားညီနောင် တွက်ဆမိသွားသည်။

သို့ရာတွင် ခုအခြေရောက်မှ ထွက်ပြေးရန်လည်း မဖြစ်၊ တောင်းပန်၍လည်း ရမည်မဟုတ်ဟု နားလည်လိုက်သဖြင့် မိုက်မိုက်ကန်းကန်းပင် ခုခံတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ကြတော့သည်။

ထို့နောက် ဖန်စင်းက....

'ကောင်းပြီလေ၊ ဒါဆိုရင်လဲ ခင်ဗျားသိုင်းပညာအဆင့်ကို သိရအောင် ကျုပ်တို့ စမ်းသပ် ကြည့်ရသေးတာပေါ့'



ပြောရင်း ဝိညာဉ်ဝယ်သူကို လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လာသည်။

ကျားကြီးဖန်စင်းမှာ တာကူမြို့တွင် လူတွင်ကျယ် လုပ်နေသော်ငြား သိုင်းပညာအဆင့်က မြင့်မားလှသည် မဟုတ်ချေ။

ထို့ကြောင့် ဖန်စင်း၏ ခါးချက်နှစ်ချက်ကို ဝိညာဉ်ဝယ်သူက အလွယ်တကူပင် တိမ်းရှောင်ပေးလိုက်သည်။

ထိုစဉ် ကျားလတ်ဖန်ယီကလည်း အငိုက်ဖမ်း၍ ဝိညာဉ်ဝယ်သူ၏နောက်ကျောဘက်မှ အလစ်ဝင်တိုက်ခိုက်လိုက်ပြန်သည်။

'သေပေတော့'

'ဝိုး....'

'ဟိတ်'

ဝိညာဉ်ဝယ်သူက နောက်စေ့တွင် မျက်စိ ပါသည့်နှယ်ကိုယ်ကိုတစ်ပတ်လှည့်၍ ရှောင်ပေးလိုက်သည်။

ထို့ကြောင့် ကျားလတ်ဖန်ယီ၏ ခါးချက်က ပခုံးစွန်းမှ ကပ်၍ လွဲချော်ထွက်သွားသည်။

သည်တော့မှ ဝိညာဉ်ဝယ်သူက ညာခြေကို ချွန်းကွက်နင်းတက်ကာ ဖန်ယီ၏ ပခုံးစွန်းသို့ ဖျတ်ခနဲ ကုတ်ဆွဲချလိုက်သည်။

'ဟိတ်'

'ဝိုး'

'ဟာ'

သိမဏာ ° လက်သည်းရှည်များကို မီးအိမ်၏အလင်းရောင်ဖြင့် ဖျတ်ခနဲ တွေ့လိုက်သည်တွင် ဖန်ယ°နောက်သို့ ပျာပျာသလဲ ခုန်ဆုတ်တိမ်းရှောင်လိုက်လေသည်။

ထိုစဉ် ကျားကြီး ဖန်စင်းက မိုးခါးဖြင့် ပိုင်းချလာပြန်သဖြင့် ဝိညာဉ်ဝယ်သူမှာ ဖန်ယ°နောက်သို့ ဆက်မလိုက်သေးဘဲ သွက်လက်စွာ တိမ်းရှောင်လိုက်ရသည်။

မည်သို့ပင်ဖြစ်စေ နှစ်ယောက်နှင့် တစ်ယောက် ရင်ဆိုင်တိုက်ခိုက်နေရသော်ငြား သိုင်းပညာ အဆင့်ချင်းက ကွာခြားလှသည်ဖြစ်၍ ဝိညာဉ်ဝယ်သူမှာ အေးအေးလူလူသာ ရှိနေလေသည်။

ကျားညီနောင်မှာ ထိုသို့မဟုတ်ချေ။

မိမိတို့ အသက်ပါမသွားအောင် အပန်းတကြီး ခုခံတိုက်ခိုက်နေရသည်ဖြစ်၍ ၎င်းတို့၏မျက်နှာများမှာ ချွေးစေးတို့ဖြင့် စေးထန်း၍နေသည်။

ထို့နောက် ကျားညီနောင်က အချင်းချင်း မျက်ရိပ်ပြကာ ဝိညာဉ်ဝယ်သူ၏ဝဲယာမှ စနစ်တကျ ဝိုင်းရံလိုက်ကြပြန်သည်။

ပြီးလျှင် ကျားကြီးဖန်စင်းက ဝိညာဉ်ဝယ်သူ၏ အောက်ပိုင်းကို သိမ်းခုတ်လိုက်စဉ်မှာပင် ကျားလတ် ဖန်ယ°က အပေါ်ပိုင်းကိုဖြတ်ခုတ်၍ တိုက်ခိုက်လိုက်သည်။

'ဝှီး....'

'ဝှစ်....'

'ဟိတ်....'



ထိုတိုက်ခိုက်မှုမှာ တော်ရုံသိုင်းပညာရှင်ကို ဗျာများသွားစေနိုင်လောက်သော်လည်း ဝိညာဉ်ဝယ်သူ အတွက်တော့ အခက်အခဲမရှိလှချေ။

ဝိညာဉ်ဝယ်သူက အောက်ခြေသိမ်းဓားချက်ကို လေတွင်ဝဲ၍ခုန်ရှောင်ရင်း တစ်ဆက်တည်းမှာပင် ဖန်ယ° ဓားချက်ကိုလည်း ပွတ်ကာသီကာ ကပ်ရှောင်ပြီး ဖန်ယ°ထံသို့ ခုန်ဝင်လိုက်သည်။

## ( ၄၇ )

ကျွားလတ်ဖန်ယာ၏မှာ ဝိညာဉ်ဝယ်သူ၏ အနက်ရောင် ဝတ်ရုံကြီးက အုပ်မိုးလာသဖြင့် ထိုအောက်မှ ခုန်ထွက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ဖန်ယာ၏လှုပ်ရှားမှုမှာ မဆိုစလောက် နောက်ကျသွားခဲ့ပြီ ဖြစ်သည်။

အကြောင်းမူ သူ ခုန်ထွက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ဝိညာဉ်ဝယ်သူ၏ သံမဏိ လက်သည်းရှည်များက ရင်ဝသို့ စိုက်ဝင်လာသောကြောင့်ပင် ဖြစ်သည်။

'ဟိတ်....'

'ဇွပ်....'

'အူး....'

ထို့နောက် ဝိညာဉ်ဝယ်သူက သူ၏ညာလက်ကို ဆတ်ခနဲ ပြန်ရုတ်လိုက်သည့်အခါမှာတော့ ကျားလတ်ဖန်ယီမှာ မချိမဆံ့ ရှုံ့မဲ့ရင်းမှ မြေပြင်ပေါ်သို့ ခွေလဲကျသွားတော့သည်။

ဝိညာဉ်ဝယ်သူမှာ ဝတ်ရုံနက်ကို အကာအကွယ် ယူ၍ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ခြင်းဖြစ်၍ ကျားကြီးဖန်စင်းမှာ ထိုအဖြစ်ကို အလျှင်းပင် သတိမထားမိလိုက်ချေ။

ကျားလတ်ဖန်ယီ လဲကျသွားမှသာလျှင် တိုက်ခိုက်ခံလိုက်ရပြီဟု သဘောပေါက်သွားကာ အံ့ဩတုန်လှုပ်လို့ သွားလေသည်။

ထို့အတူ ညီဖြစ်သူအတွက် ခံပြင်းဒေါသလည်း ဖြစ်လို့သွားသည်။

သို့ဖြစ်၍ ကျားကြီးဖန်စင်းက မျက်နှာနီနီကြီးဖြင့်....

'ခင်.... ခင်ဗျား....ကျုပ်ညီကို သတ်ပစ်လိုက်ပြီဟုတ်လား'

'သိပ်မှန်တာပေါ့ကွာ၊ ငါ အစကတည်းကပြောခဲ့သားပဲ၊ မင်းတို့အားလုံးကို ငရဲရောက်အောင်ပို့ပေးပါ့မယ်လို့'

ဝိညာဉ်ဝယ်သူ၏ မထီတထီအပြောကြောင့် နီရဲနေသော ကျားကြီးဖန်စင်း၏ မျက်နှာမှာ ပို၍ ညိုမှောင်သွားသည်။ ပြီးနောက်....

'တောက်....လူသတ်ကောင်ကများ လူဝါးဝလို့၊ ကျုပ်ကို ငရဲမပို့နိုင်ခင် ခင်ဗျားကို ကျုပ်က တမလွန်ပို့ပေးမှာဗျ၊ နားလည်လား'



အသံကုန်ဟစ်ကြွေးရင်းမှ ဝိညာဉ်ဝယ်သူကို တရကြမ်းပင် ဝင်ရောက်တိုက်ခိုက်လိုက်ပြန်တော့သည်။

သိုင်းပညာအဆင့်ခြင်း ကွာခြားမှုရှိနေသဖြင့် ဝိညာဉ်ဝယ်သူက သေသပ်လှပစွာ တိမ်းရှောင်လို့ ပေးလိုက်သည်။

ဝိညာဉ်ဝယ်သူ၏ လှုပ်ရှားဟန်မှာ ဖြည်းလေးသယောင်ထင်မှတ်ရသော်လည်း စင်စစ်တွင်မူ ဖြည်းလေးခြင်း မရှိချေ။

သွက်လက်မှုကိုအခြေခံကာ အေးအေးဆေးဆေး တိမ်းရှောင်နေခြင်းသာ ဖြစ်သည်။

သို့ဖြစ်၍ ကျားကြီးဖန်စင်း၏ဓားချက်များမှာ ဝိညာဉ်ဝယ်သူ၏ ဝတ်ရုံနက်ကိုပင်မထိဘဲ လေထဲ၌သာ အချည်းနှီးဖြစ်နေလေသည်။

ထိုသို့ဖြစ်လေ ဖန်စင်းမှာ ဒေါသထွက်လေဖြစ်ကာ ပို၍ တိုး၍ဖိတိုက်နေမိသည်။

သို့သော် သူ၏ကြိုးပမ်းမှုက အရာမထင်။

ဖန်စင်းပုံစံက အကောင်အထည်မရှိသော လေထုနှင့် ဖက်၍ ယှဉ်ပြိုင်တိုက်ခိုက်နေသောပုံစံမျိုး ဖြစ်နေသည်။

'မင်းဓားချက်တွေကလဲ ညံ့ဖျင်းလှချည်လား၊ ဒါနဲ့များ ကိုယ့်ကိုယ်ကို သိုင်းသမားလို့အမည်ခံထားသေးတယ်၊ အမှန်တော့ မင်းတို့ညီအစ်ကိုက ပျော်ပွဲစားရုံမှာ ဂေါ်ဖီထုပ်လှီးတဲ့ အဆင့်လောက်နဲ့ပဲ ထိုက်တန်တဲ့သူတွေ'

ဒေါသကြီးလျှင် အမှားပါတတ်မှန်းသိ၍ ဝိညာဉ်ဝယ်သူက တမင်တကာ စိတ်ကိုဆွပေးလိုက်သည်။

သူ့မျှော်လင့်ထားသည့်အတိုင်းပင် ကျားကြီးဖန်စင်းမှာ ရှူးရှူးရှားရှား ဖြစ်သွားသည်။

'ခင်ဗျားကို ဂေါ်ဖီထုပ်လို ပါးပါးလှီးပစ်မယ်'

'စမ်းကြည့်ပေါ့လေ'

ဝိညာဉ်ဝယ်သူက လေအေးအေးဖြင့်ပြောပြီး ပြေးဝင်တိုက်ခိုက်လာသော ကျားကြီးဖန်စင်းကို ကျော်၍ နောက်ကျောဘက်သို့ ခုန်လွှားသွားသည်။

'ဟိတ်....'

ဖန်စင်းကလည်း အန္တရာယ်ကို ရိပ်စားမိဟန်တူသည်။ နောက်ကျောဘက်သို့ ဓားဖြင့် လက်ပြန်သိမ်းခုတ်ရင်း ဖျတ်ခနဲ ပြန်လှည့်လိုက်သည်။

'ဝှီး....'

'ကျား...'

သို့ပေမယ့် ဝိညာဉ်ဝယ်သူ၏ လှုပ်ရှားမှုကိုတော့ မမီပါချေ။

ဝိညာဉ်ဝယ်သူက လေထဲတွင်ပင် သူ၏ ဓားကိုင်လက်ကို ဘယ်ခြေဖြင့် ဖမ်းခတ်လိုက်သည်။

ပြီးနောက် တစ်ဆက်တည်းမှာပင် ညာခြေဖြင့် ဖန်စင်း၏ ရင်ဝကို ပစ်ကန်လိုက်တော့သည်။

'ကျား....'

'ဝုန်း....'



'အင့်....'

ဝိညာဉ်ဝယ်သူ၏ ပြင်းထန်သော ကန်ချက်ကို ခံလိုက်ရသောကြောင့် ကျားကြီးဖန်စင်းမှာ နှစ်လံခန့်မျှထိ လွင့်စဉ်သွားပြီးမှ မြေပြင်ပေါ်သို့ ပစ်ကျသွားသည်။

လက်ထဲမှဓားလည်း ဘယ်ရောက်သွားမှန်း မသိတော့။ ထို့နောက် ဒယီးဒယိုင်ဖြင့် ပြန်ထရပ်ရန် ကြိုးစားရင်းမှပင် သွေးတစ်ပွက်ထိုးအန်ပြီးနောက် အရှပ်ကြိုးပြတ် ပြန်လဲကျကာ ငြိမ်သက်သွားတော့သည်။

ကျားကြီး ဖန်စင်းမှာ ဝိညာဉ်ဝယ်သူ၏ ကန်ချက်ဖြင့်ပင် ဇာတ်သိမ်းသွားခဲ့ပြီဖြစ်သည်။

သည်တော့မှ ဝိညာဉ်ဝယ်သူက ကင်းမြီးကောက်ပုံ ပါသော ကြေးပြားလေးကို ထုတ်ယူ၍ ဖန်စင်း၏ အလောင်းဆီးသို့ ပစ်ချလိုက်သည်။

သူ့လက်ချက်ဟု သိသာစေချင်သောသဘော။ နောက်တော့မှ ကျနပ်သွားသော ပုံစံမျိုးဖြင့် ခပ်တိုးတိုးရယ်မောလိုက်ပြန်သည်။

ပြီးလျှင် ဤနေ့ရာတွင် ဆက်လက်ရှိနေဖို့ မလိုအပ်တော့ဟု ယူဆလိုက်သည့်ဟန်ဖြင့် ခပ်သွက်သွက်ပင် ပြေးထွက်သွားသည်။

အုတ်ဝင်းထရံဆီသို့ အရောက်တွင်မူ ငှက်တစ်ကောင်အလား ပေါ့ပါးစွာ ခုန်ကျော်၍ထွက်လိုက်သည်။

ထို့နောက်မှာတော့ အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်၍ သွားတော့သည်။

ကျားညိုနှောင်၏ ခြံဝင်းကြီး တစ်ခုလုံးကတော့ ပကတိတိတ်ဆိတ်ငြိမ်သက်လျက်သာ။

( ၄၈ )

သိုင်းပညာသင်ကြားရန်အလို့ငှာ အိမ်မှ ထွက်ခွာလာခဲ့သော တိရှန်ဖ"းမှာ သုံးရက်ပြည့်မြောက်သောနေ့မှာတော့ ချီအန်ဟုခေါ်သော မြို့ကလေးတစ်မြို့ကို ရောက်ရှိလို့ လာသည်။

တိရှန်ဖ"းမှာ သူ အားကိုးနိုင်လောက်သော ဆရာကောင်းကောင်းကို ရှာဖွေမတွေ့သေးသဖြင့် စိတ်ဓာတ်ကျခြင်း မဟုတ်သည့်တိုင် စိတ်တော့ညစ်နေမိလေသည်။

သို့သော် မနက်စာမစားရသေးသဖြင့် စိတ်ညစ်မှုကို ဘေးချိတ်ကာ ချီအန်မြို့ဈေးမှ လူအနည်းငယ်ရှင်းသော စားသောက်ဆိုင်ထဲသို့ ဝင်လာခဲ့သည်။

တိရှန်ဖ ိးမှာ ကိုယ့်ကိုစွန့်ကိုယ် ရှုပ်နေခိုက်ဖြစ်၍ ဆိုင်ထဲကိုပင် ဟုတ်တိပတ်တိ လိုက်မကြည့်မိချေ။

ဆိုင်ထောင့်တစ်နေရာမှ စားပွဲစွန်းဆီသို့ တန်း၍လျှောက်သွားမိသည်။

ထိုအချိန်မှာပင်....

'ဟေ့....တိရှန်ဖ ိး'

သူ့နာမည်ကို တစ်စုံတစ်ယောက်က လှမ်းခေါ်လာသဖြင့် အနည်းငယ်တော့ အံ့ဩလို့သွားမိသည်။ ထို့နောက် အသံရှင်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည့်အခါမှာတော့....

'ဟာ....ဦးလေးချင်ပို'

နှုတ်မှ ရုတ်တရက် အသံထွက်သွားသည်။ မှန်ပါသည်၊ သူ့ကို အမှတ်မထင် လှမ်းခေါ်လိုက်သူက တခြားမဟုတ်။

သူတို့ကို နှစ်ကြိမ်တိုင်တိုင် အကူအညီပေးဖူးခဲ့သည့် အဖြူရောင် သိုင်းပညာရှင် 'ရွှေလှံပျံ' သိုင်းသမား ချင်ပိုပင်ဖြစ်၏။

ချင်ပိုက သူ့ကိုပြုံးကြည့်နေသဖြင့် တိရှန်ဖ ိးက ပြန်ပြုံးပြရင်း ထိုစားပွဲသို့ လျှောက်သွားလိုက်သည်။

ထို့နောက် ထိုင်ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်ရင်းမှ....

'ဦးလေးကို ကျွန်တော် တွေ့ချင်နေတာကြာပြီ၊ ဒါထက် ဦးလေး ဒီမြို့ကိုရောက်နေတာ ကြာပြီလား'

ခပ်လောလောပင်မေးလိုက်သည်။ ရွှေလှံပျံ သိုင်းသမား ချင်ပိုက ဣန္ဒြေရရ ပြုံးရင်းမှ....

'ငါက တစ်နေရာတည်းမှာ အတည်တကျ နေတဲ့သူမှ မဟုတ်ဘဲကွ ငါ့တူရ၊ ဒီလိုပဲ ခရီးသွားရင်း ရောက်နေတာ



ဆိုပါတော့၊ ဒါထက် မောင်ရင်က ကျုပ်ကို ဘာကြောင့် တွေ့ချင်နေတာလဲ၊ နောက်ပြီး မင်းအဖေ လျှပ်စီးဓား တိယန်းစင်ရော ပါမလာဘူးလား'

မေးခွန်းများ ပြန်ထုတ်လာလေသည်။ ထို့ကြောင့် တိရှန်ဖ ိးက....

'ဦးလေးကို တွေ့ချင်တာက နည်းနည်းပါးပါး မေးမြန်းချင်လို့ပါ၊ ဖေဖေကတော့ မလာပါဘူး၊ တာကူမြို့က အိမ်မှာပဲ ရှိနေလိမ့်မယ်'

'ဒါဆို မင်းတစ်ယောက်တည်း ခရ ိးထွက်လာတာပေါ့ ဟုတ်လား တိရှန်ဖ ိး'

'ဟုတ်ပါတယ် ဦးလေးချင်ပို'

'ဒါဆို မင်းမှားတာပေါ့ကွ၊ တကယ်ဆို ခုလိုအချိန်မျိုးမှာ မင်းအဖေရဲ့ဘေးနားမှာပဲ မင်း ရှိနေသင့်တယ်၊ ဒါမှ ဝိညာဉ်ဝယ်သူရောက်လာရင် ဝင်ပြီး ကူညီတိုက်ခိုက်နိုင်မှာပေါ့'

ရွှေလှံပျံ သိုင်းသမားချင်ပိုက ကရုဏာ ဒေါသောဖြင့် သူ့ကို အပြစ်တင်စကားဆိုသည်။ တိရှန်ဖ ိးက ခေါင်းကို ခါယမ်းလိုက်ပြီး....

'မဟုတ်ဘူး ဦးလေးချင်ပိုရဲ့၊ ဝိညာဉ်ဝယ်သူ နောက်တစ်လကြာမှ ပြန်ရောက်လာမှာဆိုတော့ ကျွန်တော်ရှိနေဖို့ မလိုသေးပါဘူး၊ နောက်ပြီး အကယ်၍ ဝိညာဉ်ဝယ်သူ ရောက်လာတုန်း ကျွန်တော်ရှိနေမယ်ဆိုရင်လဲ ဘာမှတော့ အကြောင်းထူးမှာ မဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ ကျွန်တော်က အတွင်း

အားပြည့်ဝနေတာတစ်ခုပဲ ပြောစရာရှိတယ်၊ သိုင်းပညာကျ တော့ ဘာမှကို ဟုတ်တိပတ်တိတတ်သေးတာ မဟုတ်ဘူး'

'အေး....ဒါတော့ ဟုတ်တော့လဲ ဟုတ်တာပဲ့၊ သိုင်းပညာ မတတ်ဘဲ အတွင်းအားပြည့်ဝရုံလောက်နဲ့တော့ ဝိညာဉ်ဝယ် သူကို ဘယ်လိုမှ ယှဉ်နိုင်ဖို့လွယ်မှာ မဟုတ်ဘူး'

'ဒါကြောင့်မို့ ဖေဖေ့ကို ခွင့်တောင်းပြီး သိုင်းပညာ သင်ယူဖို့ ကျွန်တော် အိမ်က ထွက်လာခဲ့တာပေါ့ ဦးလေး ချင်ပို'

တိရှန်ဖ ီးက ပြောလိုက်ရာ ရွှေလှံပျံ သိုင်းသမားချင်ပို က သဘောကျသွားသလို ခေါင်းညိတ်ရင်း....

'မင်းစိတ်ကူးက ကောင်းပါတယ်၊ ဒါထက် ဆရာကောင်း နဲ့ရော တွေ့ပြီးပြီလား'

'မတွေ့သေးပါဘူး - ဦးလေးချင်ပိုရာ၊ သိုင်းကျောင်းတွေ တော့ ရှိပါရဲ့၊ ဒါပေမယ့် သိုင်းကျောင်းမှာ သွားသင်တဲ့ ပညာလောက်နဲ့တော့ ဝိညာဉ်ဝယ်သူကို ဘယ်လိုလုပ်ပြီး ယှဉ် နိုင်ပါ့မလဲ'

'ဒါတော့ မှန်တယ်ကွ၊ ဝိညာဉ်ဝယ်သူကို ယှဉ်နိုင်ဖို့ဆိုတာ ကတော့ အတော်ကို မလွယ်တဲ့ ကိစ္စပဲ'

ရွှေလှံပျံ သိုင်းသမားချင်ပိုက ရှိုးရှိုးသားသားပင် ဝန်ခံ လိုက်လေသည်။

တိရှန်ဖ ီးက ခေါင်းတစ်ချက်ညိတ်လိုက်ကာ....

'ဒါကြောင့် ဦးလေးချင်ပိုကို မေးကြည့်မလို့ ကျွန်တော် စိတ်ကူးထားတာပေါ့'



'မင်းက ဘာမေးချင်လို့လဲ'

'ကျွန်တော့်ကို သိုင်းပညာသင်ကြားပေးနိုင်မယ် ထိပ် တန်း သိုင်းပညာရှင်ကြီးတွေ ဘယ်မှာရှိတယ်ဆိုတာကို သိ ချင်တာပါ'

တိရှန်ဖ ီး၏ စကားအဆုံးတွင် ရွှေလှံပျံ သိုင်းသမား ချင်ပို ခေတ္တမျှ တွေဝေလို့သွားသည်။

နောက်တော့ မျက်မှောင်ကြုတ်၍ စဉ်းစားနေပြီးမှ....

'ဝိညာဉ်ဝယ်သူကို ယှဉ်နိုင်မယ့် ထိပ်တန်းသိုင်းပညာရှင် ဆိုတာက တော်တော်ကြီးကို ရှားလိမ့်မယ်ကွ တိရှန်ဖ ီးရ၊ အဲ....သိုင်းလောကရဲ့ ရာဇာသုံးပါးနဲ့ ဒေဝီသုံးပါးကတော့ ဝိညာဉ်ဝယ်သူကို ကောင်းကောင်းယှဉ်နိုင်မှာ သေချာတယ်'

'ရာဇာသုံးပါးနဲ့ ဒေဝီသုံးပါး ဟုတ်လား ဦးလေးချင်ပို၊ ကျွန်တော်လဲ သူတို့အကြောင်းကို နည်း နည်း ပါး ပါး ပဲ ကြားဖူးသလိုရှိတယ်၊ ပြောပါဦး သူတို့က ဘယ်သူတွေလဲ၊ ဘယ်မှာ နေကြသလဲ'

'အင်း....ရာဇာသုံးပါးထဲမှာ လက်ရှိအသက်ရှင်လျက်ရှိနေ သေးတဲ့သူကတော့ တစ်ယောက်ပဲရှိတယ်၊ သူကတော့ ပန်း ကမ္ဘာတောင်မှာနေတဲ့ အဆိပ်လက်သည်း ဘိုးဘိုးချွန်ပဲ'

ရွှေလှံပျံ သိုင်းသမား ချင်ပို၏စကားကြောင့် အားတက် ရတော့မလိုဖြစ်နေသော တိရှန်ဖ ီးမှာ ပြန်စိတ်ဓာတ်ကျသွား ခဲ့သည်။

ဘိုးဘိုးချွန်ဆီသို့ သူတို့သားအဖ ရောက်ခဲ့ပြီး ဖြစ်သည်။

ဘိုးဘိုးချွန်ထံမှ သိုင်းပညာ သင်ယူခွင့်ရဖို့ကား လုံးဝ အလားအလာမရှိ။

ထို့ကြောင့် တိရှန်ဖ ိးက စိတ်ပျက်သံဖြင့် ပြောလိုက်သည်။

'ဘိုးဘိုးချွန်ဆီကိုတော့ ကျွန်တော်တို့သားအဖ ရောက်ခဲ့ပြီးပါပြီ ဦးလေးချင်ပိုရာ၊ သူ့ဆီက သိုင်းပညာသင်ယူရဖို့ကတော့ မျှော်လင့်ချက်မရှိပါဘူး၊ ဒါထက် ဒေဝီသုံးပါးကရော အသက်ရှင်လျက် ရှိနေကြသေးလား'

'ဒေဝီသုံးပါးထဲမှာလဲ အသက်ရှင်လျက်ရှိနေသေးတာက တစ်ယောက်ပဲ ကျန်တော့တယ်၊ အဲဒီတစ်ယောက်ကတော့ ကြာဖြူကန် ဘွားဘွားစီပဲ'

'အင်း....ဘွားဘွားစီအကြောင်းကိုတော့ ကြားဖူးသလိုရှိတယ်၊ ဝိညာဉ်ဝယ်သူလက်ထဲက မိုးကြိုးလက်သီး လိန်ရွှဝမ်ကို ဝင်ကယ်လိုက်တာ အဲဒီ ကြာဖြူကန် ဘွားဘွားစီပဲ မဟုတ်လား'

ရွှေလှ ပျံ သိုင်းသမား ချင်ပိုက ဟုတ်မှန်သည်ဆိုသော သဘောလက္ခဏာဖြင့် ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။

ပြီးမှ....

'မှန်တယ် တိရှန်ဖိး၊ မိုးကြိုးလက်သီးလိန်ရွှဝမ်ကို ကယ်တင်လိုက်တာ အဲဒီ ဘွားဘွားစီပဲပေါ့'

'ဒါဆို ဘွားဘွားစီဆီကိုသွားပြီး အကူအညီတောင်းရင် သင်ပေးမလား မသိဘူး'



တိရှန်ဖိးက ဝေခွဲမရသော မျက်နှာနှင့်မေးလိုက်ရာ ရွှေလှ ပျံ သိုင်းသမားချင်ပိုက သက်ပြင်းတစ်ချက် ချရင်းမှ....

'ဒါကတော့ ငါလဲ မပြောတတ်ဘူး အမှန်ပဲ၊ ငါသိရသလောက်ကတော့ ကြာဖြူကန် ဘွားဘွားစီက တပည့်မွေးလေ့မရှိဘူး၊ ဒါပေမယ့် မင်းရဲ့အခက်အခဲကိုပြောပြပြီးအကူအညီတောင်းရင်တော့ စိတ်ပြောင်းသွားချင် သွားမှာပေါ့လေ'

'ဟုတ်တယ်၊ နောက်ဆုံး ဒီ့ပြင်နည်းမရှိရင်တော့ အဲဒီနည်းကို သုံးရမှာပဲ၊ နောက်ဆုံး သင်မပေးနိုင်ဘူးလို့ ပြောလွှတ်လိုက်ရင်လဲ ပြန်လာရုံပဲလေ၊ ကျွန်တော့်အတွက်တော့ အရှုံးမရှိပါဘူး၊ ကံကောင်းပြီး သင်ပေးမယ်ဆိုရင်တော့ ကျွန်တော့်အတွက် အမြတ်ပေါ့မဟုတ်ဘူးလား'

'မင်းအစီအစဉ်ကောင်းပါတယ်၊ကဲ...မင် စားဖို့ တစ်ခုခုမှာဦးလေကွာ၊ စကားပြောချင်ဇောများနေတာနဲ့ အစားအသောက်မှာဖို့တောင် သတိမရဘူးလား'

ရွှေလှ ပျံ သိုင်းသမား ချင်ပိုက ထိုသို့ပြောလာတော့မှ တိရှန်ဖိးမှာ စားသောက်ရန် မမှာကြားရသေးသည့်အဖြစ်ကို သတိရသွားသည်။

ထို့ကြောင့် အရှက်ပြေရယ်မောရင်း ခေါက်ဆွဲကြော်တစ်ပွဲ လှမ်းမှာလိုက်သည်။

ပြီးနောက် မျက်နှာပြန်လှည့်လိုက်သည်တွင် ရွှေလှ ပျံ သိုင်းသမားချင်ပိုက....

'ဩော်....ဒါထက် မင်း ဟိုသတင်းကိုကြားပြီးပြီလား'

အရင်းမရှိအဖျားမရှိ မေးလာသောကြောင့် တိရှန်ဖီးပင် အူကြောင်ကြောင် ဖြစ်လို့သွားသည်။

'ဘာသတင်းကိုကြားရမှာလဲ ဦးလေးချင်ပိုရဲ့၊ ဦးလေး စကားက အရင်းမရှိ အဖျားမရှိနဲ့'

'ဩော်....အေး၊ ငါ့စကားက မပြည့်စုံဘူးဖြစ်သွားတယ်၊ ငါပြောမှာက ဝိညာဉ်ဝယ်သူရဲ့ သတင်းကွ'

'ပြောပါဦး ဘာသတင်းများပါလိမ့်'

'တာကူမြို့က ကျားညီနောင်ကို ဝိညာဉ်ဝယ်သူက ရှင်းပစ်လိုက်တဲ့သတင်းပေါ့'

'ဗျာ....'

သူ မကြားသိရသေးသောသတင်းဖြစ်၍ တိရှန်ဖီးလွန်စွာ အံ့ဩသွားသည်။

ထို့နောက် မယုံမရဲစိတ်ဖြင့် ပြန်မေးလိုက်မိသည်။

'ကျားညီနောင်ကို ဝိညာဉ်ဝယ်သူက ရှင်းပစ်လိုက်ပြီဟုတ်လား ဦးလေးချင်ပို'

'ဟုတ်တယ် တိရှန်ဖီး၊ ကျားညီနောင်တင် မဟုတ်ဘူး သူတို့လူတွေအားလုံးကိုပါ ရှင်းပစ်လိုက်တာ'

'ဒါဆို တာကူမြို့က မြို့သူမြို့သားတွေကတော့ ဝိညာဉ်ဝယ်သူကို အတော်ကျေးဇူးတင်ကြမှာပါ'

'သေချာတာပေါ့ကွာ၊ ဒီကောင်တွေလူစုက မြို့လူထုကို နည်းမျိုးစုံနဲ့ ဒုက္ခပေးနေတဲ့ ကောင်တွေပဲဥစ္စာ၊ ဒီကောင်တွေကို ရှင်းပစ်လိုက်တဲ့ ကိစ္စမှာတော့ ဝိညာဉ်ဝယ်သူကို ဘယ်သူမှ အပြစ်ဆိုကြမှာ မဟုတ်ဘူး'



ထိုစကားကိုတော့ တိရှန်ဖီးကိုယ်တိုင်လည်း မငြင်းသာပေ၊ ကျားညီနောင်ဆိုသည်က ရိုးသားသော ပြည်သူများကို နည်းမျိုးစုံဖြင့် ဒုက္ခပေးနေသော လူဆိုးလူမိုက်များပင် ဖြစ်သည်။

ကျားညီနောင် မရှိတော့သဖြင့် ချန်ရှင်းလီအတွက် လည်း စိတ်ပူသက်သာသွားရလေသည်။

'ဒါထက် ဝိညာဉ်ဝယ်သူက တာကူမြို့ကို ရောက်လာပါလျက်နဲ့ ကျွန်တော့်အဖေ တိယန်းစင်ကိုတော့ ဘာမှ လုပ်မသွားဘူးလား'

'အေး...မင်းမေးလဲ မေးစရာပဲ၊ ဝိညာဉ်ဝယ်သူက ကျားညီနောင်တို့အဖွဲ့ကိုရှင်းပြီး မြို့ထဲက ပြန်ထွက်သွားပုံရတယ်၊ မင်းအဖေ တစ်စုံတစ်ခုဖြစ်တယ်လို့တော့ ငါမကြားမိတာ အမှန်ပဲ'

'ဒါဆို ဝိညာဉ်ဝယ်သူဟာ ကတိစကားကိုတော့ အတော်အလေးအနက် ထားပုံရတယ်၊ သူက သူ့စကားအတိုင်း တစ်လတိတိပြည့်မှ ပဲအသေအချာလာပြီး တိုက်ခိုက်လိမ့်မယ်နဲ့ တူတယ်'

'အဲဒီလိုပဲ ယူဆရတော့မှာပေါ့ကွာ၊ ကဲ....ဟိုမှာ မင်းမှာထားတဲ့ ခေါက်ဆွဲကြော်တောင် ရောက်လာပြီ၊ စကားပြောခဏရပ်ပြီး စားလိုက်ဦး၊ တော်ကြာ အဆာလွန်သွားရင် စားလို့ကောင်းတော့မှာ မဟုတ်ဘူး'

'ဟုတ်ကဲ့...ဦးလေးချင်ပို'

တိရှန့်ဖိုးက တလေးတစား ပြန်ပြောရင်း တူနှစ်ချောင်းကို အဝတ်ဖြင့် သုတ်၍ ကောက်ကိုင်လိုက်သည်။

နောက်တော့ အငွေ့တထောင်းထောင်း ထနေသော ခေါက်ဆွဲကြော်များကို ပလုတ်ပလောင်းပင် စားသောက်နေတော့သည်။

( ၄၉ )

'ဗျို့ဘွားဘွားစီ.... ဘာတွေအလုပ်ရှုပ်နေတာလဲ'

ကြာဖြူကန် အလယ်မှ ခြေတံရှည် တဲလေးပေါ်တွင် ဆေးထောင်းနေသောကြာဖြူကန်ဘွားဘွားစီမှာ ရုတ်တရက်ပေါ်ထွက်လာသော အသံကြောင့် ဖျတ်ခနဲလှမ်းကြည့်လိုက်သည်။

ထိုအခါ ကန်ပေါင် ပေါ်တွင် ရပ်နေသော မိုးကြိုးလက်သီး လိန်ရှဝမ်ကို မြင်တွေ့လိုက်ရသဖြင့်....

'ဩော်....လိန်ရှုဝမ်ပါလား၊ လာလေ ဘာမှအလုပ်မရှုပ်ပါဘူးကွယ်၊ ဆေးလေး ဘာလေး နည်းနည်း ပါးပါး ထောင်းနေတာပါ'

ပြုံးရင်းပြန်ဖြေလိုက်သည်။

သည်တော့မှ မိုးကြိုးလက်သီးလိန်ရှုဝမ်က ဝါးတံတားလေးမှ ဖြတ်၍ ကန်လယ်ရှိ တဲအိမ်ဆီသို့ ခပ်ဖြည်းဖြည်း လျှောက်လိုလာသည်။

ထို့နောက် တဲထဲသို့ အရောက်တွင် ကြာဖြူကန် ဘွားဘွားစီ၏ဘေး၌ ဣန္ဒြေရရ ထိုင်လိုက်ရင်းမှ လက်ထဲ၌ ကိုင်ထားသော ကြိမ်ခြင်းကို ထိုးပေးလိုက်ရင်း....

'ရော့ ဘွားဘွားစီစားဖို့ မြို့ဈေးကကျုပ်ဝယ်လာခဲ့တာ'

'ဘာတွေများပါလိမ့်ကွယ်၊ သက်သက်မယ့် ငွေကုန်ခံပြီး လျှောက်ဝယ်လာတယ်'

စိတ်ရင်းကောင်းသော ဘွားဘွားစီက အားတုံ့အားနာဖြင့် ပြောလိုက်ရာ မိုးကြိုးလက်သီး လိန်ရှုဝမ်က ခပ်မိန့်မိန့် ပြုံးလိုက်ပြီး....

'ပေါက်စီနဲ့ အသားပေါင်းတွေပါဗျာ၊ ဘာမှ တန်ဖိုး မကြီးလှပါဘူး၊ ဘွားဘွားစီက ကျုပ်ရဲ့ကျေးဇူးရှင်ပဲဥစ္စာ၊ အမှန်ဆို ဒီထက် တန်ဖိုးရှိတာတွေတောင် ဝယ်ခြမ်းလာသင့်ပါသေးတယ်'

'မဟုတ်တာ လိန်ရှုဝမ်ရယ်၊ မင်းကို ငါကူညီခဲ့တယ်ဆိုတာက ကြုံကြိုက်လို့ ကူညီခဲ့တာပါ၊ ကျေးဇူးတင်ခံချင်လို့ မဟုတ်ပါဘူး'



'ဒါတော့ ဒါပေါ့လေ၊ ဒါပေမယ့် ဘာပဲပြောပြော ကျုပ်ကတော့ ဒီအတွက် ကျေးဇူးမတင်ဘဲကို မနေနိုင်ဘူး၊ ကဲ....စကားပြောတာလဲ ပြောပေါ့၊ အသားပေါင်းနဲ့ပေါက်စီတွေလဲ စားလိုက်ပါဦး၊ ခပ်နွေးနွေးရှိနေတုန်း စားတော့ ပိုကောင်းတာပေါ့'

မိုးကြိုးလက်သီး လိန်ရှုဝမ်က ခပ်လောလော တိုက်တွန်းလိုက်သောကြောင့် ကြာဖြူကန် ဘွားဘွားစီမှာ မည်သို့မျှ မငြင်းသာတော့ဘဲ ပေါက်စီတစ်လုံးကို ကောက်ကိုင်လိုက်ရသည်။

ပြီးမှ မိုးကြိုးလက်သီး လိန်ရှုဝမ်ကို ပြုံးကြည့်လိုက်ကာ....

'အင်းလေ ကျွေးတဲ့လူက စေတနာရှိလို့ ကျွေးတယ်ဆိုတော့ သဒ္ဓါမြောက်သွားအောင် စားရဦးမှာပေါ့'

ပြန်ပြောရင်း ပေါက်စီကို စ၍ ကိုက်လိုက်သည်။

ထိုမြင်ကွင်းကိုကြည့်ပြီး မိုးကြိုးလက်သီး လိန်ရှုဝမ်က ဘဝင်ကျပြီးသွားဟန်ဖြင့် ပြုံးသည်။

လိန်ရှုဝမ်၏အပြုံးက အဓိပ္ပာယ်ပါသော အပြုံးမျိုး၊ သို့သော် ကြာဖြူကန်ဘွားဘွားစီကမူ ကောင်းစွာ သဘော မပေါက်ချေ။

ထို့ကြောင့် ပေါက်စီကိုသာ ဆက်၍ စားနေမိသည်။ ပေါက်စီတစ်လုံးလုံး ကုန်သွားသည့်အခါမှာတော့ ကြာဖြူကန် ဘွားဘွားစီ၏ မျက်နှာက တစ်မျိုးဖြစ်သွားသည်။

သိုင်းလောကတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သော ထိပ်တန်းသိုင်းပညာရှင်ကြီး တစ်ယောက်ပီပီ အန္တရာယ်အငွေ့အသက်ကို ရိပ်စားလိုက်မိသောကြောင့်ပင် ဖြစ်သည်။

ထို့နောက် ကြာဖြူကန်ဘွားဘွားစီက မိုးကြိုးလက်သီး လိန်ရှုဝမ်ကို အံ့ဩတကြီးဖြင့် ကြည့်လိုက်ကာ....

'မင်း....မင်းယုတ်မာလှချည်လား လိန်ရှုဝမ်'

'ကျုပ်က ယုတ်မာတယ် ဟုတ်လား ဘွားဘွားစီက ဘာကို ဆိုလိုတာလဲ'

မိုးကြိုးလက်သီး လိန်ရှုဝမ်က အမှန်ပင် မသိနားမလည် ဟန်မျိုးဖမ်း၍ အတည်ပေါက်နှင့် ပြန်မေးလိုက်သည်။

ကြာဖြူကန်ဘွားဘွားစီက ပိုမိုခံပြင်း ဒေါသဖြစ်သွားဟန်ဖြင့်....

'မင်းက မသိချင်ယောင်ဆောင်ချင်နေသေးလို့လား လိန်ရှုဝမ်၊ မင်းကျွေးတဲ့ ပေါက်စီတွေထဲမှာ အဆိပ်တွေထည့်ထားခဲ့တယ် မဟုတ်လား'

ရှင်းရှင်းပင် ဖွင့်မေးလိုက်လေသည်။

သည်တော့မှ မိုးကြိုးလက်သီး လိန်ရှုဝမ်က ဆက်လက်ဖုံးကွယ်ဖို့ မကြိုးစားတော့ဘဲ ဟက်ဟက်ပက်ပက် အော်ဟစ်ရယ်မောလိုက်လေသည်။

ပြီးမှ ခပ်ပြုံးပြုံး မျက်နှာပေးဖြင့်....

'ဘွားဘွားစီက ဘယ်ဆိုးလို့လဲ၊ ကျုပ် အကြံအစည်ကိုတောင် ရိပ်စားမိနေသေးပဲ၊ ဒါပေမယ့် ခုကျမှ အကြောင်းမထူးတော့ပါဘူးလေ၊ ခုဆိုရင် ကျုပ်ခတ်ထားတဲ့အဆိပ်



တွေက ဘွားဘွားစီရဲ့ကိုယ်ထဲကို ရောက်နေပါပြီ၊ မကြာခင်မှာပဲ ခင်ဗျားဇာတ်သိမ်းရတော့မယ်'

လိန်ရှုဝမ်၏ စကားအဆုံးတွင် ကြာဖြူကန်ဘွားဘွားစီက မခံချင်စိတ်ဖြင့် ဖျတ်ခနဲထရပ်လိုက်သည်။

ထိုအခါ ဘာ့ကို ရန်ပြုလာလျှင် တိုက်ခိုက်နိုင်ရန်အလို့ငှာ မိုးကြိုးလက်သီး လိန်ရှုဝမ်ကလည်း ရုတ်ခြည်း ထရပ်လိုက်သည်။

သို့သော် ဘွားဘွားစီမှာ တိုက်ခိုက်နိုင်စွမ်း ကင်းမဲ့ခဲ့ပြီဖြစ်သည်။

မိုးကြိုးလက်သီး လိန်ရှုဝမ် အသုံးပြုသော အဆိပ်မှာ အလွန်ပြင်းထန်သော အဆိပ်မျိုးဖြစ်၍ ဘွားဘွားစီမှာ ခွေလဲကျမသွားအောင်ပင် မနည်းထိန်းကြိုးစား၍ ရပ်နေရရှာသည်။

ဒါကို လိန်ရှုဝမ်ကလည်း သိဟန်တူသည်။ ထို့ကြောင့် ရယ်ကျဲကျဲဖြင့်....

'ကျုပ်ကိုတိုက်ခိုက်ဖို့တော့ မကြိုးစားပါနဲ့ ဘွားဘွားစီ ခုချိန်မှာ ခင်ဗျား ခြေတစ်လှမ်းတောင် မလှမ်းနိုင်တော့ပါဘူး၊ ဒါကို ကျုပ်သိပါတယ်'

ပြောလိုက်သည်တွင် ဘွားဘွားစီက ခံပြင်းစိတ်ကို ချုပ်တည်းရင်းမှ....

'မင်း ငါ့ကို ဘာကြောင့်ခုလို လုပ်ကြံရတာလဲ....လိန်ရှုဝမ် တကယ်ဆို မင်းရဲ့အသက်ကိုတောင် ငါက ကယ်တင်ခဲ့ဖူးပါတယ်'

နားမလည်နိုင်သော လေသံမျိုးဖြင့် အလျင်စလို မေး
လိုက်သည်။
မိုးကြိုးလက်သီး လိန်ရှုဝမ်ကမူ ခပ်အေးအေး ပုံ
ဖြင့်ပင်....

'မှန်ပါတယ်ဘွားဘွားစီ၊ ကျုပ်ပေါ်မှာ ကျေးဇူးရှိတာ
ကို ကျုပ်မငြင်းလိုပါဘူး၊ ဒါပေမယ့် ခင်ဗျားပိုင်ဆိုင်တဲ့
ကြာဖြူနန်းရှင်သိုင်းကျမ်းကို ရယူဖို့က ဒီနည်းပဲရှိတော့တာ
မို့ စိတ်မပါဘဲနဲ့ကို ဒီနည်းကို အသုံးပြုလိုက်ရတယ် ဆိုပါ
တော့'

'ကြာဖြူနန်းရှင်သိုင်းကျမ်းကို လိုချင်လို့ဟုတ်လား....လိန်
ရှုဝမ်'
'ဟုတ်ပါတယ်ဘွားဘွားစီ၊ဝိဉာဉ်ဝယ်သူကို ပြန်ခုခံဖို့က
အဆင့်မြင့် သိုင်းပညာတစ်ရပ် တတ်မြောက်ဖို့ လိုနေ လေ
ဒါကြောင့် ကြာဖြူနန်းရှင်သိုင်းကျမ်းကို ရယူဖို့ဆုံးဖြတ်လိုက်
တာပေါ့'

'မင်းက လူယုတ်မာပဲ၊ ဘယ်သူသေသေ ငတော်မာရင် ပြီး
ရောဆိုတဲ့ လူစားမျိုးပဲ၊ ဒီလိုမတရားသောနည်းဖြင့် ရယူတဲ့
သိုင်းကျမ်းပညာက ဘယ်လိုလုပ်ပြီး သန့်ရှင်းမှုရှိမှာတဲ့လဲ'
ကြာဖြူကန်ဘွားဘွားစီက ဒေါသတကြီးဖြင့် ပြောလိုက်
သော်လည်း မိုးကြိုးလက်သီး လိန်ရှုဝမ်ကမူ အပြုံးပင်ပျက်
မသွားချေ။



'ကြိုက်သလိုပြောလို့ရတယ် ဘွားဘွားစီ၊အရေးကြီးတာ
ကတော့ သိုင်းကျမ်းရဖို့ပဲ၊ ဒါမှ သိုင်းလောကမှာ ကျုပ်ကို
တန်းတူယှဉ်နိုင်တဲ့သူ မရှိတော့မှာ'
လိန်ရှုဝမ်၏ စကားအဆုံးတွင် ကြာဖြူကန်ဘွားဘွားစီက
တိုးဝင်တိုက်ရန် ရှေ့သို့ လှမ်းတက်လိုက်သည်။

သို့သော် အောင်မြင်မှုမရှိပါချေ။

ပြင်းထန်သောအဆိပ်က တစ်ကိုယ်လုံးသို့တိုင် ပျံ့နှံ့ရောက်
ရှိသွားပြီဖြစ်သဖြင့် ခြေလှမ်းတက်ရင်းပင် ဝါးကြမ်းခင်း
ပေါ်သို့ ပုံလျက်သား လဲကျသေဆုံးသွားလေတော့သည်။
မိုးကြိုးလက်သီး လိန်ရှုဝမ်က လူယုတ်မာပီပီ ပါးနပ်မှု
ရှိသူဖြစ်သည်။
ကြာဖြူကန်ဘွားဘွားစီ လဲကျကာ မလှုပ်မယှက် ရှိနေ
သော်လည်း အနားသို့ ချက်ချင်းကပ်မသွားချေ။
သေချင်ယောင်ဆောင်ပြီး ရုတ်တရက် ထတိုက်ခိုက်လိုက်
မည်စိုးသဖြင့် အတန်ကြာအောင် စောင့်ကြည့်အကဲခတ်၍နေ
လေသည်။
အတန်ကြာသည့်အခါကျမှ မိုးကြိုးလက်သီးလိန်ရှုဝမ်က
အသာအယာပင် အနားသို့ တိုးကပ်သွားလိုက်သည်။
ကြာဖြူကန် ဘွားဘွားစီကား ပရိယာယ်ဖြင့် ငြိမ်နေခြင်း
မဟုတ်ပါ။
သူ ခတ်ထားသော အဆိပ်ဒဏ်ကြောင့် အမှန်ပင် သေ
ဆုံးသွားခဲ့ပြီဖြစ်သည်။

သို့ဖြစ်၍ မိုးကြိုးလက်သီး လိန်ရှုဝမ်က လဲကျနေသော ကြာဖြူကန် ဘွားဘွားစီ အေးတွင် မုဆိုးဒူးထောက်ထိုင်ချကာ အင်္ကျီရင်ဘတ်ကြားထဲမှ သိုင်းကျမ်းစာအုပ်ကို နှိုက်ယူလိုက်လေသည်။

သူ လုပ်ကြံရကျိုးနပ်သွားပြီဟု ဆိုရတော့မည် ဖြစ်သည်။ သူ့လက်ထဲတွင် ပါလာသည့်သိုင်းကျမ်းက သူလိုချင် မက်မောနေသော ကြာဖြူနန်းရှင် သိုင်းကျမ်းပင် ဖြစ်နေလေသည်။

'ဟား....ဟား....ဟား....သိုင်းလောကမှာ ငါ့ကို ယှဉ်နိုင်တဲ့သူ မရှိတော့တဲ့ အနေအထားမျိုးကို မကြာခင်မှာ ရောက်ရတော့မယ်ကွ'

လူယုတ်မာ လိန်ရှုဝမ်က သိုင်းကျမ်းစာအုပ်ကို ကိုင်ထားရင်းမှ ကျေနပ်အားရသော လေသံဖြင့် ကျယ်လောင်စွာ ကြွေးကြော်လိုက်သည်။

ကြာဖြူနန်းရှင်သိုင်းပညာရပ်ကား အလွန်အမင်းအဆင့်မြင့်သည့် ထိပ်တန်းသိုင်းပညာရပ်တစ်ခုပင်ဖြစ်သည်။

ဤသိုင်းပညာရပ်ကို သာ ကုန်စင်အောင် တတ်မြောက်သွားမည်ဆိုပါက ဝိညာဉ်ဝယ်သူအပါအဝင် မည်သူ့ကိုမှ ဂရုစိုက်စရာမလိုတော့ချေ။

အထူးသဖြင့် သူ့ကို ကလဲ့စားချေဖို့ ကြိုးစားနေသော ကျင်းဟုန်တစ်ဖြစ်လဲ ဝိညာဉ်ဝယ်သူအား သူ ကောင်းစွာ ဆုံးမခွင့် ရပေတော့မည်။



ထိုသို့တွေးရင်း မိုးကြိုးလက်သီးလိန်ရှုဝမ်က တစ်ယောက်တည်း ကျိတ်ကျေနပ်သွားကာ ဒုတိယမြောက် ထပ်မံ ရယ်မောလိုက်ပြန်သည်။

ပြီးနောက် အကြံသမား လိန်ရှုဝမ်က သူ့အိတ်ထဲမှတစ်စုံတစ်ခုကို ထုတ်ယူ၍ ကြာဖြူကန်ဘွားဘွားစီ၏ အလောင်းအေးတွင် ပစ်ချလိုက်သည်။

ထိုအရာကတော့ ကင်းမြီးကောက်တံဆိပ် ခက်နှိပ်ထားသော ကြေးပြားလေးတစ်ပြားပင်ဖြစ်လေသည်။

## ( ၅၀ )

အချိန်ကား မှောင်ရီပျိုးစအချိန်ခန့်ပင် ရှိပေသေးသည်။ သို့သော် နေ့လယ်လောက်ကတည်းက တဖွဲ့ဖွဲ့ရွာနေခဲ့သော မိုးဒဏ်ကြောင့် တာကူမြို့သူမြို့သား အားလုံးမှာ လမ်းများပေါ်တွင် မရှိကြတော့ချေ။

အိမ်ထဲတွင် ညနေစာ စားသောက်သူကစား၊ စကားပြောသူကပြောနှင့် ဇိမ်ယူ၍ နေကြပြီဖြစ်သည်။

တာကူမြို့လယ်ရှိ စားသောက်ဆိုင်များသည်ပင်လျှင် စားသောက်သူ ဟုတ်တိပတ်တိ မရှိတော့။

ထိုအချိန်မျိုးတွင် တစ်ယောက်တည်း ကျန်ခဲ့သော လျှပ်စီးဓား တိယန်းစင်မှာ အခြားလူများထက်ပင် ပိုမို ပျင်းရိငြီးငွေ့၍ နေလေသည်။

ယခုဆိုလျှင် သူ့သား တိရှန်ဖိး အိမ်မှ ထွက်ခွာသွားခဲ့သည်မှာ ဘာလိုလိုနှင့် နှစ်ပတ်ခန့် ရှိခဲ့ပြီဖြစ်သည်။

သူ့သားထံမှ ဘာသတင်းစကားမှ မကြားရသေး။ သိုင်းပညာ အရှာထွက်သွားသော သားဖြစ်သူမှာ သိုင်းပညာပဲ သင်ယူခွင့် ရနေပြီလား၊ ဒါမှမဟုတ် အန္တရာယ် တစ်ခုခုနှင့် ရင်ဆိုင်တိုးနေပြီလား။

ဒါကိုတော့ သူ့အနေဖြင့် ဘယ်လိုမှ မမှန်းဆတတ်ပါ။ သူတတ်နိုင်သည်ကတော့ သူ၏သားတော်မောင် တိရှန်ဖိး တစ်ယောက် ဘေးမသီရန်မခဘဲ ပြန်ရောက်လာစေရန် ဆုတောင်းပေးဖို့သာဖြစ်သည်။

ဘာပဲပြောပြော သူ့သားမှာ စိတ်ထား ဖြူစင်သော ယောကျ်ားကောင်းတစ်ယောက်ဖြစ်၍ ဆိုးဆိုးရွားရွား ဒုက္ခရောက်လိမ့်မည် မဟုတ်ဟုတော့ သူ့အသိစိတ်က ယုံကြည်နေမိသည်။

သို့သော် ကံကြမ္မာဆိုတာက ကြိုမြင်နိုင်တာမျိုး မဟုတ်တော့လည်း ပြောဖို့မလွယ်။

တိယန်းစင်မှာ ဟိုရောက်သည်ရောက် လျှောက်တွေးရင်း စိတ်မောလာသဖြင့် အတွေးစများကိုပြန်ဖြတ်ပစ်လိုက်သည်။

အချိန်က အတော်ပင်စောသေးသည် မှန်သော်လည်း သည့်ပြင် လုပ်စရာအမှုကိစ္စမရှိသည်က တစ်ကြောင်း၊ မိုးသံ



တဖြောက်ဖြောက်က အိပ်ချင်အောင် ဖန်တီးနေသကဲ့သို့ ရှိသည်ကတစ်ကြောင်းတို့ကြောင့် တိယန်းစင်က ခပ်စောစောပင် အိပ်ရာဝင်ဖို့ စိတ်ကူးလိုက်သည်။

ထို့နောက် ထိုင်ရာမှ လေးဖင့်စွာ ထလိုက်စဉ်မှာပင် တံခါးခေါက်သံ မမျှော်လင့်ဘဲ ပေါ်ထွက်လာသည်။

'ခေါက်....ခေါက်'

တိယန်းစင်မှာ မမျှော်လင့်သောတံခါးခေါက်သံကြောင့် စိတ်လှုပ်ရှား၍သွားမိသည်။

အချိန်မတော်တွင် ရောက်ရှိလာသော ဧည့်သည်ကား တော်ရုံလူတော့ ဟုတ်ပုံမရ။

သည်တော့ တွေးကြည့်လျှင် ဖြစ်နိုင်စရာလူကတော့ နှစ်ယောက်သာ ရှိသည်။

ပထမတစ်ယောက်က သူ့သားတိရှန်ဖိး။

ဒုတိယ တစ်ယောက်ကတော့ ကျင်းဟုန် ဘစ်ဖြစ်လဲ ဝိညာဉ်ဝယ်သူ၊ ထိုနှစ်ယောက်မှာမှ ဘယ်သူပိုပြီး ဖြစ်နိုင်ချေ ရှိသနည်း။

ထိုအချက်က စဉ်းစားစရာ ဖြစ်လာချေပြီ။

သူကတော့ ဝိညာဉ်ဝယ်သူ ထက် သူ့သား တိရှန်ဖိး ပို ဖြစ်နိုင်သည်ဟု ထင်မိသည်။

ဝိညာဉ် ဝယ်သူက တစ်လတိတိ ပြည့်မှ ပြန်လာခဲ့မည်ဟု ပြောသွားခဲ့သည်။

ယခု တစ်လပြည့်သေးသည် မဟုတ်။

သူ့သား တိရှန်ဖီးကတော့ သိုင်းပညာ သင်ယူဖို့ ထွက်ခွာသွားတာ ဖြစ်၍ အချိန်မရွေး ပြန်ရောက်လာနိုင်စရာ အကြောင်းရှိသည်။

ထိုသို့တွေးရင်း တိယန်းစင်မှာ စိတ်ထဲ၌ ကျေနပ်သွားသဖြင့် တံခါးဆီသို့ ခပ်သွက်သွက် လျှောက်သွားပြီး ဆွဲဖွင့်ပေးလိုက်သည်။

တံခါးဝတွင် ရပ်နေသူကား တစ်ကိုယ်လုံး စိုရွှဲ၍နေလေသည်။

သို့သော် မျက်နှာ တစ်ဝက်ကျော်ကျော်ထိ ခမောက်ကြီးကို ခပ်ငိုက်ငိုက် အုပ်ဆောင်းထားသောကြောင့် တိယန်းစင်စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားသည်။

မျက်နှာကို သဲသဲကွဲကွဲ မမြင်ရသေးသော်လည်း သူ့သား မဟုတ်မှန်း အတပ်သိလိုက်သဖြင့်....

'ခင်ဗျား ဘယ်သူလဲ'

မေးခွန်း ထုတ်လိုက်သည်။

သည်တော့မှ ဝါးခမောက် ဆောင်းထားသူက ဝါးခမောက်ကို လှန်တင်ကာ မျက်နှာကိုပြလိုက်သည်။

'ဟင်... ခင်ဗျား လိန်ရှုဝမ်'

တိယန်းစင်က အံ့ဩဝမ်းသာဖြင့် ရေရွတ်လိုက်သည်တွင် မိုးကြိုးလက်သီး လိန်ရှုဝမ်က ဝါးခမောက်ကိုခေါင်းမှချွတ်ရင်း....

'ဟုတ်ပါတယ် တိယန်းစင်၊ ကျုပ် လိန်ရှုဝမ်ပါ၊ ဒါထက် ခင်ဗျား နေကောင်းပါတယ်နော်'



'ကောင်းပါတယ်ဗျာ၊ ကျုပ်ဖြင့် ခင်ဗျားအလည်ရောက်လာလိမ့်မယ်လို့ လုံးလုံးထင်မထားခဲ့မိဘူး၊ ကဲ....လာ၊ အထဲကို ဝင်လေဗျာ'

တိယန်းစင်က မိတ်ဆွေရင်းချာတစ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ ဝမ်းသာအားရဖြင့် လှိုက်လှိုက်လှဲလှဲပင် ဖိတ်ခေါ်လိုက်သည်။

မိုးကြိုးလက်သီး လိန်ရှုဝမ်က ခေါင်းတစ်ချက် ဆတ်ပြီးနောက် သူ့နောက်မှ ကပ်လိုက်ဝင်လာသည်။

ပြီးလျှင် ဧည့်ခန်းရှိ ထိုင်ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်လေသည်။

သည်တော့မှ လျှပ်စီးဓား တိယန်းစင်ကလည်း ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်ကာ....

'ဒါထက် ခုလိုအချိန်မျိုး ပေါက်ချလာပုံထောက်တော့ ခင်ဗျားမှာ ကိစ္စတစ်ခုရှိနေပြီနဲ့ တူတယ်'

'ဆိုပါတော့ဗျာ'

'ဒါထက် ကြာဖြူကန် ဘွားဘွားစီကို ဝိညာဉ်ဝယ်သူ သတ်သွားတဲ့ သတင်းကိုရော ခင်ဗျား ကြားပြီးပြီမဟုတ်လား'

တိယန်းစင်မှာ သဘောရိုးဖြင့် မေးလိုက်ခြင်းဖြစ်သော်လည်း မိုးကြိုးလက်သီး လိန်ရှုဝမ်မှာတော့ ကွန့်ခနဲဖြစ်လို့သွားသည်။

သို့ရာတွင် ဟန်ဆောင်ကောင်းသူဖြစ်သည့်အားလျော်စွာ ချက်ချင်း မျက်နှာကို ညှိုးပစ်လိုက်ပြီး....

'ကျုပ် ကြား ပြီးပါပြီဗျာ၊ ဒီအတွက်လဲ ကျုပ်အတော်ကို စိတ်မကောင်းဖြစ်မိပါတယ်'

'ကျုပ် နားလည်ပါတယ် လိန်ရှုဝမ်၊ ဘွားဘွားစီက ခင်ဗျားရဲ့ ကျေးဇူးရှင်ဖြစ်နေတော့ ကျုပ်တို့ထက်ကို ပိုခံစားရမှာ သေချာပါတယ်၊ ကျုပ်ကတော့ ဝိညာဉ်ဝယ်သူကို ဘယ်လို နားလည်ရမယ်မှန်းတောင် မသိတော့ဘူး'

'ခင်ဗျား ဘာကိုဆိုလိုတာလဲ တိယန်းစင်'

မိုးကြိုးလက်သီးလိန်ရှုဝမ်က မေးသည်။

လျှပ်စီးမား တိယန်းစင်က...

'ကျုပ်က ဝိညာဉ်ဝယ်သူကို ရန်ငြိုးကြောင့်လိုက်သတ်တဲ့ လူတစ်ယောက်အဖြစ် သတ်မှတ်ထားခဲ့တာဗျ၊ ခု...ဘွားဘွား စီကို ဘာရန်ငြိုးမှမရှိဘဲ သတ်လိုက်ပြန်တော့ ကျုပ်သတ်မှတ် ချက်ကို ပြန်ပြင်ရတော့မလို ဖြစ်နေပြီ၊ တကယ်ဆို ဘွားဘွား စီလို အဖြူရောင်သိုင်းလောကရဲ့ သိုင်းဒေဝီတစ်ယောက်ကို သူမသတ်သင့်ဘူး ဒါဟာ ခင်မတန်မှ မှားယွင်းမိုက်မဲတဲ့ လုပ်ရပ်တစ်ခုလို့ ကျုပ်တော့ ယူဆမိတယ်၊ ခင်ဗျားရော ကျုပ်လိုပဲ ယူဆမိတယ် မဟုတ်လား'

'မှန်တာပေါ့ဗျာ၊ ကြာဖြူကန်ဘွားဘွားစီလို သိုင်းပညာ ရှင်ကြီးတစ်ယောက်ဲ ဆုံးရှုံးရတာဟာ ကျုပ်တို့အဖြူရောင် သိုင်းလောကအတွက် အင်မတန်မှုကို နစ်နာတာပေါ့၊ အဲ... ကျုပ်စိတ်ထင် ပြောရရင်တော့ သူသတ်လုဆဲဆဲမှာ ကျုပ်ကို ဘွားဘွားစီက ဝင်ကယ်သွားလို့ မကျေမနပ်ဖြစ်ပြီး လုပ်ကြံ တာပဲ ဖြစ်လိမ့်မယ်'



မိုးကြိုးလက်သီး လိန်ရှုဝမ်က အတည်ပေါက်နှင့် ထင် ကြေး ပေးလိုက်ရာ အဖြစ်မှန်ကိုသိမထားသော လျှပ်စီးမား တိယန်းစင်က စားပွဲခုံကို လက်ဝါးဖြင့်ပုတ်လိုက်ရင်း....

'ဟာ....ဟုတ်ပြီဗျို၊ ခင်ဗျားပြောမှပဲ ကျုပ် ဒီအချက်ကို သတိရတော့တယ်၊ ဟုတ်တာပေါ့၊ သူ့ကိစ္စကို ဝင်ရှုပ်တယ် ဆိုပြီး ဘွားဘွားစီကို ရန်ငြိုးဖွဲ့ထားတာ ဖြစ်လိမ့်မယ်၊ ဒီ အဖြစ်အတွက် လုပ်ကြံတယ် ဆိုရင်တော့ အဓိပ္ပာယ်ရှိတာ အမှန်ပဲ'

'ဒါထက်.... ဝိညာဉ်ဝယ်သူကို ဘယ်သူဖြစ်လိမ့်မယ်လို့ ခင်ဗျား ထင်သလဲ'

မိုးကြိုးလက်သီး လိန်ရှုဝမ်က အမှတ်မထင် မေးလိုက် သည်။

## ( ၅၁ )

ထိုအခါ ရှိုးဖြောင့်သောတိယန်းစင်က မဆိုင်းမတွပင်....

'ကျုပ်ကတော့ ဝိညာဉ်ဝယ်သူဟာ ကျင်းဟုန့်ဖြစ်လိမ့်မယ်လို့ပဲ ထင်မိတယ်'

'ကျင်းဟုန် ဟုတ်လား'

'ဟုတ်တယ် လိန်ရှုဝမ်၊ သေးသောက် ခုနစ်ဖော်ထဲမှာ ပါဝင်ခဲ့ဖူးသူတွေကိုချည်းပဲ သဲကြီးမဲကြီး လိုက်သတ်နေတဲ့ အချက်ရယ်၊ ကင်းမြီးကောက်ပုံပါတဲ့ ကြေးပြားထားသွားတဲ့ အချက်ရယ်က ကျင်းဟုန်ဖြစ်ကြောင်း သက်သေခံနေတယ်လေ'

'ဒါဖြင့် ကျင်းဟုန်ကို သေအောင်မသတ်ခဲ့လို့ ခုလို လိုက်ပြီး ကလဲ့စားချေနေတာပေါ့'

မိုးကြိုးလက်သီးလိန်ရှုဝမ်၏ အချက်ကျကျ အမေးစကားကြောင့် လျှပ်စီးဓားတိယန်းစင်မှာ မည်သို့ဆင်ခြေပေးရမည် မှန်းမသိဘဲ ဖြစ်သွားသည်။

တကယ်တော့ ကျင်းဟုန်ကို အသေမသတ်ချင်သောကြောင့် သူတမင် ကြံစည်ခဲ့ခြင်း ဖြစ်သည်။

ခုတော့ ထိုသို့သက်ညှာခဲ့ခြင်းက အားလုံးအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေခဲ့ပြီ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ရိုးသားဖြောင့်မှန်သော တိယန်းစင်က သူအပြစ်လွတ်အောင် ရှုန်းထွက်ဖို့မကြိုးစားဘဲ အမှန်အတိုင်း ဝန်ခံဖို့ ဆုံးဖြတ်လိုက်ကာ....

'အေးဗျာ....ခင်ဗျားအပြစ်ပြောလဲ ခံရတော့မှာပဲ၊ ကျုပ်က ညီအစ်ကိုလိုချစ်ခင်ရတဲ့ မိတ်ဆွေရင်းမို့ အသေမသတ်ဘဲ အတွင်းအားပျက်စီးရုံလောက်ပဲ ရည်ရွယ်တိုက်ခိုက်ခဲ့မိတယ်'

'အတွင်းအား ပျက်စီးရုံ ဟုတ်လား၊ ခု ဝိညာဉ်ဝယ် သူက အတွင်းအား မပျက်စီးတဲ့အပြင် ပိုပြီးတောင် ပြည့်ဝနေပါသေးလား'

'ဒါကတော့ ကျုပ်ရဲ့ညံ့ဖျင်းမှုကြောင့် ဖြစ်ပါလိမ့်မယ်၊ ညဘက်ကြီးဖြစ်နေလေတော့ ကျုပ်ဓားချက်တွေက မှန်းတဲ့ ဆီမရောက်ဘဲ အနည်းအပါး လွဲချော်သွားခဲ့ပုံရတယ်၊ ဒါကြောင့် ကျင်းဟုန် အတွင်းအားမပျက်စီးတာ ဖြစ်မယ်'



တိယန်းစင်က သူ၏ညံ့ဖျင်းမှုကို ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်သော်လည်း မိုးကြိုးလက်သီး လိန်ရှုဝမ်၏မျက်နှာက ကြည်လင်လာခြင်း မရှိချေ။

တိယန်းစင်ကိုသာ အေးစက်သော မျက်လုံးများဖြင့် ကြည့်ရင်းမှ....

'ဘာပဲဖြစ်ဖြစ် ကျင်းဟုန်ကို သေအောင် မသတ်ခဲ့တဲ့ အတွက် ခင်ဗျားမှာ အပြစ်ရှိတာတော့ အမှန်ပဲ၊ ခုဆို သူ့ကို သက်ညှာခဲ့လို့ ကျုပ်တို့မိတ်ဆွေတွေ လေးယောက်တောင် ကျဆုံးခဲ့ပြီ၊ ဒါကို ခင်ဗျား ဘာဆင်ခြေ ပေးချင်သေးလဲ'

'ဘာမှ ဆင်ခြေမပေးလိုပါဘူး လိန်ရှုဝမ်၊ ကျုပ်ညံ့ဖျင်းလို့ ရန်ကြွင်းပေါက်တို့ သေဆုံးခဲ့ရတာ အမှန်ပါ၊ ဒါပေမယ့် ဒီအတွက် ကျင်းဟုန်ကို လွှန်တယ်လို့တော့ ပြောလို့ မရပါဘူး၊ ဘာလို့လဲဆိုတော့ ကျုပ်တို့လူစုကလဲ သူ့နာကြည်းလောက်အောင် ဖန်တီးခဲ့မိကြတယ် မဟုတ်လား'

တိယန်းစင်က နောင်တတရား ရရှိသော အသံမျိုးဖြင့် ပြောလိုက်သည်။

ထိုအခါမှာတော့ မိုးကြိုးလက်သီး လိန်ရှုဝမ်က လှောင်ပြုံးပြုံးရင်း....

'ဒါဖြင့် ခင်ဗျားက ကျင်းဟုန်ရဲ့လုပ်ရပ်ကို ထောက်ခံတယ်ပေါ့ ဟုတ်လား'

'အဲဒီသဘောမျိုးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျင်းဟုန် ဒီတစ်ကြိမ်ရောက်လာရင်တော့ ကျုပ် မခုခံဘဲ ဒီအတိုင်း အသေခံလိုက်ဖို့ ဆုံးဖြတ်ပြီးပြီ'

'ခင်ဗျားရဲ့ မဟာ စိတ်ဓာတ်ကြီးကတော့ တကယ့်ကို သြချလောက်ပါပေတယ်၊ ဒါပေမယ့် ကျင်းဟုန်ရောက်လာတဲ့အချိန်မှာ ခင်ဗျားက အသက်ရှင်လျက် ရှိနေတော့မှာ မဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ ကျုပ်လက်ချက်နဲ့ ခုပဲ သေဆုံးရတော့မှာမို့ပဲ'

မမျှော်လင့်သော လိန်~ဝမ်၏စကားကြောင့် တိယန်းစင် အံ့သြလို့သွားသည်။

ထို့နောက် မိုးကြိုးလက်သီး လိန်ရှုဝမ်ကို မယုံမရဲပြန်ကြည့်၍....

'ကျုပ်ကို ခင်ဗျားက သတ်မယ်....ဟုတ်လား လိန်ရှုဝမ်'

'မှန်တယ် တိယန်းစင်၊ ခင်ဗျားကြောင့် ကျင်းဟုန်ခုလိုအသက်ရှင်ခဲ့ရတာမို့ ခင်ဗျားကို ကျုပ် ဒဏ်ခတ်တဲ့ အနေနဲ့ သတ်ပစ်ဖို့ ဆုံးဖြတ်ထားပြီးပြီ'

'ဪ....ဒီလိုလား၊ ဒါဆိုလဲ ခင်ဗျား သဘောပါပဲ၊ ဒါပေမယ့် ခင်ဗျားဆိုရင်တော့ ကျုပ်က ဒီအတိုင်း ငြိမ်ခံနေမှာတော့ မဟုတ်ဘူး'

'ရပါတယ် တိယန်းစင်၊ ကျုပ်ကလဲ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်ရတာမျိုးကိုမှ သဘောကျတဲ့သူပါ'

မိုးကြိုးလက်သီး လိန်ရှုဝမ်၏ သွေးအေးအေးနှင့် ရက်စက်ရဲသော စိတ်ဓာတ်ကို သိထားပြီးဖြစ်၍ လျှပ်စီးဓား တိယန်းစင်က စတင်လှုပ်ရှားလိုက်သည်။



ရှေးဦးစွာ ထိုင်ရာမှမထသေးဘဲ သူ့ရှေ့တွင် ရှိနေသော ကျွန်းသားစားပွဲခုံကြီးကို လက်ဝါးဖြင့်ရိုက်၍ တွန်းလွှတ်လိုက်ခြင်း ဖြစ်သည်။

'ဝုန်း'

'ဝုန်း'

'ဟိတ်'

မိုးကြိုးလက်သီး လိန်ရှုဝမ်၏ လှုပ်ရှားမှုကလည်း မြန်သည်။

ရင်ဝသို့ တိုးဝင်လာသော ကျွန်းသားစားပွဲကြီးကို ခြေဖြင့် ခတ်၍ တိယန်းစ-အား ပြန်လည် တိုက်ခိုက်လိုက်သည်။

'ဝုန်း'

'ကျွား'

တိယန်းစင်က သူ့ပေါ်သို့ ဝဲပျံကျလာသော စားပွဲကြီးကို လက်ဝါးဖြင့် ဆီးရိုက်လိုက်ရာ ကျွန်းသား စားပွဲကြီးမှာ ကျိုးကြေ၍ သွားတော့သည်။

သည်တော့မှ နှစ်ယောက်လုံး ထိုင်ရာမှထကာ လက်နက်မဲ့ တိုက်ပွဲကို စတင်လိုက်ကြသည်။

လျှပ်စီးဓား တိယန်းစင်မှာ ဓားသိုင်း ပညာရပ်တွင် ထက်မြက်လှသူဖြစ်သည်။

ယခုမူ ဓားမပါဘဲ ...သဖြင့်
မိုးကြိုးလက်-ီ ...ဲ ရှိ
နေသ-

ပို့ဆိုးသည်က လိန်ရှုဝမ်မှာ ကြာဖြူနန်းရှင် သိုင်းကျမ်းကို တတ်မြောက်ထားသော အချက်ပင် ဖြစ်သည်။

သို့ဖြစ်၍ မိုးကြိုးလက်သီးလိန်ရှုဝမ်၏ ဆန်းပြားသည်နှင့် အမျှ အဆင့်မြင့်လှသော သိုင်းကွက်များကြောင့် တိယန်းစင်မှာ တစ်စထက်တစ်စ ပို၍ အရေးနိမ့်လာခဲ့တော့သည်။

တိယန်းစင်မှာ ထိုသိုင်းကွက်များကို တစ်ကြိမ်မှ ကြုံတွေ့ဖူးခြင်း မရှိသဖြင့် သို့လော သို့လော အတွေးပွားလျက်ရှိနေသည်။

သို့ရာတွင် လိန်ရှုဝမ်၏ တိုက်ခိုက်မှုက အဆက်မပြတ်ကျရောက်နေသောကြောင့် နှုတ်မှ ဖွင့်မမေးအားဘဲ ရှိနေလေသည်။

သို့ဖြင့် တစ်ကြိမ်လျှင် လျှပ်စီးမြား တိယန်းစင်က ကြယ်ကြွေသော်လည်း မြေမကျသိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်ရာ မိုးကြိုးလက်သီးလိန်ရှုဝမ်က နောက်သို့ နှစ်လှမ်းခန့်မျှဆုတ်ကာ တိမ်းရှောင်လိုက်သည်။

ပြီးလျှင် လိန်ရှုဝမ်က ညာလက်ဝါးကို ရင်ဝသို့ ရိုက်ထုတ်ကာ ဘယ်လက်ဝါးစောင်းဖြင့် လည်မျိုကို ဖြတ်ခုတ်ချလိုက်သည်။

'ဟိတ်'

'ငှမ်း'

'ဝိုး'

**တိုက်ခိုက်မှုက** လျှင်မြန်ပြီး ခန့်မှန်းရလည်း ခက်သည်ဖြစ်၍ **တိယန်းစင် အနည်းငယ် တုန်လှုပ်သွားသည်။**



ထို့နောက် ပွတ်ကာသီကာ ရှောင်ဖို့ စိတ်မကူးတော့ဘဲ လေတွင် နောက်ကျွမ်းပစ် ခုန်ထွက်လိုက်သည်။

ထိုသို့ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားဟန် တူသော လိန်ရှုဝမ်ကလည်း တုံ့ဆိုင်းမနေချေ။ တိယန်းစင် ခုန်ထွက်သွားသည်နှင့်တစ်ပြိုင်နက် အလျားလိုက် အနေအထားဖြင့် လိုက်ခုန်ကာ လေထဲမှာပင် ခြေစောင်းဖြင့် ပတ်ကန်ပစ်လိုက်သည်။

'ဟိတ်'

'ဖြောင်း'

'အား'

'ဝုန်း'

ပညာသားပါလှသော လိန်ရှုဝမ်၏ ကန်ချက်ကို တိယန်းစင်တစ်ယောက် မည်သို့မျှ တိမ်းရှောင်နိုင်စွမ်း မရှိတော့။

ထို့ကြောင့် ပြင်းထန်သောကန်ချက်က ဝမ်းဗိုက်ကို တည့်တည့်မတ်မတ်ထိကာ တိယန်းစင်မှာ အခန်းထောင့်သို့ လွင့်ထွက်သွားတော့သည်။

အခန်းထောင့်ရှိ စားပွဲတစ်လုံးမှာ တိယန်းစင် ပြုတ်ကျလာသော အရှိန်ကြောင့် ထပ်မံ ကျိုးကြေသွားပြန်သည်။

တိယန်းစင်မှာ လိန်ရှုဝမ်၏ ကန်ချက်ကြောင့် အသက်ရှူမမှန်တော့ဘဲ မျက်လုံးများပင် ပြာဝေလို့နေသည်။

သို့သော် စိတ်ကြီးသူပီပီ ဝေဒနာကိုအန်တုလျက် ကြိုးစားပြီး ပြန်ထရပ်လိုက်သည်။ သို့ပေမယ့် သူ နောက်ကျသွားခဲ့ပြီဖြစ်သည်။

ဒယ်ိဒယိုင်ဖြင့် ပြန်ထရပ်လိုက်စဉ်မှာပင်-ပူ အနားသို့ ရောက်ရှိနေသော မိုးကြိုးလက်သီး လိန်ရှုဝမ်၏ ညာလက်ဝါးဖြင့် အားကုန်ရိုက်ချခြင်းကို ခံလိုက်ရလေတော့သည်။

'ဝှမ်း'

'ဝုန်း'

'အင့်'

သည်တစ်ကြိမ်မှာတော့ တိယန်းစင်တစ်ယောက် ပြန်ထလာနိုင်ခြင်း မရှိတော့ပါ။ လွင့်စဉ်ကျသွားရာ နေရာ၌ပင် ခေတ္တမျှလူးလှိမ့်ပြီးနောက် လုံးဝပင် ငြိမ်သက်သွားလေတော့သည်။

'ဟား....ဟား....ဟား ကျုပ်ကို ယှဉ်ဖို့ ကြိုးစားတဲ့ ပု မှန်သမျှ နောက်ဆုံး ဒီလမ်းကို သွားကြရမှာချည်းပဲ၊ ကြာဖြူနန်းရှင် သိုင်းပညာရပ်တွေကို ဘယ်သူယှဉ်လို့ ရမှာတဲ့လဲ'

မိုးကြိုးလက်သီး လိန်ရှုဝမ်က အသံကုန်ဟစ်၍ ကြွေးကြော်လိုက်သော်လည်း မိုးသံလေသံက ဖုံးလွှမ်းနေသဖြင့် ပတ်ဝန်းကျင်မှ လူများကတော့ ကြားနိုင်စွမ်းရှိမည် မဟုတ်ချေ။

ထို့နောက် လိန်ရှုဝမ်က တိယန်းစင်ကို တစ်ချက်မျှကြည့်ပြီး သူ၏ ဝါးခမောက်ကြီးကို ခေါင်းတွင် ပြန်ဆောင်းလိုက်သည်။



နောက်တော့ မိုးစက်မိုးမှုန်များ သည်းကြီးမည်းကြီး ကျနေသော အိမ်အပြင်ဘက်သို့ ခပ်အေးအေးပင် လှမ်းထွက်လို့သွားသည်။

မိုးကတော့ မူလအတိုင်းပင် ပုံမှန်ရွာသွန်း၍ ကောင်းနေဆဲ။

( ၁၂ )

တာကူမြို့ပြင်ရှိ သချိုင်းတွင်းမှ လောလောလတ်လတ် ပြုလုပ်ထားသော မြေပုံဘေးတွင် လူငယ်တစ်ယောက် ဒူးထောက် င်လျက်ရှိနေသည်။

လူရွယ်မှာ ယောကျ်ားပီသ၍ ချောမောခန့်ညားသော မျက်နှာမျိုး ရှိသော်လည်း ယခုအချိန်မှာတော့ သူ၏မျက်နှာမှာ ရွှင်ပျမှု ကင်းမဲ့လျက် မှိုင်းရော်ရီဝေ၍ နေပလာသည်။

တစ်နည်းအားဖြင့် သူ၏ မျက်နှာသွင်ပြင်က ကြေကွဲမှုတို့ ဖုံးလွှမ်းနေသော မျက်နှာမျိုး။ မှန်ပါသည်၊ ဖခင် တစ်

ယောက် သေဆုံးရသည်ဆိုမှတော့ အဘယ်သားက ပျော်ရွှင်နိုင်ပါတော့မလဲ။

ဒါကလွန်စွာ သဘာဝကျပြီး အဓိပ္ပာယ်လည်းရှိလှသည်။ မြေပုံဘေးတွင် ကြေကွဲမှုကို ရင်မှာပိုက်၍ စိတ်ပျက်လက်ပျက် ထိုင်နေသူကတော့ တခြားမဟုတ်။

သိုင်းပညာသင်ကြားရန် ထွက်ခွာသွားရာမှ ပြန်လည်ရောက်ရှိလာသော တိရှန်ဖေးပင်ဖြစ်၏။

တိရှန်ဖေးမှာ သိုင်းပညာ သင်ကြားပေးနိုင်မည့် ဆရာကောင်း ရှာမတွေ့သဖြင့် နေအိမ်သို့ပင် စိတ်ပျက်လက်ပျက်ဖြင့် ပြန်လာခဲ့မိသည်။

ယည်ရောက်တော့ ကြေကွဲဖွယ်ဖြစ်ရပ်က သူ့ကို ဆီးကြို၍ နေလေသည်။

လောကတွင် တစ်ဦးတည်းသော တွယ်တာစရာဖြစ်သည့် သူ့ဖခင်တီယန်းစင်မှာ ဝိညာဉ်ဝယ်သူလက်ချက်ဖြင့် သေဆုံးနေနှင့်သော ဖြစ်ရပ်ဆိုးပင်ဖြစ်၏။

ထို့ကြောင့် တိရှန်ဖေးမှာ ဝိညာဉ်ဝယ်သူကို ပိုမိုနာကြည်းလို့ သွားမိသည်။

ဝိညာဉ်ဝယ်သူမှာ တစ်လပြည့်မှ ထပ်မံတိုက်ခိုက်ဦးမည်ဟု ဆိုထားခဲ့ရာမှ အဘယ်ကြောင့် ပြောထားသော ရက်မစေ့ခင် လာရောက်သတ်ဖြတ်သွားခဲ့ရသလဲ။

သူ့ဖခင် တစ်လမပြည့်ခင် ထွက်ပြေးတိမ်းရှောင်သွားမှာစိုး၍ပဲလား။ ဒါကိုတော့ ကာယကံရှင် ဝိညာဉ်ဝယ်သူမှလွဲ၍ မည်သူမျှ သိနိုင်မည် မဟုတ်ချေ။



ဘာပဲဖြစ်ဖြစ် ပြောထားသော ရက်မစေ့ခင် လာရောက်သတ်ဖြတ်သွားသောကြောင့် ဝိညာဉ်ဝယ်သူကို တိရှန်ဖေး မကျေမနပ်ဖြစ်မိသည်ကား အမှန်ပင်ဖြစ်သည်။

မူလက ဖခင်အတွက် ကာကွယ်ဖို့သာ စိတ်ကူးထားခဲ့ရာမှ ခုအခါမှာတော့ ဖခင်အတွက် မဖြစ်ဖြစ်အောင် ကလဲ့စားပြန်ချေဖို့ တိရှန်ဖေး သန္နိဋ္ဌာန်ချခဲ့ပြီးဖြစ်သည်။

ထိုနည်းတူပင် ဖခင်၏ မြေပုံဘေးတွင်လည်း ထိုအချက်ကို အလေးအနက် သစ္စာဆိုခဲ့ပြီးဖြစ်ပေသည်။

သို့သော် တစ်ခုခက်နေသည်က ယခုတိုင် ဘာသိုင်းပညာမှ ဟုတ်တိပတ်တိမတတ်သေးခြင်းပင် ဖြစ်သည်။

ရွှေလှပျံ သိုင်းသမားချင်ပိုး၏ ပြောစကားအရဆိုလျှင် ဝိညာဉ်ဝယ်သူကို ယှဉ်နိုင်မည့်သူမှာ သိုင်းလောကတွင် အင်မတန်ရှားလိမ့်မည်ဟု သိရသည်။

တိတိကျကျဆိုရလျှင် သိုင်းလောကရာဇာ သုံးပါးနှင့် ဒေဝီသုံးပါးသာလျှင် ရှိသည်ဟု ဆိုသည်။

ထိုအထဲမှ အသက်ရှင်လျက်ရှိနေသေးသူက နှစ်ယောက်သာရှိတော့သည်။

ဝိညာဉ်ဝယ်သူ၏ဆရာရင်း အဆိပ်လက်သည်းဘိုးဘိုးချုန်နှင့် ကြာဖြူကန်ဘွားဘွားစီတို့ ဖြစ်သည်။

ဘိုးဘိုးချုန်က သင်မပေးနိုင်ဟု အပြတ်ပြောလွှတ်ခဲ့ပြီးဖြစ်၍ ထပ်မံစဉ်းစားဖို့မလိုတော့ပေ။

သို့ဖြစ်၍ ကြာဖြူကန်ဘွားဘွားစီထံ အသနားခံဖို့သာ ရှိတော့သည်။

သို့သော် ထိုစိတ်ကူးကလည်း စိတ်ကူးအဆင့်မှာပင် တစ်ခန်းရပ်သွားခဲ့ရချေပြီ။

အကြောင်းမူ သူ သွားအကူအညီမတောင်းရသေးခင်မှာပင် ဘွားဘွားစီမှာ ဝိညာဉ်ဝယ်သူ၏လက်ချက်ဖြင့် သေဆုံးသွားရသောကြောင့်ပင် ဖြစ်သည်။

ယခုတော့ တိရှန်ဖ ီးမှာ အားကိုးရာရှာမတွေ့ဘဲ ယောင်လည်လည်ဘဝကို ရောက်မှန်းမသိရောက်နေခဲ့ပြီဟု ဆိုနိုင်ပေသည်။

ဝိညာဉ်ဝယ်သူထက် သိုင်းပညာ သာလွန်သူများက လောကကြီးထဲတွင် မရှိကြတော့။

ရှိသည့်တစ်ယောက်ကလည်း သူ့တပည့်ကိစ္စတွင် သူဝင်မလာနိုင်ဟု ပြောင်ပြောင်တင်းတင်းဖြင့် ပြောလွှတ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ရေနစ်သူ တစ်ယောက် အဖို့တော့ ကောက်ရိုးတစ်မျှင်သည်လည်း သူ့အတိုင်းအတာနှင့် အသုံးဝင် တန်ဖိုးရှိသည်သာလျှင် ဖြစ်သည်။

သို့ဖြစ်၍ တိရှန်ဖ ီးက မျှော်လင့်ချက် ကောက်ရိုးမျှင်လေးဟု သူ့ကိုယ်သူ ပြန်အားပေးလျက် ပန်းကမ္ဘာတောင်မှ ဘိုးဘိုးချွန်ထံ ဒုတိယအကြိမ်ထပ်မံသွားရောက်ဖို့ ခိုင်မာစွာ ဆုံးဖြတ်ချက်ချလိုက်သည်။

ဘိုးဘိုးချွန်မှာ သူ့ကို ခင်မင်ရင်းစွဲရှိသည့်အားလျော်စွာ ပစ်ပစ်ခါခါ ငြင်းလွှတ်လိမ့်မည် မဟုတ်ဟုလည်း စိတ်ထဲမှ ယုံကြည်လို့နေမိသည်။



နောက်ဆုံး သင်မပေးနိုင်ဟု အပြတ် ငြင်းလွှတ်လိုက်စေဦး။

သူ့အတွက်တော့ အရှုံးမရှိ။

သည်အတိုင်း လက်မှိုင်ချပြီး ပြန်လာခဲ့ရုံသာရှိသည်။

ထိုသို့တွေးရင်း တိရှန်ဖ ီးက ဒူးထောက်နေရာမှ သွက်လက်စွာ ထရပ်လိုက်သည်။

ထို့နောက် ဖခင်၏မြေပုံကို တလေးတစားပင်ဦးညွှတ်နှုတ်ဆက်လိုက်သည်။

ပြီးသည်နှင့် တာကူမြို့ပြင်ရှိ သချိုင်းထဲမှ ခြေလှမ်းမှန်မှန်ဖြင့် လှမ်းထွက်လာခဲ့တော့သည်။

မျှော်လင့်ချက်ယုံကြည်မှုများကြောင့် တိရှန်ဖ ီး၏ သွင်ပြင်မှာ ဖျတ်လတ်တက်ကြွလျက်....

# ( ၅၃ )

ကံကြမ္မာ၏ဖန်တီးမှုကား မယုံချင်စရာကောင်းလှသည်။ တွေ့ချင်လွန်း၍ လိုက်လံရှာဖွေစဉ်က မည်သို့မျှ ရှာမတွေ့ခဲ့သော မိန်းမလှလေး ချန်ရှင်းလီကို မရှာတော့ဘဲ စိတ်လျှော့ထားချိန်ကျမှ မမျှော်လင့်ဘဲ သွားတွေ့ခဲ့သည်။

တွေ့သည့်နေရာက တာကူမြို့နှင့် လီနှစ်ရာခန့်မျှ ကွာဝေးသော ဖန်ဟိုမြို့တွင် ဖြစ်သည်။

တိရှန်ဖ ိးမှ လောလောဆယ်တွင် ဖခင်အတွက် ကလဲ့စားချေနိုင်ရေးသာလျှင် စိတ်ထဲ၌ရှိနေသဖြင့် ပတ်ဝန်းကျင်ကိုပင် ဂရုမပြုမိချေ။

ထို့ကြောင့် ဖန်ဟာမြို့ထဲသို့ ဖြတ်စီးသော ချောင်းကူး တံတားလေးမှ ခေါင်းငိုက်စိုက်ချလျက် ဖြတ်ကျော်ခဲ့စဉ်မှာ ပင်....

'တီရှန်ဖ'း'

ကြည်လင်ချိုသာသော နှုတ်ခွန်းဆက်သံကြောင့် ဆတ်ခနဲ ခေါင်းထောင်သွားမိသည်။

သူ့ကိုနှုတ်ဆက်လာသူက တိတ်တခိုး မြတ်နိုးခဲ့ရသည့် ချန်ရှင်လီ ဖြစ်နေသဖြင့် တီရှန်ဖ'းမှာ သောကတို့ပင် ခေတ္တ မေ့လျော့သွားကာ ကြည်နူးပျော်ရွှင်၍ သွားလေသည်။

'ချန်ရှင်းလီ၊ မင်း....မင်း ဘယ်လိုက ဘယ်လိုလုပ်ပြီး ဒီမြို့ကိုရောက်နေတာလဲ'

'ကျွန်မကိုတော့မေးတယ် ရှင်ကျတော့ရော ဘာကြောင့် ရောက်လာတာလဲ'

'ငါက ကိစ္စရှိလို့ပေါ့'

'ဒါဆို ကျွန်မကလဲ ကိစ္စရှိလို့ပေါ့ရှင်'

ချန်ရှင်းလီက ချစ်စဖွယ်ပြုံး၍ပြန်ဖြေသည်။ ထို့ကြောင့် တီရှန်ဖ'းက ရောယောင်ပြုံးလိုက်ကာ....

'မင်းနဲ့ပြိုင်ပြီးစကားပြောရင်တော့ ငါပဲရှုံးမှာ သေချာတယ်၊ ကဲ....တံတားလယ်ခေါင်ကြီးမှာ ရပ်စကားပြောနေရတာ မကောင်းပါဘူး၊ ဟောဟိုအစွန်နားမှာ သွားထိုင်ပြီး ပြောကြတာပေါ့၊ အောက်ကရေကြည်ကြည်လေးတွေကြည့်ပြီး စကားပြောရတော့ ရင်လဲအေးတာပေါ့'



'ဒီထက် ရင်အေးချင်ရင်လဲပြောပါ၊ ကျွန်မရှင့်ကိုချောင်းထဲ တစ်ခါတည်း တွန်းချပေးလိုက်မယ်'

ချန်ရှင်းလီက တရင်းတနှီး နောက်လိုက်သောကြောင့် တီရှန်ဖ'းက ပခုံးတွန့်ပြလိုက်ကာ....

'အဲဒီလိုတော့မလုပ်လိုက်ပါနဲ့ ချန်ရှင်းလီရာ၊ ငါကလုံးဝ ရေကူးတတ်တာ မဟုတ်ဘူး'

'အလကားစတာပါရှင်၊ ရှင့်ကိုဘယ်သူကမှ တကယ်တွန်းမချပါဘူး'

'ကဲ....ဒါဆို ဟောဟို အစွန်းထွက်နေတဲ့ တံတားလက်တန်းပေါ်မှာ ထိုင်ကြရအောင်'

'ရှင့်သဘောပါပဲ'

ထို့နောက် သူတို့နှစ်ဦး ချောင်းကူးတံတား၏လက်တန်းပေါ်တွင် တက်ထိုင်လိုက်ကြသည်။

ပြီးလျှင် သိချင်စိတ် ပြင်းပြနေသော တီရှန်ဖ'းက မအောင့်အည်းနိုင်တော့ဘဲ စတင်၍ မေးခွန်း ထုတ်လိုက်မိသည်။

'ဒါထက် မင်းငါ့ကို ဘာကြောင့် ညာရသွားတာလဲ ချန်ရှင်းလီ'

'ရှင်....ကျွန်မကညာတယ်ဟုတ်လား၊ ပြောပါဦး၊ ကျွန်မက ဘာတွေများ လိမ်ညာခဲ့မိလို့လဲ'

'ဟန်ချင်းရွာမှာနေတယ်ဆိုတာလေ၊ အဲဒီရွာကို ငါရောက်ခဲ့ပြီးပြီ၊ မင်းကို ရှာမတွေ့ဘူး'

'ကျွန်မကို ရှာမတွေ့ဘူးဟုတ်လား၊ မဟုတ်သေးပါဘူးရှင်၊ ဒါထက်ရှင်က တစ်ရွာလုံးကို တစ်အိမ်တက်ဆင်းလျှောက်လိုက်ရှာကြည့်လို့လား'

ချန်ရှင်းလီက ပြန်မေးသည်။

တိရှန်ဖီးက ခေါင်းကို သွက်သွက်ခါယမ်းလိုက်သည်။

'အဲဒီလိုတော့ ကြည့်လို့ဘယ်ဖြစ်ပါ့မလဲ၊ မင်းတို့ရွာကလူတွေက ငါ့ကို ဝိုင်းရိုက်လွှတ်မှာပေါ့၊ ဒါပေမယ့် ရွာထိပ်က ယာသမားကြီးတစ်ယောက်ကိုတော့ ငါအသေအချာဝင်မေးကြည့်တယ်'

'ဒီတော့ သူက ဘာပြောသလဲ'

'ဟန်ချင်းရွာမှာ ချန်ရှင်းလီဆိုတဲ့ မိန်းကလေး လုံးဝမရှိဘူးတဲ့၊ ကဲ....မင်းဘာပြောချင်သေးလဲ'

တိရှန်ဖီးက ခပ်ပိုင်ပိုင်မေးရင်း ချန်ရှင်းလီ၏ မျက်နှာလေးကို စေ့စေ့ကြည့်လိုက်သည်။

သူ့စိတ်ထဲတွင် ချန်ရှင်းလီ မျက်နှာပျက်နေလိမ့်မည်ဟု မျှော်လင့်ထားသော်ငြား တကယ်တမ်းမှာတော့ သူ ထင်ထားသလိုဖြစ်မလာ။

ချန်ရှင်းလီက သူ့ကို ပြုံးတုံ့တုံ့ဖြင့် ပြန်ကြည့်ရင်းမှ....

'အဲဒီလို ဖြစ်လိမ့်မယ်လို့ ကျွန်မ အစကတည်းက ထင်ထားပြီးသားပါ'

'မင်းက ဘာကိုထင်ထားတာလဲ'



'ရှင်ရောက်လာရင် သူတို့ လိမ်ပြောကြလိမ့်မယ်ဆိုတာကိုပေါ့'

'လိမ်ပြောတယ် ဟုတ်လား၊ ငါနဲ့တွေ့တဲ့ ယာသမားကြီးက ညာပြောလိုက်တာလို့ မင်းက ဆိုလိုချင်တာလား'

'သိပ်မှန်တာပေါ့ရှင်၊ ကျွန်မတို့က ဟန်ချင်းရွာမှာ နေတယ်ဆိုပေမယ့် တစ်ရွာလုံးကကျွန်မတို့သားအဖကို ကြည်ဖြူတာ မဟုတ်ဘူး၊ အထူးသဖြင့် လူကန့်လန့်ဖြစ်တဲ့ ဖေဖေ့ကို သူတို့က ပိုပြီးမုန်းကြတယ်၊ ကျွန်မတို့သားအဖကလဲ တစ်ရွာလုံးကို ဆေးဖော်ကြောဖက် လုပ်လေ့မရှိဘူး၊ ဒါကြောင့် တစ်ရွာတည်းမှာ တူတူနေပေမယ့် ကျွန်မတို့ သားအဖက တသီးတခြားလို ဖြစ်နေတယ်လေ'

ချန်ရှင်းလီက စကားကိုခဏရပ်၍ သက်ပြင်းလေးကို ချသည်။

ပြီးမှ တစ်ဖန် ပြန်၍....

'ဒါကြောင့် ကျွန်မတို့ဆီလာတဲ့ ဧည့်သည်ဖြစ်တဲ့ရှင့်ကိုလဲ အရူးလုပ်လွှတ်လိုက်ကြတာပေါ့၊ ဒီရွာက လူကြီးတစ်ယောက်က အတည်ပေါက်နဲ့ပြောတာဆိုတော့ ရှင်သံသယရှိမှာမဟုတ်ဘူးလို့ သူတို့ သိထားကြမှာပေါ့လေ'

'အင်း....ဒါဆိုရင်တော့ ငါ စွပ်စွဲမိတာကို ပြန်ရုပ်သိမ်းပါတယ် ချန်ရှင်းလီ၊ ငါ မသိလို့ ပြောမိတာကို ခွင့်လွှတ်ပါ'

တိရှန်ဖီးက မျက်နှာပူပူဖြင့် ချန်ရှင်းလီကိုတောင်းပန်လိုက်မိသည်။

လောကအာလယ်တွင် အဖော်အပေါင်း ကင်းမဲ့လျက် အထီးကျန်ဆန်နေရှာသော ချန်ရှင်းလီကိုလည်း စိတ်ထဲမှ အထူးပင် ကရုဏာသက်သွားသည်။

ချန်ရှင်းလီကမူ အားမပါသောအပြုံးမျိုးလေးပြုံး၍....

'ရပါတယ်ရှင်၊ ရှင်နဲ့ကျွန်မနဲ့က စကားလွန်လို့ တောင်းပန်နေရမယ့်သူတွေ မဟုတ်ပါဘူး၊ ဒါထက် ရှင့်ဖေဖေ ဦးကြီး တိယန်းစင်ကော နေကောင်းတယ် မဟုတ်လား'

'မင် မေးခွန်းကို ဘယ်လို ပြန်ဖြေရမယ်မှန်းတောင် မသိတော့ဘူး'

'ရှင့်စကားက အဆန်းပါလား'

'ဆန်းဆို ကိုယ့်အဖေက လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပဲ ဝိညာဉ်ဝယ်သူလက်ချက်နဲ့ သေဆုံးသွားခဲ့ပြီလေ'

'ရှင်'

သူ့စကားအဆုံးတွင် ချန်ရှင်းလီ၏ မျက်လုံးဝိုင်းဝိုင်းလေးမှာ ပြူးကျယ်ပိုင်းစက်သွားသည်။

နောက်တော့ မည်သို့မျှ မယုံကြည်နိုင်သော အမူအရာမျိုးဖြင့်....

'ဦးကြီး တိယန်းစင် အသတ်ခံလိုက်ရပြီ ဟုတ်လား တိရှန်ဖိုး'

'ဟုတ်တယ်....ချန်ရှင်းလီ၊ ဝိညာဉ်ဝယ်သူရဲ့ လက်ချက်နဲ့ ကိုယ့်အဖေ သေဆုံးသွားခဲ့ပြီ'

'ဝိညာဉ်ဝယ်သူလက်ချက် ဟုတ်လား'

တိရှန်ဖိုးက ခေါင်းညိတ်ပြလိုက်ရင်းမှ....



'ဝိညာဉ်ဝယ်သူက ကိုယ့်အဖေကို ကြေးပြားလေး ပေးသွားခဲ့တာတော့ ကြာပါပြီ၊ တစ်ကြိမ်ကလဲ တိုက်ခိုက်ဖို့ ကြိုးစားခဲ့သေးတယ်၊ ဒါပေမယ့် ဘိုးတိုးချွန်ပေးထားတဲ့ ကျောက်စိမ်းဆွဲပြားကိုတွေ့ပြီး သူ နောက်ဆုတ်သွားခဲ့တယ်၊ နောက်ဆုတ်တယ် ဆိုတော့ ပြီးပြတ်သွားတဲ့ သဘောမျိုးတော့ မဟုတ်ဘူး၊ နောက်တစ်လပြည့်ရင် တစ်ကြိမ်လာပြီး တိုက်ခိုက်ဦးမယ်လို့ ကိုယ်တို့ သားအဖနှစ်ယောက်ကို အတိအလင်း အသိပေးသွားခဲ့တယ်၊ နောက် တစ်လမပြည့်ခင်မှာဘဲ ကိုယ့်အဖေကို လာသတ်သွားခဲ့ပြီ'

'ဟုတ်ပါ့မလားရှင်၊ သူက တစ်လ အချိန်ပေးထားပြီး ရက်မစေ့ခင် တိုက်ခိုက်ဖို့ ကြိုးစားပါ့မလား၊ ဒီပြင် တစ်ယောက်ယောက်က ပုံမှားရိုက်ပြီး ဝင်သတ်သွားတာမျိုး ဖြစ်ချင်ဖြစ်နေပါ့မယ်'

ချန်ရှင်းလီက မျက်မှောင်လေးကြုတ်လျက် တွေးတွေးဆဆဖြင့် ပြောလိုက်သည်။

သို့သော် ဝိညာဉ်ဝယ်သူအပေါ် ပြင်းစွာ နာကြည်းနေသော တိရှန်ဖိုးကတော့ ထိုစကားကို လက်ခံလိုခြင်း မရှိချေ။

'ကိုယ်ကတော့ ဝိညာဉ်ဝယ်သူ လက်ချက်ပဲ ဖြစ်မယ်လို့ တစ်ထစ်ချ ယူဆမိတယ်၊ ဒီပြင်လူတစ်ယောက် ဝင်သတ်သွားတယ်လို့ဆိုရအောင် ကိုယ့်အဖေမှာ ဒီပြင် ရန်သူ ဟုတ်တိပတ်တိ ရှိတာမှ မဟုတ်တာ'

'ရန်သူဆိုတာ ချုပါတာမျိုးမှ မဟုတ်ဘဲရှင်၊ ဦးကြီးက မသိပေမယ့် ကျိတ်ပြီး ရန်ငြိုးဖွဲ့တဲ့သူလဲ ရှိတော့ ရှိနိုင်တာပဲ၊ ဒါထက် ဦးကြီး အသတ်ခံရတဲ့ အချိန်မှာ ရှင်က အိမ်မှာ ရှိမနေဘူးလား'

ချန်ရှင်းလီက သိချင်သလို မေးလိုက်သည်တွင် တိရှန်ဖ ီးက ခေါင်းငိုက်စိုက်ကျသွားရင်းမှ....

'ကိုယ် အဲဒီအချိန်က အိမ်မှာ ရှိမနေဘူး ချန်ရှင်းလီ၊ အဆင့်မြင့် သိုင်းပညာရပ်တွေ သင်ကြားဖို့အတွက် မြို့တကာနယ်တကာလှည့်ပြီး ဆရာလိုက်ရှာကောင်းနေတုန်းပေါ့'

'ဖြစ်မှဖြစ်ရလေရှင် ဒါထက် ရှင်တွေ့ချင်တဲ့ ဆရာကောင်းနဲ့ရော တွေ့ခဲ့ရဲ့လား'

'မတွေ့ခဲ့ပါဘူး ချန်ရှင်းလီရာ၊ များသော အားဖြင့် ထိပ်တန်းသိုင်းပညာရှင်ဆိုတဲ့သူတွေက ဝိညာဉ်ဝယ်သူကို ယှဉ်နိုင်မယ့် ပုံမျိုးမရှိကြဘူး၊ ဒါကြောင့် ကိုယ်ဆုံးဖြတ်ချက်ချလိုက်ပြီ၊ ပန်းကမ္ဘာတောင်က သိုင်းရာဇာကြီး ဘိုးဘိုးချန်ဆီကိုသွားပြီး တပည့်ခံသွားတော့မယ်'

'သိုင်းရာဇာကြီး ဘိုးဘိုးချန်က ရှင့်ကိုတပည့်အဖြစ်လက်ခံမယ်လို့ ဘယ်တုန်းက ပြောလို့လဲ'

ချန်ရှင်းလီစကားကြောင့် တိရှန့်ဖ ီး အိုးတိုးအတ ဖြစ်သွားသည်။

နောက်ဆုံးမှာ ခပ်တည်တည်ဖြင့်...



'ဘာပဲဖြစ်ဖြစ်လေ ကိုယ့်အတွက်ကတော့ အရှုံးမရှိပါဘူး နောက်ဆုံး ဘိုးဘိုးချန်က သင်မပေးနိုင်ဘူးလို့ ပြောလွှတ်လိုက်ရင်လဲ အရင်းပဲပေါ့ မဟုတ်ဘူးလား'

'အင်း... ရှင့်တွက်ကိန်းကလဲ ဟုတ်တော့ဟုတ်သား'

ချန်ရှင်းလီက ပြောရင်းသဘောကျသွား ဟန်ဖြင့် ရယ်သည်။ ရယ်လျှင် ပိုလှသဖောင် ထင်မှတ်ရသော ချန်ရှင်းလီကို ငေးကြည့်နေရင်းမှပင် တိရှန့်ဖ ီး တစ်စုံတစ်ခုကို သတိရသွားသည်။

'ဪ... ဒါထက် ချန်ရှင်းလီကို ဝမ်းသာစရာ စကားတစ်ခွန်း ပြောရဦးမယ်'

'ဘာများပါလိမ့်ရှင်'

'တခြားတော့ မဟုတ်ပါဘူး၊ ဝိညာဉ်ဝယ်သူ လက်ချက်နဲ့ ကျားညီနောင် သေဆုံးသွားပြီဆိုတဲ့ သတင်းပေါ့'

'ဟင်... ဟုတ်လား၊ ဒီသတင်းကတော့ အဝ်မတန်မှ ဝမ်းသာစရာကောင်းတဲ့ သတင်းပဲပေါ့ရှင်၊ ဒါမှ ကျွန်မတို့ကို နောက်တစ်ကြိမ်ဒုက္ခ မပေးနိုင်တော့မှာ'

'ဟုတ်တယ်....ဒီအတွက်တော့ ဝိညာဉ်ဝယ်သူကိုကျေးဇူးတင်ရမယ်၊ ဒါပေမယ့် ကိုယ့်အဖေအတွက်တော့ ကလဲ့စားပြန်ချေမှ ဖြစ်လိမ့်မယ်'

တိရှန့်ဖ ီးက ဆုံးဖြတ်ထားသော လေသံမျိုးဖြင့် ဆိုလိုက်ရာ ချန်ရှင်းလီက နားလည်မှုရှိဟန်ဖြင့် ခေါင်းညိတ်သည်။

ပြီးမှ....

'ကဲပါရှင်....ပန်းကမ္ဘာတောင်ကို သွားတာလဲသွားပေါ့၊ ဒီတစ်နေ့တော့ ကျွန်မနေတဲ့ဆီကို လိုက်လည်ပါဦး'

'မင်းနေတဲ့ဆီဆိုတာက ဟန်ချင်းရွာကို ပြောတာလား'

'မဟုတ်ပါဘူးရှင်၊ ခုလောလောဆယ်မှာ ကျွန်မနေတာက ဒီမြို့ပြင် တောအုပ်ထဲက ဂူကြီးထဲမှာပါ၊ ဘာကြောင့် တောထဲကကျောက်ဂူမှာ လာနေရတာလဲလို့တော့ ကျွန်မကို မေးခွန်းမထုတ်နဲ့ဦး၊ အဲဒီကို ရောက်တော့မှ ဒီအကြောင်းတွေကို အေးအေး ဆေးဆေးနဲ့ ပြည့်ပြည့်စုံစုံ ရှင်းပြမယ် ဟုတ်လား'

'ကောင်းပါပြီ ချန်ရှင်းလီ၊ မင်းက မမေးနဲ့ဆိုမှတော့ ငါမေးဖို့ မကြိုးစားတော့ပါဘူး၊ ကဲ....အဲဒီကျောက်ဂူဆီကို ကိုယ်တို့ ခုပဲသွားကြတာပေါ့'

ပြောပြီးသည်နှင့် တိရှန်ဖီးက အလျင်ထရပ်လိုက်သည်။

နောက်တော့ ချန်ရှင်းလီနှင့် အတူ ချောင်းကူးတံတားကို ကျော်ဖြတ်၍ မြို့ပြင်ဘက်သို့ လျှောက်လာခဲ့ကြသည်။

စကားအတော်ကြာကြာ ပြောလိုက်ရ၍လားတော့ မသိ။

ချန်ရှင်းလီမှာ နောက်ထပ် စကားမဆိုတော့ဘဲ ထူးထူးခြားခြား နှုတ်ဆိတ်၍ နေလေသည်။

ထို့ကြောင့် တိရှန်ဖီးကလည်း အလိုက်တသိဖြင့် ငြိမ်၍သာ ယှဉ်တွဲလျှောက်လာခဲ့သည်။

မြို့ပြင်တောအုပ်ကား မဝေးလှတော့။

( ၃၄ )

ချန်ရှင်းလီ နေထိုင်လျက် ရှိသော ကျောက်ဂူကြီးမှာ အတော်ပင် ကြီးမားသော ကျောက်ဂူကြီး တစ်ခုဖြစ်သည်။

အထဲတွင် ကျယ်ဝန်းမှုရှိနိုင်သည်ကို ဂူပြင်မှ ကြည့်ရုံမျှဖြင့်ပင် ကောင်းစွာသိသာလှပေသည်။

'ဒါ မင်းလက်ရှိနေနေတဲ့ ကျောက်ဂူလား ချန်ရှင်းလီ'

'ဟုတ်တယ် တိရှန်ဖီး၊ ဘယ့်နှယ်လဲ ရှင်သဘောကျတယ် မဟုတ်လား'

'ကျောက်ဂူကတော့ အတော်ကျယ်ဝန်းပြီး ခိုင်ခိုင်ခံ့ခံ့လဲ ရှိပုံရပါတယ်၊ ဒါပေမယ့် ကိုယ်ကတောတွင်းသား တစ်

ယောက် မဟုတ်လေတော့ ကျောက်ဂူမှာ ကြာရှည်နေလို စိတ် မရှိတာတော့ အမှန်ပဲ'

တိရှန်ဖီး၏ အဖြေစကားအဆုံးတွင် မိန်းမလှလေး ချန်ရှင်းလီက ချစ်စဖွယ် ပြုံးသည်။

ပြီးမှ....

'ရှင်ပြောတာ မှန်ပါတယ်ရှင်၊ ကျွန်မကလဲ ဒီကျောက်ဂူထဲမှာ တစ်သက်လုံးနေသွားဖို့ မရည်ရွယ်ပါဘူး၊ အကြောင်းကိစ္စတစ်ခုရှိလို့ ယာယီနေနေတဲ့ သဘောပါ'

'ယာယီနေဖို့အတွက်ဆိုရင်တော့ဒီကျောက်ဂူက နေပျော်ပါတယ်လေ၊ ဒါ ကြောင့် အကြောင်းကိစ္စရှိတယ်ဆိုတာက....'

'ဒီလောက် လောကြီးမနေပါနဲ့ရှင်၊ ကျောက်ဂူထဲကျတော့မှ ဒီအကြောင်းတွေကို အေးအေးဆေးဆေးရှင်းပြပါ့မယ်'

ချန်ရှင်းလီ၏ တုံ့ပြန်စကားကြောင့် တိရှန်ဖီးကထပ်မံမေးမြန်းဖို့ မကြိုးစားတော့ဘဲ ကျောက်ဂူထဲသို့လှမ်းဝင်ခဲ့သည်။

ချန်ရှင်းလီမှာ သူနှင့် တူတူယှဉ်တွဲလာရင်းမှ ခြေလှမ်းနှုန်းကိုလျှော့၍မသိမသာ နောက်တွင် ချန်ရစ်နေခဲ့သည်။

ထိုအဖြစ်ကို တိရှန်ဖီးက သတိမထားမိဘဲ ဂူထဲသို့သာ ခပ်သွက်သွက် တို ဝင်ခဲ့သည်။

အတော်ဝင်မိပြီးအချိန်ကျမှ တိရှန်ဖီးက သူနှင့်အတူ ချန်ရှင်းလီ ကပ်ပါလာသည်ဟု ထင်မှတ်ကာ...

'ကျောက်ဂူအထဲက ကိုယ်ထင်ထားတာထက်တောင် ပိုပြီး သပ်ရပ်နေသေးတယ်'



လှည့်မကြည့်ဘဲ ပြောလိုက်မိသည်။

ထို့နောက် ချန်ရှင်းလီထံမှ စကားသံ ထွက်ပေါ်လာခြင်းမရှိသဖြင့် စိတ်ထဲ စနိုးစနောင့်ဖြစ်သွားကာ ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။

ထိုအခါမှတော့ ကျောက်ဂူပြင်သို့ ပြန်ရောက်နေသော ချန်ရှင်းလီကို တွေ့လိုက်ရသဖြင့်....

'ဟင်....မင်းကဘာဖြစ်လို့ ဂူပြင်ကို ပြန်ထွက်သွားရတာလဲ ချန်ရှင်းလီ'

နာ မလည်နိုင်သလို လှမ်း မေးလိုက်သည်။

သို့သော် ချန်ရှင်းလီက နှုတ်ဖြင့် ပြန်မဖြေ။

ဂူပြင်ကျောက်သားတစ်နေရာကိုသာ လက်ဖြင့်လှမ်းနှိပ်ချလိုက်သည်။

ထို့နောက်မှာတော့ ဂူအမိုးတစ်နေရာမှ သံဆန်ခါကြီးတစ်ချပ်က ရုတ်တရက် ပြုတ်ကျလာကာ ဂူပေါက်ဝကို ခိုင်မာစွာ ပိတ်ဆို့ပြီး ဖြစ်သွားလေတော့သည်။

'ဂျိမ်း....'

'ဝုန်း...'

'ဟင်....'

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် တိရှန်ဖီးမှာ တဒင်္ဂမျှ တွေဝေလို့သွားမိသည်။

နောက်တော့ ချက်ချင်းသတိပြန်ဝင်လာပြီး ဂူပေါက်ဝဆီသို့ ပြေးကာ သံဆန်ခါတံခါးကြီးကို လက်နှစ်ဖက်ဖြင့် ဆွဲကိုင်လှုပ်ကာ ကြည့်လိုက်သည်။

သို့သော်ခိုင်ခံ့လွန်းသောသံဆန်ခါကြီးကတော့သူ့အား ကို မှုပင်မမှုချေ။

သည့်တော့မှ တိရှန်ဖီးက ဂူပြင်ကွင်းရှိနေသော ချန်ရှင်းလီကို အံ့ဩစိတ်ဖြင့် ကြည့်ရင်း လှမ်းမေးလိုက်မိသည်။

'ချန်ရှင်းလီ၊ မင်းဘယ်လိုလုပ်လိုက်တာလဲ'

'ဒါကို ခုလောလောဆယ်မှာတော့ ကျွန်မ ပြန်မဖြေနိုင်သေးဘူး....တိရှန်ဖီး၊ တစ်နေ့ကျရင်တော့ ကျွန်မပြန်ဖြေနိုင်အောင် ကြိုးစားပါ့မယ်၊ ကဲ....ကျွန်မသွားတော့မယ်'

'ဟေ့....နေဦးလေ....ချန်ရှင်းလီ၊ ဟေး....ချန်ရှင်းလီ'

တိရှန်ဖီးက လှမ်းခေါ်သော်လည်း ချန်ရှင်းလီကတစ်ချက်မျှ ပြန်မလှည့်ကြည့်တော့။

တည်ငြိမ်သော ခြေလှမ်းများဖြင့် ကျောက်ဂူအရှေ့မှ ကျောခိုင်း၍ ထွက်ခွာသွားတော့သည်။

ထိုမြင်ကွင်းကိုကြည့်ပြီး တိရှန်ဖီးမှာ စိတ်ပျက်လက်ပျက် ဖြစ်သွားကာ ထိုနေရာမှပင်ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည်။

ဆန်းပြားလွန်းသော ချန်ရှင်းလီ၏ အပြုအမူအတွက် မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်နေမိသည်။

တကယ်တော့ ချန်ရှင်းလီနှင့်သူက ရန်သူတွေမဟုတ်။ ပြောမည်ဆိုလျှင် မိတ်ဆွေအဆင့်ထက်ပင် အများကြီးပို ပေသေးသည်။



ချန်ရှင်းလီကို ပွင့်ပွင့်လင်းလင်း ဖွင့်မပြောရသေးသော်လည်း သူ့ရင်ထဲမှာတော့ ချန်ရှင်းလီအပေါ် ခင်တွယ်နေမိပြီ ဖြစ်သည်။

ထိုနည်းတူပင် ချန်ရှင်းလီကလည်း သူ့အပေါ် ခင်တွယ်စိတ်ရှိနေလိမ့်မည်ဟု မျှော်လင့် ယုံကြည်ထားခဲ့သည်။

ယခုတော့ ထိုမျှော်လင့်ချက်၊ ယုံကြည်ချက်ကို ပြောင်းလဲပစ်ရတော့မလို ဖြစ်နေချေပြီ။

သူ့အပေါ် ခင်တွယ်စိတ်သာရှိရိုးမှန်လျှင် ချန်ရှင်းလီအနေဖြင့် ယခုလို ဖမ်းဆီးပစ်ခဲ့စရာ လုံးဝ အကြောင်းမရှိချေ။

ချန်ရှင်းလီ၏ လုပ်ရပ်ကား စဉ်းစားမရနိုင်လောက်အောင်ကို ပဟေဠိဆန်လွန်းလှသည်။

အဲ....ချန်ရှင်းလီ နောက်ဆုံး ပြောသွားတာ တစ်ခုတော့ ရှိသည်။

တစ်နေ့ကျရင် ရှပ် မေးတာတွေကို ပြန် ဖြေနိုင်အောင် ကျွန်မကြိုးစားပါ့မယ်တဲ့၊ အဲဒီတစ်နေ့ဆိုတာက ဘယ်သာ အခါမှ ရောက်လာမှာလဲ။

အဲဒီနေ့မရောက်ခင် သူ သေဆုံးသွားခဲ့ရင်ကော။

ဒါက ဘယ်လိုမှ ပြောလို့ရတာမဟုတ်။

ဤကျောက်ဂူထဲမှာ အစာမစားဘဲ တစ်ပတ်ထက် ပိုပြီး နေနိုင်လိမ့်မည် မဟုတ်ဟု သူထင်သည်။

တစ်ပတ်အတွင်း ချန်ရှင်းလီ ပြန်မရောက်ခဲ့ဘူးဆိုလျှင်တော့ သူ့ရှေ့ရေးက တွေးရဲစရာပင် မရှိချေ။

သို့သော် ခုအခြေအနေ ရောက်မှတော့ စိတ်ပျက်နေ၍လို့လည်း ဘာမှ ထူးလာမည်မဟုတ်။

သည်တော့ ယောကျ်ားကောင်း ပီပီ တွေ့ကြုံလာရသမျှ အကောင်းအဆိုး မှန်သမျှကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ဖို့သာ ရှိတော့သည်။

ထိုသို့တွေးရင်း တိရစ္ဆာန်ဖီးမှာ အားအင်များ ပြန်လည်ပြည့်ဝလာသလို ခံစားလိုက်ရသည်။

နောက်တော့ တိရစ္ဆာန်ဖီးက ထိုင်ရာမှထကာ ဂူအတွင်းသို့ ပြန်လျှောက်ဝင်ခဲ့သည်။

ထိုအခါမှာတော့ ဂူထောင့် တစ်နေရာတွင် စနစ်တကျ စုပုံထားသော စားသောက်ဖွယ်ရာများကို အံ့သြဖွယ် တွေ့မြင်လိုက်ရတော့သည်။

စားသောက်ဖွယ်ရာများကား တစ်ရက် နှစ်ရက်နှင့် မပုပ်သိုးနိုင်သော စားသောက်ဖွယ်ရာများပင် ဖြစ်သည်။

ငါးခြောက်ခြမ်းကြီးများ၊ အမဲခြောက်များနှင့် ဝက်အူချောင်းများ။

ထို့ပြင် သစ်ဥ သစ်ဖု အတော်တော်များများလည်း ပါသေးသည်။

ဤ အစားအသောက်များမှာ သူတစ်ယောက်တည်းသာ ပုံမှန် စားသောက်သွားမည်ဆိုလျှင် တစ်လနှင့်ပင် ကုန်သွားမည့်ပုံ မရှိ။

ဤ အစား အသောက်များမှာ ချန်ရှင်းလ စုဆောင်းထားသော အစားအသောက်များပင် ဖြစ်ပေလိမ့်မည်။



သို့ဖြစ်သောကြောင့် စဉ်းစားဖို့ အကြောင်းက ပေါ်လာပြန်ချေပြီ။

သူ့ကို ဤ ကျောက်ဂူထဲတွင် အစာငတ် ရေငတ်မဖြစ်လေအောင် ချန်ရှင်းလက ကြိုတင် စီစဉ်ထားခဲ့ခြင်းမပေလား။

ထိုသို့ ယူဆနိုင်စရာ အကြောင်းရှိသည်။

သို့ဖြစ်ပါက ချန်ရှင်းလကို သူ နာကြည်း၍ မဖြစ်တော့။

## ( ၅၅ )

အဘယ်ကြောင့်ဆိုသော် သူ့ကို သေစေလိုသောဆန္ဒဖြင့်သာ ချုပ်နှောင်ထားခဲ့ခြင်းဖြစ်လျှင် ယခုကဲ့သို့ စားသောက်ဖွယ်ရာများ ထည့်ပေးထားခဲ့မည်မဟုတ်ချေ။ သေချင်သေ သည်အတိုင်းထားရစ်ခဲ့မည်သာ ဖြစ်သည်။ ယခုမူ အစားအသောက်များထည့်ပေးထားခြင်းကိုထောက်ရှု၍ သေစေလိုသောဆန္ဒ မရှိကြောင်းထင်ရှား၍ နေချေပြီ။

သို့ဆိုလျှင် သူ့ကို ကျောက်ဂူထဲ၌ ဘာကြောင့် ပိတ်လှောင်ထားခဲ့ရသလဲ။

ဒါကတော့ သည့်ပြင်အကြောင်းကိစ္စတစ်ခုရှိ၍ ဖြစ်ပေလိမ့်မည်။

ထိုအကြောင်းကိုတော့ သူလည်း မည်သို့မျှ ခန့်မှန်း၍ မကြည့်တတ်။

ချန်ရှင်းလ ီနှုတ်မှ ဖွင့်ရှင်းပြမှသာလျှင် အကြောင်းစုံ သိရမည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ တိရှန်ဖ ီးမှာ စောစောကထက်စာလျှင်တော့ ရင်ထဲ ကျေနပ်သလို ဖြစ်သွားမိတာ အမှန်ပင် ဖြစ်သည်။

ထိုသို့ ကျေနပ်သွားမိခြင်းမှာ ကျောက်ဂူထဲတွင် စားသောက်ရန် အစားအသောက်များ တွေ့လိုက်ရ၍ဟုဆိုလျှင် မှန်သင့်သလောက် မှန်သော်လည်း ပြည့်စုံဦးမည် မဟုတ်ချေ။

ထိုထက်ပို၍ ကျေနပ်သွားစေသည့်အချက်ကတော့ သူ့အပေါ် မရက်စက်လိုသော ချန်ရှင်းလ ီ၏ ရင်ထဲမှသံယောဇဉ်ကို နားလည်ခွင့်ရလိုက်သောကြောင့်ပင် ဖြစ်သည်။

ချန်ရှင်းလ ီမှာ မလွဲသာသောအကြောင်းတစ်ခုကြောင့်သာ သူ့ကို ခုလို ပိတ်လှောင်သွားခြင်း ဖြစ်မည်။ သူ့တစ်စုံတစ်ခု အန္တရာယ် ဖြစ်မည်ကိုတော့ လိုလားဟန်မတူချေ။

ထိုအချက်ကို တစ်လစာ အစားအသောက်များ ထည့်ပေးထားသောအချက်က သက်သေခံ၍နေပေသည်။



ထိုသို့တွေးရင်း တိရှန်ဖ ီးမှာ ပျော်သွားသဖြင့် လောလောဆယ် ပိတ်လှောင်ခံထားရသည့်အဖြစ်ကိုပင် မေ့လျော့၍ သွားလေသည်။

ထို့နောက် တိရှန်ဖ ီးက ဘာရယ်မဟုတ်ဘဲ ကျောက်သားနံရံကို လက်ဝါးဖြင့် ပုတ်လိုက်မိသည်။

သူပုတ်လိုက်သောနေရာမှာ လျှို့ဝှက်ခလုတ်တပ်ဆင်ထားသောနေရာ ဖြစ်ပုံရသည်။

အကြောင်းမူ သူ့လက်ဝါးဖြင့်ပုတ်ပြီးသည်နှင့် ကျောက်သားနံရံမှာ အက်ကြောင်းထင်လာပြီးနောက် လူတစ်ယောက်ဝင်သာသော အပေါက်တစ်ခု ရုတ်တရက်ပေါ်လာခြင် ဖြစ်သည်။

'ဟင်....'

တိရှန်ဖ ီးမှာ အဘဲတွင် ဂူတစ်ခု ထပ်ရှိလိမ့်ဦးမည် အလျှင်း မျှော်လင့်မထားသဖြင့် အံ့အားသင့်၍သွားလေသည်။

သို့သော် ကြာရှည် အံ့အားသင့်နေသည်ကား မဟုတ်ချေ။

စွန့်စားလိုစိတ်ရှိသော လူငယ်တစ်ယောက်ပီပီ အထွေအထူးစဉ်းစားမနေတော့ဘဲ ထိုအပေါက်မှတစ်ဆင့် လျှို့ဝှက်အခန်းထဲသို့ လှမ်းဝင်လိုက်မိသည်။

ထိုအခန်းကတော့ ပင်မကျောက်ဂူကြီးကဲ့သို့ ကျယ်ဝန်းလွန်းခြင်း မရှိချေ။

သို့ပေမယ့် ကျဉ်းလွန်းသည်တော့လည်းမဟုတ်။

ထို့နောက် တိရှန်ဖ ိးမှာ အခန်းထဲသို့ လှည့်ပတ်ကြည့်ရှုနေရင်းမှ တစ်နေရာအရောက်မှာတော့ တွန့်ခနဲ ဖြစ်သွားမိသည်။

သူ ဖြစ်မည်ဆိုလည်း ဖြစ်လောက်ပါသည်။

သူ တွေ့မြင်လိုက်ရသည်က အရိုးစုတစ်ခု။

သို့သော် ထိုအရိုးစုဘေးတွင် သိုင်းကျမ်းစာအုပ်တစ်အုပ်ကို တွေ့လိုက်ရသဖြင့် တိရှန်ဖိးမှာ မတွန့်မရှံ့ပင် လျှောက်သွားမိသည်။

လျှင်မြေးနောက် ဖုန်တက်နေသော သိုင်းကျမ်း စာအုပ်ကို ဖြစ်သောက်ယူ၍ အဖုံးပေါ်မှဖုန်များကို လေနှင့်မှုတ်၍ ဖယ်ှားပစ်လိုက်သည်။

ထိုအခါ သိုင်းကျမ်းအမည်က ထင်ထင်ရှားရှား ပေါ်ပေါ်လွင်လာသည်။

ထို့ကြောင့် တိရှန်ဖ ိးက နှုတ်မှအသံထွက်ပြီး ဖတ်ကြည့်လိုက်သည်။

'သိုင်းရာဇာကြီး ဟွမ်တီ၏ လေပွေလက်ဝါးသိုင်းကျမ်းဆိုပါလား'

( ၂၆ )

နေ့လယ်ခင်းဖြစ်၍ တောတန်းကလေးမှာ လူသွား လူလာ ကင်းရှင်းလျက်ရှိနေသည်။

သစ်ပင်ကြီးများပေါ်မှ ကျေးငှက်များတို့၏ အော်မြည်ဟစ်ကြွေးသံမှတစ်ပါး တခြားအသံဗလံဟူ၍ မရှိသလောက်ပင်။

ထိုအချိန်မှာပင် တောလမ်းကလေး အတိုင်း လူ တစ်ယောက်က ခြေလှမ်းမှန်မှန်ဖြင့် လျှောက်၍ လာနေလေသည်။

ထိုသူ၏ပုံစံမှာ အရေးတကြီးပုံစံမျိုး မဟုတ်သော်ငြား စိတ်အေးလက်အေး လျှောက် လာ နေ ပုံမျိုးတော့လည်း မဟုတ်ချေ။

တစ်စုံတစ်ခုကိုတွေးတောလျက် ခပ်မှန်မှန်လျှောက်လှမ်းနေခြင်းမျိုးသာ ဖြစ်သည်။

အဆိုပါလူကြီးမှာ အသက်အားဖြင့် ငါးဆယ်ခန့်ရှိမည်ဖြစ်ပြီး မျက်နှာပေါ်တွင် ကြီးမားသော ဓားဒဏ်ရာကြီးတစ်ခုကလည်း အကျည်းတန်စွာရှိနေပေသည်။

သို့ဖြင့် ထိုလူကြီးမှာ တောတန်းထဲသို့ လှမ်းဝင်လာခဲ့ရာမှ တစ်နေရာအရောက်မှာတော့ ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။

မရပ်၍လည်း မဖြစ်ချေ။

အကြောင်းမူ သူဆက်လျှောက်မည့် တောလမ်းတစ်နေရာတွင် လူတစ်စု ပိတ်ရပ်နေသောကြောင့်ပင် ဖြစ်သည်။

တိတိကျကျဆိုရလျှင် လူလေးယောက်ခန့်ဖြစ်ပြီး အားလုံးမှာ သိုင်းပညာရှင်များ ဖြစ်ပုံရသည်။

တစ်ယောက်က လှံရှည်ကို ကိုင်ထားသည့်နည်းတူ ကျန်သုံးဦးကလည်း ဓားများကို ကိုယ်စီ လွယ်သိုင်းထားကြသည်။

ထိုလေးယောက်ကတော့ တခြားမဟုတ်။

ရွှေလှံပျံသိုင်းသမား ချင်းပို၊ ထင်စန်း ဂိုဏ်းချုပ်ဟန်ပေ့ချောင်၊ ကြယ်စိမ်းလက်ထောက်ဂိုဏ်းချုပ် ပေါင်း



ထင်နှင့် ငူတန်းဂိုဏ်းမှဂိုဏ်းခွဲမှူးကြီး ဝမ်ချူးစိန်တို့ပင်ဖြစ်ကြသည်။

သို့သော် အမာရွတ်ကြီးနှင့် လူကတော့ ချင်ပိုတို့ကို မြင်တွေ့ဖူးခြင်း မရှိချေ။

ထို့ကြောင့် မျက်ခမှောင်ကြုတ်လျက် မေးခွန်းထုတ်လိုက်လေသည်။

'ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာကြောင့် ကျုပ်သွားမယ့်လမ်းကို ပိတ်ထားကြတာလဲ'

ထိုအခါ ရွှေလှံပျံသိုင်းသမား ချင်ပိုက ခပ်တည်တည်ဖြင့် ပြန်၍....

'ကျုပ်တို့က အဖြူရောင် သိုင်းသမားတွေ ဆိုပါတော့၊ ကျုပ်က ရွှေလှံပျံ သိုင်းသမား ချင်ပို'

'ကျုပ်က ထင်စန်းဂိုဏ်းချုပ်ဟန်ပေ့ချောင်'

'ကျုပ်ကတော့ ကြယ်စိမ်းဂိုဏ်းရဲ့ လက်ထောက် ဂိုဏ်းချုပ် ပေါင်းထင်ပဲ'

တစ်ယောက်ချင်း မိတ်ဆက်ပေးလိုက်ကြရာ ဝမ်ချူးစိန်က နောက်ဆုံးကျမှ ဝင်၍....

'ကျုပ်ကတော့ ငူတန်းဂိုဏ်းရဲ့ ဂိုဏ်းခွဲမှူး ဝမ်ချူးစိန်ပါ၊ ကျုပ်တို့ခုလိုလာရောက်စောင့်စားနေရခြင်းအကြောင်းရင်းကတော့ ခင်ဗျားကို ရှင်းပစ်ဖို့ပဲ ဆိုပါတော့'

တိုတိုရှင်းရှင်း ပြောချလိုက်သည်တွင် အမာရွတ်နှင့် လူကြီးက မသိမသာ မျက်နှာပျက်သွားရင်းမှ....

'ကျုပ်ကို ရှင်းပစ်မလို့ ဟုတ်လား၊ မဟုတ်သေးပါဘူး ဗျာ၊ ကျုပ်ကို ရှင်းပစ်မယ်ဆိုရအောင် ခင်ဗျားတို့ကို ကျုပ်က တစ်ခါမှတောင် မြင်ဖူးတာ မဟုတ်ဘူး'

'မှန်ပါတယ်၊ ကျုပ်တို့ကို ခင်ဗျား မြင်ဖူးဖို့လဲ မလိုပါဘူးလေ၊ အရေးကြီးတာက နောက်ထပ် အဖြူရောင်သိုင်းပညာရှင်တွေကို ခင်ဗျား ထပ်ပြီး ဒုက္ခမပေးနိုင်ဖို့ဘဲ'

'ခင်ဗျားပြောတာကို ကျုပ် နားမရှင်းဘူး၊ ကျုပ်က ဘယ်အဖြူရောင် သိုင်းပညာရှင်တွေကို လိုက်ပြီး ဒုက္ခပေးနေလို့လဲ'

အမာရွတ်ကြီးနှင့်လူက ဘုမသိ ဘမသိဟန်မျိုးဖြင့် ပြန်မေးသည်။

ရွှေလှံပျံ သိုင်းသမား ချင်ပိုက အမာရွတ်နှင့် လူကြီးကို စေ့စေ့ကြည့်၍ ပြုံးလိုက်ကာ....

'အိပ်ချင်ယောင် ဆောင်နေတဲ့သူဟာ အနှိုးရ ခက်တယ်တဲ့၊ ဒီစကားက တယ်မှန်တာပဲ၊ ဒါပေမယ့် ခင်ဗျား ဆက်လက် ဖုံးကွယ်ဖို့ မကြိုးစားပါနဲ့တော့လေ၊ ဝိညာဉ်ဝယ်သူ အမည်ခံပြီး လူလိုက်သတ်နေတဲ့သူဟာ ခင်ဗျားပဲလို့ ကျုပ်တို့ သိထားပြီးပြီ'

'ဟင်'

တိတိကျကျ စွပ်စွဲပြောဆိုခြင်း ခံလိုက်ရသဖြင့် အမာရွတ်နှင့် လူကြီးမှာ အံ့သြတုန်လှုပ်သွားဟန် တူ ။

နောက်တော့ ရုတ်ခြည်းပင် ခေါင်းကို ခါယမ်းလိုက်ပြီး....



'ခင်ဗျားတို့ပြောတာ အခြေအမြစ် မရှိဘူး၊ ကျုပ်ကို ဝိညာဉ်ဝယ်သူလို့ စွပ်စွဲရအောင် ခင်ဗျားတို့မှာ ဘာ အထောက်အထား ရှိသလဲ....ပြောပါဦး'

ပြန်မေးလိုက်ရာ ရွှေလှံပျံ သိုင်းသမား ချင်ပိုကပင်....

'ကျုပ်တို့က သက်သေ အထောက်အထား မခိုင်လုံဘဲနဲ့ ခင်ဗျားကို မစွပ်စွဲပါဘူး၊ ခင်ဗျားကို သံသယရှိနေတာ ကြာပြီ ဖြစ်ပေမယ့် သက်သေပြစရာ မရှိသေးလို့ ဒီအတိုင်းစောင့်ကြည့်နေခဲ့ရတာ၊ ခုတော့ ကျုပ်တို့မှာ သက်သေပြစရာ ရှိသွားပြီ'

ချင်ပိုက စကားကိုရပ်ပြီး အမာရွတ်နှင့် လူကြီး၏မျက်နှာကို အကဲခတ်သလို ကြည့်လိုက်သည်။

ပြီးမှ ဆက်၍....

'ဟိုတစ်နေ့က မြို့လယ်စားသောက်ဆိုင် တစ်ဆိုင်မှာ ဝင်စားပြီး ပိုက်ဆံထုတ်ရှင်းတော့ ငွေပြားတွေထဲမှာ ကင်းမြီးကောက်ပုံ ကြေးပြားတစ်ပြား ရောပါသွားခဲ့တယ်၊ ဒါကို ခင်ဗျားဟာ ခင်ဗျားတောင် မသိလိုက်ဘူး မဟုတ်လား'

'ဟင်'

အမာရွတ်နှင့် လူကြီးမှာ ချင်ပို၏စကားကြောင့် တီကို ဆားနှင့် တို့လိုက်သည့်နှယ် တွန့်ခနဲ ဖြစ်သွားသည်။

အထက်စီးရနေသော ချင်ပိုကမူ ခပ်ပြုံးပြုံး မျက်နှာပေးဖြင့်သာ ဆက်၍ ပြောလိုက်၏။

'ကျုပ်တို့ကို လုပ်ကြံပြီး လျှောက်ပြောနေတာလို့ ခင်ဗျား စွပ်စွဲချင်သေးလို့လား၊ မရဘူး ကျင်းဟုန်၊ ကျုပ်တို့က အဲဒီ

ဆိုင်ကို ရောက်ခဲ့ပြီးတဲ့အပြင် ဆိုင်ရှင်ဆီက အဲဒီကြေးပြားကို တောင် တောင်းယူလာခဲ့ပြီးပြီ၊ ဟောဒီမှာ ခင်ဗျားဆီက ရထားတဲ့ ကြေးပြား’

ပြောပြောဆိုဆိုဖြင့် ရွှေလှ ံပျံ သိုင်းသမား ချင်ပိုး ကင်းမြီးကောက်ပုံ ခတ်နှိပ်ထားသော ကြေးပြားလေးကို ထုတ်ပြလိုက်သည်။

ထိုအခါမှာတော့ အမာရွတ်နှင့် လူကြီးမှာ ခိုးထုပ်ခိုးထည်နှင့် လက်ပူးလက်ကြပ် အမိခံလိုက်ရသူနှယ် တစ်ချိတည်း ခေါင်းငိုက်စိုက် ကျသွားတော့သည်။

နောက်တော့ တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ဟန်ဖြင့် နှုတ်ခမ်းကို တင်းတင်း စေ့လိုက်ကာ....

ရဲရဲဝံ့ဝံ့ ဝန်ခံလိုက်တော့သည်။

ရွှေလှ ံပျံ သိုင်းသမား ချင်ပိုက ကျေနပ်သွားဟန်ဖြင့်....

‘ဒီလိုပဲ ဖြစ်ရမှာပေါ့ဗျာ၊ ယောကျ်ားပဲဗျာ၊ လုပ်ရဲရင် ခံရဲရမှာပေါ့၊ ဒါထက် ခင်ဗျားက သွေးသောက် ခုနစ်ဖော်ထဲမှာ တစ်ယောက် အပါအဝင်ဖြစ်တဲ့ အဆိပ်လက်သည်းကျင်းဟုန်လား’

ကျင်းဟုန်ကို မြင်တွေ့ထားဖူးခြင်း မရှိသော ရွှေလှ ံပျံ သိုင်းသမား ချင်ပိုက သိလိုစိတ်ဖြင့် မေးလိုက်ရာ အမာရွတ်နှင့်လူကြီးက ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်ပြီး....

‘ကျုပ်က ကျင်းဟုန် မဟုတ်ပါဘူး၊ ဆရာ ကျင်းဟုန်ရဲ့ သစ္စာရှိ တပည့်တစ်ယောက် ဆိုပါတော့’

‘ဒါဆို ခင်ဗျားဆရာ ကျင်းဟုန်ကကော’



‘ဆရာ ကျင်းဟုန်ကတော့ ကင်းမြီးကောက် ကျွန်းမှာပဲ ရှိနေပါတယ်၊ ဆရာက သွေးသောက်ရဲဘော်တွေရဲ့လက်ချက်နဲ့ ဒုက္ခတဘဝကို ရောက်ရှိနေခဲ့ပါပြီ’

‘ဩော်.... အဆိပ်လက်သည်းကျင်းဟုန်က ဒုက္ခတဘဝကို ရောက်နေခဲ့ပြီကိုး၊ ဒါကြောင့် ခင်ဗျားက ဆရာ့ကိုယ်စား လိုက်ကလဲ့စား ချေပေးတာလား’

‘မှန်ပါတယ်၊ ဒါပေမယ့် ဆရာကျင်းဟုန်က ကလဲ့စား ချေခိုင်းတာတော့ မဟုတ်ပါဘူး၊ ကျုပ်ဟာ ကျုပ်ကြားထဲက မခံချင်စိတ်ဖြစ်မိတာကြောင့် ခိုးလိုလိုက်ပြီး ကလဲ့စား ချေနေမိတာပါ’

ဝိညာဉ်ဝယ်သူဆိုသော လူကြီးက ခပ်အေးအေးပင် ရှင်းပြလိုက်ရာ ရွှေလှ ံပျံ သိုင်းသမားချင်ပိုတို့ လေးယောက်လုံး ဇာတ်ရည် လည်သွားကြတော့သည်။

‘ခင်ဗျားဆရာအတွက် လိုက်ကလဲ့စားချေတာကိုတော့ ကျုပ်တို့နားလည်ပါတယ်၊ ဒါပေမယ့် မဆီမဆိုင် ကြာဖြူကန် ဘွားဘွားစီကိုပါ ရောပြီး လုပ်ကြံသွားတာကိုတော့ ကျုပ်တို့ လုံးဝမကျေနပ်နိုင်ဘူး၊ ဒါထက် ဘွားဘွားစီဆီက ရသွားတဲ့ ကြာဖြူနန်းရှင်သိုင်းကျမ်းရော ဘယ်မှာလဲ’

ရွှေလှ ံပျံ သိုင်းသမားချင်ပိုက ခပ်လောလော မေးမြန်းလိုက်ရာ ပြစ်မှုကျူးလွန်ထားခြင်းမရှိသည့် ဝိညာဉ်ဝယ်သူမှာ အူကြောင်ကြောင် ဖြစ်လို့သွားသည်။

သို့သော် ကြာရှည်တော့ မဟုတ်ချေ။

ချက်ချင်းလိုလိုပင် မျက်နှာထားကို ပြန်ပြင်လိုက်ပြီး....

'ဝမ်းနည်းပါတယ်ဗျာ၊ ဒါကိုတော့ ကျုပ်ပြောမပြနိုင်ပါဘူး'

ပြတ်ပြတ်သားသားဖြင့် ဆိုလိုက်သည့်အခါမှာတော့ ရွှေလှ၊ ပျို သိုင်းသမား ချင်ပိုတို့လေးယောက်စလုံး မျက်နှာထားပြောင်းကုန်ကြတော့သည်။

'ကောင်းပြီ ဝိညာဉ်ဝယ်သူ၊ ခင်ဗျားမပြောလဲ ကျုပ်တို့က ခင်ဗျားကို ပြောလာအောင် လုပ်ရမှာပဲ'

ထင်စန်းဂိုဏ်းချုပ် ဟန်ပေ့ချောင်က အေးစက်စက်ဖြင့် ပြောလိုက်သည်။

ဝိညာဉ်ဝယ်သူက မျက်နှာ တစ်စက်ကလေးမှ မျက်မသွားဘဲ....

'ကျုပ်ကို ခင်ဗျားတို့က ဝိုင်းပြီးတိုက်ခိုက်ကြမယ်လို့ ဆိုလိုတာလား'

ခပ်ထေ့ထေ့ ပြန်မေးလိုက်သည်တွင် ရူတန်ဂိုဏ်းခွဲမှူးကြီး ဝမ်ချူးစိန်က မပျော့မတင်း လေသံဖြင့်....

'သိပ်သေချာတာပေါ့ဗျာ၊ ခင်ဗျားရဲ့ ဇီပြင်ပြစ်မှုတွေအတွက်တော့ ကျုပ်တို့ ခွင့်လွှတ်မယ်ဆိုရင် ခွင့်လွှတ်လို့ရပါတယ်၊ ဒါပေမယ့် သိုင်းဒေဝီကြာဖြူကန်ဘွားဘွားစီ သတ်ခဲ့တဲ့ ပြစ်မှုကိုတော့ ကျုပ်တို့ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး၊ ဒီအတွက် ခင်ဗျားကို ခုပဲ အပြစ်ပေးရတော့မယ်'

'ကောင်းပြီလေ၊ ခင်ဗျားတို့က တိုက်ခိုက်မယ်ဆိုရင်တော့ ကျုပ်ကလဲ အစွမ်းရှိသလောက် ပြန်ခုခံရတော့မှာပေါ့'



ရဲရင့်သော ဝိညာဉ်ဝယ်သူက မထူးခြားသလိုသာ ပြန်ပြောလိုက်သည်။

အခြေက ရှင်းသွားခဲ့ပြီ ဖြစ်သည်။

နှစ်ဦးနှစ်ဖက် အသေအကျေ တိုက်ခိုက်ရန်မှ တစ်ပါး တခြားနည်းလမ်းကား မရှိတော့။

## ( ၅၇ )

သို့ဖြစ်၍ ဟန်ပေ့ချောင်နှင့် ပေါင်းထင်တို့ကလည်း စားများကို ပြိုင်တူပင် ဆွဲထုတ်လိုက်ကြတော့သည်။

ဝိညာဉ်ဝယ်သူကမူ ကျော၌လွယ်ထားသောစားကို ဆွဲ မထုတ်သေးဘဲ....

'ခင်ဗျားတို့က ကျုပ်ကို လေးယောက်ဝိုင်းပြီး တိုက်ခိုက်ကြမလို့လား'

ခပ်ရိရိ လှမ်းမေး လိုက်သည်။

ရွှေလှံပျံ သိုင်းသမားချင်ပိုက ခေါင်းညိတ်ရင်းမှ....

'ဟုတ်တယ် ဝိညာဉ်ဝယ်သူ၊ ခင်ဗျားက ကျုပ်တို့ထက် အများကြီး ပိုအဆင့်မြင့်တဲ့ ထိပ်တန်းသိုင်းပညာရှင်ကြီးတွေ တောင် တစ်ယောက်ပြီးတစ်ယောက် လိုက်လုပ်ကြနေတာဆို တော့ ခင်ဗျားကို လျှော့တွက်လို့မဖြစ်ဘူး၊ တစ်ယောက်ချင်း သာ တိုက်ခိုက်ရင် ကျုပ်တို့ ခံသွားရလိမ့်မယ်'

'ဩော်...ခင်ဗျားတို့က ကျုပ်ကို သိပ်အထင်ကြီးနေကြ တယ်ပေါ့ ဟုတ်လား၊ ဒါဆိုရင်လဲ ခင်ဗျားတို့သဘောပါပဲ၊ ကဲ...ကျုပ် စပြီး တိုက်တော့မယ်၊ သတိသာ ထားနေကြပေ တော့'

ပြောပြီးသည်နှင့် တစ်ပြိုင်နက် ဝိညာဉ်ဝယ်သူဟု ဝန်ခံ ထားသော အမာရွတ်နှင့် လူကြီးက ရွှေလှံပျံသိုင်းသမား ချင်ပိုတို့ရှိရာသို့ ခုန်ဝင်၍ တိုက်ခိုက်မှုကို စတင်လိုက်တော့ သည်။

'ကျား'

'ဟိတ်'

'ဝိုး'

ရွှေလှံပျံသိုင်းသမား ချင်ပို၊ ထင်စန်းဂိုဏ်းချုပ် ဟန် ပေချောင်နှင့် ကြယ်စိမ်းဂိုဏ်းမှ လက်ထောက်ဂိုဏ်းချုပ် ပေါင်းထင်တို့ သုံးဦးကလည်း လူချင်းခွဲ၍ သွက်လက်စွာပင် တိမ်းရှောင်ပေးလိုက်ကြသည်။

စူတန်ဂိုဏ်းမှ ဂိုဏ်းခွဲမှူးကြီး ဝမ်ချူးစိန်ကတော့ တိုက် ပွဲတွင်းသို့ ဝင်မပါသေး။



ဓားကိုလည်း ထုတ်ကိုင်ခြင်း မပြုသေးဘဲ အသာပင် ရပ်ကြည့်လို့ နေ၏။

ရွှေလှံပျံသိုင်းသမားချင်ပိုတို့ သုံးဦးမှာ ဝိညာဉ်ဝယ်သူ ၏ သိုင်းပညာအဆင့် မြင့်မားမှုကို သိထားကြပြီး ဖြစ်၍ ပေါ့ပေါ့ဆဆ သဘောမထားရဲ။

တိုက်ပွဲစစချင်းမှာပင် သုံးယောက်စလုံးက ဝိညာဉ်ဝယ် သူကို စနစ်တကျ ဝိုင်းရံထားလိုက်ကြသည်။

ထို့နောက် ရွှေတည့်တည့်တွင်ရှိနေသော ရွှေလှံပျံ သိုင်းသမားချင်ပိုက လှံရှည်ကိုဝှေ့ယမ်းရင်းမှ လျှပ်တစ်ပြက် ဆိုသလို စတင်တိုက်ခိုက်လိုက်သည်။

'ကျား'

'ဝှစ်'

ရွှေလှံပျံချင်ပို၏ တိုက်ခိုက်မှုက အံ့ဩဖွယ်ကောင်း လောက်အောင်ပင် လျင်မြန်လှသည်။

တလက်လက်တောက်ပနေသောလှံဖျားက မြားတစ်စင်း ကဲ့သို့ ဝယ်ညာဉ်ဝယ်သူ၏ ရင်ဝကို တိုးဝင်လို့သွားသည်။

ကျင်းဟုန်၏ တပည့်ဆိုသော ဝိညာဉ်ဝယ်သူကလည်း မခေ။

လှစ်ခနဲတိုးဝင်လာသည့် လှံဖျားကို လွတ်သည်ဆိုရုံမျှ ကပ်ရှောင်ရင်း ရွှေလှံပျံ သိုင်းသမား ချင်ပို၏ ညာဒူးဆစ် ကို လှမ်းခုတ်လိုက်သည်။

'ဝှစ်'

'ဟိတ်'

သတိရှိသော ရွှေလှပျံ ချင်ပိုက ညာခြေကို ဖျတ်ခနဲ ပြန်ဆုတ်လိုက်သဖြင့် ဓားချက်က လွဲချော်သွားသည်။

ထိုစဉ်မှာပင် ညာနံဘေးတွင် ရှိနေသော ထင်စန်းဂိုဏ်းချုပ် ဟန်ပေချောင်က ဓားချက်နှစ်ချက်ဆင့်၍ ပက်သွင်းရင်းမှ တိုက်ပွဲတွင်းသို့ ဝင်ရောက်လာတော့သည်။

ထင်စန်းဂိုဏ်းချုပ် ဟန်ပေချောင်သည်လည်း ထိပ်တန်း သိုင်းပညာရှင်တစ်ယောက်အဆင့်တွင်ရှိသူ ဖြစ်သည်။

သို့ဖြစ်ရာ ဝိညာဉ်ဝယ်သူဆိုသည့် လူကြီးမှာ ကပျာကယာပင် ခုန်ဆုတ်တိမ်းရှောင်ပေးလိုက်ရလေသည်။

ထိုအခါ ဘယ်နံဘေးတွင် နေရာယူထားသော ကြယ်စိမ်းလက်ထောက် ဂိုဏ်းချုပ် ပေါင်းထင်နှင့် နီးကပ်သလို ဖြစ်သွား၏။

အခွင့်အရေးကို လက်လွှတ်မခံတတ်သော ပေါင်းထင်က တုံ့ဆိုင်းမနေချေ။

ဓားတစ်ကမ်းပင် မကွာတော့သော ဝိညာဉ်ဝယ်သူ၏ ဘယ်နံဘေးကို ဓားဦးထိုးသွင်း၍ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

'ဟိတ်'

'ဟင်'

'ထန်း'

ဝိညာဉ်ဝယ်သူမှာ ထိတ်ခနဲ ဖြစ်သွားသော်လည်း လက်ကတော့ မနှေး။ နံဘေးသို့ တိုးဝင်လာသော ပေါင်းထင်၏ ဓားချက်ကို လက်ထဲမှ ဓားဖြင့် ရိုက်ဖယ်ထုတ်ပစ်လိုက်သည်။



တိုက်ပွဲကား လက်ရည်ညီမျှမှု မရှိသလို ဖြစ်နေသည်။ ဝိညာဉ်ဝယ်သူမှာ ရွှေလှပျံ သိုင်းသမား ချင်ပိုတို့ သုံးဦး၏ ဘရစပ်တိုက်ခိုက်မှုများကို အသည်းအသန်ပင်ခုခံကာကွယ်၍ နေရရှာသည်။

ဟုတ်တိပတ်တိပင် ပြန်လှန်တိုက်ခိုက်နိုင်ခြင်းပင် မရှိ။ သူတစ်ယောက်ကို ဖိတိုက်ခိုက်မည့်သဘော ပြင်လိုက်လျှင် ကျန်နှစ်ယောက်က ဝင်ဟန့်တားလာသောကြောင့် အရှိန်ပျက်သွားရသည်ချည်းသာဖြစ်သည်။

သို့ဖြစ်၍ ဝိညာဉ်ဝယ်သူအမည်ခံ အမာရွတ်နှင့် သိုင်းပညာရှင်ကြီးမှာ လေပွေဝဲကတော့ထဲ ရောက်သွားသော သစ်ရွက်ခြောက်တစ်ခုပမာ ချာလပတ်လည်၍သာ နေလေတော့သည်။

ရွှေလှပျံ သိုင်းသမား ချင်ပိုတို့ကိုယ်တိုင်မှာလည်း တိုက်ခိုက်ရင်းမှပင် စိတ်ထဲ၌ ဘဝင်မကျသလို ဖြစ်လိုလာသည်။

ဝိညာဉ်ဝယ်သူမှာ ဤမျှလောက် သိုင်းပညာအဆင့်မနိမ့်ဟု သူထင်သည်။ တစ်ကြိမ်က သူနှင့် လျှပ်စီးဓား တိယန်းစင်တို့ နှစ်ဦးကိုပင် ကောင်းစွာ ပညာပေးသွားခဲ့ပေသေးသည်။

ယခုမူ သူတို့သုံးဦး၏ တိုက်ခိုက်မှုကို ကောင်းစွာပင် မခုခံနိုင်တော့သလို ဖြစ်နေသည်။ တစ်ခါ တိုက်ခိုက်စဉ်က ဝိညာဉ်ဝယ်သူကို သူ ကောင်းစွာ သတိပြုခဲ့မိသည်။

လှုပ်ရှားဟန်နှင့် အတွင်းအားတွင် သူတို့ထက် များစွာသာလွန်မှုရှိပြီး သိုင်းပညာအားဖြင့်မူ ဆိုဖွယ်ပင် မရှိချေ။

ယခု သူတို့ ရင်ဆိုင်နေရသော ဝိညာဉ်ဝယ်သူ ဆိုင် ကမူ သူတို့ထက် သိုင်းပညာ ပိုသာလွန်ပုံပင်မရချေ။ အတွင်းအား နှင့် ကိုယ်ဖော့ပညာတွင်လည်း ပြောရလောက်အောင် အဆင့် မမြင့်။

ထို့ကြောင့် ရွှေလှံပျံ သိုင်းသမား ချင်ပိုက တိုက်ခိုက်နေ ရင်းမှပင် မအောင့်အည်းနိုင်တော့ဘဲ မေးခွန်းထုတ်လိုက်မိ သည်။

'ခင်ဗျားက ဝိညာဉ်ဝယ်သူအစစ်မှ ဟုတ်ရဲ့လား'

'ဟုတ်တာပေါ့၊ ကျုပ်က ဝိညာဉ်ဝယ်သူအစစ်ပဲ'

ကျုပ်တို့ ယိုသားရသလောက်ကတော့ ဝိညာဉ်ဝယ်သူ ဟာ သိုင်းပညာမှာ သိပ်အဆင့်မြင့်တယ်၊ ခု ခင်ဗျားကတော့ ဒီလောက်လဲ မဟုတ်လှပါလား'

ရွှေလှံပျံ ချင်ပိုက ပွင့်ပွင့်လင်းလင်းပင် မေးလိုက်သည်။

ထိုခဏမှာပင် ဝိညာဉ်ဝယ်သူ၏မျက်နှာက တစ်မျိုးတစ် မည် ဖြစ်လို့သွားသည်။

နောက်တော့ ဝိညာဉ်ဝယ်သူက လှောင်သံဖြင့် ရယ်မော ရင်းမှ....

'ဒါကတော့ ကျုပ်က အစွမ်းကုန်မတိုက်ခိုက်သေးလို့ပါ၊ ကျုပ်ဆီမှာကင်းမြီးကောက်တံဆိပ်ပါတဲ့ ကြေးပြားရှိနေတာ ပဲဟာ၊ ဝိညာဉ်ဝယ်သူစစ်မှန်ကြောင်း သက်သေပြဖို့ လိုသေး လို့လား'

ခနဲ့တဲ့တဲ့ပြန်မေးလိုက်လေသည်။



သည်စကားကိုတော့ချင်ပိုအပါအဝင်အားလုံးမငြင်းသာ ချေ။

ကင်းမြီးကောက် တံဆိပ်ခတ်နှိပ်ထားသော ကြေးပြား ရှိနေခြင်းက ဝိညာဉ်ဝယ်သူ စစ်မှန်ကြောင်း တစ်နည်း အားဖြင့် သက်သေခံလျက်ရှိနေသည်မဟုတ်ပါလား။

ထို့ကြောင့် ရွှေလှံပျံ ချင်ပိုက အမာရွတ်နှင့်လူကြီးကို ပင် ဝိညာဉ်ဝယ်သူအစစ်ဟု တစ်ထစ်ချ ယုံကြည်လိုက်ကာ....

'ကောင်းပြီလေ၊ ဒါဆိုရင်တော့ ခင်ဗျားကိုပဲ ဝိညာဉ်ဝယ် သူ အစစ်အဖြစ် လက်ခံရတော့မှာပေါ့၊ ဒါထက်ကျုပ်တို့ကို ခင်ဗျားလျှော့တိုက်နေဖို့ မလိုဘူးနော်၊ ခင်ဗျားအစွမ်းအစရှိ သလောက်သာတိုက် ကျုပ်တို့လဲ ခင်ဗျားကို လုံးဝ သက် ညှာမှာ မဟုတ်ဘူး'

ဝိညာဉ်ဝယ်သူအား အလေးအနက်ပင် သတိပေးလိုက် သည်။

ပြီးလျှင် ရွှေလှံပျံ သိုင်းသမားချင်ပိုက ကြယ်ပွင့်မုန်တိုင်း ခြေရာလှိုင်း သိုင်းကွက်ဖြင့် တိုးဝင်တိုက်ခိုက်လိုက်တော့သည်။

ဤသိုင်းကွက်မှာ ရွှေလှံပျံ သိုင်းသမားချင်ပို၏ထက်မြက် သော သိုင်းကွက်တစ်ခုပင်ဖြစ်သည်။

သွက်လက်မှုကို အခြေခံထားသည့် သိုင်းကွက်တစ်ခုဖြစ် သည့်အားလျော်စွာ လှံချက်များက ခန့်မှန်း၍ မရနိုင် လောက်အောင်ပင် လျပ်ပြက်သည့်နှယ် ဝိညာဉ်ဝယ်သူ၏တစ် ကိုယ်လုံးသို့ တိုးဝင်ကျရောက်သွားသည်။

'ကျား....'

'ထန်း....ထန်း....ထန်း'

ဝိညာဉ်ဝယ်သူမှာ သေကွင်းသေကွက်များသို့ တိုးဝင်သာသော လှံချက်များကို မရပ်မနားရိုက်ဖယ်ရင်းမှ နောက်သို့ တစ်ဆုတ်တည်း ဆုတ်လို့သွားရသည်။

ဒါကိုမြင်သွားသော ဟန်ပေ့ချောင်နှင့်ပေါင်းထင်တို့က ဝိညာဉ်ဝယ်သူ၏ အကျပ်အတည်းကို သဘောပေါက်သွားကြသည်။

ထို့ကြောင့် တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြလိုက်ကြကာ ဝိညာဉ်ဝယ်သူ၏ ထွက်လမ်းများကို အပိုင်ပိတ်ဆို့၍ တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်လိုက်ကြတော့သည်။

'ကျား'

'ယား'

'ဝှီး'

'ဝှစ်'

ဝိညာဉ်ဝယ်သူမှာ သူ့ဘေးနှစ်ဖက်မှညှပ်၍ ဝင်ရောက်တိုက်ခိုက်လာပြီဟု သိလိုက်သော်လည်း ရွှေလှံပျံ သိုင်းသမား ချင်ပို၏ လှံချက်များကို သတိထား တိမ်းရှောင်နေရခိုက်ဖြစ်၍ ဒုက္ခများသွားသည်။

သို့သော် မရှောင်၍လည်း မဖြစ်သဖြင့် ဝိညာဉ်ဝယ်သူက ရွှေလှံပျံ ချင်ပို၏ လှံချက်များကို လျစ်လျူရှု၍ ဓားချက်များအောက်မှ လွတ်အောင် ခုန်ထွက်လိုက်သည်။

'ဟိတ်....'



ထိပ်ကန်းသိုင်းပညာရှင် သုံးယောက်၏ တိုက်ခိုက်မှုမှာ အကွက်စေ့ကာ လျင်မြန်မှုလည်းရှိသည် ဖြစ်၍ ကြိုးစားတိမ်းရှောင်လိုက်သည့်တိုင် လွတ်မြောက်အောင်ကား မရှောင်နိုင်တော့ချေ။

## ( ၃၇ )

ထင်စန်းဂိုဏ်းချုပ် ဟန်ပေ့ချောင်၏ဓားချက်က ပခုံးစွန်းကိုထိသွားသည့်နည်းတူ ရွှေလှံပျံ သိုင်းသမား ချင်ပို၏ လှံချက်ကလည်း ပေါင်ရင်းသို့ စူးဝင်သွားတော့သည်။

'ရှပ်....'

'ဇွပ်....'

'အင့်....အီး'

သို့ဖြစ်၍ ဝိညာဉ်ဝယ်သူမှာ မြေပြင်ပေါ်သို့ ပြန်ကျလာသည်တွင် မတ်မတ်မရပ်နိုင်တော့ဘဲ ဒယီးဒယိုင် ဖြစ်နေသည်။

သို့ပေမယ့် ဝိညာဉ်ဝယ်သူကား စိတ်ကြီးသူ ဖြစ်ဟန်တူသည်။

ထိုသို့ယိမ်းယိုင်နေသည့်ကြားမှပင် အံကြိတ်၍ ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် သူ၏ကြိုးပမ်းမှုကအရာမထင်တော့၊ အကြောင်းမူ သူ၏လက်ကို မြှောက်လိုက်သည့် အခိုက်အတန့်မှာပင် ပေါင်းထင်နှင့် ဟန်ပေချောင်တို့၏ ဓားချက်များက ဆင့်ကဲကျရောက်လာသောကြောင့်ပင် ဖြစ်သည်။

'ရှပ်....'

'ဝှစ်....'

'အား....'

ထို့နောက်မှာတော့ ဝိညာဉ်ဝယ်သူမှာ ရွှေလှပျံ့ သိုင်းသမား ချင်ပိုတို့လူစုကို မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်ရင်းမှ မြေပြင်ပေါ်သို့ တုံးခနဲလဲကျသေဆုံးသွားတော့သည်။

'ဘယ့်နှယ်လဲ....ဝိညာဉ်ဝယ်သူ ဇာတ်သိမ်းသွားပြီလား'

ခပ်လှမ်းလှမ်းမှတိုက်ပွဲကို ရပ်ကြည့်နေသောစူတန်းဂိုဏ်းခွဲမှူးကြီး ဝမ်ချူစိန်က ခပ်အေးအေး လျှောက်လာရင်းမှ မေးသည်။

ရွှေလှပျံ့ သိုင်းသမားချင်ပိုက ခေါင်းကိုဆတ်ခနဲ ညိတ်ပြရင်းမှ....

'ဟုတ်တယ် ဂိုဏ်းခွဲမှူးကြီး၊ ဝိညာဉ်ဝယ်သူ ဇာတ်သိမ်းသွားပြီ၊ ဒါပေမယ့် ကျုပ်စိတ်ထဲမှာ သိပ်တော့ ဘဝင်မကျသေးဘူး'



'ခင်ဗျားက ဘာကို ဘဝင်မကျတာလဲ'

'ဒီလူဟာ ဝိညာဉ်ဝယ်သူ အစစ်ဟုတ်ပုံ မရဘူး'

'ဘယ်လို ဒီလူကဝိညာဉ်ဝယ်သူ အစစ်မဟုတ်ဘူး ဟုတ်လား'

ဝမ်ချူးစိန်က အလောသုံးဆယ် ပြန်မေးသည်တွင် ရွှေလှပျံ့ သိုင်းသမားချင်ပိုက....

'ဟုတ်တယ် ဝမ်ချူးစိန်၊ ကျုပ်တစ်ခါက ရင်ဆိုင်တွေ့ပြီး တိုက်ခိုက်ဖူးလို့ ဝိညာဉ်ဝယ်သူရဲ့ သိုင်းပညာအဆင့်ကိုကျုပ်ကောင်းကောင်း သိတယ်၊ ကျုပ်တို့လေးယောက် ဝိုင်းပြီး တိုက်ခိုက်ရင်တောင်မှ လွယ်လွယ်နဲ့အနိုင်ရမှာ မဟုတ်ဘူး၊ ခုဒီလူကျတော့ ကျုပ်တို့သုံးယောက်ပေါင်း တိုက်ခိုက်တာကိုတောင် ဟုတ်တိပတ်တိ မခုခံနိုင်ရှာဘူး'

'ဒါတော့ မှန်တယ် ရွှေလှပျံ့၊ ဒီအတွက် ကျုပ်လဲ သံသယဖြစ်မိတယ်၊ အခြေအနေမလှရင် ကျုပ်ပါဝင်ကူညီပြီးတိုက်မလို့ စောင့်ကြည့်နေတာ ခုတော့ ကျုပ်တောင် ဝင်ပါစရာမလိုဘဲ ဇာတ်သိမ်းသွားပြီ'

ဝုတန်းဂိုဏ်းခွဲမှူးကြီး ဝမ်ချူးစိန်ကလည်း ရွှေလှပျံ့၏ ထင်မြင်ချက်ကို ထောက်ခံလိုက်သည်။

ထင်စန်းဂိုဏ်းချုပ် ဟန်ပေချောင်ကမူ သူတို့ နှစ်ဦးကို ကြည့်ရင်းမှ ဇဝေဇဝါ ပုံစံဖြင့်....

'ဒါဖြင့် သူ့ဆီမှာ ကင်းမြီးကောက်တံဆိပ် ကြေးပြားက ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ'

'ဒါကတော့ သိပ်ပြီးထူးဆန်းတဲ့ကိစ္စ မဟုတ်ပါဘူး၊သူက ကင်းမြီးကောက်ကျွန်းက ကျွန်းသားတစ်ယောက် ဖြစ်မယ်ဆိုရင် သူ့ဆီမှာ ဒီကြေးပြားတွေ ရှိနေနိုင်တာပဲ'

'ဒါဆို သူက ဝိညာဉ်ဝင်သူ မဟုတ်ပေမယ့် အဆိပ်လက်သည်း ကျင်းဟုန်နဲ့တော့ ပတ်သက်မှုရှိနိုင်ကောင်းတယ်ပေါ့...ဒီလိုလား'

ဟန်ပေ့ချောင်၏ အမေးစကားအဆုံးတွင် ရွှေလှံပျံ သိုင်းသမား ချင်ပိုက....

'သိပ်သေချာတာပေါ့ဗျာ၊ ဒီနေ့ဟာ အဆိပ်လက်သည်း ကျင်းဟုန်ရဲ့ တပည့်ဖြစ်ကောင်းဖြစ်မယ်၊ ဒါပေမယ့် ဝိညာဉ်ဝယ်သူတော့ မဟုတ်နိုင်ဘူး၊ သူ့သိုင်းပညာအဆင့်နဲ့ သွေးသောက် ခုနစ်ဖော်ထဲက သိုင်းပညာရှင်ကြီးတွေကို လိုက်သတ်ဖို့ဆိုတာက ဘယ်လိုမှကို ဖြစ်နိုင်စရာအကြောင်း မရှိဘူး'

'ဒါဆို ကျုပ်တို့ ဝိညာဉ်ဝယ်သူကို ထပ်ရှာရဦးမယ့်သဘောပေါ့၊ ဟုတ်လား ရွှေလှံပျံ'

'အဲဒီလိုသဘောမျိုးပဲ ရှိတော့တာပေါ့ဗျာ'

'ဒါထက် သူပြောတော့ သူ့ဆရာကျင်းဟုန်က ဒုက္ခိတဖြစ်နေပြီတဲ့၊ ဒါဆို ဝိညာဉ်ဝယ်သူဟာ ကျင်းဟုန်မဟုတ်နိုင်ဘူးလို့ ယူဆစရာရှိတာပေါ့နော်'

ကြယ်စိမ်း လက်ထောက်ဂိုဏ်းချုပ် ပေါင်းထင်က တွေးတွေးဆဆဖြင့် ဝင်ပြောလိုက်သည်။

သို့သော် ပါးရည်နပ်ရည်ရှိသော ရွှေလှံပျံ ချင်ပိုကမူ ထိုစကားကို ယုံကြည်ခြင်းမရှိချေ။



'ရန်သူတစ်ယောက် ပြောတဲ့စကားကို ခင်ဗျားကအတည်မှတ်ယူတော့မလို့လား ပေါင်းထင်၊ ရန်သူဆိုတာက ဒီလိုပရိယာယ်သုံးပြီး ပြောတတ်ကြစမြဲပဲဥစ္စာ၊ ကျုပ်ကတော့ သူ့စကားကို လုံးဝမယုံကြည်ဘူး၊ မဟုတ်မှလွဲရော လူသတ်သမား ဝိညာဉ်ဝယ်သူဟာ အဆိပ်လက်သည်း ကျင်းဟုန်ကိုယ်တိုင်ပဲဖြစ်ရယ်လို့ ကျုပ်တော့ထင်မိတယ်'

ရွှေလှံပျံ သိုင်းသမားချင်ပိုက သူ့ထင်ကြေးကို ခပ်ရဲရဲပင် ပြောချလိုက်သည်။

## ( ၅၉ )

သူ့စကားက ဖြစ်နိုင်ချေရှိနေသည့်အတွက် မည်သူကမျှ ငြင်းဆန်ကန့်ကွက်ခြင်း မပြုကြချေ။

ထို့နောက် အတန်ကြာ ငြိမ်သက်နေပြီးမှ ဝူတန်းဂိုဏ်းခွဲမှူးကြီး ဝမ်ချူးစိန်က....

'ကဲပါလေ ဝိညာဉ်ဝယ်သူကိုထပ်ရှာတာ လဲ ရှာတာပေါ့၊ ခုလောလောဆယ်တော့ ကျင်းဟုန်တပည့် ကိုယ်ပေါ်မှာ သိုင်းကျမ်း ရှာကြည့်လိုက်ပါဦး၊ ကိုးရေးတစ်ရေး ဆယ်ရေးတစ်ရာ ဆိုသလို ရှိလိုရှိငြားပေါ့'

စေတနာဖြင့် အကြံပေးလိုလာသည်။

ထို့ကြောင့် ရွှေလှ ပျံ့သိုင်းသမား ချင်ပိုနှင့် ထင်စန်း ဂိုဏ်းချုပ် ဟန်ပေ့ချောင်တို့က ကျမ်းဟုန်တပည့် ဆိုသူ၏ ကိုယ်ပေါ်တွင် ကြာဖြူနန်းရှင်သိုင်းကျမ်း ရှိလိုရှိငြားဆိုသော မျှော်လင့်ချက်ဖြင့် ရှာဖွေကြည့်လိုက်ကြသည်။

သို့ရာတွင် သိုင်းကျမ်းဝေးလို့ စက္ကူစုတ်မျှပင် ရှာမတွေ့ချေ။

'မရှိပါဘူး အစ်ကိုကြီးဝမ်ချူးစိန့်ရာ၊ သိုင်းကျမ်းမပြောနဲ့ စက္ကူစုတ်မတောင် ရှာမတွေ့ပါဘူး'

ရွှေလှ ပျံ့ချင်ပို၏ အပြောကြောင့် အားလုံး ပြုံးမိလျက်သား ဖြစ်သွားကြသည်။

ထိုအချိန်မှာပင် မမျှော်လင့်သော စကားသံ တစ်သံက သူတို့နှင့်မနီးမဝေး သစ်ပင်ကြီးနောက်မှ ရုတ်တရက် ပေါ် ထွက်လို့လာသည်။

'ဘယ်ရှာလို့တွေ့ပါ့မလဲရှင်၊ သူက သိုင်းကျမ်းလုယူသွားတဲ့ တရားခံမှမဟုတ်ဘဲ'

အသံမှာ မိန်းမသံလေးတစ်ယောက်၏ အသံမျိုးဖြစ်ပြီး ချိုသာကြည်လင်မှုလည်း အပြည့်ရှိသည်။

ထို့ကြောင့် သူတို့လေးယောက်လုံး အသံပေါ်ထွက်လာရာသို့ ပြိုင်တူ လှမ်းကြည့်လိုက်ကြသည်။

သို့သော် အသံရှင်ကို မြင်တွေ့လိုက်ရသည့်အခါမှာတော့ လေးယောက်လုံး ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားကြတော့သည်။

'ဟင်....ဝိညာဉ်ဝယ်သူ'



မှန်ပါသည်။

သစ်ပင်နောက်မှ ပေါ်ထွက်လာသူက သူတို့တွေ့ချင်နေသော ဝိညာဉ်ဝယ်သူပင် ဖြစ်နေပေသည်။

ဤဝိညာဉ်ဝယ်သူမှာ ဝိညာဉ်ဝယ်သူဟု တွေ့တွေ့ချင်း သိနိုင်အောင်ပင် အဝတ်အစားများကို အပြည့်အစုံဝတ်ဆင်၍ ထားသည်။

ထို့ပြင် မျက်နှာတွင် အရိုးခေါင်းပုံမျက်နှာဖုံး တပ်ထားသည် မှန်သော်လည်း စောစောကအသံကို ကြားလိုက်ရပြီးဖြစ်၍ ဝိညာဉ်ဝယ်သူမှာ မိန်းမပျိုတစ်ယောက်ဟု သူတို့ အတပ်သိသွားကြသည်။

ထို့ကြောင့် သူတို့ရပ်နေရာသို့ ခပ်မှန်မှန် လျှောက်လာကာ ဝိညာဉ်ဝယ်သူကို ရွှေလှ ပျံ့ချင်ပိုကဆီးမေးလိုက်သည်။

'မင်းက ဝိညာဉ်ဝယ်သူအစစ်လား'

'မှန်ပါတယ်ရှင်၊ ကျွန်မက ဝိညာဉ်ဝယ်သူအစစ်ပါ'

'ဝိညာဉ်ဝယ်သူကို မိန်းကလေးတစ်ယောက် ဖြစ်လိမ့်မယ်လို့ ငါတို့ လုံးဝထင်မထားခဲ့မိတာ အမှန်ပဲ၊ မင်းက အသံဖျက်ပြောတဲ့နေရာမှာတော့ တကယ့်ကို ချီးကျူးလောက်ပါပေတယ်'

ဝိညာဉ်ဝယ်သူက ချင်ပို၏ ချီးကျူးစကား အဆုံးတွင် ခပ်မျှဉ်းမျှဉ်း ရယ်သည်။

ပြီးမှ....

'ကျွန်မရဲ့မျက်နှာဖုံးကို ချွတ်ပြလိုက်ရင် ရှင်တို့ ဒီထက်တောင် အံ့ဩသွားကြလိမ့်မယ်'

'ဒါဆိုလဲ အံ့ဩပါရစေကွာ၊ ကျေးဇူးပြုပြီး မင်းရဲ့ မျက်နှာဖုံးကိုချွတ်ပြပါလား'

ရွှေလှံပျံချင်ပိုက လေသံပျော့ဖြင့် တောင်းဆိုလိုက်သည့်အခါမှာတော့ ဝိညာဉ်ဝယ်သူက သူမ၏မျက်နှာပေါ်မှ မျက်နှာဖုံးကို ဖြည်းညင်းစွာ ဆွဲခွာပစ်လိုက်သည်။

ထိုအခါမှာတော့....

'ဟင်....ချန်ရှင်းလီ'

ရွှေလှံပျံသိုင်းသမားချင်ပို၏နှုတ်မှ တအံ့တဩရေရွတ်သံ ပေါ်ထွက်သွားသလို ကျန်သုံးဦးမှာလည်း အံ့ဩစိတ်ဖြင့် မှင်တက်မိသလို ဖြစ်ကုန်ကြတော့သည်။

သူတို့အံ့ဩသွားသည်ကလည်း မလွန်။

အဘယ်ကြောင့်ဆိုသော် ဝိညာဉ်ဝယ်သူ ဆိုသည့် ထိပ်တန်း သိုင်းပညာရှင်မှာ အသက်နှစ်ဆယ်ပင်မပြည့်တတ်သေးသော လွန်စွာချောမောလှပသည့် မိန်းမပျိုလေးတစ်ယောက် ဖြစ်လို့နေသည် မဟုတ်ပါလား။

ဤမိန်းမပျိုလေးမှာ သူတစ်ခါက ကူညီထားဖူးသော ကြောင့် ချန်ရှင်းလီဟု ရွှေလှံပျံက သိလိုက်ခြင်း ဖြစ်သည်။

ကျန် သုံးယောက် မှာတော့ ချန်ရှင်းလီကို တွေ့မြင်သိကျွမ်းထားခြင်းမရှိ၍ အံ့ဩစိတ်များဖြင့်သာ ငေးကြည့်လို့ နေမိကြသည်။

ထို့နောက် ရွှေလှံပျံသိုင်းသမားချင်ပိုက ချန်ရှင်းလီကို မယုံနိုင်သလို စေ့စေ့ကြည့်ရင်းမှ....



'မင်း....မင်းက ငါ ဟိုတစ်ခါဝင်ကူညီခဲ့ဖူးတဲ့ တိရှန်ဖီးရဲ့ မိတ်ဆွေ မိန်းကလေး မဟုတ်လား'

သေချာအောင် ထပ်မေးလိုက်မိသည်။

သည်တော့မှ မိန်းမလှလေး ချန်ရှင်းလီက ကြည်ဖြိမ်သော မျက်နှာအမူအရာဖြင့်....

'မှန်ပါတယ် ဦးလေးချင်ပို၊ ဟိုတစ်ကြိမ် ကျားညီနောင်ရဲ့ တိုက်ခိုက်မှုကိုခံနေရတုန်းက ဦးလေးချင်ပို ဝင်ပြီးကူညီခဲ့ဖူးပါတယ်'

'မင်းက တယ်ပြီးပိရိတာပဲကိုးကွ၊ ဒါဖြင့် မင်းကို သိုင်းပညာ လုံးလုံးမတတ်တဲ့ ရိုးရိုးအအမိန်းကလေးတစ်ယောက်လို့ပဲ ထင်ခဲ့မိတယ်၊ လက်စသတ်တော့ မင်းက အတည်ပေါက်နဲ့ ဟန်ဆောင်နေခဲ့တာကိုး'

'မှန်ပါတယ် ဦးလေးချင်ပို၊ ကျွန်မအပေါ် သံသယဝင်သွားမှာစိုးလို့ သိုင်းပညာ မတတ်ချင်ယောင်ဆောင်ခဲ့ရတာပါ'

'ဒါထက် ကျားညီနောင်ကို မင်း ဟိုတလောကသွားပြီး ဆုံးမလိုက်ပြီ မဟုတ်လား'

'သူတို့လူစုက လောကကြီးထဲမှာ ဆက်ပြီး အသက်ရှင်နေဖို့မကောင်းဘူးလေ၊ ဒါကြောင့်မို့ အားလုံးကို ငရဲရောက်အောင် ပို့ပေးလိုက်တာ'

ချန်ရှင်းလီက ခပ်အေးအေးပင် ရှင်းပြလိုက်သည်။ လူအများကြီးသတ်ပစ်ခဲ့ခြင်းအပေါ် ထမင်းစားရေသောက်

သလောက်ပင် သဘောထားပုံရသော ချန်ရှင်းလီ ကိုကြည့်၍ ရွှေလှ ပျံ ချင်ပို ကျိတ်၍ အံ့ဩသွားမိပြန်သည်။

'မင်းက ရုပ်ရည်လှသလောက် သွေးအေးအေးနဲ့ရက်စက်ရဲတယ်နော်၊ ငါဖြင့် မျက်စိနဲ့တပ်အပ်မမြင်ရရင် ယုံတောင်ယုံမိမှာမဟုတ်ဘူး'

ရွှေလှ ပျံ သိုင်းသမားချင်ပိုက အံ့ဩစိတ်ဖြင့် ဝေဖန်လိုက်သည့်အခါမှာတော့ ဝိညာဉ်ဝယ်သူခေါ် မိန်းမလှလေး ချန်ရှင်းလီက မပွင့်တပွင့်လေးပြုံး၍....

'ဩြော်....ဒါလား၊ ဒါကတော့ အခြေအနေအရပ်ရပ်ကြောင့်လို့ပဲ ဆိုရတော့မှာပေါ့၊ တကယ်တော့ ကျွန်မလဲ ခုလို ရက်စက်ချင်စိတ်မရှိပါဘူး၊ ဒါပေမယ့် တချို့လူတွေကျတော့လဲ အဲဒီလို ရက်စက်နိုင်ပါမှ တန်ကာကျတယ်လေ'

'မင်းစကားက စိတ်ဝင်စားစရာပါပဲလား၊ ဒါထက် မင်းက အဆိပ်လက်သည်းကျင်းဟုန်ရဲ့....'

'သမီးပါ'

'ဩြော်....'

ရွှေလှ ပျံ ချင်ပိုက လေသံရှည်ဖြင့် ရေရွတ်လိုက်သည်နည်းတူ ကျန်သုံးယောက်ကလည်း ခေါင်းများကို ညိတ်လိုက်မိကြသည်။

ထို့နောက် ရွှေလှ ပျံ သိုင်းသမားချင်ပိုက....

'ဒါဖြင့် မင်းအဖေ အဆိပ်လက်သည်း ကျင်းဟုန်ကတော့ ကင်းမြီးကောက်ကျွန်းမှာပဲရှိနေမှာပေါ့ ဟုတ်လား'



'မှန်ပါတယ်ရှင်၊ ကျွန်မဖေဖေက သူ့ရဲ့ သစ္စာရှိမိတ်ဆွေတွေရဲ့ လက်ချက်ကြောင့် ဒုက္ခိတဘဝကို ရောက်နေခဲ့တာကြာပါပြီ'

'ဒါဖြင့် သူပြောသွားတာမှန်နေပြီပေါ့၊ဒါထက် ချန်ရှင်းလီ....ဒီအမာရွတ်နဲ့လူကြီးကရော မင်းတို့နဲ့ ဘာတော်သလဲ'

ချန်ရှင်းလီက လဲကျသေဆုံးနေသော လူကြီးကို လှမ်းကြည့်ပြီးနောက် စိတ်မကောင်းဖြစ်သွားဟန်ဖြင့် သက်ပြင်းလေးကိုချလိုက်ကာ....

'သူက ကျွန်မဖေဖေရဲ့ သစ္စာရှိလူယုံတစ်ဦးပါ၊ ဦးကြီးကောက်လီပါ၊ သူ့မျက်နှာပေါ်က ဓားဒဏ်ရာကတော့ သွေးသောက်ခုနစ်ဖော်ထဲမှာပါတဲ့ သိုင်းပညာရှင်ကြီးတွေရဲ့ လက်ရာပေါ့'

'ဒါဆို သူကလဲ ပြည်မကို လိုက်လာတာ ပြန်ကလဲ့စားချေဖို့ ဖြစ်မှာပေါ့နော်'

'ကျွန်မကတော့ အဲဒီလို မထင်ဘူး၊ ကျွန်မကို စိတ်မချတာကြောင့် ဖေဖေက လိုက်သွားဖို့ ညွှန်ကြားလိုက်လို့ ပြည်မကို လိုက်လာတာပဲ ဖြစ်လိမ့်မယ်'

ချန်ရှင်းလီ၏ စကားအဆုံးမှာတော့ ရွှေလှ ပျံ သိုင်းသမား ချင်ပိုတို့လူစုမှာ အားတုံ့အားနာဖြစ်မှုနှင့်အတူ စိတ်မကောင်းလည်း ဖြစ်သွားမိကြသည်။

( ၆၀ )

သူတို့က ကောက်လီဆိုသောလူကြီးကို ဝိညာဉ်ဝယ်သူဟု ယူဆကာ ဝိုင်းဝန်း တိုက်ခိုက်ခဲ့ကြသည် မဟုတ်ပါလား။

'ဒါဆိုရင်တော့ ငါတို့မှားသွားပြီလို့တော့ ပြောရတော့မှာပဲ၊ သူက ဝိညာဉ်ဝယ်သူအစစ်ပါလို့ ဝန်ခံလာတာကြောင့် ငါတို့လဲ တကယ်ထင်ပြီး ဝိုင်းတိုက်ခိုက်ခဲ့မိတယ်၊ ဒါပေမယ့် ငါတို့စိတ်ထဲမှာ သံသယတော့ ဖြစ်မိသား၊ ဝိညာဉ်ဝယ်သူအစစ်ဟာ ဒီတက် သိုင်းပညာအဆင့် ပိုမြင့်ပါတယ်လို့'

'ဒါတက် မိန်းကလေးကို ကျုပ် တစ်ခုတော့ မေးချင်သေးတယ်'

ဝူတန်းဂိုဏ်းမှ ဂိုဏ်းခွဲမှူးကြီး ဝမ်ချူးစိန်က စကားခံလိုက်ရာ ချန်ရှင်းလင်က မဆိုင်းမတွပင်....

'မေးပါရှင်၊ ဦးကြီးက ဘာမေးချင်လို့ပါလဲ'

'တခြားတော့ မဟုတ်ပါဘူး၊ မိန်းကလေးရဲ့ဖခင် အဆိပ်လက်သည်း ကျင်းဟုန်ထက် မိန်းကလေးက ဘာကြောင့်ပိုပြီး သိုင်းပညာမှာ အဆင့်မြင့်နေရတာလဲ၊ အဲ...အတွင်းအားနဲ့ ကိုယ်ဖော့ပညာက အစပေါ့လေ'

'ဒါလား....ဒါကတော့ ကျွန်မမေမေရဲ့ဖခင်ကျွန်မဘိုးဘိုးရဲ့ ကျေးဇူးလို့ပဲ ပြောရမှာပေါ့ရှင်'

'ဘာလဲ....ဟန်းလူမျိုးကျွန်းအကြီးအကဲကြီးဆိုတာလား'

'မှန်ပါတယ်ရှင်၊ ဘိုးဘိုးက ပြည်မကိုအရောက်အပေါက်နည်းလို့ နာမည်ကျော်ကြားခြင်း မရှိပေမယ့် သိုင်းပညာအဆင့်မှာတော့ ပြည်မက ထိပ်တန်းဆိုတဲ့သူတွေကို မမှုပါဘူး၊ အဲ....ကျွန်မ အတွင်းအား မြင့်မားနေတာကတော့ ဘိုးဘိုးရဲ့ အတွင်းအားဆေးလုံးတွေကြောင့်ပါ၊ နောက်ပြီး ကိုယ်ဖော့ပညာကိုလဲ ဘိုးဘိုးကပဲ သင်ကြားပေးခဲ့ပါတယ်'

'သိုင်းပညာကိုတော့ မင်းဖေဖေဆီက သင်ယူခဲ့တယ်ပေါ့ ဟုတ်လား'

ချန်ရှင်းလင်က ခေါင်းကို ညင်သာစွာညိတ်ပြရင်းမှ....

'ဖေဖေက ဒုက္ခိတဘဝကို ရောက်ရှိနေခဲ့ပေမယ့် အဆိပ်လက်သည်း သိုင်းကွက်တွေကို နှုတ်ကပြောပြပြီး ကျွန်မကို ပြန်လည်သင်ကြားပေးခဲ့ပါတယ်'



'ဒါထက် မင်းအမေနဲ့ ကျွန်းသားတွေကို သတ်လိုက်စဉ်အခါတုန်းက မင်းတို့မြေးအဘိုး မရှိဘူးဆို'

'ဟုတ်ပါတယ် ဦးကြီးချင်ပို၊ ကျွန်မတို့ မြေးအဘိုးက ပြည်မကို အလည်ရောက်နေခဲ့ချိန်ပေါ့၊ ဒါကြောင့်လဲ အသက်ချမ်းသာရာ ရခဲ့တာပါ'

'ငါနားမလည်တာတစ်ခုကတော့ မင်းအဘိုးဟာ ထိပ်တန်း သိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်ပါလျက်နဲ့ကိုယ်တိုင် ကလဲ့စားပြန်ချေဖို့ မကြိုးစားတဲ့အချက်ပဲ'

ရွှေလုပျံချင်ပိုက ဝေခွဲမရသော မျက်နှာဖြင့် ဆိုလိုက်သည်တွင် ဝိညာဉ်ဝယ်သူ တစ်ဖြစ်လဲ ချန်ရှင်းလင်က လေအေးအေးလေးဖြင့်....

'ဒါကတော့ ဘိုးဘိုးရဲ့ဆန္ဒပေါ့ရှင်၊ ဘိုးဘိုးကပြောတယ် သူကိုယ်တိုင် လိုက်ကလဲ့စားချေတာထက် ကျွန်မ အရွယ်ရောက်တဲ့အခါကျမှ လိုက်ကလဲ့စားချေတာက ပိုပြီးကောင်းတယ်တဲ့၊ ကျွန်မကလဲ မိဘတွေနဲ့ ကျွန်းသားတွေ အတွက် ကလဲ့စားချေချင်နေတာဆိုတော့ ဒီအစီအစဉ်တွေကို ဝမ်းသာအားရပဲ သဘောတူခဲ့မိတယ်လေ၊ ဒါနဲ့ပဲ ဘိုးဘိုးက ကျွန်မကို ထိပ်တန်း သိုင်းပညာရှင်တစ်ယောက် ဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့တယ်ဆိုပါတော့'

'မင်းရဲ့အဘိုးကကော ကျွန်းမှာရှိနေသေးလား'

'ဘိုးဘိုးကွယ်လွန်သွားတာ နှစ်နှစ်ကျော်သုံးနှစ်လောက်ရှိပါပြီ၊ ဒါကြောင့် ဖေဖေ ကိုခွင့်တောင်းပြီး ကလဲ့စားချေဖို့ ရည်ရွယ်ချက်နဲ့ ပြည်မကို ထွက်လာခဲ့တာပါ'

ချန်ရှင်းလီ၏ ရှင်းပြမှုကြောင့် ရွှေလှုံပျံ ချင်ပို လူစုမှာ အကြောင်းစုံကို နားလည် သဘောပေါက်သွားခဲ့ပြီဖြစ်သည်။

ဖခင် အတွက်မိခင်နှင့် ကျွန်းသားများအတွက်သွေးကြွေးလိုက်ဆပ်နေသော မိန်းမပျိုလေး ချန်ရှင်းလီကို လူသတ်သမားတစ်ယောက်ဟု သူတို့စွဲချက်မတင်လိုကြတော့။

သို့သော် ကြာဖြူကန်ဘွားဘွားစီ ကိစ္စအတွက်မူ စိတ်ထဲအမြင်မကြည်လင်သေးသဖြင့် ချင်ပိုက....

'ဒီပြင်လူတွေကို လိုက်ကလဲ့စား ချေတာကတော့ မိဘအတွက် သွေးကြွေးဆပ်တာဖြစ်လို့ ငါတို့ အပြစ်မပြောလိုပါဘူး၊ ဒါပေမယ့် ကြာဖြူကန်ဘွားဘွားစီလို အဖြူရောင်သိုင်းဒေဝီတစ်ယောက်ကို လုပ်ကြံတာကတော့ နည်းနည်းများ လွန်နေသလားပဲ'

မယုတ်မလွန်ပြောလိုက်ရာ မိန်းမလှလေး ချန်ရှင်းလီက သိသိသာသာ မျက်နှာညိုးသွားရင်းမှ....

'ဒီကိစ္စကို ကျွန်မရှင်းပြချင်နေတာ ကြာပါပြီ ဦးလေးချင်ပို၊ ဒါပေမယ့် ရှင်းပြဖို့ အခွင့်မကြုံသေးလို့ ငြိမ်နေရတာပါ၊ တကယ်တော့ကျွန်မ ကြာဖြူကန်ဘွားဘွားစီကို လုံးဝမသတ်ခဲ့ရိုး အမှန်ပါ'

'ဟေ....'

မမျှော်လင့်သော ပြင်းဆန်စကားကြောင့် ရွှေလှုံပျံသိုင်းသမားချင်ပိုသာမက ကျန်သုံးယောက်ပါ အကြီးအကျယ်အံ့သြလို့သွားကြသည်။



'ဘယ်လိုချန်ရှင်းလီ၊ ဘွားဘွားစီကို မင်းမသတ်ဘူးဟုတ်လား'

'ဟုတ်ပါတယ်ဦးလေးချင်ပို၊ ဘွားဘွားစီနေတဲ့နေရာကို ကျွန်မ မရောက်ခဲ့ပါဘူး'

'ဒါဖြင့် ဘွားဘွားစီကိုသတ်တာက'

'ဒါကိုတော့ ကျွန်မ မသိပါဘူး၊ သေချာတာကတော့ ဘွားဘွားစီကို ကျွန်မမသတ်တဲ့အချက်ပါပဲ၊ အဲ....ဆက်ပြီးပြောစရာ ရှိပါသေးတယ်၊ ကျွန်မမိတ်ဆွေ တိရှန်ဖီးရဲ့အဖေဦးကြီး တိယန်စင်းကိုလဲ ကျွန်မ မသတ်ခဲ့ရိုး အမှန်ပါ'

'ဟင်....'

ရွှေလှုံပျံ သိုင်းသမားချင်ပိုက မည်သို့မျှ နားမလည်နိုင်တော့သည့် မျက်နှာမျိုးဖြင့် သူ့လူများကို လှည့်ကြည့်လိုက်သည်။

ထိုအခါ ဟန်ပေချောင်၊ ပေါင်းထင်နှင့် ဝမ်ချူးစိန်တို့ကလည်း စိတ်ရှုပ်ထွေးဟန်ဖြင့် ခေါင်းများကို ပြန်ခါပြလာကြသည်။

ထို့ကြောင့် ရွှေလှုံပျံ သိုင်းသမားချင်ပိုက ချန်ရှင်းလီဘက်သို့ လှည့်ရင်းမှ....

'နားရှုပ်လို့သာကြားရတယ်၊ မင်းစကားတွေက မယုံချင်စရာပဲ၊ ဘွားဘွားစီနဲ့ တိယန်းစင်ရဲ့ အလောင်းဘေးမှာမင်းကိုင်နေကျ ကင်းမြီးကောက်တံဆိပ် ကြေးပြားလေးတွေတွေ့ရတာကိုရော မင်း ဘယ်လိုဆင်ခြေပေးမလဲ'

'ဒါကတော့ ကျွန်မအပေါ် လူတွေပိုပြီး မုန်းတီးလာအောင်၊ နောက်ပြီးရန်များလာအောင် တမင်တကာ အကွက်ကျကျဖန်တီးခဲ့တာပဲ ဖြစ်ပါလိမ့်မယ်၊ ကင်းမြီးကောက်ပုံပါတဲ့ ကြေးပြားက ကျွန်မကိုင်နေကျဆိုပေမယ့် လိုချင်တဲ့သူအတွက် သိပ်ပြီး ရှားပါးတဲ့ပစ္စည်းတော့ မဟုတ်ပါဘူး'

'မင်းဆိုလိုတာကို ငါသဘောပေါက်ပြီ ချန်ရှင်းလဲ၊ မင်းကို မလိုလားတဲ့ သိုင်းပညာရှင်တစ်ယောက်က မင်းအပေါ် ထင်ယောင်ထင်မှားဖြစ်လိုတဲ့ ရည်ရွယ်ချက်နဲ့ ဖန်တီးခဲ့မယ်၊ ဒီလိုမဟုတ်လား'

'မှန်ပါတယ်ရှင်'

'ဒါပေမယ့် လျှပ်စီးဓား တိယန်းစင်ကို နောက်တစ်လကြာရင် လာသတ်ဦးမယ်လို့ ကြိမ်းဝါးသွားခဲ့တာတော့ ငါလဲ ကြားခဲ့တယ်နော်'

ရွှေလှံပျံ သိုင်းသမားချင်ပိုက သွေးတိုးစမ်းသလို ပြောလိုက်ရာ ချန်ရှင်းလဲက မျက်နှာအမူအရာ ပျက်သွားခြင်းမရှိဘဲ ....

'ဒါကတော့ ကျွန်မမငြင်းပါဘူးရှင်၊ ဦးကြီး တိယန်းစင်ကို ကလဲ့စားချေဖို့ ကြိုးစားခဲ့ရာမှာ ဘိုးဘိုးချွန်ဆီက ဆွဲကြိုးကို တိရှန်ဖီးဆီမှာ တွေ့လိုက်ရလို့ ကျွန်မ ဆက်မတိုက်တော့ဘဲ ရပ်ပြီး နောက်ထပ်တစ်လ ထပ်ရွှေ့ခဲ့တာပါ'

'ဒါဖြင့် အကယ်၍ တိယန်းစင်မသေသေးဘူးဆိုရင် တစ်လပြည့်တဲ့နေ့မှာ မင်းသူ့ကို သွားသတ်ဦးမှာပဲလား'



ရွှေလှံပျံ ချင်ပိုက သိချင်သလို မေးလိုက်ပြန်သည်။ ချန်ရှင်းလဲက....

'ဟုတ်ကဲ့၊ ဒီမေးခွန်းကိုကျွန်မ ပြန်ဖြေရမယ်ဆိုရင်တော့ သူ့ကို မသတ်တော့ဘူးလို့ ကျွန်မ ဆုံးဖြတ်ပြီးပါပြီ၊ ဒီလိုဆုံးဖြတ်လိုက်ရခြင်းက အကြောင်းများစွာရှိပါတယ်၊ ပထမအကြောင်းကတော့ တိရှန်ဖီးရဲ့ မျက်နှာကြောင့်ပါ၊ကျွန်မအဖေကို ကျွန်မချစ်သလို သူ့အဖေကိုလဲ သူသိပ်ချစ်လိမ့်မယ်လို့ ကျွန်မကိုယ်ချင်းစာမိပါတယ်၊ဒုတိယအကြောင်းကတော့ ဦးကြီးတိယန်းစင်ဟာ ကျွန်မကို ဆေးကုသပေးတဲ့ ကျေးဇူးရှိနေလို့ပါ၊ ကျွန်မဒဏ်ရာက သေလောက်တဲ့ ဒဏ်ရာမဟုတ်ပေမယ့် ဆေးကုသပေးတယ်ဆိုကတည်းက သူ့ကျေးဇူးကရှိနေပြီ၊ အဲ....နောက်တစ်ကြောင်းကတော့ ဦးကြီးတိယန်းစင်ရဲ့ ပြောင်းလဲမှုပါပဲ၊ ဦးကြီးတိယန်းစင်ဟာ နောင်တရပြီး သမားတော်ဘဝကို ပြောင်းလဲခံယူထားပြီးပြီမို့ သူ့ကိုသတ်လိုက်မယ်ဆိုရင် သမားတော်တစ်ယောက် ဆုံးရှုံးရလောက်သွားပါလိမ့်မယ်'

ချန်ရှင်းလဲက ဆက်တိုက်ရှည်လျားစွာ ပြောလိုက်ရ၍ မောသွားဟန်ဖြင့် အသက်ကို ပြင်းပြင်းရှူသွင်းသည်။

## ( ၆၁ )

ပြီးမှ ဆက်၍....

'နောက်တစ်ကြောင်းကတော့ ဦးကြီးတိယန်းစင်ရဲ့ သက်ညှာမှုပါပဲ၊ ဖေဖေဟာ သူ့ လက်ချက်နဲ့ ဒုက္ခတဘဝကို ရောက်ခဲ့ရတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ဒီပြင်လူဟော့ မသတ်ခင် ဦးကြီး တိယန်းစင်က ဦးအောင် ဝင်တိုက်ခိုက်လိုက်ရတာမို့ ဒီထက် အခြေအနေ ပိုကောင်းအောင် ဘယ်လိုမှ လုပ်ယူလို့ မရပါဘူး၊ ဒါဟာ ဖေဖေ့အတွက်

အသက်ညှာဆုံး တိုက်ခိုက်လိုက်တာ ဖြစ်တဲ့အတွက် သူ့ကို ကျေးဇူးတင်တယ်လို့ ကျွန်မထင်တယ်လေ'

'ဒီလို ပြောလို့ရပါ့မလား မိန်းကလေးရဲ၊ သူက သေအောင် ခုတ်တဲ့ကြားက ကံကောင်းပြီး အသက်ရှင်သွားတာ ရော မဖြစ်နိုင်ဘူးလား'

'မဖြစ်နိုင်ပါဘူးရှင်၊ ဖေဖေက ပြောပြဖူးပါတယ်၊ သူ့ သူငယ်ချင်း တိယန်းစင်ဟာ ဓားချက် အင်မတန်မှ ကိုတိကျ လွန်းတယ်တဲ့၊ ဒီလိုလူတစ်ယောက်က ဖေဖေ့ကိုသေအောင် မခုတ်နိုင်စရာ ဘာမှအကြောင်းမရှိပါဘူး၊ ဒီတော့ တမင် တကာ မသေအောင် ခုတ်သွားခြင်းလို့သာ ယူဆဖို့ရှိပါတယ်'

'မင်းရှင်းပြတော့လဲ ဟုတ်ကဲ့ယ်ကို ဟုတ်နေတာပဲ၊ ဒါထက် ဒီ့ပြင်အကြောင်း ရှိသေးလား'

ရွှေလှံပျံ ချင်ပိုက ပြုံးစိစိဖြင့် မေးလိုက်သော ကြောင့် ချန်းရှင်းလီက မပြုံးချင်ပြုံးချင်ပြုံးလျက်....

'ဒီ့ပြင်အကြောင်းကတော့ ကျွန်မ လူထပ်ပြီး မသတ်ချင် တော့တဲ့ အချက်ပဲ၊ ဒါကြောင့် ပြည်မက ပြန်ခွာတော့မယ် လို့တောင် စိတ်ကူးခဲ့ပြီးပြီ၊ ဒါပေမယ့် ခုလောလောဆယ်မှာ တော့ ပြန်ဖြစ်ဦးမှာ မဟုတ်သေးဘူး'

'ဘာကြောင့်လဲ မိန်းကလေးရဲ'

'ကျွန်မကို နာမည်ပျက်အောင် ချောက်ချထားတဲ့ လူ သတ်တရားခံကို ဖော်ထုတ်ဖို့ ရှိနေသေးတယ်လေ၊ အဲဒီလူ ကို ဖော်ထုတ်ရှင်းလင်းပြီးမှပဲ ပြည်မကနေ ကျွန်မ ပြန်ခွာ တော့မယ်'



'ကောင်းပါတယ် ချန်ရှင်းလီ၊ ငါတို့လဲ အဲဒီ တရားခံ အစစ်ကို ဝိုင်းပြီးဖော်ထုတ်နိုင်အောင် ကြိုးစားပေးပါ့မယ်၊ ဒါပေမယ့် ငါတို့တစ်ခုတော့ သတိထားရလိမ့်မယ်နော်'

'ဘာများပါလဲရှင်'

'အဲဒီလူသတ်တရားခံက ဘွားဘွားစီဆီကကြာဖြူနန်းရှင် သိုင်းကျမ်း ရသွားတာဆိုတော့ တော်တော်ကြီးကို သတိ ထားပြီး ရင်ဆိုင်မှဖြစ်မယ်'

ရွှေလှံပျံ သိုင်းသမား ချင်ပိုက အရေးတကြီးလေသံဖြင့် ပြောလိုက်သော်လည်း ချန်ရှင်းလီကတော့ ထိုအတွက် ဂရု စိုက်ဟန် မပြချေ။

နှုတ်ခမ်းလှလှလေး တွန့်သွားရုံသာ ဟန်ပ့ါပါ ပြုံး ရင်းမှ....

'ကိစ္စမရှိပါဘူးရှင်၊ သိုင်းလောကဆိုတာက သာတဲ့သူ နိုင်ကြတဲ့လောကကြီးပဲဟာ၊ ကျွန်မထက် သူပိုတော်လို့ ရှုံးရရင် ဂုဏ်ငယ်စရာမရှိပါဘူး၊ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ သေ သေကျေကျေ ရင်ဆိုင်မယ်'

'မင်းရဲ့ ရဲရင့်မှုကိုတော့ ကျုပ်တို့ချီးကျူးပါတယ်၊ ဒါ ထက် မင်းက ဝိညာဉ်ဝယ်သူ အစစ်ဆိုရင် ကျုပ်တို့အားလုံး အပြည့်အဝ ယုံကြည်လက်ခံ သွားနိုင်အောင် နည်းနည်း လောက်အစမ်းပြဖို့ လိုလိမ့်မယ်'

ထင်စန်ဂိုဏ်းချုပ် ဟန်ပေ့ချောင်က အတည်ပေါက်နှင့် ပြောလိုက်သည်တွင် ချန်ရှင်းလီက....

'ရပါတယ်ရှင်၊ ဒီလောက်ကတော့ ကျွန်မအတွက် ဘာမှ အပန်းမကြီးပါဘူး'

ပြောပြီးသည်နှင့် လေတွင်နောက်ကျွမ်းပစ်၍ ခုန်ထွက်ရင်း တစ်စုံတစ်ရာကို ချိန်ရွယ်၍ ပစ်လွှတ်လိုက်သည်။

'ဝှစ်....'

ပထမတော့ ရွှေလှုံပျံ ချင်ပိုတို့လေးဦးမှာ သူတို့ကိုတိုက်ခိုက်ခြင်းများလားဟု စိုးရိမ်သွားကြသေးသည်။

သို့သော် ချန်ရှင်း လီ၏ပစ်မှတ်က သူတို့ကိုမဟုတ်။ သူတို့နှင့်မလှမ်းမကမ်းရှိ သစ်ပင်ကြီးဆီသို့ ဖြစ်သည်။

ထို့နောက် ချန်ရှင်းလီ ပစ်လွှတ်လိုက်သော အရာက သစ်ပင်ကြီးဆီသို့ စိုက်ဝင်သွားသည်။

'ဒုတ်'

ထို့ကြောင့် ရွှေလှုံပျံ ချင်ပိုတို့လေးဦးမှာ ထိုနေရာသို့ အပြေးအလွှား သွားကြည့်လိုက်ကြသည်။

သူတို့မြင်လိုက်ရသည်က အစွန်းလေးမျှသာ ပေါ်တော့သည့် ကြေးပြားလေးတစ်ပြား။

ထို့နောက် ချန်ရှင်းလီကိုကြည့်လိုက်သည့် အခါမှတော့ အရိပ်အယောင်မျှပင် မတွေ့ရတော့။

'အင်း....ဒီမိန်းကလေးက အံ့သြလောက်အောင်ကို ထက်မြက်ပါပေတယ်၊ ဒါဟာ သူ့ရဲ့အတွင်းအား မြင့်မားမှုနဲ့ ကိုယ်ဖော့ပညာကို ကောင်းစွာ ပြသသွားတာပဲ'

ဝူတန်းဂိုဏ်းခွဲမှူးကြီးဝမ်ချူးစိန်က ထုံးစံအတိုင်းစကားသံ လေးလေးဖြင့် မှတ်ချက်ချသည်။



ရွှေလှုံပျံ ချင်ပိုကမူ နဖူးကိုကုတ်လိုက်ရင်းမှ....

'ဒါက အရေးမကြီးဘူး ဂိုဏ်းခွဲမှူးကြီးရဲ့၊ ကျုပ်တို့ လက်ချက်နဲ့ သေသွားတဲ့ ကောက်လီဆိုတဲ့လူကြီးကို ဘယ့်နှယ်လုပ်ကြမလဲ'

'ဘာလုပ်စရာ ရှိသေးလို့လဲဗျာ၊ ကျုပ်တို့ပဲ ကျင်းတူးပြီး မြေမြှုပ်ပေးရတော့မှာပေါ့'

ထင်စန်း ဂိုဏ်းချုပ် ဟန်ပေ့ချောင်က စိတ်မရှည်သလို ဝင်ပြောလိုက်သည်။

ထို့နောက်မှာတော့ အဖြူရောင် ထိပ်တန်း သိုင်းပညာရှင်ကြီး လေးဦးမှာ သုဘရာဇာ အလုပ်ကိုပင် စိတ်ပျက်ပျက်နှင့် လုပ်ကိုင်လျက် ရှိနေကြတော့သည်။

# ( ၆၂ )

ဖန်ဟွာမြို့ပြင်ရှိ တောအုပ်ကြီးကား နံနက်ခင်း နေရောင်အောက်တွင် ကျေးငှက် သာရကာတို့၏ အော်မြည်သံဖြင့် သာယာကြည်နူးဖွယ် ကောင်းလှို့နေပေသည်။

တိုစဉ် မိန်းမပျိုလေး တစ်ယောက်က ဖန်ဟွာမြို့ဘက်မှနေ၍ တောအုပ်ဆီသို့ မစိပ် မကျဲခြေလှမ်းများဖြင့် လျှောက်လို့လာနေသည်။

မိန်းမပျိုလေးမှာ အသက်အားဖြင့် တစ်ဆယ့်ရှစ်နှစ်ခန့်မျှပင် ရှိဦးမည်ဖြစ်ပြီး ရုပ်ရည်အားဖြင့်မူ အပြစ်ဆိုစရာ မရှိ

လောက်အောင်ပင် ချောမောလှပသူလေးဟုဆိုက မှားမည် မဟုတ်ချေ။

သို့သော် သူမ၏ မျက်နှာလေးက တစ်စုံ တစ်ခု အပေါ် စိတ်စောနေဟန်ဖြင့် ခပ်တည်တည်လေးဖြစ်နေလေသည်။

အဆိုပါ မိန်းမပျိုလေးကတော့ အဆိပ် လက်သည်း ကျင်းဟုန်၏ တစ်ဦးတည်းသော သမီးချော ချန်ရှင်းလီ ပင် ဖြစ်သည်။

ချန်ရှင်းလီမှာ တိရှန်ဖီးကို ပိတ် လှောင်ထားခဲ့သော ကျောက်ဂူကြီးဆီသို့ ဦးတည်၍ လျှောက်လာနေခြင်းပင်ဖြစ် သည်။

သူမ တိရှန်ဖီးကို ပရိယာယ်သုံး၍ ပိတ်လှောင်ထားခဲ့ခြင်း မှာ မုန်းတီး၍မဟုတ်။

တိရှန်ဖီး ဒုက္ခမရောက်စေလိုသောကြောင့်သာ ဖြစ်သည်။

တိရှန်ဖီးမှာ ဖခင်ဖြစ်သူ အသတ်ခံထားရ၍ သွေးဆူနေ သူပီပီ ဝိညာဉ်ဝယ်သူကို သဲကြီးမဲကြီး လိုက်လံစုံစမ်းနေတာ ကို သူမသိသည်။

ထိုသို့စုံစမ်းရင်း သူမနှင့် ပြန်ဆုံမည် ဆိုလျှင်တော့ သိပ် ကိစ္စမရှိ။

တိရှန်ဖီးကတိုက်ခိုက်လာသည့်တိုင် ပြန်မတိုက်ဘဲ အသာ လေး ရှောင်ထွက်သွားရုံသာရှိသည်။

အကယ်၍ ကံဆိုးပြီး ဝိညာဉ်ဝယ်သူ အတုနှင့် ရင်ဆိုင် တိုးမည်ဆိုလျှင်မူ တိရှန်ဖီးဒုက္ခတွေ့ဖို့က သေချာသလောက် ကို ရှိနေသည်။



လျှပ်စီးခါးတိယန်းစင်ကိုပင် သတ်ဖြတ်သွားနိုင်ခဲ့သော ဝိညာဉ်ဝယ်သူ အတုက အတွင်းအား ပြည့်ဝသည့်ကလွဲ၍ သိုင်းပညာ ဟုတ်တိပတ်တိမတတ်သော တိရှန်ဖီးလောက် ကိုတော့ အရေးစိုက်မည် မဟုတ်ချေ။

( ၆၃ )

ကြက်ကလေး ငှက်ကလေး တစ်ကောင်ကို သတ်သည့်နှယ် အလွယ်တကူ သတ်ဖြတ်သွားမည်သာ ဖြစ်သည်။

ထိုသို့စဉ်းစားမိသဖြင့် ချန်ရှင်းလီက တိရှန်ဖီး အန္တရာယ်မတွေ့ရလေအောင် ပရိယာယ်ဖြင့် ပိတ်လှောင်ထားခဲ့ခြင်းဖြစ်သည်။

မူလစိတ်ကူးကတော့ ဝိညာဉ်ဝယ်သူ အတုကို ရှာဖွေဖော်ထုတ် ရှင်းလင်းပြီးမှ တိရှန်ဖီးကို ပြန်လွှတ်ပေးဖို့ပင်ဖြစ်သည်။

သို့ရာတွင် ထိုကိစ္စဆောင်ရွက်ဖို့က အချိန်ကြာမြင့်ဦးမည် ဖြစ်၍ ကျောက်ဂူထဲတွင် ပိတ်လှောင်ခံနေရသည့် တိရှန်ဖီးကို သနားသွားကာ ဂူပေါက်ပြန်ဖွင့်ပေးလိုက်တော့မည်ဟု သော အတွေးဖြင့် ဤနေရာသို့ ပြန်ရောက်လာခဲ့ခြင်း ဖြစ်သည်။

တိရှန်ဖီးနှင့်ပြန်တွေ့လျှင် ဝိညာဉ်ဝယ်သူက သူမပင် ဖြစ်ကြောင်း အမှန်အတိုင်း ဖွင့်ဟဝန်ခံဖို့ကိုလည်း ချန်ရှင်းလီ ကြိုတင်ဆုံးဖြတ်၍ထားသည်။

ထိုအခါတွင် တိရှန်ဖီး သူမအပေါ် မည်သို့ သဘောထားပါမည်လဲ။

ဒါကိုတော့ ချန်ရှင်းလီ မမှန်းဆတတ်ပါ။

မည်သို့ပင်ဖြစ်စေ သူမကတော့ တိရှန်ဖီး တစ်ယောက် သူမအပေါ် နားလည်မှုရှိလိမ့်မည်ဟုသာ မဝံ့မရဲ မျှော်လင့်၍ နေမိသည်။

သို့ဖြင့် တိရှန်ဖီးအကြောင်း တွေးတောရင်း ကျောက်ဂူကြီးဆီသို့ ရောက်မှန်းမသိ ရောက်လာသည်။ ထို့အတူ ချန်ရှင်းလီ၏စိတ်မှာလည်း လှုပ်ရှားလာသလို ခံစားရသည်။

ထို့နောက် ကျောက်ဂူကြီးက သံဆန်ခါတံခါးကြီးကို ပိတ်လျက်သားတွေ့လိုက်ရသည်တွင် ချန်ရှင်းလီ နည်းနည်းတော့ စိတ်အေးသွားမိသည်။

ဤပုံအတိုင်းဆိုလျှင် ကျောက်ဂူထဲ၌ တိရှန်ဖီး ရှိနေနိုင်ပေသေးသည်။



ထိုအတွေးဖြင့် ချန်ရှင်းလီက ဂူပေါက်ဝမှ လှမ်း၍အသံပြုလိုက်သည်။

'တိရှန်ဖီး'

'တိရှန်ဖီး....တိရှန်ဖီး....တိရှန်ဖီး'

ကျောက်ဂူထဲမှ ပဲ့တင်သံများကသာ သူမ၏နားထဲကို ပြန်လည်တိုးဝင်လာသည်။

နောက်တော့ ကျောက်ဂူကြီးက ပကတိပင် ပြန်လည်တိတ်ဆိတ်သွားသည်။

တစ်စုံတစ်ခု မှားယွင်းနေပြီလား။

ချန်ရှင်းလီစိတ်ထဲ ထင့်ခနဲဖြစ်သွားသည်။

ထို့နောက် အချိန်ဆွဲမနေတော့ဘဲ ချန်ရှင်းလီက ခလုတ်ကိုနှိပ်၍ သံဆန်ခါတံခါးကြီးကို ဖွင့်လိုက်သည်။

ပြီးလျှင် ခပ်လောလောပင် ကျောက်ဂူအတွင်းသို့ ပြေးဝင်သွားမိသည်။

ကျောက်ဂူထဲတွင် သူမ ထားခဲ့သော စားသောက်စရာများမှာ တစ်ဝက်ခန့်မျှကုန်နေသည်ကို တွေ့ရသည်။

သို့သော် တိရှန်ဖီးကိုမူ လုံးဝပင်ရှာ၍မတွေ့ချေ။ တိရှန်ဖီး တစ်ယောက် နဂါးကဲ့သို့ပင် မြေလျှိုးမိုးပျံ နိုင်စွမ်းရသွားပြီလား။

ချန်ရှင်းလီ ကြာကြာစိတ်မရှုပ်လိုက်ရပါ။ အကြောင်းမူ ကျောက်နံရံတစ်နေရာတွင် လူတစ်ကိုယ် ဝင်သာထွက်သာသော အပေါက်တစ်ပေါက်ကိုသွားတွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

ဖေဒင်မေးနေဖို့ပင်မလိုတော့။

တိရှုန်ဖီးတစ်ယောက် ဤအပေါက်ကလေးမှ တိုးထွက်သွားခြင်းသာ ဖြစ်ပေလိမ့်မည်။

ထိုနေရာမှ ကျောက်သားနံရံမှာ အနည်းငယ် ပါးသယောင်ရှိသဖြင့် အတွင်းအား ပြည့်ဝသော တိရှုန်ဖီးက ဖောက်ထွက်သွားခြင်း ဖြစ်မည်ဟု ချန်ရှင်းလီ ဆက်စပ်ကြည့်၍ရသွားသည်။

ဘာပဲဖြစ်ဖြစ် တိရှုန်ဖီး အသက်ရှင်လျက်လွတ်မြောက်သွားပြီဟု သိလိုက်ရ၍ သူမရင်ထဲမှာတော့ ပေါ့ပါး၍သွားသည်။

ထို့နောက် ချန်ရှင်းလီက သက်ပြင်းရှည်တစ်ချက်ကို ချရင်း ထိုနေရာမှ ပြန်လှည့်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် သူမ၏မျက်လုံးအကြည့်က ကျောက်ဂူသားနံရံတစ်ဖက်မှ လူတစ်ကိုယ်စာဝင်ပေါက်တစ်ခုကို ထပ်မံ သတိပြုမိသွားသည်။

ဤ အပေါက်ကား ဂူပြင်သို့ ရောက်သွားစေနိုင်သော အပေါက်တစ်ခု ဟုတ်ပုံမရချေ။

သို့သော် သူမစိတ်ထဲစူးစမ်းကြည့်ချင်လာသဖြင့် ချန်ရှင်းလီက ထိုအပေါက်ထဲသို့ တိုးဝင်လိုက်သည်။

ထိုအခါ အရိုးစုတစ်ခုကို ရုတ်တရက် တွေ့လိုက်ရ၍ မိန်းကလေးပီပီ ထိတ်လန့်သွားမိသည်။

ဤအရိုးစုကား မည်သူ၏အရိုးစုဖြစ်သနည်း။ ချန်ရှင်းလီ အလျှင်းမသိပါ။



ဤကျောက်ဂူထဲ၌ မကြာခဏ လာနေလေ့ရှိသော်လည်း ဤနေရာတွင် လျှို့ဝှက်ဂူပေါက်တစ်ခုရှိမှန်းပင် သူမ မသိခဲ့ပါ။

သို့ရာတွင် တိရှုန်ဖီးကတော့ ကံအားလျော်စွာ သိရှိသွားခဲ့ဟန်တူသည်။

# ( ၆၄ )

ဤအရိုးစုနှင့်အတူ ဘာတွေရှိနေနိုင်သေးလဲ။

ဒါကိုလည်း ချန်ရှင်းလီ မတွေးဆတတ်။

သိုင်းကျမ်းတစ်ခုခု၊ ဒါမှမဟုတ် လက်နက်တစ်ခုခုပဲရှိနေခဲ့လေသလား။

သို့မဟုတ် ရတနာပစ္စည်းတွေပဲ ရှိနေခဲ့သလား။ ချန်ရှင်းလီက စိတ်ဝင်တစားဖြင့် ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။

ထိုအခါမှာတော့ သိုင်းကျမ်းစာအုပ်တစ်အုပ် ယခင်က ရှိနေခဲ့ပုံရသော ဖုန်လုံးဝမရှိသည့် လေးထောင့်နေရာ ကွက်

ကွက်လေးကို တွေ့လိုက်ရသဖြင့် ချန်ရှင်းလီ ကျေနပ်ပြုံးပြုံးလိုက်သည်။

သည်လောက်ဆို သူမ ကောင်းစွာ သဘောပေါက်သွားပြီဖြစ်သည်။

နောက်တော့ ချန်ရှင်းလီက ကျောက်ဂူထဲမှ ခပ်သွက်သွက်ပင် ပြန်ထွက်ခဲ့သည်။

ကျောက်ဂူအပြင်ရောက်တော့ ခလုတ်နှိပ်၍ တံခါးကို ပြန်ပိတ်လိုက်သည်။ ပြီးလျှင် ထိုနေရာမှ အပြေးတစ်ပိုင်းပင် ပြန်လည်ထွက်ခွာလာခဲ့တော့သည်။

သူမ အနေဖြင့် တိရှန်ဖီးကိုပဲ အလျှင်ရှာဖွေရမလား။ ဒါမှမဟုတ် ဝိညာဉ်ဝယ်သူ အတူကိုပဲ ဦးစွာရှာဖွေရမလား။

ချန်ရှင်းလီ မဝေခွဲတတ်သေး။

* * *

'ဦးလေး....ဟိုရှေ့မှာ လှမ်းမြင်နေရတာ ဟိုဟန်ဆိပ်ကမ်းပေါ့၊ အဲဒီကျရင် ဦးလေး ဆင်းလို့ရပါပြီ၊ အဲဒီကမှတစ်ဆင့် ဦးလေးသွားချင်တဲ့မြို့ကို မြင်းလှည်းနဲ့ ဆက်သွားပေါ့'

'ဩော်....အေး အေး ကျေးဇူးပါပဲ ငါ့တူရာ'



ကျင်းဟုန်က သဘောကောင်းစွာဖြင့် လာရှင်းပြသောလှေသမားလေးကို ပြုံး၍ ပြန်ပြောလိုက်သည်။

ပြီးနောက် ခပ်လှမ်းလှမ်းမှ မသဲမကွဲလောက်သာ မြင်ရသေးသော ဟိုဟန်ဆိပ်ကမ်းကို ရီဝေသည့် မျက်လုံးအစုံဖြင့် လှမ်းမျှော်ကြည့်လိုက်သည်။

တကယ်တော့ ပြည်မဆိုသည်က သူနှင့် စိမ်းလှသည်တော့ မဟုတ်။ ကုန်လွန်ခဲ့သော အတိတ်ကာလများကဆိုလျှင် ပြည်မတွင်သာ သူ အနေပိုများခဲ့သည်။

သို့သော် ဒုက္ခိတဘဝကိုရောက်ကာ ချိုင်းထောက်အားကိုးဖြင့် လှုပ်ရှားသွားလာရသည့်ဘဝကို ရောက်ရှိသွားချိန်မှာတော့ ပြည်မနှင့် သူ လုံးလုံးကို အဆက်ပြတ်သွားတော့သည်။

ပြည်မကို သူ မရောက်ဖြစ်တော့ခြင်းမှာ ဒုက္ခိတဖြစ်သွား၍သာမဟုတ်။ ပြည်မမှ သိုင်းလောကသားများအပေါ် စိတ်ကုန်သွားတာလည်းပါသည်။

သို့ဖြစ်၍ ကင်းမြီးကောက်ကျွန်းတွင်သာ နေ့ထိုင်ရင်း သံယောဇဉ်တွယ်တာစရာ သမီးငယ်လေးဖြင့်သာ အချိန်တို့ကို ကုန်လွန်စေခဲ့သည်။

သို့သော် သူ့စိတ်ထဲမှ ကလဲ့စားချေလိုစိတ်တို့ကတော့ ပျောက်မသွားခဲ့။ အထူးသဖြင့် သမီးငယ် အမိမဲ့ဘဝဖြင့် ကြီးပြင်းလာခဲ့ရခြင်းအတွက် မိုးကြိုးလက်သီး လိန်ရှုဝမ်တို့ လူစုအပေါ် မကျေနိုင်အောင်ပင် ခံစားခဲ့ရသည်။

ထို့ကြောင့် သမီးငယ် ချန်ရှင်းလီအား သူ၏ အဆိပ်လက်သည်း သိုင်းကွက်များကို ပြန်လည်သင်ကြားပေးရင်း ထိပ်တန်းသိုင်းပညာရှင်တစ်ယောက် ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးခဲ့သည်။

သူ၏ ယောက္ခမကြီးမှာလည်း သမီးငယ် ချန်ရှင်းလီကို အတွင်းအားနှင့် ကိုယ်ဖော့ပညာ ထိပ်တန်းရောက်အောင် လေ့ကျင့်ပေးခဲ့သည်။

သို့ဖြင့် အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်သည့် အခါမှာတော့ သူ၏သမီးငယ် ချန်ရှင်းလီမှာ သူ့ထက်ပင် ပို၍ အဆင့်မြင့်သော ထိပ်တန်းသိုင်းပညာရှင်ဘဝကို ရောက်မှန်းမသိ ရောက်လို့သွားတော့သည်။

ထို့နောက် သူ၏ ယောက္ခမကြီး ကွယ်လွန်သွားခဲ့အပြီးတွင် ချန်ရှင်းလီက ပြည်မသို့သွား၍ ကလဲ့စားချေခွင့်ပြုပါရန် ခွင့်တောင်းခဲ့သည်။

အဘက်ဘက်မှ ပြည့်စုံနေပြီဖြစ်သော သမီးကို သူ စိတ်မချစရာအကြောင်း မရှိတော့။ ထို့ကြောင့် သူက ကြည်ကြည်ဖြူဖြူပင် ခွင့်ပြုခဲ့သည်။

သို့ဖြင့် သူ၏ သမီး ချန်ရှင်းလီ ကျွန်းမှ ခွာသွားခဲ့သည်။ သူက သိပ်မကြာမီ ပြန်ရောက်လာလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း သမီးဖြစ်သူက ပြန်ရောက်လာခြင်းမရှိ။

သို့ဖြစ်၍ မိဘပီပီ စိုးရိမ်စိတ်ဝင်လာခဲ့သည်။ ထို့ကြောင့် သူ၏ လူယုံတပည့် ကောက်လီကို ပြည်မသို့ ထပ်မံစေလွှတ်ခဲ့မိသည်။



သို့သော် ကောက်လီသည်လည်း သတင်းအစအနမရအောင်ပင် ငြိမ်ချက်သားကောင်းလို့ သွားခဲ့ပြန်သည်။

သို့ဖြစ်သောကြောင့် နောက်ဆုံးတွင် မည်သို့မျှ မနေသာတော့ဘဲ သူကိုယ်တိုင် ပြည်မသို့ လိုက်လာခဲ့ရခြင်းဖြစ်သည်။

( ၆၅ )

ကံကောင်းငှထောက်မပြီး သူ့သမီးလေးချန်ရှင်းလီ တစ်ယောက် ဘေးမသီရန်မခ ရှိနေပါစေဟု ကျင်းဟုန် ကျိတ်၍ ဆုတောင်းလိုက်မိသည်။

ထိုအချိန်မှာပင် သူစီးလာသော ရှက်သင်္ဘောကြီးက ဟိုဟန်ဆိပ်ကမ်းနှင့် နီးကပ်လာပြီဖြစ်သဖြင့် သင်္ဘောပေါ်၌ ပါလာကာ ခရီးသည်များမှာ ဝန်စည်စလည်များကို ပြင်ဆင်ထုပ်ပိုးကြရင်း လှုပ်လှုပ်ရှရှဖြစ်စပြုလာကြသည်။

ကျင်းဟုန်ကတော့ သင်္ဘောကုန်းပတ်ပေါ်တွင် ထိုင်ရင်း အလုပ်ရှုပ်နေကြသူများကို အေးအေးလူလူပင် ကြည့်လို့နေမိသည်။

သူကတော့ တခြား လူတွေလို သယ်ဆောင်စရာ ဘာ အထုပ်အပိုးမှ ဟုတ်တိပတ်တိမပါ။

သူ့တွင်ပါလာသော ပစ္စည်းဆို၍ သင်္ဘောကုန်းပတ်ပေါ် ရှိ သေတ္တာကြီး တစ်လုံးကို မှီထောင်သည့် သစ်သား ချိုင်း ထောက်ကြီး နှစ်ခုသာရှိသည်။

ထို့ကြောင့်လည်း ကျင်းဟုန်က ဘာမှပြင်ဆင်မှု မရှိဘဲ အေးအေးဆေးဆေး ဆက်ထိုင်နေခြင်းဖြစ်သည်။

တစ်အောင့်လောက် အကြာမှာတော့ ဟိုဟန် ဆိပ်ကမ်း သို့ သူတို့ရွက်သင်္ဘောကြီး ဆိုက်ကပ်လို့သွားသည်။

ထိုအခါ ခရီးသည်များက အထုပ်အပိုး ကိုယ်စီဖြင့် သင်္ဘောပေါ်မှ အလုအယက်ပင် ဆင်းသွားကြသည်။

ကျင်းဟုန်မှာတော့ အများသူငါလို သန်စွမ်းသူမဟုတ်၍ ဝင်မတိုးရဲ။

ချိုင်းထောက် နှစ်ခုကို အားပြုရပ်ရင်း တွေတွေကြီးသာ ရပ်ကြည့်လို့နေမိသည်။

ဒါကို မြင်သွားသော လှေထိုးသားလေးက သူ့အနားသို့ လျှောက်လာရင်းမှ...

'ဖြည်းဖြည်းဆေးဆေးမှ ဆင်းပါ ဦးလေးရာ၊ ဒီလူတွေနဲ့ လုပြီးတော့မဆင်းပါနဲ့၊ သူတို့ကတော့ အောက်အရင်ရောက် တဲ့ လူကိုပဲ ရွှေထုပ် ဆီးပေးတော့မယ့် အတိုင်း အူယား ဖားယား ဖြစ်နေလိုက်ကြတာ'



'အေးကွာ...မင်းပြောလဲ ပြောစရာပဲ၊ ဒီ ရွက်သင်္ဘော ပြန်ထွက်သွားမှာ စိုးလို့ ဆိုရအောင်လဲ မင်းတို့ သင်္ဘောက ညဦးပိုင်းမှာ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ် ဦးလေး၊ ကျွန်တော်တို့ ရွက်သင်္ဘောက ဒီနေ့ တစ်နေ့လုံး ကုန်တွေပြန်တင်ပြီး မနက် စောစောကျမှ ဒီဆိပ်ကမ်းက ပြန်ထွက်မှာပါ'

'ဒါကို သူတို့တစ်တွေ မသိရှာကြလို့နဲ့တူပါတယ်ကွာ'

ကျင်းဟုန်ကအာတည်ပေါက်နှင့်နောက်လိုက်သောကြောင့် လှေထိုးသားလေးက သဘောကျဟန်ဖြင့် အားရပါးရရယ် သည်။

ထို့နောက် သူတို့နှစ်ယောက် ရောက်တတ်ရာရာ ပြောဆို နေကြရင်းပင် သင်္ဘောပေါ်မှ ဆင်းနေသောလူများ ကုန် သလောက် ရှိသွားသည်။

သည်တော့မှ ကျင်းဟုန်က....

'ကဲ...စကားပြောလို့တော့ ကောင်းပါရဲ့ကွာ၊ ဒါပေမယ့် ဦးက ဆင်းရတော့မှာမို့ ခွင့်ပြုပါဦး'

'ကောင်းပါပြီခင်ဗျာ၊ ကျွန်တော် အောက်အထိ လိုက်ပို့ ပေးဖို့ လိုပါသေးလား'

'ကျေးဇူးတင်ပါတယ်ကွာ၊ ဦးက လူလိုက်တွဲပို့ရလောက် အောင်တော့ အခြေအနေမဆိုးသေးပါဘူး၊ ကဲ....သွားမယ် ဟေ့'

ကျင်းဟုန်က လှေထိုးသားလေးကို ရယ်ရယ်မောမော ဖြင့် ရှက်သဘော်ပေါ်မှ ဆင်းလာခဲ့သည်။

ဟိုဟန်ဆိပ်ကမ်းကား သူယခင်ရောက်စဉ်အခါများကနှင့် လားလားမှ မဆိုင်တော့။

ကြီးမားသော ကုန်လှောင်ရုံကြီးများ။
ခမ်းနားသော စားသောက်ဆိုင်ကြီးများ။

စည်ကားသော မြင်းလှည်း ဂိတ်များဖြင့် အထူးပင် အဆင့်မြင့်၍နေပြီ ဖြစ်သည်။

ကျင်းဟုန်မှာ လောလောဆယ်တွင် ဗိုက်ကဆာလောင် နေပြီ ဖြစ်သဖြင့် စားသောက်ဆိုင်တန်းများ ဘက်သို့သာ ဦးတည် လျှောက်လာခဲ့သည်။

ထိုစဉ် မြင်းလှည်းသမားတစ်ဦးက သူ့အနားသို့ကပ်ရင်း တီးတိုးမေးလာသည်။

'ဆရာကြီး မြင်းလှည်းငှားမလား'
'မငှားသေးပါဘူးကွာ'

သူ့အဖြေစကားအဆုံးတွင် မေးသော မြင်းလှည်းသမား က နှာခေါင်းရှုံ့ရင်းမှ မတိုးမကျယ်လေသံဖြင့် မှတ်ချက်ချ သည်။

'တော်တော်ကပ်စေးနဲတဲ့ လူကြီး'



ထိုမှတ်ချက်ချသံကိုလည်း ကောင်းစွာကြားရသော်လည်း ကျင်းဟုန်က မကြားဟန်ပြု၍ ပြုံးရုံသာ ကျိတ်ပြုံးလိုက် သည်။

ခုချိန်တွင် စကားပြောဖို့ထက် ဗိုက်ပြည့်ဖို့က ပိုအရေးကြီး နေသည် မဟုတ်ပါလား။

## ( ၆၆ )

'ဟေ့ကောင် တိရှန်ဖစ်း'

စားသောက်ဆိုင်ထဲသို့ သုတ်သီးသုတ်ပျာဖြင့် လှမ်းဝင်ဟန် ပြင်နေသော တိရှန်ဖစ်းမှာ သူ့ကို လှမ်းခေါ်လိုက်သံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

'ဟင်.... ဦးလေးချင်ပိုပါလား'

'အင်း....ဟုတ်တယ်၊ ဘာလဲ ..မင်း ဒီစားသောက်ဆိုင်ထဲဝင်မလိုလား'

'ဟုတ်တယ် ဦးလေးချင်ပို'

‘ဒါဆို လာလေကွာ၊ ငါလဲဗိုက်ဆာလို့ စားသောက်ဆိုင် လိုက်ရှေးနေတာ၊ မင်းနဲ့တွေ့တော့ အတော်ဖြစ်သွားတယ်၊ ကဲ....လာ ဆိုင်ထဲဝင်ကြရအောင်’

ထို့နောက် တိရှန်ဖ ီးနှင့် ချင်ပိုတို့ နှစ်ဦးသား စားသောက်ဆိုင်ထဲသို့ လှမ်းဝင်ခဲ့ကြသည်။

ပြီးလျှင် ထောင့်ကျကျစားပွဲတွင် ဝင်ထိုင်လိုက်ကြလေသည်။

‘ဦးလေးချင်ပို ဘာစားမလဲ’

‘မင်း မှာချင်တာသာ မှာပါကွာ၊ ငါက အစားအသောက် မရွေးပါဘူး၊ စားလို့ရတာ အကုန်စားတယ်’

‘ဒါထက် စားသောက်ဆိုင်ကျတော့ ဘာလို့လိုက်ရွေးနေရတာလဲ’

‘ဒါက အစားအသောက်ကြောင့် မဟုတ်ဘူးကွ၊ လူရှင်းပြီး အေးအေးဆေးဆေးရှိတဲ့ ဆိုင်ကို ရွေးတာ၊ အစားအသောက် ဘယ်လောက်ကြီးပဲကောင်းနေနေ မျက်စိနောက် နားနောက်နဲ့ဆို တယ်စိတ်ပျက်စရာ ကောင်းတာပဲ’

‘ဒီနေရာမှာတော့ ကျွန်တော်နဲ့ ဦးလေးချင်ပို ကွက်တိကို လာတူနေပြီ၊ ဒါကြောင့်မို့ ကျွန်တော်လဲ လူရှင်းတဲ့ဒီဆိုင်ကို ရွေးပြီးဝင်တာပေါ့’

ထိုစဉ် စားပွဲထိုးလေးတစ်ဦး အနားသို့ရောက်လာသောကြောင့် တိရှန်ဖ ီးက စကားစကိုဖြတ်၍ စားသောက်စရာများ ဒိုင်ခံ မှာကြားလိုက်သည်။



ထို့နောက် စားပွဲထိုးလေး ပြန်ထွက်သွားသည့်အခါကျမှ ရှေလှ ံပျ ံချင်ပို၏မျက်နှာကို ကြည့်လိုက်ပြီး....

‘ဦးလေးနဲ့ လာတွေ့တာ အတော်ပဲ၊ ကျွန်တော့်မှာ အရေးတကြီးပြောပြစရာတွေ ရှိနေတယ်’

‘ဟော....ဟုတ်လား၊ ဒီနေရာမှာလဲ လာတူနေပြန်ပြီ၊ ငါ့မှာလဲ မင်းကို အရေးတကြီး ပြောပြစရာစကားတွေ ရှိနေတယ်ကွ’

‘ဒါဆို ဦးလေးပဲ အရင်ပြောပါ၊ ပြီးမှ ကျွန်တော် တစ်လှည့် ပြန်ပြောပြမယ်’

တိရှန်ဖ ီးက အသက်ကြီးသူကို ဦးစားပေးသည့်အနေဖြင့် ရှေလှ ံပျ ံချင်ပိုကို အရင်ပြောခိုင်းလိုက်သည်။

သို့သော် ချင်ပိုက ခေါင်းကို အသာအယာခါရင်းမှ....

‘ငါအရင် မပြောချင်ဘူး၊ မင်းပြောတာကို အရင် နားထောင်ချင်တယ်၊ ပြီးမှ ငါသိတာကို ပြန်ပြောပြမယ်’

‘ကောင်းပြီလေ၊ ဒါဆိုရင်လဲ ကျွန်တော်ကပဲ စပြောပါတော့မယ်၊ ဒါထက် ဦးလေး ချန်ရှင်းလ ီကို သိပါတယ်နော်’

‘သိပါတယ်ကွာ၊ ဟိုတစ်ခါ ငါ ဝင်ကူညီခဲ့ဖူးတဲ့ မင်းမိတ်ဆွေ မိန်းကလေးချောချောလေး မဟုတ်လား’

‘ဟုတ်တယ် ဦးလေးချင်ပို၊ အဲဒီ ချန်ရှင်းလ ီဟာ တော်တော် နားလည်ရခက်တဲ့ မိန်းကလေးတစ်ယောက်ပဲ’

‘ဆိုပါဦး၊ မင်းက သူ့ကို ဘာကြောင့် ဒီလိုသတ်မှတ်ရတာလဲ’

'ဒီလို ဦးလေးချင်ပိုရ'

ထို့နောက်မှာတော့ တိရှန်ဖီးက သူ့ကို ချန်ရှင်းလဲက ညာခေါ်သွားပြီး ကျောက်ဂူထဲတွင် ချုပ်ထားခဲ့ရာမှ လွတ်မြောက်ထွက်လာခဲ့ပုံများကို ပြန်ပြောင်း ပြောပြလိုက်သည်။

ပြီးလျှင် သိုင်းရာဇာကြီး ဟွမ်တီ၏လေပွေလက်ဝါးသိုင်းကျမ်းကို ရရှိပြီး ပြီးဆုံးအောင် လေ့ကျင့်နိုင်ခဲ့သည့်အဖြစ်ကိုလည်း ထည့်သွင်းရှင်းပြလိုက်သည်။

သူ့စကားအဆုံးမှာတော့ ရွှေလှံပျံချင်ပိုက အံ့ဩ ဝမ်းသာ မျက်နှာဖြင့်....

'မင်းရဲ့ ကံတရားကတော့ တကယ်ကိုဩချလောက်ပါပေတယ်ကွာ၊ လေပွေလက်ဝါး ဟွမ်တီဆိုတာ သိုင်းလောကမှာတော့ ပြိုင်ဘက်ကင်း သိုင်းရာဇာကြီးတစ်ယောက်ပဲ၊ သူ့ရဲ့ လေပွေလက်ဝါး သိုင်းကျမ်းကို ရရှိခဲ့တယ်ဆိုတာဟာ နည်းနည်း နောနော ကုသိုလ်မဟုတ်ဘူး'

'မှန်ပါတယ် ဦးလေးချင်ပို၊ ကျွန်တော်ကလဲ ဝိဇ္ဇာဥ်ဝယ်သူကို ပြန်ကလဲ့စားချေဖို့ ထိပ်တန်း သိုင်းပညာတစ်ရပ်တတ်မြောက်ချင်နေတုန်းဆိုတော့ အတော်ကျသွားတာပေါ့၊ ဒါနဲ့ ကျွန်တော်လဲ ကျောက်ဂူထဲမှာပဲ သိုင်းကျမ်းကို ပြီးဆုံးအောင် လေ့ကျင့်ခဲ့တယ်၊ ကုန်စင်အောင် လေ့ကျင့်ပြီးတဲ့ အခါမှာတော့ ကျောက်သားနံရံပါးတဲ့ နေရာကိုလက်ဝါးနဲ့ ဆင့်ဆင့်ရိုက်ပြီး လူတစ်ကိုယ်စာအပေါက် ရအောင် ထွင်းဖောက်ခဲ့တယ်၊ လိုချင်တဲ့အနေအထားလဲရရော ကျွန်တော်လဲ တစ်ခါတည်း အဲဒီနေရာက တိုးထွက် လာခဲ့တော့တာပဲ၊



ဒါပေမယ့် ချန်ရှင်းလဲအကြောင်း စဉ်းစားမိတိုင်း ကျွန်တော့်စိတ်ထဲမှာ မချင့်မရဲဖြစ်မိတယ်၊ သူ့ကြောင့် လေပွေလက်ဝါးသိုင်းကျမ်းကို ရရှိခဲ့တာမှန်ပေမယ့် သူ့ရည်ရွယ်ချက်ကိုတော့ ကျွန်တော် သိချင်သေးတယ်'

တိရှန်ဖီးက အားမလို အားမရလေသံဖြင့် ညည်းပြောပြောလိုက်သည်။

ရွှေလှံပျံ ချင်ပိုက သူ ပြန်ရှင်းပြရန် အချိန်ကျပြီဟု နားလည်လိုက်သဖြင့်....

'အေး....မင်းပြောရာစကားကုန်သွားပြီ ဆိုရင်တော့ ငါ တစ်လှည့် ပြန်ပြောပြရဦးမှာပေါ့ကွာ၊ ငါပြောမှာကလဲ ဒီပြင်လူအကြောင်း မဟုတ်ဘူး၊ မင်း ဝေခွဲမရ ဖြစ်နေတယ်ဆိုတဲ့ ချန်ရှင်းလဲအကြောင်းပဲ'

'ဗျာ... ချန်ရှင်းလဲအကြောင်း ဟုတ်လား၊ ပြောပါဦး ဦးလေး ချင်ပို၊ ချန်ရှင်းလဲနဲ့ ဦးလေးနဲ့ တွေ့ခဲ့သလား'

'မှန်တယ်....တိရှန်ဖီး၊ လွန်ခဲ့တဲ့သုံးရက်လောက်က ငါတို့ ချန်ရှင်းလဲနဲ့ တွေ့ခဲ့ပြီးပြီ၊ အဲဒီမှာတင် ချန်ရှင်းလဲက သူ့ဘဝမှန်ကို ဖွင့်ဟဝန်ခံသွားခဲ့တယ်၊ တကယ်တော့ ချန်ရှင်းလဲဟာ တခြားသူ မဟုတ်ဘူး၊ ထိပ်တန်း သိုင်းပညာရှင်ကြီးတွေကို စိန်ခေါ်ပြီး လိုက်သတ်နေတဲ့ နာမည်ကြီး သိုင်းပညာရှင် ဝိဇ္ဇာဥ်ဝယ်သူပဲ'

'ဗျာ...'

ကြားလိုက်ရသောစကားကြောင့် တိရှန်ဖီးမှာ ထိုင်ရာမှ ပက်လက်လန်ကျမသွားအောင် မနည်းပင် ထိန်းလိုက်ရသည်။

သူ ခင်တွယ်ရသော မိန်းမလှလေး ချန်ရှင်းလီက သူ့ ဖခင်အပါအဝင် ထိတ်ထိတ်ကြဲ သိုင်းပညာရှင်ကြီးများကို စိန်ခေါ်လျက် လိုက်လံသတ်ဖြတ်နေသော ဝိညာဉ်ဝယ်သူ ဖြစ်နေသည်ဆိုပါလား။

'ဟုတ်ရဲ့လား...ဦးလေးချင်ပိုရာ၊ သူ တမင်တကာနာမည်ကြီးအောင် လျှောက်ပြောနေတာ ဖြစ်ပါလိမ့်မယ်'

ယုံချင်စရာ တစ်စက်မှ မကောင်းသဖြင့် တိရှန်ဖီးက အထွန့်တက်လိုက်မိသည်။

ရွှေလှံပျံ သိုင်းသမား ချင်ပိုကမူ ပကတိတည်ငြိမ်သော အမူအရာဖြင့်....

'တမင်တကာ လျှောက်ပြောတာ မဟုတ်တာကတော့ သေချာတယ် တိရှန်ဖီး၊ သူ့ကို အဲဒီလိုထင်မှာစိုးလို့ သူက ငါတို့ကို သက်သေတောင် ပြသွားခဲ့သေးတယ်၊ သူ့ရဲ့ အတွင်းအားနဲ့ ကိုယ်ဖော့ပညာကတော့ တကယ်ကို အံ့သြလောက်ပါတယ်ကွာ'

အလေးအနက်ပင် ထပ်ပြောလိုက်သည်။

ရွှေလှံပျံချင်ပို၏မျက်နှာမှာ လိမ်ညာနေသော ဟန်မျိုး မရှိသောကြောင့် တိရှန်ဖီးလက်မခံချင်၍မရတော့။

ထို့ကြောင့် တိရှန်ဖီးက လေပူတစ်ချက်မှုတ်ထုတ်လိုက်ရင်း....

'အင်းလေ....ဒါဆိုရင်တော့လဲ ကျွန်တော်လက်မခံချင်လို့ မရတော့ဘူးပေါ့၊ ဒါထက် ကျွန်တော်တို့က ဝိညာဉ်ဝယ်သူကို ကျင်းဟုန်ဖြစ်လိမ့်မယ်လို့ပဲ တစ်ထစ်ချတွက်ထားတာ'



'အေး....ချန်ရှင်းလီက အဆိပ်လက်သည်း ကျင်းဟုန်ရဲ့ သမီးရင်းပဲ၊ ကျင်းဟုန်ကတော့ ဒုက္ခိတဘဝနဲ့ကင်းမြီးကောက်ကျွန်းမှာပဲ ရှိနေရှာတယ်၊ သူက သူ့အဖေကိုယ်စား ပြည်မကို လာပြီး ကလဲ့စားချေတဲ့သဘောပေါ့ကွာ'

'ဩော်....ဒီလိုကိုး၊ ဒါထက် ကျွန်တော် မရှင်းတာတစ်ချက်က ချန်ရှင်းလီဟာ နှစ်ဆယ်မပြည့်တပြည့်အရွယ်လေးနဲ့ သူ့အဖေထက်တောင် ဘာလို့ပိုပြီး အစွမ်းထက်နေရတာလဲ'

'ဒါကတော့ သူ့အဘိုးက ဒီလိုဖြစ်လာအောင် လေ့ကျင့်ပေးထားတာကိုး'

'သူ့အဘိုးဆိုတာက'

'သူ့အမေရဲ့ အဖေပေါ့ကွာ၊ ကင်းမြီးကောက်ကျွန်းရဲ့ အကြီးအကဲ ဟန်းမျိုးစုခေါင်းဆောင်တစ်ယောက်ပေါ့၊ ခုတော့ အဲဒီအဘိုးကြီးလဲ မရှိတော့ပါဘူး၊ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကျော်လောက်ကပဲ ဆုံးပါးသွားပြီလို့ သိရတယ်'

ရွှေလှံပျံချင်ပို၏ စကားအဆုံးတွင် တိရှန်ဖီးမှာ အတန်ကြာအောင်ပင် နှုတ်ဆိတ်ငြိမ်သက်လို့နေလေသည်။

( ၆၇ )

နောက်တော့မှ မျက်နှာထားကို တင်းယူလိုက်ပြီး....

'ဘာပဲဖြစ်ဖြစ်ပေါ့ ဦးလေးချင်ပိုရာ၊ သူ့ကို သံယောဇဉ်ရှိတာမှန်ပေမယ့် ကျွန်တော့်ဖေဖေကိုသတ်သွားတဲ့ ကိစ္စအတွက်တော့ သူ့ကို ခွင့်မလွှတ်နိုင်ဘူး၊ ဒီ့ပြင်လူတွေသတ်တာတော့ ထားပါတော့၊ ဖေဖေဆို သူ့ကို ဆေးတောင်ကူသပေးခဲ့ဖူးတယ်၊ နောက်ပြီး ကျွန်တော့်မျက်နှာကိုလဲ သူ နည်းနည်းတော့ ထောက်သင့်တာပေါ့၊ ခုတော့ သူ့လုပ်ပုံက တစ်ဆိတ်တရားလွန်လွန်းတယ်'

နာကြည်းခံပြင်းမှုအပြည့်ဖြင့် ပြောလိုက်ရာ ရွှေလှံ့ပျံ့ ချင်ပိုက ပျာပျာသလဲဖြင့်....

'မင်းဘာတွေပြောနေတာလဲ တိရှန်ဖိး'

'ကျွန်တော့်အဖေအတွက် သူ့ကို မဖြစ်မနေ ပြန်ကလဲ့စား ချေဖို့ ပြောနေတာလေ'

'မဟုတ်သေးဘူး တိရှန်ဖိး၊ ဒီလို အလောတကြီး မဆုံးဖြတ်နဲ့၊ မင်းမှားသွားလိမ့်မယ်'

'ဘာကြောင့် မှားရမှာလဲဗျ၊ ကျွန်တော်ဆုံးဖြတ်ထားတာ မမှားဘူး သိပ်မှန်တယ်'

တိရှန်ဖိးက ဇွတ်တရွတ်ပင် ထပ်ပြောလိုက်သောကြောင့် ရွှေလှံ့ပျံ့သိုင်းသမားချင်ပိုက ခေါင်းကိုစိတ်ပျက်စွာခါယမ်းလိုက်ပြီး....

'ငါပြောတာကို ဆုံးအောင် နားထောင်ဦး တိရှန်ဖိး၊ တကယ်တော့ မင်းအဖေနဲ့ ဘွားဘွားစီကို သတ်ခဲ့တာ သူ မဟုတ်ဘူးကွ'

'ဟင်....ဒါနဲ့ပဲ ဦးလေးပြောတော့ ဝိညာဉ်ဝယ်သူက ချန်ရှင်းလိဆို'

တိရှန်ဖိးက အူကြောင်ကြောင်ဖြင့် ပြန်မေးလိုက်သည်။ ရွှေလှံ့ပျံ့ချင်ပိုက....

'မှန်တယ်လေကွာ၊ ဒါပေမယ့် မင်းဖေဖေနဲ့ ကြာဖြူကန် ဘွားဘွားစီကို သတ်သွားတာကတော့ ချန်ရှင်းလိ မဟုတ်ဘူး'

'ဦးလေးက ဘာကြောင့် ဒီလိုပြောနိုင်တာလဲ'



'ချန်ရှင်းလိကိုယ်တိုင် ဖြင့်းဆိုသွားလို့ ပြောနိုင်တာပေါ့ကွာ'

'ကျွန်တော်တော့ သိပ်မယုံချင်ဘူး၊ ချန်ရှင်းလိက သူ့ကို ကလဲ့စားမချေအောင် ကြံဖန်ပြောသွားတာပဲ ဖြစ်လိမ့်မယ်လို့ထင်တယ်'

တိရှန်ဖိးက သံသယစိတ်တစ်ဝက်တစ်ပျက်ဖြင့် ဆိုလိုက်မိသည်။

'ငါကတော့ သူအမှန်ပြောသွားတာ ဖြစ်လိမ့်မယ်လို့ပဲ ယူဆမိတယ်၊ ဒီ့ပြင်လူတွေကို သူသတ်ခဲ့ကြောင်း ဝန်ခံပြီးမှတော့ လိမ်ပြောခဲ့တာမှာ မဟုတ်ပါဘူးကွာ'

'ဒါဖြင့် ဖေဖေနဲ့ ကြာဖြူကန်ဘွားဘွားစီကို သတ်သွားတဲ့ တရားခံက ဘယ်သူတဲ့လဲ'

'ဒါကတော့ သူ့မျက်စိနဲ့ မြင်လိုက်ရတာမှမဟုတ်တာ၊ ဘယ်လိုလုပ်ပြီး သူပြောနိုင်ပါ့မလဲကွ၊ ဒါပေမယ့် အဲဒီလူကို အမြန်ဆုံးဖော်ထုတ်ပြီး ရှင်းပစ်မယ်လို့တော့ ငါတို့ကို ကတိပေးသွားခဲ့တယ်'

တိရှန်ဖိးမှာ ချင်ပို၏စကားကြောင့်မည်သို့မျှဆက်မပြောသာတော့ဘဲ ဖြစ်သွားသည်။

သူ့အဖေကို သတ်သွားခဲ့သူမှာ တကယ်ပင် ချန်ရှင်းလိ မဟုတ်ခဲ့ဘူးလား။

သို့ဆိုလျှင် လူသတ်တရားခံက ဘယ်သူဖြစ်မလဲ။ တိရှန်ဖိးက တွေးနေရင်းမှ တစ်စုံတစ်ခုကို သတိရသွားသဖြင့်....

'ဒါဖြင့် ကျွန်တော့်ကို တိုက်ခိုက်ဖို့ လာစိန်ခေါ်သွားတဲ့ ဝိညာဉ်ဝယ်သူက အဲဒီအတုများ ဖြစ်နေမလားမသိဘူး'

ရုတ်တရက်ပြောလိုက်ရာ ရှေလှံပျံသိုင်းသမား ချင်ပိုက အံ့ဩသွားရင်း....

'ဘယ်လို....တိရှန့်ဖီး၊ မင်းကိုဝိညာဉ်ဝယ်သူက စိန်ခေါ်ထားတယ်ဟုတ်လား'

'ဟုတ်တယ် ဦးလေးချင်ပို၊ မနေ့ညကကျွန်တော်တည်းခိုဆောင်တစ်ခုမှာ ရှိနေတုန်း ဝိညာဉ်ဝယ်သူကပြတင်းပေါက်ကနေပြီး စာတစ်စောင်ပစ်ပေးခဲ့တယ်၊ စာကတော့ ခပ်တိုတိုပဲ၊သူနဲ့တွေ့ချင်ရင် တစ်ပတ်တိတိပြည့်တဲ့နေ့မှာနဂါးညီနောင်တောင်ကြားကို လာခဲ့ပါတဲ့ အောက်မှာတော့ ဝိညာဉ်ဝယ်သူလို့ ရေးထားတယ်'

'ဒါဆို သေချာပါတယ် တိရှန့်ဖီး၊ မင်းကို စာနဲ့ချိန်းသွားတဲ့ ဝိညာဉ်ဝယ်သူဟာ ချန်ရှင်းလီ မဖြစ်နိုင်ဘူး၊ မင်းအဖေနဲ့ ကြာဖြူကန်ဘွားဘွားစီကို ကြားကဝင်ပြီး လုပ်ကြံသွားတဲ့ ဝိညာဉ်ဝယ်သူအတုပဲ ဖြစ်ရမယ်'

'ဒါဆိုရင်တော့ ပိုအဆင်ပြေတာပေါ့ ဦးလေးချင်ပိုရာ၊ အဖေ့အတွက် သွေးကြွေးပြန်ဆပ်ဖို့ အခွင့်အရေးရသွားတာပေါ့'

တိရှန့်ဖီးက လွန်စွာ ကျေနပ်တက်ကြွသော လေသံဖြင့် ပြောလိုက်သည်ဘွင် ရှေလှံပျံသိုင်းသမားချင်ပိုက ခပ်ဆိုင်းဆိုင်း လုပ်နေပြီးမှ....



'ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့် မင်းအနေနဲ့ သတိထားဖို့ လိုလိမ့်မယ်၊ ဘာလို့လဲဆိုတော့ အဲ့ဒီဝိညာဉ်ဝယ်သူအတုဟာ ဘွားဘွားစီကိုသတ်ပြီး ကြာဖြူနန်းရှင်သိုင်းကျမ်းကို လုယူသွားခဲ့တယ်ကွ၊ ဒီတော့ ခုလောက်ဆို သူဟာ ကြာဖြူနန်းရှင်သိုင်းကျမ်းမှာပါတဲ့ သိုင်းကွက်တွေကို လေ့ကျင့် တတ်မြောက်ပြီး ဖြစ်လိမ့်မယ်လို့ ငါထင်တယ်'

'ဩော်....ဒါကြောင့် ဦးလေးချင်ပိုက စိုးရိမ်တာလား၊ ဒီအတွက်တော့ စိတ်မပူပါနဲ့ ဦးလေးရာ၊ သူက ကြာဖြူနန်းရှင် သိုင်းကျမ်းရထားသလို ကျွန်တော်ကလဲ လေပွေလက်ဝါးသိုင်းကျမ်းကို ရထားတာပဲဟာ၊ ဒီတော့ ကြာဖြူနန်းရှင်နဲ့ လေပွေလက်ဝါး ဘယ်သူသာသလဲ အဲဒီအခါမှာ အဖြေပေါ်လိမ့်မပေါ့'

တိရှန့်ဖီးက ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

တိရှန့်ဖီးမှာ ရန်သူက အတင်သေးသည် မဟုတ်သော်လည်း အထင်ကြီးခြင်းကား မရှိချေ။

အတင်သေးလျှင် ရှုံးနိမ့်တတ်သလိုပင် အထင်ကြီးလွန်းပါကလည်း ကိုယ့်ကိုယ်ကို ယုံကြည်မှု နည်းပါးသွားတတ်သည်ဟု နားလည်ထားသောကြောင့် ဖြစ်သည်။

ဒါကို ရှေလှံပျံ ချင်ပိုကလည်း သဘောပေါက်ဟန်တူသည်။

သူ့ကိုကြည့်ရင်း ကျေနပ်သလို ခေါင်းညိတ်လျက်....

'မင်းပြောတာ မှန်တယ် တိရှန်ဖိုး၊ မင်းကလဲ သိုင်းရာဇာကြီး ဟွမ်တီရဲ့ လေပွေလက်ဝါးသိုင်း ပညာရပ်ကို တတ်မြောက်ထားတာဆိုတော့ သိပ်ဂရုစိုက်စရာ မလိုပါဘူး၊ အေး.... မင်း သူ့ကို မမီတာကတော့ တိုက်ပွဲအတွေ့အကြုံ လောက်ပဲ ရှိမယ်၊ ကျန်တဲ့အပိုင်းမှာတော့ မင်းက တောင် သာကောင်း သာနိုင်ပါတယ်'

'ဦးလေးချင်ပို ပြောတာ မှန်ပါတယ်၊ ကျွန်တော်က ဘယ်သူနဲ့မှ ဟုတ်တိပတ်တိ တိုက်ခိုက်ဖူးသေးတာ မဟုတ်တော့ အတွေ့အကြုံမှာတော့ သူ့ကိုမီမှာမဟုတ်ဘူး၊ ဒါပေမယ့် သူ့ကိုသတိထားပြီး ကြိုးစားရင်ဆိုင်ရမှာပဲ'

'ဒါပေါ့ကွာ၊ ပရိယာယ်မှာ သူ့ကိုမမီပေမယ့် ပေါ့တိပေါ့ဆ ရင်မဆိုင်ဘူးဆိုရင်တော့ သူ့ကို မင်းကောင်းကောင်း ယှဉ်နိုင်မှာပါ'

ရွှေလှံပျံ သိုင်းသမားကြီး ချင်ပို၏ အားပေးစကားကြောင့် တိရှန်ဖိုး အားတက်သွားသလို ခံစားလိုက်ရသည်။

ထိုစဉ် ရွှေလှံပျံ သိုင်းသမားကြီး ချင်ပိုက ဆက်၍ပြောလာပြန်သည်။

'မင်း သူချိန်းထားတဲ့အတိုင်း နဂါးညီနောင် တောင်ကြားကို သွားမယ်ဆိုရင်တော့ မင်းနဲ့အတူ ငါပါလိုက်ခဲ့မယ်'

'ဦးလေး ဘာကြောင့် လိုက်မှာလဲ'



'ထိပ်တန်းသိုင်းပညာရှင် နှစ်ယောက်ရဲ့တိုက်ပွဲကို မြင်ဖူးချင်လို့ပေါ့ကွ'

ရွှေလှံပျံ သိုင်းသမား ချင်ပို၏ စကားကြောင့် တိရှန်ဖိုး ပြုံးမိလျက်သား ဖြစ်သွားသည်။နောက်တော့ ခေါင်းကိုသာ ဆတ်ခနဲ ညိတ်ပြလိုက်တော့သည်။

( ၆၈ )

ကျင်းဟုန်မှာ တစ်မြို့ဝင် တစ်မြို့ထွက်ဖြင့် ဝိညာဉ်ဝယ် သူ၏သတင်းကို လိုက်လံစုံစမ်းရင်းမှ နောက်ဆုံးတွင် သတင်း တစ်ခုရလာခဲ့သည်။

ထိုသတင်းကတော့ လျှပ်စီးဓား တိယန်းစင်၏သား တိ ရှိန်ဖိးနှင့် ဝိညာဉ်ဝယ်သူတို့ နဂါးညီနောင်တောင်ကြား၌ တိုက်ခိုက်ရန် ချိန်းဆိုထားသည့် သတင်းပင် ဖြစ်သည်။

သို့ဖြစ်၍ ကျင်းဟုန်မှာ ချိန်းထားသောရက်တွင် နဂါး ညီနောင် တောင်ကြားသို့ ရောက်နိုင်ရေးအတွက် အူယား ဖားယားပင် ခရီးပြင်းနှင်ရတော့သည်။

ကံကောင်းသည်ဟု ဆိုရလေမည်လားမသိ။

ထိုနေ့နံနက်တွင် နဂါးညီနောင် တောင်ကြားသို့ ကျင်းဟုန်တစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်ရှိသွားလေသည်။ တောင်ကြားထဲတွင်လူနှစ်ယောက်တိုက် နေကြသည်ကိုလည်း ခပ်လှမ်းလှမ်းကပင် မြင်တွေ့နေရသည်။

သို့သော် တိုက်ခိုက်နေကြသူနှစ်ဦးစလုံး မှာဝတ်ရုံနက်များ ခြုံ၍ မျက်နှာတွင်လည်း မျက်နှာဖုံးများ တပ်ဆင်ထားကြသောကြောင့် ကျင်းဟုန်ပင် မျက်စိလည်လို့သွားသည်။

ဝိညာဉ်ဝယ်သူကား နှစ်ယောက်ဖြစ်၍ နေချေပြီ။

မည်သူက သူ့သမီးဖြစ်လေမည်လဲ။ ကျင်းဟုန် စိတ်ရှုပ်သွားသည်။

လျှပ်စီးဓားတိယန်းစင်၏သား တိရှန်ဖိုးဆိုသည့် ကောင်လေးကတော့ ဝိညာဉ်ဝယ်သူပုံစံဖမ်း၍ ရောက်ရှိလာမည် မဟုတ်ချေ။

သို့ဆိုလျှင် တစ်ခုပဲ တွေးစရာရှိတော့သည်။ တိရှန်ဖိုး ရောက်ရှိမလာခင် နောက်ထပ် ဝိညာဉ်ဝယ်သူ တစ်ယောက် ရောက်ရှိလာပြီး ပထမ ရောက်နှင့်နေသူနှင့် တိုက်ခိုက်ကြခြင်းသာ ဖြစ်ပုံရသည်။

တိရှန်ဖိုးနှင့် တိုက်ခိုက်ရန် ချိန်းဆိုထားသည့် ဝိညာဉ်ဝယ်သူ ဆိုသည်က သူ့သမီး ချန်ရှန်းလိပဲ ဖြစ်လေမည်လား။

ဒါမှမဟုတ် သည့်ပြင်တစ်ယောက်ကပဲ ချိန်းဆိုထားခဲ့ခြင်းလား။



ဒါကိုတော့ ဝိညာဉ်ဝယ်သူနှစ်ယောက်မှတစ်ပါး သိနိုင်နိုင်လိမ့်မည် မဟုတ်ချေ။

နောက် ကျင်းဟုန်က အကြိတ်အနယ်ယှဉ်ပြိုင် တိုက်ခိုက်နေသူနှစ်ယောက်ကို ဂရုတစိုက်ပင် အကဲခတ် လေ့လာလိုက်သည်။

အာမှမကြာလိုက်။ သူ့သမီးချန်ရှန်းလိက ဘယ်သူဆိုတာကို ကျင်းဟုန် ခွဲခြားလို့ရသွားသည်။

အဘယ်ကြောင့်ဆိုသော် တစ်ယောက်က အဆိပ်လက်သည်း သိုင်းကွက်များကိုသုံးပြီး ကျန်တစ်ယောက်က ဆန်းပြား၍ အဆင့်မြင့်သော သိုင်းကွက်များကို အသုံးပြုနေသောကြောင့်ပင်ဖြစ်သည်။

သည်တော့ ခွဲခြားမရနိုင်စရာအကြောင်းမရှိတော့။ အဆိပ်လက်သည်း သိုင်းကွက်များကိုအသုံးပြုနေသော ဝိညာဉ်ဝယ်သူမှာ သူ့သမီး ချန်ရှင်းလီသာ ဖြစ်ပေလိမ့်မည်။

သို့သော် ကျင်းဟုန်တစ်ယောက် ဝမ်းမသာနိုင်ချေ။

အကြောင်းမူ သူ့သမီး ချန်ရှင်းလိမှာ တစ်စထက်တစ်စ အရေးနိမ့်လာနေသောကြောင့်ပင်ဖြစ်သည်။

ယှဉ်ဖက်ရန်သူ၏ သိုင်းကွက်များက သူ၏ အဆိပ်လက်သည်း သိုင်းကွက်များထက်ပင် များစွာ ပိုပြီး အဆင့်မြင့်ပုံရသည်။

အကယ်၍ သူ့သမီးသာ ထိပ်တန်း ကိုယ်ဖော့ပညာရှင်တစ်ယောက် မဟုတ်ခဲ့ဘူးဆိုလျှင် ထိုမျှအထိပင် တောင့်ခံနိုင်မည် မဟုတ်ချေ။

ယခုမူ မြင့်မားသော ကိုယ်ဖော့ပညာကို အသုံးပြု၍ လှည့်ပတ် ရှောင်ရှားနေသောကြောင့် တစ်ဖက်ရန်သူမှာ သူ့သမီးကို ဒဏ်ရာရအောင် မတိုက်ခိုက်နိုင်သေးဘဲ ရှိနေခြင်း ဖြစ်သည်။

ထိုသို့ ကျင်းဟုန်တစ်ယောက် ရင်တမမဖြင့် ကြည့်နေဆဲမှာပင် တောင်ကြားထဲသို့ လူနှစ်ယောက် ထပ်မံ ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

တစ်ယောက်က လေးဆယ်ကျော်ခန့်ရှိမည့် ခန့်ခန့်ညားညား လူတစ်ယောက်ဖြစ်ပြီး ကျန်တစ်ယောက်ကမူ နှစ်ဆယ်ခန့်မျှသာ ရှိဦးမည့် လူချောလူလှတစ်ယောက်ပင် ဖြစ်သည်။

သည်ကတည်းက ခပ်ရွယ်ရွယ်လူငယ်မှာ တိယန်းစင်၏ သား တိရှန်ဖ ီးဆိုသူ ဖြစ်မည်ဟု ကျင်းဟုန် တွက်ဆလိုက်မိ သည်။

အဆိုပါနှစ်ယောက်က အပြန်အလှန်တိုက်ခိုက်နေကြသော ဝိညာဉ်ဝယ်သနှစ်ဦးကို မြင်သွားသည်တွင် စိတ်ရှုပ်ဟန်ဖြင့် မျက်မှောင်ကြုတ်သွားကြသည်။

နောက်တော့ သူ ရပ်နေရာသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လာကြတော့သည်။ ထို့နောက် ကျင်းဟုန်က ဆီးမေးလိုက်သည်။

'မင်းက လျှပ်စီးဓား တိယန်းစင်ရဲ့သား တိရှန်ဖ ီးမဟုတ်လား'

## ( ၆၉ )

တိရှန်ဖ ီးမှာ တိတိကျကျ ဆီးမေးခံလိုက်ရသဖြင့် အနည်းငယ်တော့ အံ့ဩစိတ်ဝင်သွားသည်။ သို့သော် မည်သို့မျှ အံ့ဩဟန်မပြဘဲ ပြုံးရုံသာ ပြုံးလိုက်ပြီး....

'ဟုတ်ပါတယ် ဦးကြီး၊ ဒါထက် ဦးကြီးက အဆိပ်လက်သည်း ကျင်းဟုန်ဆိုတာ ထင်ပါတယ်'

အတည်ပေါက်နှင့် ပြန်မေးလိုက်သည့် အခါမှာတော့ ချိုင်းထောက်နှင့် လူကြီးက ဣန္ဒြေရရပြုံး၍....

'မင်းကလဲ ဘယ်ခေလိုလဲကွ၊ တိယန်းစင်ထက်တောင် မင်းက ပိုပြီး အကင်းပါးသေးတယ်၊ မှန်ပါတယ် မောင်ရင် ကျုပ်က ကျင်းဟုန်ပါ'

'တွေ့ရတာ ဝမ်းသာပါတယ် ဦးကြီး ကျင်းဟုန်'

ပြောပြောဆိုဆိုဖြင့် တိရှန်ဖ◌ိးက ကျင်းဟုန်ကို လက်နှစ်ဖက်ယှက်၍ ဦးညွှတ် အရိုအသေပြုလိုက်သည်။

ဖခင်နှင့် တန်းတူအဆင့်ရှိသူဖြစ်၍ ဂါရဝတရား ထားသည့် သဘော။ ပြီးမှ ဘေးတွင်ရှိနေသော ရွှေလှပျံ သိုင်းသမား ချင်ပိုနှင့် ဆက်လက် မိတ်ဆက်ပေးလိုက်သည်။

'ဦးကြီးကျင်းဟုန်၊ သူက ကျွန်တော့်ရဲ့ မိတ်ဆွေပါ၊ သူ့နာမည်က ရွှေလှပျံသိုင်းသမား ချင်ပိုတဲ့'

'တွေ့ရတာ ဝမ်းသာပါတယ်ဗျာ'

'ကျုပ်ကလဲ တွေ့ရတာ ဝမ်းသာပါတယ်'

'ဒါထက် မောင်ရင်က ဝိညာဉ်ဝယ်သူနဲ့ တိုက်ခိုက်ဖို့ ဒီတောင်ကြားကို ရောက်လာတာ မဟုတ်လား'

'ဟုတ်ပါတယ် ဦးကြီးကျင်းဟုန်၊ ဒီရောက်တော့ ဝိညာဉ်ဝယ်သူနှစ်ယောက်က တိုက်နှင့်နေကြလို့ ကျွန်တော် ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတယ်'

တိရှန်ဖ◌ိးက ဇဝေဇဝါ ပုံစံဖြင့် ပြောလိုက်ရာ အဆိပ်လက်သည်း ကျင်းဟုန်က တိုက်ခိုက်နေရာသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး....

'အဲဒီ နှစ်ယောက်ထဲမှာ တစ်ယောက်ကတော့ ကျုပ်သမီး ချန်ရှင်းလ◌ိပါ၊ ကျန်တစ်ယောက်ကိုတော့ ကျုပ်လဲ



မသိဘူး၊ အဲ....မောင်ရင့်ကို ချိန်းလိုက်တာကတော့ ဒီ့ပြင် တစ်ယောက် ဖြစ်ပုံရတယ်'

'ဖြစ်နိုင်ပါတယ် ဦးကြီး ကျင်းဟုန်၊ ချန်ရှင်းလ◌ိက ကျွန်တော့်ရဲ့မိတ်ဆွေ ဖြစ်လေတော့ တိုက်ခိုက်ဖို့ ချိန်းစရာ အကြောင်းမရှိပါဘူး၊ ဒါထက် အဲဒီ နှစ်ယောက်မှာ ဘယ်သူက ချန်ရှင်းလ◌ိ ဖြစ်မလဲ'

'သံကြာ လက်သည်းချွန်တွေ တပ်ထားတဲ့ ဝိညာဉ်ဝယ်သူက ကျုပ်သမီး ချန်ရှင်းလ◌ိ ဖြစ်လိမ့်မယ် ဘာလို့လဲဆိုတော့ သူအသုံးပြုတဲ့ သိုင်းကွက်တွေက အဆိပ်လက်သည်း သိုင်းကွက်တွေ ဖြစ်နေတယ်လေ၊ ဒီ့ပြင်တစ်ယောက်ရဲ့ သိုင်းကွက်တွေကိုတော့ ကျုပ်ပြောမပြတတ်ဘူး'

ကျင်းဟုန်က ခပ်ရှင်းရှင်း ပြောလိုက်သည်တွင် တိရှန်ဖ◌ိးက....

'ဒီဘက်ကတစ်ယောက် အသုံးပြုနေတဲ့ သိုင်းကွက်တွေက ကြာဖြူနန်းရှင် သိုင်းကျမ်းက သိုင်းကွက်တွေ ဖြစ်လိမ့်မယ်၊ ဘာလို့လဲဆိုတော့ ကြာဖြူကန် ဘွားဘွားစီကို လုပ်ကြံပြီး အဲဒီသိုင်းကျမ်းကို လုယူသွားတယ်လို့ သိရတယ်'

'ဟင်....ဟုတ်လား၊ ဒါကြောင့် ကျုပ်သမီး သူ့ကို တန်းတူမယှဉ်နိုင်တာဖြစ်မယ်၊ ကြာဖြူကန် ဘွားဘွားစီရဲ့ သိုင်းကျမ်းဆိုတာ နှယ်နှယ်ရရမှ မဟုတ်ဘဲ၊ ဒါထက် မောင်ရင်ကရော သူ့ကို ယှဉ်နိုင်ပါ့မလား'

ကျင်းဟုန်က နှစ်ဆယ်ပင် မပြည့်တတ်သေးသော တိရှန်ဖ◌ိးကို ကြည့်၍ လေသံပျော့ဖြင့် မေးလိုက်သည်။

သူ့သမီးပင် မယုံနိုင်သော လူတစ်ယောက်ကို တိရှိန်ဖိုး မည်သို့မျှ ယုံနိုင်မည် မဟုတ်ဟုလည်း တစ်ထစ်ချ ယူဆထားပုံရသည်။

ဒါကို ရိပ်စားမိသော တိရှိန်ဖိုးက ကြည်ကြည်လင်လင် ပြုံးပြလိုက်ရင်း....

'ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့ ဦးကြီး ကျင်းဟုန်၊ ကျွန်တော့်အဖေအတွက် ဒီနေ့မှာ ရအောင်သွေးကြွေးဆပ်ပြပါမယ်'

'ဒါဆိုရင်လဲ မောင်ရင် ခပ်မြန်မြန် ဝင်ကူမှဖြစ်လိမ့်မယ်၊ တော်ကြာဆို ကျုပ်သမီး ဒဏ်ရာရသွားနိုင်တယ်၊ ခုတောင် အခြေအနေက သိပ်ကောင်းတော့တာ မဟုတ်ဘူး'

'ရပါတယ် ဦးကြီးကျင်းဟုန်၊ ဒီတိုက်ပွဲထဲကို ကျွန်တော် ခုပဲ ဝင်တော့မှာပါ၊ ကဲ....ကျွန်တော့်ကို ခွင့်ပြုကြဦး'

'အောင်မြင်ပါစေကွာ'

ရှေးလူပျို သိုင်းသမား ချင်ပို၏ ဆုတောင်းပေးသံ ဆုံးသည်နှင့် တိရှိန်ဖိုးက တိုက်ပွဲဖြစ်နေရာသို့ လျှောက်လာခဲ့သည်။

ဦးကြီးကျင်းဟုန်ပြောတာ မမှား။

ချန်ရှင်းလိမှာ အတော်ပင် အကျပ်အတည်းကျနေပြီဖြစ်သည်။

သူကြည့်နေစဉ် အတောအတွင်းမှာပင် တစ်ဖက်ရန်သူက ချန်ရှင်းလိကို လက်ဝါးနှစ်ချက်ဆင့်၍ ရိုက်ချလိုက်ပြန်သည်။



ထို့ကြောင့် တိရှိန်ဖိုးမှာ မနေသာတော့ဘဲ ထိုနေရာသို့ ခုန်ဝင်၍ တစ်ဖက်ရန်သူ၏မျက်နှာကို ခြေဖြင့် ခုန်ကန်ပစ်လိုက်သည်။

'ကျွား....'

'ဝှစ်....'

'ဟိတ်....'

တစ်ဖက်ရန်သူမှာ လက်ဝါးချက်ကို ပြန်ရုပ်၍ ခြေကန်ချက်မှလွတ်အောင် နောက်ကျွမ်းပစ်၍ထွက်သွားသည်။

ထို့နောက် နှစ်ယောက်သား မျက်နှာချင်း ပြန်ဆိုင်မိသည်တွင် ချန်ရှင်းလိမဟုတ်ဒေသာ ဝိညာဉ်ဝယ်သူက....

'မင်းက ဘာကြောင့် ဝင်ရှုပ်တာလဲ တိရှိန်ဖိုး'

'ရှုပ်တာမဟုတ်ပါဘူးဗျာ၊ ခင်ဗျားကချိန်းထားလို့ လာတာပဲဥစ္စာ၊ ူက ဒီတိုက်ပွဲနဲ့မဆိုင်ပါဘူး၊ သူ့ကို အနားပေးလိုက်ပါ၊ ဒါထက် ချန်ရှင်းလိ ဒဏ်ရာမရသေးဘူး မဟုတ်လား'

တိရှိန်ဖိုးက လှည့်မေးလိုက်သည်တွင် ချန်ရှင်းလိက မျက်နှာပေါ်မှမျက်နှာဖုံးကို ဆွဲခွာလိုက်ကာ....

'မရသေးပါဘူး တိရှိန်ဖိုး၊ ဒါထက် ရှင် သူ့ကို ရင်ဆိုင်လို့ဖြစ်ပါ့မလား'

'ဖြစ်ပါတယ် ချန်ရှင်းလိ၊ ကိုယ့်အတွက် ဘာမှမစိုးရိမ်ပါနဲ့၊ ဒါထက် သူက ဘယ်သူလဲ မင်းသိလား'

ချန်ရှင်းလိက ခေါင်းလေးကိုသာခါပြသည်။ သည်တော့မှ တိရှန်ဖိးက ဝိညာဉ်ဝယ်သူအတုဘက်သို့ မျက်နှာ ပြန်လှည့်လိုက်ပြီး....

'ခင်ဗျာ မျက်နှာကိုမမြင်ရပေမယ့် ကျုပ် တစ်စထက်တစ်စ ရိပ်စားမိလာပါပြီ၊ မဟုတ်မှလွဲရော ခင်ဗျားဟာ ကျုပ်အာဝနဲ့ ကြာဖြူကန် ဘွားဘွားစီကို သတ်သွားတဲ့ မိုးကြိုးလက်သီးလိန်ရှုဝမ်ပဲ ဖြစ်ရမယ်'

'ဟား....ဟား....ဟား....ဟား....မင်းက တယ်တော်တာပဲကွ၊ မှန်ပါတယ်ကွာ၊ ငါက မင်း တင်စားတဲ့ အတိုင်း မိုးကြိုးလက်သီးလိန်ရှုဝမ်ပါပဲ'

ဝိညာဉ်ဝယ်သူအတုက ရယ်ရယ်မောမောဖြင့် ဝန်ခံရင်း မျက်နှာပေါ်မှ မျက်နှာဖုံးကိုဆွဲခွာလိုက်သည်။

မြင်လိုက်ရသည်က မိုးကြိုးလက်သီးလိန်ရှုဝမ်ပင် ဖြစ်နေလေသည်။

တိရှန်ဖိးက မိုးကြိုးလက်သီး လိန်ရှုဝမ်၏ မချိုမချဉ် မျက်နှာကို ရှုံ့ရှာမုန်းတီးစွာ ကြည့်လိုက်ရင်းမှ....

'ခင်ဗျားဟာ အသက်ကြီးပြီးအချိန်မစီးတဲ့လူတစ်ယောက်ပဲ လိန်ရှုဝမ်၊ ဘွားဘွားစီလို ကျေးဇူးရှင် တစ်ယောက်ကို ပြန်လုပ်ကြံတယ်ဆိုတာကတော့ အလွန်ကိုသုတ်မာတဲ့လုပ်ရပ်တစ်ခုလို့ ကျုပ်ထင်တယ်'

'ကျေးဇူးရှင်ဟုတ်လား၊ ဒါတွေက အရေးမကြီးပါဘူးကွာ၊ အရေးကြီးတာက သိုင်းလောကမှာ ပြိုင်ဘက်ကင်းသိုင်းရာဇာဖြစ်ဖို့ပဲ'



'ခင်ဗျား အရူးပဲ'

တိရှန်ဖိးက ဒေါသဖြင့်ပြောလိုက်သော်လည်း မိုးကြိုးလက်သီး လိန်ရှုဝမ်က အပြုံးပျက်မသွား။

'ပြောချင်သလိုပြောလို့ရတယ် တိရှန်ဖိး၊ မင်းပြောလို့ ငါ့အသားပဲ့ ပါမသွားပါဘူး၊ အေး... ပြီးရင်တော့ မင်းတို့အားလုံးကို တစ်ယောက်မကျန် ငါသတ်ရလိမ့်မယ်'

'ကျုပ်တို့ကိုသတ်မယ် ဟုတ်လား'

'ဟုတ်တယ်၊ ခုတောင် မင်းဝင်ရှုပ်လိုက်လို့ ဟိုကောင်မလေး ကံကောင်းသွားတာ၊ ဒါပေမယ့် ခုမသေလဲ မကြာခင်မှာတော့ သေရမှာပါပဲလေ'

မိုးကြိုးလက်သီး လိန်ရှုဝမ်က အပိုင်တွက်ပြီးပြောလာသောကြောင့် တိရှန်ဖိးက ခပ်မှုဉ်းမှုဉ်း ရယ်မောလိုက်မိသည်။

ပြီးမှ....

'ပြောသလောက်လွယ်ရင်တော့ ကောင်းသားပေါ့ဗျာ၊ တစ်ခါတစ်ခါကျတော့ အထင်နဲ့အမြင်ပါစဉ်အောင်လွဲတတ်တယ်ဗျ၊ ကဲ.... ကျုပ်တို့ သွေးကြွေးဆပ်ပွဲကို စလိုက်ကြရအောင်၊ ချန်ရှင်းလိ ... ဟိုမှာ မင်းအဖေနဲ့ ဦးလေးချင်ပိုစောင့်ကြည့်နေတယ်၊ သူတို့နဲ့တူတူသွားနေချေ'

'သတိထားနော် တိရှန်ဖိး'

'စိတ်ချပါ ချန်ရှင်းလိ၊ ကိုယ့်ကို သူမသတ်နိုင်ပါဘူး'

တိရှန်ဖိးက မိုးကြိုးလက်သီးလိန်ရှုဝမ် မခံချင်ဖြစ်သွားအောင် တမင်တကာပြောလိုက်ခြင်း ဖြစ်သည်။

ချန်ရှင်းလ ီက သူ့ကို စိုးရိမ်သော အကြည့်မျိုးဖြင့် အတန်ကြာအောင်စိုက်ကြည့်နေပြီးမှ ကျင်းဟုန်နှင့်ရွှေလှ ပျံ သိုင်းသမား ချင်ပိုတို့ ရပ်နေရာသို့ လျှောက်သွားသည်။

သည်တော့မှ တိရှန်ဖ ီးနှင့် မိုးကြိုးလက်သီး လိန်ရှုဝမ် တို့က မျက်နှာချင်းဆိုင်ရပ်၍ တစ်ယောက်ကို တစ်ယောက် ခပ်တည်တည်ဖြင့် ကြည့်လိုက်ကြသည်။

ထိုအခိုက်အတန့်တွင် နဂါးညီနောင် တောင်ကြားမှာ အပ်ကျသံပင် ကြားရလောက်အောင် ပကတိ တိတ်ဆိတ် ငြိမ်သက်လျက်။

( ၇၀ )

'ကဲ....ကျုပ်စပြီး တိုက်ခိုက်တော့မယ်နော်၊ သတိထား ပြီးတော့သာ ရှောင်ပေတော့'

'ရပါတယ်....တိရှန်ဖ ီး၊ ငါကလဲ အဆင်သင့်ပါပဲ'

လိန်ရှုဝမ်၏စကားဆုံးသည်နှင့် တိရှန့်ဖ ီးက ဖျတ်ခနဲ ခုန် ဝင်ကာ ဘယ်ညာ လက်ဝါးချက်များ ဆင့်ရိုက်ထုတ်ရင်း တိုက်ခိုက်မှုကို စတင်လိုက်သည်။

'ဝှမ်း....ဝှမ်း'

တိရှန်ဖိုးမှာ မူလကတည်းက အတွင်းအား မြင့်မားသူဖြစ်သဖြင့် လက်ဝါးချက်များက ကျယ်လောင်သော လေခွင်းသံပေး၍ ကျရောက်သွားသည်။

သို့သော် ပညာသားမပါသော ရိုးစင်းသည့် လက်ဝါးချက်မျိုး ဖြစ်သောကြောင့် မိုးကြိုးလက်သီး လိန်ရှုဝမ်က အလွယ်တကူပင် တိမ်းရှောင်သွားခဲ့သည်။

ပြီးလျှင် လိန်ရှုဝမ်က ညာခြေကို ချွန်းကွက်နင်း၍ ကြာဖြူ နန်းရှင် သိုင်းကျမ်းမှ မိုးယံတိမ်ဖောက် ကကြိုးပျောက် သိုင်းကွက်ဖြင့် တုံ့ပြန်တိုက်ခိုက်လိုက်သည်။

ထိုသိုင်းကွက်မှာ ခြေနှင့်လက်ကို ဟန်ချက်ညီညီ တွဲ၍ အသုံးပြုရသော သိုင်းကွက်တစ်ခုဖြစ်၏။

ထို့ကြောင့် လက်ဝါးချက်များသာမက ခြေကန်ချက်များကပါ တိရှန်ဖိုးထံသို့ ပြင်းထန်စွာ တိုးဝင်သွားတော့သည်။

တိရှန်ဖိုးကား ချန်ရှင်းလီလောက် ကိုယ်ဖော့ပညာတွင် အဆင့်မြင့်သူမဟုတ်ချေ။

အတွင်းအားတွင်မူ တန်းတူလောက်ရှိခြင်း၊ သိုင်းပညာ၌သာ ချန်ရှင်းလီထက် သာလွန်မှုရှိသူဖြစ်သည်။

ထို့ကြောင့် လိန်ရှုဝမ်၏တိုက်ခိုက်မှုကို အလွတ် တိမ်းရှောင်ဖို့ မကြိုးစားဘဲ တိရှန်ဖိုးက ထိပ်တိုက်ခံဆောင်ဖို့ ဟန်ပြင်လိုက်သည်။

ထို့နောက် လိန်ရှုဝမ်၏ လက်ဝါးရိုက်ချက်များကို သူ့လက်ဝါးဖြင့်ဆီး၍ ရိုက်ချလိုက်ရာ အတွင်းအားချင်းယှဉ်ရန်



ဓနိလေးရှော့သော်ဖြဲ လိန်ရှုဝမ်က လက်ဝါးချက်ကို ရှောင်၍ ထွက်သွားသည်။

ထိုနည်းတော်ဖွဲမှ တိရှန်ဖိုးက လေပွေလက်ဝါး ဟွန်တိ၏ လေးပွင့်လက်ဝါးသိုင်းကျမ်းထဲမှ ပထမဆုံး သိုင်းကွက်ဖြစ်သည့် အရိပ်မဲ့ဝက်ပါသိုင်းကွက်ဖြင့် တိုက်ခိုက်လိုက် လေတော့သည်။

လေးပွင့်လက်ဝါးသိုင်းကျမ်းမှ သိုင်းကွက်များမှာ အတွင်းအား နက်ရှိုင်းမှုအပေါ် မူတည်၍ အဆင့်ဆင့် ပြောင်းလဲ တိုက်ခိုက်နိုင်သော သိုင်းကွက်များဖြစ်သည်။

သိုင်းကွက်များမှာ တစ်ဖက်ရန်သူ၏ မျက်စိလည်သွားစေနိုင်လောက်သော ထူးခြားသည့် သိုင်းကွက်များဟုလည်း ဆိုနိုင်ပေသည်။

ထိုသို့ဖြစ်၍ တိရှန်ဖိုးက အရိပ်မဲ့ဝက်ပါ သိုင်းကွက်ကို စတင် အသုံးပြုလိုက်သည်နှင့် မိုးကြိုးလက်သီး လိန်ရှုဝမ် အနည်းငယ် တုန်လှုပ်သွားမိသည်။

အမှု မျက်ခြည်မပြတ် ကြည့်နေသဲမှုပင် တိရှန်ဖိုး၏ လှုပ်ရှားဟန်မှာ တရိပ်ရိပ် ဖြစ်လာပြီးနောက် သူကိုယ်တိုင်မှာမူ လက်ပါးတစ်ခုထဲသို့ ရောက်ရှိသွားသူပမာ ခံစားလာရသည်။

အကယ်တော့ တိရှန်ဖိုးမှာ မိုးကြိုးလက်သီး လိန်ရှုဝမ် လှည့်ပတ်ရင်း သွက်လက်စွာ တိုက်ခိုက်နေခြင်းသာလျှင် ဖြစ်သည်။

ထို့ကြောင့် မိုးကြိုးလက်သီး လိန်ရှုဝမ်မှာ ထူးဆန်း ဆန်းဆန် သိုင်းကွက်ဆန်းအောက်မှ အမြန်ဆုံး ရုန်းထွက်မှ

ဖြစ်မည်ဟု တွေးမိသွားကာ ကြာဖြူနန်းရှင် သိုင်းကျမ်းမှ ကချေသည်ဟန် မုန့်တိုင်းမာန် သိုင်းကွက်ဖြင့် ရုတ်တရက် တုံ့ပြန်တိုက်ခိုက်လိုက်သည်။

အဆိုပါသိုင်းကွက်မှာပျော့ပျောင်းသယောင်နှင့်ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှသော အဆင့်မြင့် သိုင်းကွက်တစ်ခုပင်ဖြစ်သည်။

သို့ဖြစ်၍ အရှိန်ရနေသော တိရှန်ဖိုးမှာ မည်သို့မျှမတတ်သာတော့ဘဲ နေရာမှ ခုန်ဆုတ်ကာ ရှောင်ထွက်လိုက်ရလေတော့သည်။

မည်သို့ပင်ဖြစ်စေ မိုးကြိုးလက်သီး လိန်ရှုဝမ်မှာ တိရှန်ဖိုးကို အထင်မသေးရဲတော့။

တိရှန်ဖိုး၏ ပထမဦးဆုံး သိုင်းကွက်ကပင်လျှင် လွန်စွာအံ့ဩဖွယ်ကောင်းအောင် အဆင့်မြင့်နေသည် မဟုတ်လား။

အကယ်၍ သူသာ ကြာဖြူနန်းရှင် သိုင်းကျမ်းကို တတ်မြောက်ထားခဲ့ခြင်း မရှိခဲ့ဘူးဆိုလျှင် စောစောက သိုင်းကွက်နှင့်ပင် ရှုံးနိမ့်ရတော့မှာ သေချာသည်။

ယခုမူ ကြာဖြူနန်းရှင်သိုင်းကျမ်းမှ သိုင်းကွက်က ကာယ်တင်လိုက်သဖြင့် အသက်ရှူချောင်သွားခြင်းဖြစ်သည်။

ထို့နောက် မိုးကြိုးလက်သီး လိန်ရှုဝမ်က တိုက်ပွဲကိုပြန်မစသေးဘဲ တိရှန်ဖိုးကို အလျင်စလို လှမ်းမေးလိုက်သည်။

'မင် ခုန်အသုံးပြုသွားတဲ့ သိုင်းကွက်က တယ်အဆင့်မြင့်ပါလားကွ၊ မင်းအဖေ တိယန်းစင် သင်ပေးထားတာတော့



ဟုတ်ပုံမရဘူး၊ မင်း ဘယ်သူ့ဆီက တတ်ထားတာလဲ ပြောစမ်း'

'ခင်ဗျားက သိချင်လို့လား၊ ဒါဆိုလဲ ပြောပြရသေးတာပေါ့ဗျာ၊ ကျုပ်အသုံးပြုတဲ့ သိုင်းကွက်က သိုင်းရာဇာကြီး ဟွမ်တီရဲ့ လေဗွေလက်ဝါး သိုင်းကျမ်းထဲက သိုင်းကွက်ပဲဗျ၊ သိပြီလား'

'ဟင်....လေဗွေ လက်ဝါး သိုင်းကျမ်းထဲက သိုင်းကွက်ဟုတ်လား၊ လေဗွေလက်ဝါးဟွမ်တီ သေဆုံးသွားခဲ့တာ ကြာပြီပဲ ဥစ္စာ'

မိုးကြိုးလက်သီး လိန်ရှုဝမ်က နဝေတိမ်တောင် ပုံစံဖြင့် ပြန်ပြောသည်။

ထို့ကြောင့် တိရှန်ဖိုးက နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး....

'ဒါတော့ မှန်ပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့လို လူယုတ်မာတွေကို ဆုံးမဖို့ သိုင်းကျမ်းက ကျုပ်လက်ထဲကို အလိုလိုရောက်လာခဲ့တယ်လေ၊ ကျုပ်က ခင်ဗျားလို ကောက်ကျစ်စဉ်းလဲစွာ လုပ်ကြံပြီး လုယူခဲ့တာ မဟုတ်ပါဘူးလေ၊ ဒါကြောင့် စိတ်လဲသန့်တယ်၊ ပြီးတော့ လိပ်ပြာလဲလုံပါတယ်'

တည်တည်ငြိမ်ငြိမ်ဖြင့် ပြောလိုက်သည်။

ထိုစကားက ချက်ကောင်းကို ထိသွားဟန် တူသည်။

လိန်ရှုဝမ်၏မျက်နှာကြီးမှာ ရုတ်ခြည်းပင် ဒေါသရှိန်ဖြင့် နီရဲတက်သွားသည်။

ပြီးတော့မှ တိရှန်ဖိုးကို ဝါးတော့ စားတော့မလိုဟန်မျိုးဖြင့် ကြည့်၍....

"အမယ်...မလောက်လေး မလောက်စား ကောင်ကမျှား ငါကစေဖန်လို့ ဘယ်လိုနည်းနဲ့ပဲရရ မင်းအပုဒ်မဟုတ်ပါဘူး၊ အိုတာ...ရုပ်ပါတယ် မင်းကို ခုချက်ချင်းပဲ ရေပိုင်းလိုက်တော့ ကောင်းပါတယ်"

"ခင်ဗျားပြောတာ မှားနေပြီ၊ ငါ့ကို ဖမ်းတဲ့ကောင်မှာ ကျပ်မဟုတ်ဘူး... ခင်ဗျား"

တိရှန်ဖိုး စကားအဆုံးတွင် မိုးကြိုးလက်သီး လိန်ရှဝမ်ကသေသက်ကြီးပင် ထပ်မံ တိုက်ခိုက်လို လာပြန်သည်။

သည်တစ်ကြိမ်တွင် လိန်ရှဝမ်၏ တိုက်ခိုက်မှုက ပိုမိုပြင်းထန်လာသယောင် ရှိသည်။

တိရှန်ဖိုးထို စိစိညက်ညက် ဖြစ်သွားအောင် သတ်ပစ်ချင်စိတ်များ အားကြီးနေပုံလည်းရသည်။

သို့သော် သူထင်တိုင်း တိုက်ခိုက်၍ရအောင်တိရှန်ဖိုးက သက်မဲ့ကျောက်ရုပ်တစ်ခုမဟုတ်။

သို့ဖြစ်သောကြောင့် လိန်ရှဝမ် တိုက်ခိုက်လာသည့်တွင် တိရှန်ဖိုးက လူပစ္စာ တိမ်းရှောင်ရင်းမှ လေပွေလက်ဝါး သိုင်းကွက်များဖြင့် အကွက်စေ့စေ့ပင် ပြန်လှန်တိုက်ခိုက်လိုက်လေသည်။

သို့ဖြင့် တိုက်ပွဲက အနည်းငယ် ကြာမြင့်သွားသည်။

နှစ်ဦးစလုံး သိုင်းကွက်ဆယ်ကွက်ကျော်ကျော် အသုံးပြုခဲ့ပြီးပြီဖြစ်သည်။

သို့ရာတွင် မည်သူမျှ ရှုံးနိမ့်မှု မရှိသေး။



ပြောမည်ဆိုလျှင် တိရှန်ဖိုး၏ လေပွေလက်ဝါးသိုင်းကွက်များက လိန်ရှဝမ်၏ ကြာဖြူနန်းရှင် သိုင်းကွက်များထက် ပို၍အဆင့်မြင့်ကာ သာလွန်မှုရှိသည်။

အတွင်းအားတွင်လည်း တိရှန်ဖိုးကပင် သာ၍နေပေသေးသည်။

သို့သော်မယ့် တိုက်မှုအတွေ့အကြုံရင့်ကျက်မှုတွင်ကား တိရှန်ဖိုးသည် ဘယ်လောက် မိုးကြိုးလက်သီးလိန်ရှဝမ်ကို မမီချေ။

သို့ဖြစ်၍လည်း အနည်းငယ်အသာစီးရချင်ပါလျက် ယခုတိုင် ပြတ်သားစွာ အနိုင်မယူနိုင်သေးဘဲ ရှိနေခြင်း ဖြစ်သည်။

သို့သော်အနည်းငယ်အချိန်ကြာလာသည်နှင့်အမျှသက်လုံကွာခြားပြောလာသည်။

အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးရှိသော လိန်ရှဝမ်မှာ အသက်နှစ်ဆယ်အရွယ် တိရှန်ဖိုးလောက်အမောမခံနိုင်တာကတော့ အမှန်ပင်ဖြစ်သည်။

ထိုသို့သက်လုံချင်း ကွာခြားမှုကြောင့် မိုးကြိုးလက်သီး လိန်ရှဝမ်၏ လှုပ်ရှား တိုက်ခိုက်ဟန်များမှာ တိုက်ပွဲဖြစ်စဉ်ကလောက် သွက်လက်ခြင်းမရှိတော့ဘဲ တစ်စတက်တစ်စ လေးဖင့်၍လာလေသည်။

ဒါ့အပြင်တိရှန်ဖိုးမှာမူ သက်လုံကောင်းသော ကလေးငယ်တစ်ဦးဖြစ်သည့်အပြင် ဖခင်အတွက် သွေးကြွေးဆပ်လိုစိတ် ပြင်းပြနေသူလည်းဖြစ်၍ သူ၏ တိုက်ခိုက်ဟန်များက တဖြည်းဖြည်းငင် ပို၍ အရှိန်တက်လို့လာသည်။

ထို့ကြောင့် မိုးကြိုးလက်သီး လိန်ရှုဝမ်မှာ မောစပြုနေသည့်ကြားမှပင် မရပ်မနားကြိုးစား တိမ်းရှောင်နေရသည်။

ထိုသို့ရှောင်တိမ်းရင်းမှ တစ်ချိတွင် တိရှန်ဖ ီး၏သွက်လက်သော ကန်ချက်ကို အရှောင်နောက်ကျသွား၏။

ထို့ကြောင့် တိရှန်ဖ ီး၏ကန်ချက်က ညာပေါင်ရင်းကို ပွတ်ထိကာ မိုးကြိုးလက်သီးလိန်ရှုဝမ် ကုန်းကွကွဖြစ်လို့သွားသည်။

တိရှန်ဖ ီးက အမြန်ဆုံးပွဲသိမ်းလိုနေသည့် အားလျော့စွာ အခွင့်အရေးကို လက်လွှတ်မခံချေ။

ကုန်းကွကွဖြစ်နေသော လိန်ရှုဝမ်ရှိရာသို့ လျှပ်တစ်ပြက်တိုးဝင်၍ ခြေလက်များကို လှုပစွာ ထပ်မံ လှုပ်ရှားလိုက်ပြန်သည်။

'ကျား....'

'ဝိုး....ဝုစ်'

မိုးကြိုးလက်သီး လိန်ရှုဝမ်မှာ သတိရှိသူဖြစ်၍ ဖျတ်ခနဲ ပြန်မတ်ကာ တိရှန်ဖီး၏ တိုက်ခိုက်မှုကို ခုခံဖို့ဟန်ပြင်လိုက်သည်။

သို့ရာတွင် ကန်ချက်ကိုသာ လွတ်အောင် ရှောင်နိုင်ခဲ့သည်။

ခန့်မှန်းရခက်စွာ ဝင်ရောက်လာသော လက်ဝါးရိုက်ချက်ကိုမူ ရှောင်တိမ်းနိုင်စွမ်းမရှိတော့။



သို့ဖြစ်၍ တိရှန်ဖီး၏ ညာလက်ဝါးရိုက်ချက်က ရင်ဝသို့ တည့်တည့်ထိကာ လိန်ရှုဝမ်မှာ မြေပြင်ပေါ်သို့ လွင့်စဉ်လဲကျသွားတော့သည်။

'ဂုန်း....'

'အင့်....'

ထိချက်က ပြင်းထန်သည့်အပြင် ချက်ကောင်းနေရာလည်း ဖြစ်နေသည့်အတွက် လိန်ရှုဝမ်တစ်ယောက် မချိမဆံ့ ခံစားသွားရသည်။

( ၃၀ )

ရင်ဝမှာ ပြင်းထန်စွာ နာကျင်မှု ဝေဒနာကိုခံစားနေရသည့်နည်းတူ ပါးစပ်မှ ညီး သွေးများအန်ထွက်လာသည်။

ထိုမြင်ကွင်းကိုကြည့်၍ တိရှန်ဖီးမှာ သနားရန်စိတ်မကူးမိပေ။

ဖခင်ကို သတ်ဖြတ်သွားသူဟု သိထားသောကြောင့်လေသံတင်းတင်းဖြင့်ပင်.....

ဘယ်နှယ်လဲ လီနီရှဝမ်၊ ကြာဖြူနန်းရှင်သိုင်းကျမ်းကခင်ဗျားကို မကယ်နိုင်တော့ပါလား။ ဒီလိုပြောလိုက်လို့ဘွားဘွားစီရဲ့ သိုင်းပညာကို စော်ကားတယ်လို့တော့ မထင်နဲ့။ ဘွားဘွားစီရဲ့ သိုင်းကျမ်းကလဲ ပိုင်ဘက်ကင်းသိုင်းကျမ်းတစ်ခုဆိုတော့ ကျုပ်ယုံပါတယ်၊ ဒါပေမယ့် ခင်ဗျားက သိုင်းကျမ်း

ပိုင်ရှင်ကို လုပ်ကြံပြီး အပိုင်စီးလာခဲ့တာဆိုတော့ ဘယ်လို လုပ်ပြီး ထက်မြက်မှု ရှိပါတော့မလဲ'

ပြောလိုက်ရာ လိန်ရှုဝမ်မှာ ဟုတ်တာဆိုနာလိုခံခက်ဒေါသ ထွက်သည့်စကားအတိုင်းပင် မချိအောင် နာသွားသည်။

ထို့ကြောင့် ရှိသမျှအားအင်ကိုစုစည်းပြီးသကာလ ကျား တစ်ကောင်ကဲ့သို့ တိရှန်ဖင်းကို ခုန်အုပ်လိုက်သည်။

'ကျား....'

'ဟိတ်....'

'ဖြောင်း'

'ဝုန်း'

'အင့်'

အဖြစ်အပျက်က မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ခန့်ပင် ရှိမည်ထင်သည်။

ခုန်ဝင်လာသော လိန်ရှုဝမ်ကို တိရှန်ဖင်းက လေထဲတွင် ဝံပျံ၍ ဆီးကန်ပစ်လိုက်သည်။

ထို့နောက်မှာတော့ သိုင်းလောကရာဇာ ဖြစ်ချင်သော မိုးကြိုးလက်သီး လိန်ရှုဝမ်မှာ မရှုမလှ ဖြင့်ပင် အသက် ပျောက်၍ သွားတော့သည်။

'မင်းရဲ့ တိုက်ခိုက်သွားပုံကတော့ တကယ်ကို လက်ဖျား ခါလောက်ပါပေတယ်ကွာ'

ရွှေလှံပျံချင်ပိုက ချီးကျူးစကား ဆီးပြောလာသဖြင့် တိရှန်ဖင်းက မပြုံးချင်ပြုံးချင် ပြုံးလိုက်ကာ....



'ဒါကလဲ ကျွန်တော် တော်လို့ မဟုတ်ပါဘူး ဦးလေး ချင်ပိုရာ၊ သိုင်းဆရာကြီးဟွမ်တီရဲ့ သိုင်းပညာကိုက အဆင့် မြင့်နေလို့ပါ'

'ဒါဆို သိုင်းကျမ်းရလာအောင် ကျောက်ရုထဲထည့်ပိတ် ပေးခဲ့တဲ့ ကျွန်မကိုလဲ ရှင် ကျေးဇူးတင်သင့်တယ်'

ချန်ရှင်းလီက အပြုံးလှလှလေးဖြင့် ဆိုလာသောကြောင့် တိရှန်ဖင်းက ခေါင်းညိတ်ပြလိုက်ရင်းမှ....

'မှန်ပါတယ်ခင်ဗျာ၊ ခုလို သိုင်းကျမ်းရအောင် ဆောင် ကြဉ်းပေးတဲ့ ချန်ရှင်းလီကိုလဲ အထူးပဲကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဘာမပြော ညာမပြော ပိတ်လှောင် သွားတဲ့ အတွက်တော့ ခုထိ ရင်ထဲမှာ သိပ်မကျေလည်သေးဘူး'

'ဒါကတော့ ရှင့်အတွက်စိုးရိမ်လို့ ပိတ်လှောင်ထားခဲ့မိ တာပါ၊ ရှင်က သိုင်းပညာတတ်သေးတာ မဟုတ်တော့ ဝိညာဉ်ဝယ်သူအတုနဲ့ သွားတွေ့ရင် ရှင် ဒုက္ခရောက်သွားနိုင် တယ် မဟုတ်လား'

'ဩော်... မင်းက ကိုယ့်ကို အစိုးရိမ်လွန်ပြီး ပိတ်ထားခဲ့ တာလား၊ ဒါဆိုရင်တော့ ခွင့်လွှတ်ရမှာပေါ့လေ'

ပြောပြော ဆိုဆိုဖြင့် တိရှန်ဖင်းက ချန်ရှင်းလီ၏ လက် ကလေးကို လှမ်းကိုင်ဟန် ပြင်လိုက်သည်။

သို့သော် ချန်ရှင်းလီက အကိုင်မခံ။

သူမ လက်ကို ဆတ်ခနဲ ရုပ်လိုက်ရင်းမှ မျက်လုံးဖြင့် အချက်ပြသည်။

သည်တော့မှ တိရှ္နန်ဖီးမှာ ချန်ရှင်းလီ၏ဖခင် ကျင့်းဟုန် ရှိနေသေးတာကို သတိပြုမိသွားကာ ကိုယ်ရှိန်ပြန်သတ်လိုက်ရသည်။

နောက်တော့ အရှက်ပြေရယ်မောရင်းမှ ရွှေလုံ့ပျံ ချင်ပို ကို ကြည့်လိုက်ပြီး....

'အင်း... ဦးလေးချင်ပိုကတော့ အနှပြည့်ဝသွားပြီပေါ့လေ၊ ထိပ်တန်းသိုင်းပညာရှင်နှစ်ယောက် တိုက်ပွဲကိုမြင်ချင်နေတယ်ဆိုတော့'

'ဟုတ်တယ် တိရှ္နန်ဖီး၊ ဒါပေမယ့် ရင်တမမနဲ့ကြည့်နေရတာပါကွာ၊ မပြောကောင်းပြောကောင်း မင်းသာ ကံဆိုးပြီး ဆုံးရှုံးသွားခဲ့မယ်ဆိုရင် ငါတို့ သူ့ကိုထိန်းနိုင်မှာမဟုတ်ဘူးကွ'

'မဟုတ်တာ ဦးလေးချင်ပိုရာ၊ တိုက်ပွဲမစခင်ကတည်းက ပြောခဲ့သားပဲ၊ သူ ကျွန်တော့်ကို နိုင်အောင် မတိုက်နိုင်ပါဘူးလို့'

'ဒါတွေ့ ဒါပေါ့ကွာ၊ ဒါပေမယ့် ကံဆိုတာကို ပြောရခက်တယ်မဟုတ်လား၊ ခုတော့ စိတ်အေးသွားရပါပြီကွာ... ငါတို့ ဒီကနေ ပြန်ခွာသွားကြရအောင်'

'ဟုတ်ကဲ့ ဦးလေးချင်ပို၊ ကဲ... ဦးကြီးကျင်းဟုန်ရော ချန်ရှင်းလီရော ကျွန်တော်တို့ကို ခွင့်ပြုကြပါဦး'

တိရှ္နန်ဖီးက တည်ကြည်သော မျက်နှာထားဖြင့် တလေးတစား ပင် နှုတ်ဆက်လိုက်သည်။



နောက်တော့ သူ့ကို အကြင်နာမျက်ဝန်းများဖြင့် စိုက်ကြည့်နေသော ချန်ရှင်းလီအား တစ်ချက်မျှသာ ငေးငေး ကြည့်ပြီးနောက် ထိုနေရာမှ စတင် ထွက်ခွာ လာခဲ့တော့သည်။

ရွှေလုံ့ပျံ ချင်ပိုနှင့် တိရှ္နန်ဖီးတို့နှစ်ဦးမှာ စကားမပြောဖြစ်ကြဘဲ ခပ်မှန်မှန်သာ လျှောက်လှမ်းလာကြသည်။

အတော်လှမ်းလှမ်းသို့ ရောက်သည့်အခါကျမှ ရွှေလုံ့ပျံ ချင်ပိုက 'စ၍...

'မင်း သူ့ကို တကယ်ခွဲနိုင်သလား တိရှ္နန်ဖီး'

'ဘယ်သူ့ကိုပြောတာလဲ'

'ချန်ရှင်းလီကိုလေ'

'မှန်တဲ့အတိုင်း ပြောရရင်တော့ သူ့ကိုကျွန်တော်ချစ်ပါတယ်၊ ဒါပေမယ့် အကာသ အဖေနဲ့ ကျွန်းကို ပြန်သွားမှာဆိုတော့ ဘာမှ ဖွင့်မပြောတာပဲ ကောင်းပါတယ် ဦးလေးရာ'

တိရှ္နန်ဖီး၏ ရင်ထဲမှ ခံစားမှုကို နားလည်သွားသော ရွှေလုံ့ပျံ ချင်ပိုက ထပ်မံ တိုက်တွန်းဖို့ မကြိုးစားတော့ဘဲ သက်ပြင်းတစ်ချက်ကိုသာ ဟင်းခနဲမြည်အောင်ချသည်။

ပြီးမှ....

'အေးကွာ....မင်းတို့အဖြစ်ကလဲ တကယ်ကိုစိတ်မကောင်းစရာပါပဲ၊ တစ်ယောက်ကိုတစ်ယောက် အမှန်တကယ် ချစ်ကြပါလျက် အခြေအနေအရပ်ရပ်ကြောင့် ဖွင့်မပြောသာတဲ့ အဖြစ်မျိုး'

'ဒါကတော့ ဘဝပေးကုသိုလ်ပဲပေါ့ ဦးလေးရာ'

တိရှန်ဖီးက အားမပါသော လေသံမျိုးဖြင့် ဆိုလိုက်သည်။

ထိုစဉ်မှာပင်...

'တိရှန်ဖီး....'

နောက်ကျောဆီမှ လှမ်းခေါ်လိုက်သော ချိုသာသည့် အသံလေးကြောင့် နှစ်ယောက်လုံး ခြေလှမ်းများ တုံ့သွားကြသည်။

ထို့နောက် ပြိုင်တူလှည့်ကြည့်လိုက်သည့် အခါမှာတော့ တိရှန်ဖီးတစ်ယောက် သူ့မျက်စိကိုပင် သူ မယုံနိုင်အောင်ဖြစ်သွားသည်။

အကြောင်းမူ သူရှိရာသို့ ပြေးလာနေသော ချန်ရှင်းလီကို တွေ့လိုက်ရသောကြောင့်ပင်ဖြစ်သည်။

သို့သော် တိရှန်ဖီးက ကြာရှည်အံ့သြမနေအား....

အနားသို့ရောက်လာသော ချန်ရှင်းလီကိုသာ အားရပါးရ ဆီးကြိုပွေ့ဖက်လိုက်လေသည်။

အနားတွင် ရွှေလှပျံချင်ပို ရှိနေသေးသော်လည်း ချစ်သူနှစ်ဦးမှာ ကြည်နူးစိတ်ကြောင့် မျက်နှာပူဖို့ကိုပင် မေ့လျော့၍ နေကြလေသည်။

'ချန်ရှင်းလီ.... မင်း ကိုယ့်နောက်ကို လိုက်လာတာယ် ဟုတ်လား'

တိရှန်ဖီးက မျက်နှာလှလှလေးကို အနီးကပ်ငုံ့ကြည့်ရင်း မေးလိုက်ရာ ချန်ရှင်းလီက ပြုံးပြုံးလေး လုပ်နေရင်းမှ....



'ဟုတ်တယ်....ကိုယ်နဲ့ မခွဲနိုင်လို့ လိုက်လာတာပေါ့၊ ကိုယ်ကတော့ ခွဲနိုင်လို့ ခေါ်ဖို့တောင် စိတ်မကူးဘဲ ထွက်သွားခဲ့တာ မဟုတ်လား'

'အဲဒီလို မဟုတ်ပါဘူးကွာ၊ ကိုယ်ကလဲ ချန်ရှင်းလီကို ကိုယ်နဲ့အတူတူလိုက်ခဲ့ဖို့ ခေါ်ချင်တာပေါ့၊ ဒါပေမယ့် ဦးကြီးကြီးကျောင်းဟုန်ရှိနေတော့ ဘယ်လိုလုပ်ပြီး ခေါ်လို့ဖြစ်ပါ့မလဲ၊ ဒါထက် ခုရော ဦးကြီးကျောင်းဟုန် ဘယ်မှာ ကျန်ခဲ့သလဲ'

'ဖေဖေလား....ဖေဖေ ကျွန်းကိုပြန်သွားပြီလေ'

'ဟင်....ဒါကို လီ့ကို တားခဲ့တယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်လေ၊ ဖေဖေက ပြောတယ်၊ သမီး ကျွန်းကို နေချင်တဲ့အခါ လာနေပါ၊ အမြဲနေဖို့တော့ မလိုပါဘူးတဲ့၊ ပြည်မမှာပဲ ကိုနဲ့အတူ နေခဲ့ပါတော့တဲ့'

'ဦးကြီးကျောင်းဟုန်က ကိုယ်တို့ချစ်နေကြတာကို သိနေသလား'

တိရှန်ဖီးက တအံ့တသြ မေးလိုက်သည်။ ချန်ရှင်းလီက ရယ်လျက်....

'သိတာပေါ့ ကိုရဲ့၊ ဖေဖေကလဲ ငယ်ရာက ကြီးလာတဲ့ သူပဲ ဥစ္စာ'

'အမယ်လေး....တော်လိုက်တဲ့ ယောက္ခမကြီး၊ အလိုက်ကလဲ သိ၊ သဘောကလဲ ကောင်းမှကောင်း'

'သွားပါ....နောက်တီး နောက်တောက်နဲ့'

ချန်ရှင်းလီက မျက်စောင်းလေးထိုးသည်။ ထိုစဉ်မှာပင် တိရှန်ဖီးက ပါးပြင်နုနုကို ငုံ့နမ်းဖို့ ကြိုးစားလိုက်သည်။

သို့သော် အောင်မြင်းခြင်းမရှိ။ ချန်ရှင်းလ၏ ကျား ဖျတ်ခနဲ ရှောင်ထွက်ရင်းမှ ရှက်မျက်နှာလေးဖြင့် ရွှေလှ မျ ချင်ပို့တို့ လက်သိုးထိုးပြသည်။

ထို့ကြောင့် တိရှန်ဖ၏ းက ရွှေလှံမျှ ချင်ပို့ကို မကျေမချမ်းဟန်ဖြင့် ကြည့်၍...

'ဦးလေးချင်ပို့ကလဲ အလိုက်မသိလိုက်တာဗျာ၊ ကိုယ့်ဟာကိုယ် ငရှက သွားနှင့်မှပေါ့ဗျ'

'ဩော်...ဪ..အေး မသိလို့ပါကွ၊ ကဲ...ကဲ သွားပြီဟေ့'

ပြောပြောဆိုဆိုဖြင့် လှည့်ကြည့် လှည့်ကြည့် ထွက်ခွာသွားသော ရွှေလှ မျ ချင်ပို့တို့ကြည့်၍ တိရှန်ဖ၏ းနှင့် ချန်ရှင်းလ၏ တို့ ချစ်သူနှစ်ဦးမှာ ကြည်နူးစွာပင် ပြုံးရွှယ်လိုက်ကြလေတော့သည်။

ဇာတ်သိမ်းပိုင်းပြီး။

ရဲမာန်အောင်